www.burmeseclassic.com

အဖြူရောင်မေတ္တာစာစဉ် - ၁

# ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်

နှင့်

## ဒဿနရသဝတ္ထုတိုများ

**မေတ္တာရှင်** (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်

နှင့်

# ဒဿနရဿဝတ္ထုတိုများ

## မေတ္တာရှင် (ရွှေပြည်သာ)

စာရေးသူ (၂၈)နှစ်သားအရွယ်က
ပထမဆုံး ရေးခဲ့သော စာမူဖြစ်သည်။

အမြူရောင်လဗ္ဗာဝဝစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်
သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊
ပုံနှိပ်တိုက်ညွှန်ကြားရေးမှူးရုံးထံမှ
(မှတ်ပုံတင်အမှတ်—၀၃၀၄၃/ ၀၂၄၀၅)ဖြင့် ရိုက်နှိပ်ခွင့်ပြုသည်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးငွေမိုး၊ သူရအောင် ပုံနှိပ်တိုက်၊
အမှတ် ၁၇၇(ခ)၊ ၆/ ၁၀—ရပ်ကွက်၊ လားရှိုးယန်းခြံလမ်း၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပန်းချီ
ရွှေမိုးယံ

အတွင်းပလင်
ကိုဦး

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၀—ခုနှစ်

အုပ်ရေ
၂၀၀၀၀

တန်ဖိုး
၁၂၀၀ ကျပ်

ဖြန့်ချိရေး
ရွှေပြည်သာစာပေ မန္တလေးကျောင်း၊
၆/ ၁၀—ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်တိုင်း။
ဖုန်း၊ ၀၁—၆၁၀၆၂၂၊ ၀၁—၆၁၀၄၅၇

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စာရေးသူ၏ အမှာစာ | |
| အဖြူရောင်မေတ္တာ၏ စကားပလ္လင် | |
| ၁။ ယဉ်ကျေးမှုမှ ရိုင်းစိုင်းမှုသို့ | ၁ |
| ၂။ မိကျောင်းမင်းရေကင်းပြခြင်း | ၂၀ |
| ၃။ ဘုရားဟောကို ဆန့်ကျင်သူ | ၂၆ |
| ၄။ အင်္ဂါသားသုံးပါးအရေးတော်ပုံ | ၄၀ |
| ၅။ ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင် | ၄၉ |
| ၆။ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် | ၇၆ |
| ၇။ ဂျင်ဂျူနီးသာဖြစ်လိုက်ရင် | ၉၇ |
| ၈။ အစွဲချွတ်ပွဲ | ၁၁၄ |
| ၉။ တရားဥပဒေနှင့် ဘုရားဥပဒေ | ၁၃၅ |




www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာစာ

" ဟဲလို . . . မေတ္တာရှင်ဆရာတော်နဲ့ စကားပြောချင်လို့ပါ"

" ဆရာတော် ပြောနေပါတယ်"

" ဆရာတော် တပည့်တော် အဖြူရောင်မေတ္တာက လှမြင့်အောင်ပါ ဘုရား"

"ဆရာကြီးဦးအောင်သင်းကို နာယကတင်ထားတဲ့ ညီနောင်ငါးယောက်လား"

"ဟုတ်ပါတယ် ဘုရား"

"ဘာအကြောင်းပေါ်လို့လဲ"

"ဆရာတော်သိတဲ့အတိုင်း တပည့်တော်တို့က လူငယ်ငါးယောက်အားပေါ်ရှိတဲ့ 'အဖြူရောင်မေတ္တာ' အဖွဲ့ပါ။ တပည့်တော်တို့ ကြိုးစားနေတာက အမျိုး၊ ဘာသာ၊ ပညာ တိုးတက်ပြန့်ပွားရေးပါ။ ဗုဒ္ဓဘာသာဝင်လူငယ်တိုင်းအတွက် ဗုဒ္ဓဝင်စာအုပ်ထုတ်ပြီး လှူတယ်။ ကျောင်းနေအရွယ်ကလေးငယ်တွေအတွက် ဗလာစာအုပ်ရိုက်ပြီး လှူတယ်။ ပဲခူးကဘုန်းတော်ကြီးသင်ပညာရေး ကျောင်းမှာ စာသင်ဆောင်လေးတစ်ဆောင်လည်း ဆောက်တယ်ဘုရား။ လုပ်စရာတွေ၊ လုပ်နေတာတွေက များလွန်းတော့ တပည့်တော်တို့အင်အားနဲ့ မနိုင်တော့ဘူးဘုရား။ ဒါကြောင့် တပည့်တော်တို့တိုင်ပင်ပြီး နာမည်ကြီး စာရေးဆရာကြီးတွေဆီက စာမူတွေအလှူခံပြီး စာအုပ်ထုတ်ချင်ပါတယ်။ ရတဲ့အမြတ်ငွေတွေကို ပရဟိတလုပ်ငန်းတွေမှာ သုံးပါမယ်။ ဒါကြောင့် ဆရာတော့်ဆီကလည်း စာမူလေးများ ချီးမြှင့်ပေးဖို့ တောင်းပန်တာပါဘုရား"

" ပရဟိတအတွက် သက်သက်ပဲပေါ့နော်"

*အဖြူရောင်မေတ္တာစာစဉ်*

www.burmeseclassic.com

www.burmeseclassic.com

" ပရဟိတစစ်စစ်ပါ ဘုရား။ တပည့်တော်တို့က နာမည်ကျော်ချင်လို့ မဟုတ်ပါဘူး။ ငွေကုန်လူပန်းခံပြီး လုပ်နေကြတာ ဆရာတော်လည်း သိခဲ့ပြီး ဖြစ်ပါတယ် ဘုရား"

" ကောင်းပြီ။ ဒါဆိုရင် စာနှစ်အုပ်စာရှိတဲ့ စာမူကြီးကို လှူလိုက်မယ်။ တစ်အုပ်က ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်နှင့် ဒသနရသ ဝတ္ထုတိုများ။ နောက်တစ်အုပ်ကတော့ ဘဝဆိုတာ ကိုယ်အရှုံးပေးမှရှုံးတာ (သို့) ကိုယ့်ဒူးကိုယ်ချွန် နော်မြသန်းပါ။ ဆရာတော် (၂၈–၂၉)အရွယ်ဝန်းကျင်က ရေးခဲ့တဲ့ စာအုပ်တွေပါ။ တစ်ခါမှ မရိုက်ရသေးပါဘူး"

"ဝမ်းသာလိုက်တာ ဘုရား။ ကျေးဇူးကြီးလှပါတယ် ဘုရား"

"အေး– ဆရာတော်ကလည်း ဝမ်းသာတယ်။ ဒီစာအုပ်ကို ဝယ်ယူဖတ်ရှုတဲ့ သူတွေမှာလည်း ပရဟိတအတွက် လှူပြီးသား ဖြစ်သွားတော့ ကုသိုလ်ရတာပေါ့"

" တပည့်တော်ဖြင့် ဝမ်းသာလုံးဆို့နေလို့ ဘာလျှောက်ရမှန်း မသိတော့ပါဘူး ဘုရား။ သာဓု. . သာဓု. . သာဓု. . ပါ ဘုရား"

● ● ●

"အဖြူရောင်မေတ္တာ"အဖွဲ့အကြောင်းကို ပြောလိုက်ရဦးမည်။ သူတို့သည် ဘာအသင်း ညာအသင်းဆိုတာမျိုး မဟုတ်။ သူငယ်ချင်း ငါးယောက်လောက်စုပြီး အိတ်စိုက်လူစိုက် ပညာရေးနှင့် ပရဟိတလုပ်ငန်းကို လုပ်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ပညာရေးကို ရေးသားဟောပြောလေ့ရှိသော စာရေးဆရာကြီး ဦးအောင်သင်းကို 'နာယက'တင်ထားကြသည်။ ဆရာကြီး ဦးအောင်သင်းကတော့ သူတို့ကို 'လူမိုက်ကြီးငါးဦး၏ အဖြူရောင်မေတ္တာအဖွဲ့' ဟု ရယ်မောပြောတတ်သည်။ သို့သော် ဤသို့ ရယ်ရင်းမောရင်းကပင် သူတို့အဖွဲ့အတွက် အလှူငွေတစ်သိန်း လှူလိုက်သေးသည်။

*အဖြူရောင်မေတ္တာစာစဉ်*

www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း သူတို့ "အဖြူရောင်မေတ္တာ"အဖွဲ့က ပဲခူးမြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် စာသင်ကျောင်းတစ်ဆောင် ဆောက်လုပ်နေရာ ဆောက်လုပ်ရေးပစ္စည်းတွေက ဈေးတက်လာ၊ အခြားလုပ်စရာတွေကလည်း ရှိနေသေးသောကြောင့် ငွေပြတ်နေသဖြင့် ဆရာတော့်ထံ စာမူအလှူခံခြင်းဖြစ်သည်။ တကယ့် အဖြူရောင်မေတ္တာရှင်များပေတည်း။

**ဗုဒ္ဓမြတ်ရှင်၏ပရဟိတမေတ္တာတော်**

ဗုဒ္ဓမြတ်ရှင်သည် နုစဉ်ကာလကပင် ပရဟိတမေတ္တာတော်ကြီးမားလှကြောင်း နိဗြောဓသမင်မင်းဇာတ်တော်မှာ ထင်ရှားလှသည်။ သမင်သားကို မက်မောလှသော ဗြဟ္မဒတ်မင်းကြောင့် သမင်များသေကြေရသည့်အပြင် လူတို့၏ လုပ်ခင်းကိုင်ခင်းများပါ ပျက်စီးရသောကြောင့် သမင်အားလုံး ဥယျာဉ်တွင်းသွင်းပြီး တစ်နေ့လျှင် တစ်ကောင်ကျစီ လည်စင်းပြီး အသတ်ခံကြရသည်။ တစ်နေ့သော် ကိုယ်ဝန်ရှိနေသည့် သမင်မမှာ ရင်သွေးအတွက်ပါ ကြေကွဲရသောကြောင့် အလောင်းတော်သမင်မင်းထံ အသနားခံသည်။ ထိုအခါတွင် အလောင်းတော်က သမင်မ၏ကိုယ်စား စဉ်းတီတုံးတွင် လည်စင်းပြီးပေးခဲ့သည်။ ထိုအခါတွင်မှ ဗြဟ္မဒတ်မင်းက အလောင်းတော်၏ ပရဟိတစိတ်ကို ကြည်ညိုလှသဖြင့် လိုရာဆုကို အတောင်းခိုင်းသည်။ ဤသို့အားဖြင့် သမင်အားလုံး ဘေးမဲ့ချမ်းသာရခဲ့လေသည်။

ထိုကဲ့သို့ နုစဉ်ကာလသာမက၊ ရင့်မာသောဘဝသာမက ဘုရားစင်စစ် ဖြစ်တော်မူလာသောအခါတွင်လည်း ပရဟိတကျင့်စဉ်ကို မပြတ်ကျင့်သုံးတော်မူသည်။

ရှင်တိဿမည်သောမထေရ်သည် ရဟန်းပြုပြီးမကြာမီ တစ်ကိုယ်လုံးတွင် ဥသျှစ်သီးပမာထရှိ အဖုကြီးများထွက်၊ သွေးပြည်စက်စက်ယိုလျက်



www.burmeseclassic.com

www.burmeseclassic.com

အပုပ်နံ့များ တစ်ကျောင်းလုံးလှိုင်နေသဖြင့် သူ့ထံပါး၊ သူ့ကျောင်းနားသို့ မည်သူမျှမကပ်နိုင် ကြတော့ပေ။ မူရင်းက တိဿမထေရ်ဖြစ်သော်လည်း ပုပ်ဟောင်လွန်းလှသောကြောင့် "ပုတိဂတ္တတိဿမထေရ်" ဟုသာ ခေါ်ကြတော့သည်။

ဘုရားရှင်က ဘာလုပ်သည်ထင်ပါသနည်း။ ထိုမထေရ်၏ အညစ်အကြေး သက်နံးတို့ကို ကိုယ်တိုင်လျှော်ဖွပ်သန့်စင်ပေးလျက် ပြုစုတော်မူသည်။ ထိုအခါတွင်မှ အခြားသောရဟန်းတို့လည်း ဝိုင်းဝန်းပြုစုကြသည်။ ဘုရားရှင်က "မကျန်းမာသူကို ပြုစုသူသည် ငါဘုရားအားပြုစုသည်နှင့် အတူတူပင်ဖြစ်သည်" ဟု လက်တွေ့ကျင့်သုံးလျက် သင်ခန်းစာမြွက်ခဲ့လေသည်။

## ကုသိုလ်ကိုအမင်္ဂလာထင်သောဗုဒ္ဓဘာသာဝင်များ

ခေါင်းတလား၊ အသုဘယာဉ်တို့ကို အမင်္ဂလာဟု ယူမှားတတ်ကြသည်။ ထို့ကြောင့် ထိုလုပ်ငန်းကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြသော ဘာသာခြားများမှာ မြန်မာတွေသေလေလေ စီးပွားတက်လေလေ ဖြစ်လာကြတော့သည်။

ထိုအချက်ကိုသိမြင်သော မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဝါခင်းကုန်း ဆရာတော်က အသုဘယာဉ်များတည်ထောင်ပြီး အခမဲ့ပို့ဆောင်ပေးခြင်း စတင်ခဲ့သည်။ ထိုအသုဘယာဉ်များ တည်ထောင်စက ဆရာတော်ကို အားပေးဖို့ဝေးစွ ရှုတ်ချသူများ ဝိုင်းဝိုင်းလည်နေခဲ့သည်။ အချို့ဒကာရင်း၊ တပည့်ရင်းများကပင် အသုဘယာဉ်များကို မတွေ့ချင် မမြင်ချင်သောကြောင့် ကျောင်းကိုပင် ရှောင်ကြဉ်ကြလေသည်။

ယခုသော်ကား မြို့နယ်အတော်များများတွင် နာရေးကူညီမှုအသင်းများ ပေါ်ပေါက်လာခဲ့လေပြီ။ တောင်စလင်းတိုက်သစ် ဆရာတော်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်လမ်းပြမှု ကျေးဇူးကား ကြီးလှပါပေ၏။
**နိဂုံးမေတ္တာရပ်တောင်းလွှာ**

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းတို့ကား ကုသိုလ်တရားကြီး များဖြစ်ပါပေ၏။ သို့သော် ပညာနှင့်ယှဉ်သော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာအောင် လူငယ်တို့၏နှလုံးသားကို သိမ်းသွင်းသွန်သင်ပေးသော ပရဟိတဘုန်းတော်ကြီးစာသင်ကျောင်းများ တည်ထောင်ခြင်းကား ပို၍ပင်မြင့်မြတ်သော၊ ဘုရားရှင်၏ အလိုတော်ကျဖြစ်သော ကုသိုလ်ကြီးပါပေတည်း။

ဘုရားရှင်၏တရားတော်၊ ဘုရားရှင်၏အလိုတော်ကျ အသိအလိမ္မာကို ရရှိသွားသော လူငယ်တို့သည် သာသနာတော်အကျိုးကိုလည်းကောင်း၊ လောကအကျိုးကိုလည်းကောင်း ဆောင်ရွက်သော၊ သားစဉ်မြေးဆက် ဘုရားရှင်၏ တရားတော်ကို နှလုံးသွင်းသော ပရဟိတဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပါလိမ့်မည်။

ထို့ကြောင့် မိမိ၏ငယ်လက်ရာ ဝတ္ထုတိုစာမူများကို 'အဖြူရောင်မေတ္တာ' အဖွဲ့သို့ လှူဒါန်းလိုက်ပါသည်။

ဤကောင်းမှုကြောင့် ဗုဒ္ဓမြတ်ရှင်၏အလိုတော်ကျ ပရဟိတလုပ်ငန်းများကို သက်ရှည်ကျန်းမာရှည်ကြာစွာ လုပ်ဆောင်နိုင်ရပါလို၏။

အဖြူရောင်မေတ္တာအဖွဲ့ဝင်တို့သည်လည်း စီးပွားဖွံ့ဖြိုးဆထက်တိုး၍ သည်ပိုးရွက်ဆောင် ပညာရောင်ကို ထွန်းပြောင်ထိန်လင်း ဆောင်ကြဉ်းနိုင်ပါစေကုန်သတည်း။

ဤစာအုပ်ကို အားပေးဝယ်ယူလှူဒါန်းသမျှ သဒ္ဓါရှင်တို့မှာလည်း တစ်ထွာပြုလျှင် တစ်တောင်မြင်၊ တစ်တောင်ပြုလျှင် တစ်လံမြင်သော ဥဿုံလျှင်ကြီးမား သူတော်စင်များ ဖြစ်ကြပါစေသတည်း။

မေတ္တာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသောအလုပ်ဖြစ်စေ ၊ မကောင်းသောအလုပ်ဖြစ်စေ၊

ကြာကြာလုပ်လျှင် စွဲသွားတတ်သည်။

ထို့ကြောင့် ကောင်းသော ၊ အကျိုးရှိသော အလုပ်ကိုသာ

ကြာကြာ လုပ်သင့်သည်။

ဆေးလိပ် ၊ ကွမ်း ၊ အရက်တို့ကို

မသုံးစွဲရ မနေနိုင်အောင် စွဲသွားခြင်းသည်

နှစ်ပေါင်းများစွာ ကြာကြာလုပ်ခဲ့သောကြောင့် ဖြစ်သည်။

ပရဟိတအလုပ်ကိုလည်း

ကြာကြာလုပ်လျှင် စွဲသွားလိမ့်မည်။

အများအကျိုးကို လုပ်ခြင်းသည်

ငါကောင်းစားဖို့ (ဒိဋ္ဌိ နှင့် လောဘ) ကိလေသာစိတ်များကို

ဝိပဿနာအမည်မခံဘဲ တစ်ဖက်လှည့်နှင့်

ပယ်သတ်ပေးနေခြင်းဖြစ်သည်။

ဗုဒ္ဓလက်ထက်က ရဟန္တာတစ်ပါးသည်

ကြိုးကြာတစ်ကောင် အသက်ရှင်ဖို့အတွက်

မိမိအသက်ကိုပင် အသေခံသွားခဲ့သည်ကို

ထောက်ထားသောအားဖြင့်

ကိလေသာနည်းလေ အများအကျိုးကို များများဆောင်နိုင်လေ

ကိလေသာကုန်ပြီးသောသူကား အများအကျိုးကို

အဆောင်နိုင်ဆုံးသူပင် ဖြစ်ပါလေ၏။

မေတ္တာရှင်(ရွှေပြည်သာ)

အမြူရောင်မေတ္တာဝေဝေဦး

www.burmeseclassic.com

www.burmeseclassic.com

## အဖြူရောင်မေတ္တာ၏စကားပလ္လင်

ကျွန်တော်တို့သူငယ်ချင်းငါးယောက် ကိုယ့်ချွေးနဲ့စာထဲက နိုင်သလောက်လေးစုပြီး လစဉ်အလှူတစ်ခုခုလုပ်ဖို့ ၂၀၀၆–ခုနှစ်ကတည်းက တိုင်ပင်မိကြသည်။ ပထမတော့ လှူဖြစ်ဖို့ အဓိကပေါ့။ နောက် ပြန်စဉ်းစားကြသည်က လှူတာကတော့ ဟုတ်ပါပြီ။ ဘယ်လိုနေရာတွေကို ဘာတွေ လှူမှာလဲပေါ့။ ဒီတော့ အမှန်တကယ် လိုအပ်သည့်နေရာ၊ အမျိုး၊ ဘာသာ၊ ပညာ တိုးတက်အောင်၊ တည်တံ့အောင်၊ ပြန့်ပွား အောင်ဆောင်ရွက်နေတဲ့ နေရာတွေ၊ ဆောင်ရွက်နေတဲ့ အလုပ်မျိုးတွေမှာ လိုအပ်တာလေးတွေကို နိုင်သလောက် ပါဝင်လှူဒါန်းကြဖို့ တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။ ဒီလို လှူဒါန်းခြင်းသည် ကိုယ်ကျိုးမမျှော်ကိုးဘဲ အဖြူရောင်သန့်သန့်မေတ္တာဖြင့်သာ ဆောင်ရွက်ခြင်းကြောင့် ကျွန်တော်တို့ကိုယ်ကို "အဖြူရောင်မေတ္တာ" ဟု ကင်ပွန်းတပ်လိုက်ကြသလို ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ဆောင်ပုဒ်အဖြစ် "အမျိုး၊ ဘာသာ၊ ပညာ ဂုဏ်ဝါထွန်းလင်းစေမှာ အဖြူရောင် မေတ္တာ" ဟု သတ်မှတ်လိုက်ကြသည်။

ဒီလိုနဲ့ (၁–၁–၂၀၀၇)ကနေစလိုက်ကြတာ အခု (၂၀၁၀) ဆိုရင် သုံးနှစ်ပြည့်လို့ လေးနှစ်ထဲတောင်ရောက်ခဲ့ပါပြီ။ ဒီအချိန်တွေအတွင်းမှာ ကျွန်တော်တို့နဲ့ ဝါသနာတူ၊ ရည်ရွယ်ချက်တူသူ အလှူရှင်တွေကလည်း သူတို့စွမ်းသရွေ့ လစဉ် ထည့်ဝင်လှူဒါန်းကြသည်။ ဒီလိုအလှူငွေလေးတွေကို လစဉ်လိုအပ်တဲ့နေရာတွေကို လှူရင်း၊ ပိုတဲ့ငွေကိုလည်း ရန်ပုံငွေအဖြစ်စုရင်း "ဗုဒ္ဓဘာသာဝင်လူငယ်တိုင်းအတွက် ရှစ်စုံဗုဒ္ဓဝင် အကျဉ်းချုပ်" စာအုပ်လေးကို ပန်းချီရွှေစိုးဟန်ရဲ့ ပန်းချီပုံတွေနဲ့အတူ ဓမ္မဒါန ထုတ်ဝေလှူဒါန်းဖြစ်ကြသည်။ နောက်ပြီး "အဖြူရောင် မေတ္တာ"



www.burmeseclassic.com

www.burmeseclassic.com

ဗလာစာအုပ်လေးတွေ ရိုက်နှိပ်ပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို လှူဖြစ်ခဲ့ကြသည်။ ကွယ်လွန်သူ ပန်းချီဆရာ ဗစ်ဟန် ရေးဆွဲခဲ့သော ဗုဒ္ဓဝင်ပန်းချီပုံများကို (၃ပေ၊ ၂ပေ)အရွယ် Vinyl များထုတ်ပြီး ဘာသာရေးဆိုင်ရာ သာသနိကအဆောက်အအုံများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို လှူဒါန်းဖြစ်ကြသည်။ ပဲခူးရှိ ဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတွင် (၃၀ပေ၊ ၂၀ပေ)အကျယ်ရှိ တစ်ထပ် စာသင်ကျောင်းဆောင်တစ်ဆောင်ကိုလည်း လိုအပ်ချက်အရ ဆောက်လုပ်လှူဒါန်းဖြစ်ကြသည်။

အလှူအတန်းလေးတွေများလာသလို အလှူရှင်တွေတိုးလာပြီး အလှူငွေလေးတွေလည်း တိုးလာကြသည်။ အလှူငွေလေးတိုးသာရလာပေမယ့် တစ်ခါတစ်ရံ အလှူတွေကများပြီး မလောက်မငတောင် ဖြစ်လာသေးသည်။

အစကတော့ ကိုယ်နိုင်သလောက် လုပ်မယ်လို့ ရည်ရွယ်ခဲ့ကြပေမယ့် တဖြည်းဖြည်း လိုအပ်တာလေးတွေကို ဖြည့်ဆည်းရင်းနဲ့ လုပ်နိုင်နိုင် မနိုင်နိုင် လုပ်မယ်လို့ ဆုံးဖြတ်ခဲ့ကြသည်။

ဒီလို ဆုံးဖြတ်ခဲ့ကြပေမယ့် ကျွန်တော်တို့မှာ ရန်ပုံငွေအင်အားက တောင့်တောင့်တင်းတင်း မရှိပါဘူး။ ဒီတော့ ရန်ပုံငွေကို ဘယ်လိုရှာမလဲ စဉ်းစားကြရပြန်ရော။ ကျွန်တော်တို့ စဉ်းစားမိတာက အမျိုး၊ ဘာသာ၊ ပညာဆိုင်ရာ စာမူလေးတစ်ပုဒ်စီကို စာရေးဆရာတစ် ယောက်စီကနေ အလှူခံပြီး စာအုပ်အဖြစ် ထုတ်ဝေရောင်းချကြမည်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကိုလည်း ဆောင်ရွက်ပြီးဖြစ်သလို ရလာတဲ့ အမြတ်အစွန်းလေးကိုလည်း ရန်ပုံငွေအဖြစ်ထားရှိနိုင်မည်ပေါ့။ ဒီမှာတင် ကျွန်တော်တို့ရဲ့(အဖေကြီး) ဆရာဦးအောင်သင်းကို အပူကပ်ပြီး အကူအညီတောင်းကြရတော့သည်။ အဖေကြီးကလည်း အဖြူရောင်မေတ္တာ၏ 'နာယက'အဖြစ် စာမူတောင်းခံလွှာ စာလေးရေးသားပေးပြီး စာရေးဆရာတွေဆီကို ပန်ကြား



www.burmeseclassic.com

www.burmeseclassic.com

ပေးခဲ့သည်။

ကျွန်တော်တို့လည်း အဖေကြီးရဲ့စာလေးနဲ့ လက်လှမ်းမှီသမျှ စာရေးဆရာတွေဆီ ကိုယ်တိုင်အလျှုခံထွက်ကြသည်။ အချို့ဆရာကြီးများကိုတဆင့် အကူအညီတောင်းကြရသည်။ အချို့ဆရာကြီးများကိုတော့ တယ်လီဖုန်းဖြင့် အကူအညီတောင်းကြသည်။ ထိုသို့အကူအညီ တောင်းကြရာတွင် စာရေးဆရာ အတော်များများက လှိုက်လှိုက်လှဲလှဲ ရေးသားလှူဒါန်းကြပါသည်။

ဒီလိုလှူဒါန်းကြသည့်ထဲတွင်'ဆရာတော် အရှင်ဇဝန (မေတ္တာရှင်–ရွှေပြည်သာ)'လည်း အပါအဝင်ဖြစ်သည်။ ထူးခြားသည်က ကျွန်တော်တို့က စာမူတစ်ပုဒ်သာ အလှူခံခဲ့ပေမယ့် ဆရာတော်က **စာအုပ်နှစ်အုပ်စာစာမူကို** ရက်ရက်ရောရော လှူဒါန်းလိုက်ခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့တစ်တွေ ဝမ်းသာလိုက်ကြသည့် ဖြစ်ခြင်း။

ဆရာတော် လှူဒါန်းထားသည့် စာအုပ်နှစ်အုပ်ထဲကမှ ယခု **ဇယောင်းတိုင်တစ်တိုင်၏အလင်းရောင်နှင့် ဒဿနရသဝတ္ထုတိုများ** စာအုပ်ကို ''ရွှေပြည်သာစာပေ''မှပင် ထုတ်ဝေဖြစ်ပါပြီ။

ဤစာအုပ်ရောင်းချခြင်းမှ ရရှိလာသော အကျိုးအမြတ်များကို အမျိုး၊ ဘာသာ၊ ပညာဆိုင်ရာ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်သာ သုံးစွဲသွားမည်ဖြစ်ပါသည်။ ဤစာအုပ်ကိုဝယ်ယူခြင်းသည် အမျိုး၊ ဘာသာ၊ ပညာဆိုင်ရာ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ လှူဒါန်းခြင်းမည်ပါပေသည်။ ထို့ကြောင့် ဝယ်ယူလှူဒါန်းကြပါရန်လည်း မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။ ဤစာအုပ်ကဲ့သို့ ''အဖြူရောင်မေတ္တာ''၏ ရန်ပုံငွေစာအုပ်များလည်း ဆက်လက်ထွက်ရှိလာပါဦးမည့် အကြောင်းကိုလည်း စာဖတ်သူများအား အသိပေးအပ်ပါသည်။

စာမူကို အဖြူရောင်သန့်သန့်မေတ္တာဖြင့် လှူဒါန်းသော ဆရာတော် အရှင်ဇဝန (မေတ္တာရှင်–ရွှေပြည်သာ) ၊ စာအုပ်ဖြစ်မြောက်ရေးအတွက်

*အဖြူရောင်မေတ္တာစာစဉ်*

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းဝန်းကူညီပေးကြသည့်အပြင် ရိုက်နှိပ်ထုတ်ဝေပေးသော ရွှေပြည်သာ စာပေမှ ဦးစိုးတင့်နှင့် ဦးဆန်းထွန်း၊ စာအုပ်ကို ဝယ်ယူလှူဒါန်းကြမည့် အလှူရှင်များနှင့် အခြားကျေးဇူးတင်ထိုက်သူ များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း ...

အဖြူရောင်သန့်သန့်မေတ္တာများဖြင့်

**အဖြူရောင်မေတ္တာ**

ကိုလှမြင့်အောင် ဖုန်း - ၀၉ ၅၁၁၂၄၁၆

ကိုဝေလွင်အောင် ဖုန်း - ၀၉ ၅၀၄၄၁၅၇



www.burmeseclassic.com

www.burmeseclassic.com

နွေကျောင်းပိတ်တဲ့အချိန်ဆိုရင်လည်း

မိမိသားသမီးများကို

နီးစပ်ရာဘုန်းကြီးကျောင်းမှာ

အခြေခံဘာသာရေးအသိတွေ သင်ရအောင်

မိဘတွေကိုယ်တိုင် အပ်နှံပေးသင့်တယ်။

ကလေးသူငယ်တွေရဲ့ နှလုံးသားမှာ

ဘုရားတည်ပေးတဲ့အလုပ်ကို ခုအချိန်ကတည်းက

ပေါက်ပေါက်ရောက်ရောက်၊ ထိထိမိမိ မလုပ်ကြဘူးဆိုရင်

နောက်အနှစ်တစ်ရာလောက်ရှိတဲ့အခါ

ပုဂံနဲ့တကွ မြန်မာတစ်ပြည်လုံးမှာရှိတဲ့

ဘုရား၊ ပုထိုးစေတီတွေဟာ

ဩော်- ဒီမြန်မာပြည်ဟာ ဟိုးတစ်ချိန်တုန်းက

ဗုဒ္ဓဘာသာဖြစ်ဖူးတဲ့

နိုင်ငံတစ်ခုပါလားလို့

အသိအမှတ်ပြုရရုံ သင်္ကေတတစ်ခုအနေနဲ့ပဲ

ကျန်ရစ်လိမ့်မယ်။

အမြူရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# ယဉ်ကျေးမှုမှ ရှင်းစိုင်းမှုသို့

ဗုဒ္ဓဘာသာဝင်မိသားစုအားလုံး သားယောကျ်ားလေးတစ်ယောက် ပါလာပြီဆိုသည်နှင့် ရှင်ပြုပေးရန်ဆိုသည့် ရည်ရွယ်ချက်က အပြည့်အဝ ရှိနေပြီးပင် ဖြစ်ကြသည်။ တခြားအလှူ မလုပ်နိုင်လျှင်နေပါစေ ရှင်ပြု အလှူပွဲကြီးကိုကား မဖြစ်မနေ ပြုလုပ်ကြသည်။ ဤသည်ကား ဗုဒ္ဓဘာသာ ဝင် မြန်မာတစ်မျိုးသားလုံးတို့၏ တူညီသော ယဉ်ကျေးမှုကြီး တစ်ခုပင်ဖြစ် ပါ၏။

တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ယဉ်ကျေးမှုကြီး၏ အနက် အဓိပ္ပာယ်ကို တစ်မျိုးသားလုံးပင် ကျကျနနသိထားသင့်ကြသည်။ ရှင်မပြုမီ ဝတ်ရသော ရှင်လောင်းဝတ်စုံကို မင်းမြောက်တန်ဆာဟုခေါ်သည်။ ကိုရင် လောင်းကို အဘယ်ကြောင့် မင်းမြောက်တန်ဆာဆင်ယင်ပေးရသနည်း။

အလှအတွက်သက်သက်မဟုတ်ပါ။ သာသနာ့ဘောင်သို့ ဝင်ရောက် မည့် ကိုရင်လောင်းကို လူ့ဘဝတွင် အမြင့်မြတ်ဆုံးဖြစ်သော မင်းအဖြစ်ကို တင်မြှောက်လိုက်ခြင်း ဖြစ်၏။ ရှင်လောင်းလှည့်ခါနီးတွင် ဆိုင်ရာရိုးရာနတ် များကို ပြသရခြင်းကို နတ်ပြသည်ဟု ခေါ်ကြသည်။ ဘယ်အတွက်ပြရ သနည်း။ ဆိုင်ရာရိုးရာနတ်တို့က အမြင့်မြတ်ဆုံးဘဝသို့ ရောက်ရှိမည့်ရှင် လောင်းများအား ရှိခိုးပူဇော်စောင့်ရှောက်ကြရန်သာဖြစ်ပါသည်။

*အမြူရောင်မေတ္တာစာစဉ်*

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ သေချာမသိသောအလှူရှင်များက ရှင်လောင်းတို့ကို နတ်တို့အား ရှိခိုးခိုင်းခြင်းကား မှားခြင်းကြီးမှားပေစွ။ ရှင်လောင်းလှည့်ခြင်းသည်လည်း အပိုကြွားခြင်းသက်သက်မဟုတ်၊ ရှင်လောင်းများအား တွေ့သမျှ လူတို့က ပူဇော်နိုင်ရန်အတွက် အပူဇော်ခံ တိုင်းခန်းလှည့်ကြခြင်းသာ ဖြစ်ပေသည်။

ရှင်လောင်းလှည့်ပြီး၍ဆံချရန် မဏ္ဍပ် သို့မဟုတ်ဘုန်းကြီးကျောင်းသို့ ပြန်လာသည့်အခါ ရှင်လောင်းလှည့်ရာတွင်မလိုက်ပါနိုင်ကြသော ဝေယျာဝစ္စပြုသူအချို့က ရွှေကြိုးတားကြသည်။ အဓိပ္ပာယ်က "မောင်ရှင်လောင်းတို့ ခေတ္တခဏ ဆိုင်းငံ့တော်မူကြပါ။ အကျွန်ုပ်တို့မှာ ဝေယျာဝစ္စများ ပြုလုပ်ဆောင်ရွက်နေရသည့်အတွက် အသင် မောင်ရှင်လောင်းတို့အား ရှိခိုးပူဇော်ခွင့် မရလိုက်ပါ။ ယခုမှသာရှိခိုးပူဇော် နိုင်ပါတော့သည်" ဟု ပြောဆိုပြီး ရှိခိုး ပူဇော်ကြရန်ပင်ဖြစ်ပေသည်။ ထိုကဲ့သို့ တားသောအခါတွင်လည်း တွေ့ကရာ ကြိုးများဖြင့်မတားရပါ။ တကယ့်ရွှေဆွဲကြိုးများကို ဖြုတ်ပြီး တားကြရသည်။ တားမြစ်ခြင်း၏အဓိကရည်ရွယ်ချက်က ရှင်လောင်းတို့အား ရှိခိုးပူဇော် ကန်တော့ရန်ပင်။ သို့သော် ကာလကြာညောင်းလာသောအခါ ယဉ်ကျေးမှုနေရာတွင် ရိုင်းစိုင်းမှုက အစားထိုးဝင်ရောက်လာခဲ့သည်။

မဏ္ဍပ်ထဲ သို့မဟုတ် ဘုန်းကြီးကျောင်းဝိုင်းထဲသို့ ဝင်ရောက်လာသော ရှင်လောင်းများကို တွေ့ကရာကြိုးများဖြင့် ဝင်မရအောင်တားပြီး အလှူရှင်များထံမှ ငွေညှစ်ကြသည်။ အလှူလှူချိန်အတွင်း အကုသိုလ်မဖြစ်လိုသော အလှူရှင်များကလည်း တောင်းသမျှပေးကြသည်သာ။

ထိုအညှာကိုသိထားသောလူလည်အချို့က အပျော်သဘောမျိုး မဟုတ်တော့ဘဲ အလှူရှင်သဒ္ဓါပျက်လောက်အောင် လူပြန်ပေးဆွဲသလို မတန်တဆ ငွေတောင်းလာကြသောအခါ အချို့အလှူရှင်နှင့် ရွှေဆွဲကြိုးတားသူများ စကားများသည့်အဆင့်သို့ ရောက်လာခဲ့သည်။

"ကောင်းမှုန်သိ သာအိတစိုစို" ဟူသောစကားအတိုင်း အလှူရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ လိုက်လျောမှုန်းသိလာသောအခါ ရွှေဆွဲကြိုးတားရုံနှင့် အားမရကြတော့ဘဲ ရှင်လောင်းဖွက်သည့်အဆင့်အထိ ရောက်လာကြပါတော့သည်။ တောင်းသမျှငွေကို အလှူရှင်ကမပေးနိုင်ခဲ့လျှင် ရှင်လောင်းကိုတွေ့ရဖို့မလွယ်တော့ပါ။

ရှင်လောင်းကိုမတွေ့ရလျှင် အလှူပွဲပျက်ဖို့သာရှိပါတော့သည်။ အလှူပွဲအပျက်မခံနိုင်သောကြောင့်လည်း ရှင်လောင်းပြန်ပေးသမားတို့တောင်းသမျှငွေကို အလှူရှင်တို့က မဖြစ်မနေပေးကြရရှာသည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အစားထိုးဝင်ရောက်လာသော ရှင်လောင်းပြန်ပေးဆွဲမှုတည်းဟူသော ရိုင်းစိုင်းမှုကြီးကို ရဟန်းရှင်လူအားလုံးတို့က ရေးသားမှု ဟောပြောမှု ပညာပေးမှုတို့ဖြင့် ပျောက်ပျက်အောင် မတိုက်ဖျက်နိုင်ခဲ့ပါလျှင်

❀ ❀ ❀

*"ဆရာတော် တပည့်တော်သားလေးနှစ်ယောက်ကို ဆရာတော့်ကျောင်းမှာ ရှင်ပြုပေးချင်လို့ပါဘုရား"*

*"ရှင်ပြုတာက ဟုတ်ပါပြီ။ ဒကာကြီးသားတွေရဲ့အသက်ကိုလည်း ပြောပါဦး"*

*"အငယ်က ငါးနှစ်၊ အကြီးက ခုနစ်နှစ်ပါ ဘုရား"*

*"အင်း - အကြီးကတော့ သရဏဂုံလည်း ပီမယ်။ သက်နံလည်း နိုင်မယ်။ အငယ်ကတော့ သရဏဂုံလည်းပီမှာမဟုတ်သလို သင်္ကန်းလည်း နိုင်မှာမဟုတ်ဘူး။ ဒီတော့ အကြီးကောင်ပဲသင်္ကန်းဝတ်လို့ဖြစ်မယ်။ အငယ်ကောင်ကတော့ နောက်နှစ်နှစ်လောက် စောင့်လိုက်ပါဦး"*

*"ဟာ အဲဒီလို ခွဲရှင်ပြုလို့တော့ မဖြစ်ဘူးဘုရား။ တပည့်တော် နောက်ထပ်လှူနိုင်ဖို့ လွယ်မှာမဟုတ်ဘူး ဘုရား"*

*"ဒါဆိုရင်လည်း နှစ်နှစ်လောက်စောင့်ပြီးမှ ညီအစ်ကိုနှစ်ယောက် စလုံး ရှင်ပြုတာပေါ့"*

ဦးညွန့်မောင်တစ်ယောက် တော်တော်စိတ်ဓာတ်ကျသွားရှာသည်။

အမြုရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒီသားနှစ်ယောက်ရှင်ပြုနိုင်ရန် လက်လုပ်လက်စားဖြစ်သောသူ့အဖို့ ခြစ်ခြစ်ကုတ်ကုတ်ဖြင့် နှစ်နှင့်ချီကာ စုဆောင်းခဲ့ရသည်။ ပန်းရန်ဆရာတစ်ယောက်တစ်နေ့ငါးရာရသဖြင့် အကြောင်းမသိသောအစိုးရလခစားတို့က ခေါင်းထောင်ကြည့်ကြသည်။

အလုပ်ပြတ်သွား၍ မဆင်းရသည့်အခါ၊ နေထိုင်မကောင်းသဖြင့် မဆင်း နိုင်သောအခါများမှာ သူတို့လခစားများကဲ့သို့ ခွင့်ယူ၍မရသည်ကိုမူ သတိထား မိကြဟန်မတူပါ။ သားနှစ်ယောက်အထက်က သမီး (၃)ယောက်ကလည်း အထက်တန်းကျောင်းသူချည်းဖြစ်၍ တစ်နှစ်တစ်နှစ် သူတို့ ကျောင်းလခကိုက နည်းသည်မဟုတ်။

ဇနီးသည်၏စက်ချုပ်ခနှင့် စိုက်ထားသော ကီလိုမာလကာဆယ်ပင်တို့၏အထောက်အပံ့ကြောင့်သာ ငွေလေးငါးသောင်းကျော်မနည်းရအောင် စုပြီး ရှင်ပြုပေးနိုင်ခြင်းပါ။ သားနှစ်ယောက် ရှင်ပြုဖို့ စုဆောင်းနေရသည်နှင့် အိမ်ကလေးတောင် သွပ်မမိုးနိုင်သေး။ ဓနိမိုးနှင့် စခန်းသွားနေရသည်မှာ အတော်ကြာပေပြီ။ ယခု ငွေကြေးလေးပြည့်စုံပြန်တော့ သားတွေက အသက်ငယ်လွန်းနေပြန်သည်တဲ့။ စိတ်ထဲက အဖုအထစ်ကြောင့် စောဒက တက်မိပြန်သည်။

*"ဆရာတော် တစ်ခုလောက်မသိလို့မေးပါရစေဘုရား။ တချို့ ကျောင်းတွေမှာ အသက်လေးငါးနှစ်လောက် အရွယ်ရှိတဲ့ကလေးတွေ ကိုရင် ဝတ်ထားတာတွေ့သလားလို့ပါဘုရား"*

*"ဟုတ်တယ် ဒကာကြီး။ အဲဒါ ဆရာနဲ့ဒကာပေါင်းပြီး ကလေးကို အပါယ်ကျအောင်လုပ်ထားတာပေါ့"*

*"ဘာဖြစ်လို့ပါလဲဘုရား"*

*"ဘာဖြစ်ရမလဲဒကာရဲ့။ ကလေးကငယ်လွန်းတော့ သရဏဂုံမပီသဘူး။ သရဏဂုံမပီသတော့ ကိုရင်မဖြစ်ဘူး။ ကိုရင်မဖြစ်ဘဲနဲ့ ဒကာ၊ ဒကာမတွေရဲ့ပစ္စည်းလေးပါးတွေ သုံးဆောင်မိတော့ အကြွေးယူရာ၊ ခိုးယူစားရာ*



www.burmeseclassic.com

www.burmeseclassic.com



*ရောက်တယ်။ အဲဒီ ပစ္စည်းလေးပါးအကြောင်းတွေကို နောက်ဘဝကျတော့ ခန္ဓာနဲ့ရင်းပြီး အကြွေးဆပ်ကြရတယ်။ မြင်းတို့၊ နွားတို့၊ကျွဲတို့ သွားဖြစ်ရတာ အဲဒီအကြွေးတွေပေါ့"*

ဦးညွန့်မောင်တစ်ယောက် ယခုမှပင် ဆရာတော်က အသက်ငယ်လွန်းသူများကို ရှင်ပြုမပေးခြင်းအကြောင်းကို သေချာကျနစွာ သိရှာလေတော့သည်။ မိမိသားများအတွက်လည်း တော်တော်ထိတ်လန့်သွားမိရှာသည်။ တော်ပါသေးရဲ့ ဆရာကောင်း၊ သမားကောင်းနဲ့လာတွေ့ပေလို့။ ဘုရား မျက်နှာမကြည့်ဘဲ အများမျက်နှာကြည့်သည့် ဆရာတော်မျိုးဆိုရင် မိမိသားများ ကိုယ်ကျိုးနည်းရပေတော့မည်။

*"ဒါနဲ့ ဘုရားသရဏဂုံကို ဆရာရော တပည့်ရောပီသမှ ကိုရင်ဖြစ်တယ်ဆိုတာကတော့ ရှင်းပါပြီဘုရား။ သက်န်းနိုင်တယ်၊ မနိုင်ဘူးဆိုတာကရော ဘာကိုပြောတာပါလဲဘုရား။ တပည့်တော်အထင်ကတော့ ရှင်တွေစောင့်ထိန်းရတဲ့ ဆယ်ပါးသီလကို စောင့်ထိန်းနိုင်ရင် သက်န်းနိုင်တယ်၊ မစောင့်ထိန်းနိုင်ရင် သက်န်းမနိုင်သေးဘူးလို့ဆိုလိုတယ်ထင်တာပဲဘုရား"*

*"ဟုတ်ပါတယ် ဒကာကြီး"*

*"ဆယ်ပါးသီလလောက်ကတော့ စောင့်ထိန်းနိုင်လိမ့်မယ် ထင်ပါတယ်ဘုရား။ ဘာများတာမှတ်လို့"*

*"ဆယ်ပါး ဘယ်ကမလဲဒကာကြီး"*

*"ဒါဆို ဘယ်လောက်များရှိပါသလဲဘုရား"*

*"၁၀၉-ပါး တောင်ရှိတယ်ဒကာကြီး။ သေခိယသိက္ခာပုဒ်-၇၅ပါး၊ လိမ်-၁၀ ပါး၊ ဒဏ်-၁၀ပါး၊ စုဒ္ဒသခန္ဓကဝတ်(၁၄)ပါး၊ စုစုပေါင်း-၁၀၉ပါးပေါ့"*

*"မနည်းပေါ့လားဆရာတော်"*

*"ဘယ်နည်းမလဲ။ ဒကာကြီးတို့သိထားတာက ရှောင်ကြဉ်ရတဲ့ ဝါရိတ္တသီလလောက် သိထားတာကိုး။ ကျင့်သုံးရမယ်ဆိုတဲ့ စာရိတ္တသီလ*



www.burmeseclassic.com

www.burmeseclassic.com



*ကအများကြီးပဲ။ ဥပမာ မြို့ထဲသွားရင် သက်နံ့ရှုံရမယ်။ ရှေ့ကို လေးတောင် ခန့်သာကြည့်ပြီးသွားရမယ်။ ဒကာ၊ ဒကာမနဲ့စကားပြောတဲ့အခါ တစ်ဖက်လူ ကြားနိုင်လောက်ရုံအသံသာဖြစ်ရမယ် ဆိုတာမျိုးတွေပေါ့"*

*"တပည့်တော် သဘောပေါက်နားလည်ပါပြီဘုရား။ ဒါကြောင့် နောက်(၂)နှစ် ပြည့်မှပဲ ရှင်ပြုပေးပါတော့မယ်ဘုရား"*

❀❀❀

ဦးညွန့်မောင်ရဲ့ဆန္ဒပြည့်ဝပါပြီ။ နောက်ထပ် နှစ်နှစ်စောင့်ပြီးသည်နှင့် ရှင်ပြုခွင့်ရလေပြီ။ နွေရာသီကျောင်းပိတ်သည်နှင့် အလှူမတိုင်မီ တစ်လ လောက်ကကြိုပြီး သားနှစ်ယောက်ကို ဘုန်းကြီးကျောင်း ပို့ထားလိုက်သည်။ သားနှစ်ယောက်၏ နှလုံးသားတွင် ဘုရားတည်ပေးလိုက်ခြင်းပါ။

အပြင်ဗဟိဒ္ဓမှာတည်သောဘုရားထက် ကလေးသူငယ်တို့၏ နှလုံး သားတွင်တည်သည့်ဘုရားက ပိုအရေးကြီးပုံကိုလည်း ဦးညွန့်မောင်ကောင်း ကောင်းကြီး သဘောပေါက်ခဲ့ပြီ။ ပြီးခဲ့သောရက်အနည်းငယ်က ဆွမ်းကျွေး တစ်ခုတွင် ဦးညွန့်မောင်တို့ ဆရာတော်ဟောခဲ့သော တရားသံက ဦးညွန့် မောင်နားထဲမှ မထွက်တော့။

*"ဒကာ၊ ဒကာမတို့ ပြင်ပဗဟိဒ္ဓမှာ ဘုရားတစ်ဆူပြီးတစ်ဆူ တည်သလို ဗုဒ္ဓဘာသာကလေးငယ်တွေရဲ့နှလုံးသားမှာလည်း အဖွတ္တ ဘုရားတွေ အဆက်မပြတ်တည်ပေးသင့်နေပြီ။ ဒီကနေ့ ကျောင်းသူ၊ ကျောင်းသားတွေကို သင်ကြားပေးနေတဲ့ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း တွေဟာ ကလေးတွေရဲ့ အဖွတ္တနှလုံးသားမှာ ဘုရားတည်ပေးနေတာပဲပေါ့။*

*နောက်ပြီး နွေကျောင်းပိတ်တဲ့အချိန်ဆိုရင်လည်း မိမိသားသမီးများ ကို နီးစပ်ရာဘုန်းကြီးကျောင်းမှာ အခြေခံဘာသာရေးအသိတွေ သင်ရ အောင် မိဘတွေကိုယ်တိုင် အပ်နှံပေးသင့်တယ်။ ကလေးသူငယ်တွေရဲ့ နှလုံးသားမှာ ဘုရားတည်ပေးတဲ့အလုပ်ကို ခုအချိန်ကတည်းက ပေါက် ပေါက်ရောက်ရောက်၊ ထိထိမိမိမလုပ်ကြဘူးဆိုရင် နောက်အနှစ်တစ်ရာ*



www.burmeseclassic.com

www.burmeseclassic.com



*လောက်ရှိတဲ့အခါ ပုဂံနဲ့တကွ မြန်မာတစ်ပြည်လုံးမှာရှိတဲ့ဘုရား စေတီပုထိုးတွေဟာ ပြောဲ့ ဒီမြန်မာပြည်ဟာ ဟိုးတစ်ချိန်တုန်းက ဗုဒ္ဓဘာသာဖြစ်ဖူးတဲ့ နိုင်ငံတစ်ခု ပါလားလို့ အသိအမှတ်ပြုရရုံ သင်္ကေတတစ်ခုအနေနဲ့ပဲ ကျန်ရစ်လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ မြန်မာတစ်ပြည်လုံး ဗုဒ္ဓဘာသာ တစ်ယောက်မှရှိမှာမဟုတ်တော့လို့ဘဲ။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းမှာ ကမ္ဘာ့အကြီးဆုံးဗောရောဗုဒုရ်ဆိုတဲ့ ကျောက်စေတီကြီး ရှိတယ်။ အာဖဂန် နစ္စတန်နိုင်ငံ၊ ဘာမီယန်မြို့ရဲ့အထက်ပိုင်းမှာလည်း (၅၅)မီတာနဲ့ (၃၅) မီတာစီမြင့်တဲ့ မတ်ရပ်ဗုဒ္ဓရုပ်ပွားတော်ကြီးတွေ၊ ဆင်းတုတော်ကြီးတွေရှိနေလို့သာ ဒီနှစ်နိုင်ငံဟာ တစ်ချိန်က ဗုဒ္ဓဘာသာ ဖြစ်ခဲ့ဖူးတဲ့ နိုင်ငံပါလားလို့ သိကြရတာ။ အခုအချိန်မှာတော့ ဗုဒ္ဓဘာသာ တစ်ယောက်မှ မရှိကြတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကလေးသူငယ်တွေရဲ့ နှလုံးသားမှာ ဘုရားတည်မပေးမိခဲ့ကြတဲ့ အတွက်ပဲ"*

ဆရာတော်၏ဆွမ်းကျွေးဩဝါဒတရားက တိုတိုနှင့် ထိရောက်လှသည်။ ထိုတရားကိုကြားနာမိမှ အိပ်ပျော်နေသောဘာသာရေးအသိများ ပြန်လည် နိုးကြားလာကြသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ပေါ့ပေါ့တန်တန်သဘောမထားတော့ဘဲ သားငယ်သမီးငယ်တို့အား မရောက်ရောက်အောင်ပို့ဖြစ်ကြသလို ကျောင်းကန်ဘုရားသွားလျှင်လည်း သားသမီးများကို မပါပါအောင် ခေါ်လာမိကြသည်။

ယခုလည်း ဘုန်းကြီးကျောင်းပို့ပြီး၍ တစ်လအရမှာပင် ဦးညွန့်မောင်၏ အနှစ်နှစ်အလလကြိုးစားခဲ့ရသော ရှင်ပြုပွဲကြီးကို မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပနိုင်ပါတော့မည်။ ရန်ကုန်မြို့သစ်တို့၏ ထုံးစံအတိုင်း ဘုန်းကြီးကျောင်းမှာပင် ရှင်ပြုအလှူပွဲကျင်းပဖြစ်ခဲ့သည်။ ပေ(၄၀)_ပေ(၆၀)သာရှိသော ဦးညွန့်မောင်တို့ အိမ်ဝိုင်းလေးမှာလည်း လူနေဖြစ်ရုံသာ ရှိသည်မဟုတ်ပါလား။*(ဒါတောင် ဦးညွန့်မောင်တို့က စကတည်းက ရောက်တဲ့သူများမို့။ နောက် ကျမှရောက်သူများမှာ ပေ(၂၀)_ပေ(၆၀)သာ*



www.burmeseclassic.com

www.burmeseclassic.com



*ရကြတော့သည်။)*

စနေနေ့အလှူဝင်၊ တနင်္ဂနွေနေ့ အလှူကြီး။ ဒါကလည်း ဝန်ထမ်းများသော သူတို့မြို့၏ထုံးစံ။ ရုံးပိတ်ရက်ကိုသာ အဓိကထားပြီး အလှူအတန်း ပြုကြရသည်။ ဒါမှလည်း အများစုဖြစ်သော ရုံးသူ၊ ရုံးသားများက လာနိုင်မည် မဟုတ်ပါလား။ စနေနေ့ ရှင်လောင်းလှည့်၊ ဆံချ၊ ကိုရင်ဝတ်။ တနင်္ဂနွေနေ့နံနက် ကျွေးမွေးညှော်ခံ၊ နေ့လည်(၁)နာရီ တရားနာ။ ဆရာတော်ရေးပေးလိုက်သော အစီအစဉ်စာရွက်လေးကိုဖတ်ရင်း ဇနီးဖြစ်သူ ဒေါ်မြင့်ဘက်သို့လှည့်၍–

*"မိန်းမရေ– ဆရာတော်က ငါတို့သားနှစ်ယောက်နဲ့ပတ်သက်ပြီး ထူးထူးခြားခြား စကားနှစ်ခွန်းပြောလိုက်တယ်။ အဲဒါ မင်းကို ငါပြန်ပြောရဦးမယ်"*

*"ဆရာတော်က ဘာတွေများပြောလိုက်လို့တုံး"*

*"အေး– ပထမတစ်ခုက လူတစ်ယောက်ရဲ့အတိတ်က ဖြည့်ဆည်းဖူးခဲ့တဲ့ပါရမီ ဘယ်လောက်ပါတယ် မပါဘူးဆိုတာ ဘုရားရှင်မှတစ်ပါး ဘယ်သူမှ မသိနိုင်ဘူးတဲ့။ အဲဒါကြောင့် တို့သားနှစ်ယောက်ကို ကြိုသင်ပေးတဲ့ထဲမှာ တစပဥ္စက ကမ္မဋ္ဌာန်းကိုပါ သင်ပေးထားတယ်တဲ့ဟ။*

*"တစပဉ္စကဆိုတာ အရေလျှင်ငါးခုမြောက်ရှိသော ကမ္မဋ္ဌာန်းလို့ အဓိပ္ပာယ်ရသတဲ့။ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ အဲဒီငါးခုကို ဆံချနေတဲ့အချိန်မှာ ရှင်လောင်းရဲ့နှုတ်ကနေ ရွတ်ဆိုပွားများနေရတာတဲ့။ ပါရမီပြည့်တဲ့ကလေးဆိုရင် ဆံချအပြီးမှာတင် ကိလေသာအာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားရောတဲ့။ အမယ်လေးလေး ငါ့သားတွေများ ရဟန္တာတွေ ဖြစ်သွားရင် ဘယ်လောက်ကောင်းလိုက်မလဲ။ မင်းနဲ့ငါနဲ့လည်း ရဟန္တာတွေရဲ့ခမည်းတော်နဲ့ မယ်တော်ဖြစ်ရောပေါ့ကွာနော"*

*"ဒါဆို ဒီကမ္မဋ္ဌာန်းက တော်တော်ကျေးဇူးများတာပဲနော်"*

*"ကျေးဇူးများတာတော့ မပြောနဲ့ဟေ့။ ဘုရားလက်ထက်က (၇)နှစ်*



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ ရဟန္တာဖြစ်ကြတဲ့ကိုရင်လေးတွေဟာ အဲဒီကမ္မဋ္ဌာန်း ရွတ်ဖတ်စီးဖြန်းရင်းနဲ့ ခေါင်းရိတ်လိုက်တာ တချို့ဆိုရင် သင်ဓုန်းဓား ခေါင်းပေါ်တင်တုန်းရှိသေး အောက်ကရဟန္တာဖြစ်နေရောတဲ့။ အဲ့ါအခုခေတ်မှာ တစပဉ္စက ကမ္မဋ္ဌာန်းပွားများရင်း ဆံချတဲ့အလေ့အထပျောက်သလောက် ဖြစ်နေတယ်တဲ့။

"ဆရာတော်ပြောတာက ရှင်းတယ်ပ။ ရဟန္တာဖြစ်တာ၊ မဖြစ်တာ သူ့အလုပ်တဲ့။ တစပဉ္စက ကမ္မဋ္ဌာန်းသင်ပေးရမှာက ဆရာသမားရဲ့အလုပ်တဲ့။ တကယ်လို့ ကိုယ်ကသင်ပေးသင့်တာကို သင်မပေးတဲ့အတွက် ရှင်လောင်းဟာ ရဟန္တာဖြစ်ထိုက်တဲ့ပါရမီရှိပါလျက် တစပဉ္စကကမ္မဋ္ဌာန်းအမှီမရလို့ ရဟန္တာမဖြစ်တော့ဘူးဆိုရင် သင်မပေးတဲ့ ဆရာဟာ ရှင်လောင်းရဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အညွန့်ကို ချိုးပစ်ရာ ရောက်သတဲ့ဟ"

"ဒီလိုဆိုတော့လည်း ဆံချတယ်ဆိုတာ သာမန်ကာလျှံကာ မဟုတ်ဘဲ အရေးကြီးတာပဲပေါ့နော်"

"အေးပေါ့ကွ"

ဦးညွန့်မောင်က ဒေါ်မြင့်၏အမေးကို အတိုချုပ်ဖြေရင်း အကြမ်းပန်းကန်ထဲသို့ ရေနွေးငှဲ့ထည့်လိုက်သည်။ အာအတော်ခြောက်သွားပြီမဟုတ်ပါလား။

"တော့်ရေနွေးက အသာထားစမ်းပါဦး။ ဆရာတော်ပြောတဲ့ နောက်တစ်ခွန်းကို ဆက်စမ်းပါဦး"

"ဩော်–အေးအေး။ ဒုတိယပြောတဲ့စကားကလည်း တို့ဗုဒ္ဓဘာသာဝင် မြို့သူမြို့သားအားလုံး သတိထားသင့်တဲ့အချက်ပဲကွ။ ဆရာတော်ပြောတာက ဒကာကြီးတို့သားတွေ သာသနာ့ဘောင်မှာ ပျော်သွားရင် တစ်သက်လုံး ဘုန်းကြီးဝတ်ပါစေ။ ဖွတ် လူမထွက်နိုင်ပါနဲ့တဲ့၊ မြို့သူမြို့သားတွေဟာ ရဟန်းသံဃာတွေကို အလျှုမဂ်လာဆောင်ရှိတဲ့အခါလောက်ပဲ သတိရကြပြီး အသုံးချစရာ ပစ္စည်းတစ်ခုလောက်သာ သဘောထားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်၊ ပါရမီရှိတဲ့ မိမိတို့ရဲ့သားသမီးတွေကို သာသနာရေးအားမပေးဘူးဆိုရင် ရေသောက်မြစ်ခြောက်ရင် သစ်ပင်ကြီးသေရသလို တောဘက်က သာသနာမျိုးဆက်သစ်တွေသာအလျင်မီအောင် မထွက်တော့ဘူးဆိုရင် ဒီသာသနာကြီး ခဏနဲ့ကွယ်ပျောက်မှာပဲတဲ့။အဲဒါကြောင့်ဒကာကြီးရဲ့သားတွေ သာသနာ့ဘောင်မှာ တကယ်ပျော်နေပြီဆိုရင် ဖွတ်မထွက်နိုင်းပါနဲ့တဲ့"

"ဆရာတော်ပြောတာမှန်တာပေါ့။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင် မြို့သူမြို့သားတွေဟာ အသီးသာစားချင်တာ အပင်မှမစိုက်ချင်ကြဘဲ။ ကျွန်မတော့ ဆုံးဖြတ်လိုက်ပြီ။ သားနှစ်ယောက်လုံး သာသနာ့ဘောင်မှာ ပျော်လို့ကတော့ တစ်သက်လုံးနေပစေတော့။ ဘယ်တော့မှ မထွက်နိုင်းတော့ဘူး။ ရှင်ကရော"

"ဝမ်းသာလိုက်တာ မိန်းမရာ။ ငါလည်း ဆရာတော် အမိန့်ရှိကတည်းက သားတွေကို ဘယ်တော့မှ လူမထွက်နိုင်းတော့ဘူးလို့ ဆုံးဖြတ်ပြီးသားပါ"

"တစ်လောက မွေ့ကထိကဆရာတော်တစ်ပါးဟောတဲ့ သာနုသာမဏေ‌ဇာကြောင်း တရားကိုနာရကတည်းက ကျွန်မက သားနှစ်ယောက်လုံးကို သာသနာ့ဘောင်မြဲစေချင်နေတာ"

"အမယ် – မွေ့ကထိကဆရာတော်က ဘယ်လိုများ ဟောသွားသလဲကွ။ လုပ်စမ်းပါအုံး နာကြည့်ရအောင်"

"အကုန်တော့ မမှတ်မိတော့ဘူး"

"အကုန်မမှတ်မိတော့ဘူးဆိုတော့ ငါက ဘာသွားနားထောင်ရတော့မလဲ"

"နည်းနည်းတစ်ဝက်တစ်ပျက်တော့ မှတ်မိသေးတယ်လို့ ပြောမလို့ပါ"

"တော်သေးတာပေါ့ကွာ။ စာသင်တိုက်တစ်ခုကိုရောက်လာစာသင်သားရဟန်းတစ်ပါးလိုများ ဖြစ်နေသလားလို့ပါ"

အမြဲရောင်မေတ္တာဝေဝေစဉ်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ စာသင်သားရဟန်းက ဘယ်လိုဖြစ်လို့တုန်း"

"ဩော် အဲဒီကျောင်းတိုက်ရဲ့စည်းမျဉ်းက ကျောင်းတိုက်မှာ နေချင်ရင် ရဟန်းဆိုရင် ပါတိမောက်နှစ်စောင်ပြန်ရတယ်တဲ့။ ကိုရင်ဆိုရင် သေခိယတို့ လိင်ဆယ်ပါး ဒဏ်ဆယ်ပါးတို့အလွတ်ပြန်ရတယ်တဲ့။ အဲဒါနဲ့ အသစ်ရောက် လာတဲ့ရဟန်းကို ကျောင်းထိုင်ဆရာတော်ကြီးက 'ကဲ မင်း ဒီကျောင်းတိုက်မှာ နေချင်ရင် ပါတိမောက်နှစ်စောင်ပြန်စမ်း'လို့ခိုင်းတော့ အဲဒီရဟန်းကပြောသတဲ့။ 'တပည့်တော်အကုန်မရဘူးဘုရား'တဲ့။ ဒီတော့ ဆရာတော်ကြီးကလည်း သက်သက်ညာညာနဲ့ 'ကဲကဲ အကုန်မရလည်း ရသလောက်ပြန်ပါကွာ'လို့ ပြောတော့"

"ရသလောက်ပြန်လိုက်ရောလား"

"မင်းကလည်း ဆုံးအောင်နားထောင်စမ်းပါအုံး။ အဲဒီကျတော့ ရဟန်းလေးက တပည့်တော်အကုန်မရဘူးဆိုတာ တစ်လုံးမှမရဘူးလို့ ပြောတာပါဘုရားတဲ့။ မင်းလည်းအခုမှေ့ကထိကပဟောသွားတာ အကုန် မမှတ်မိဘူးဆိုတော့ အဲဒီရဟန်းလို တစ်လုံးမှမမှတ်မိဘူးများ ဖြစ်နေသလား လို့ပါကွာ"

"လူကိုများ အထင်သေးလိုက်တာတော်။ လိုရင်းအချက်လေးကို တော့ သေချာမှတ်ထားပါတယ်"

"ကဲကဲ ပြောစမ်းပါဦးကွာ"

"ဘုရားရှင်လက်ထက်တော်အခါက သာဝတ္ထိမြို့မှာ သာနု အမည် ရှိတဲ့ ကိုရင်လေးတစ်ပါးရှိသတဲ့။ တရားဟောကလည်း သိပ်ကောင်းတာ ပဲတဲ့။ ရဟန်းခံခါနီးအရွယ်ရောက်လာတော့ ကာမဂုဏ်ဘက်စိတ်ပြောင်းပြီး လူထွက်ချင်လာရောတဲ့။ တစ်နေ့တော့ လူထွက်တော့မယ်ဆိုပြီး မိဘ အိမ်ပြန်အလာမှာ အိမ်လည်းရောက်ရော ဘီလူးဝင်စီးတော့တာပဲတဲ့"

"ဟာ–မင်းဘီလူးက ကိုရင်တောင်ဝင်စီးနိုင်သလားကွ"

"ဒါကတော့ သောတာပန်ဖြစ်တဲ့ အရှင်အာနန္ဒာတို့တောင် မာရ်နတ်



www.burmeseclassic.com

www.burmeseclassic.com



က စကားမပြောနိုင်အောင် ယုပ်နိုင်သေးတာပဲ။ အခုကိုရင်သာနုက ပုထုဇဉ် လည်းဖြစ်ပြန်၊ ကာမဂုဏ်အာရုံထဲစိတ်ရောက်ဆဲလည်းဖြစ်ပြန်တော့ ဘီလူးက ဝင်စီးနိုင်တာပေါ့။ ပြီးတော့ ဒီဘီလူးက ရိုးရိုးဘီလူးမဟုတ်ဘူးလေ"

"ဘာလဲ ရိုးရိုးဘီလူးမဟုတ်ရင် ရှယ်ဘီလူးလား"

"ဟုတ်တယ်။ ရှင်ပြောသလို ရှယ်ဘီလူးပေါ့။ သူကနတ်ဘီလူး ဖြစ်တဲ့အပြင် ကိုရင်သာနုရဲ့အတိတ်ဘဝတစ်ခုက မိခင်ဖြစ်ခဲ့ဖူးတဲ့ ဘီလူးမ ဖြစ်နေတယ်"

"ဟ-မင်းဟာက ရှေ့နောက်မညီညွတ်သေးပါဘူး။ မိခင်ဖြစ်ခဲ့ဖူးတဲ့ ဘီလူးမဆိုရင် ကိုယ့်သားဖြစ်ခဲ့ဖူးတဲ့ ကိုရင်ကို ဘေးမရောက်အောင် စောင့် ရှောက်ဖို့ ရှိပါတယ်။ အခုတော့ ဘယ့်နှယ် သူကိုယ်တိုင်တောင်ဝင်စီးပြီး ဒုက္ခပေးနေတယ်ဆိုတော့"

"ရှင်ကလည်း စကားတော့ ဆုံးအောင်နားမထောင်ဘူး။ သူဝင်စီး တာကိုက ကိုရင်သာနုကို သာသနာ့ဘောင်မှာမြဲစေချင်လို့ ဝင်စီးတာ။ စီးပြီးတာနဲ့ ဘီလူးမက ဘာပြောသလဲဆိုတော့ ဒီသာနုကိုရင်လေး သာသနာ့ဘောင်မြဲနေတဲ့အတွက် သူ့မှာသွားလေရာ မျက်နှာပွင့်လင်းပြီး ထင်ပေါ် ကျော်စောနေတယ်တဲ့။ နတ်သဘင်အစည်းအဝေးသွားလည်း သာနုကိုရင်ရဲ့ မယ်တော်ဆိုပြီး နေရာပေးကြိုဆိုကြတယ်တဲ့။

"ကိုရင်သာနုသာသနာ့ဘောင်ကထွက်သွားရင် သူ့မှာလည်း စောစော ကပြောတဲ့ ဂုဏ်တွေမရရှိနိုင်တော့သလို ကိုရင်သာနုမှာလည်း လူ့လောကမှာ ဆင်းရဲဒုက္ခရောက်ဖို့ပဲရှိတယ်။ ဒါကြောင့် ကိုရင်သာနု သာသနာ့ဘောင်မှာ မနေဘဲ လူဝတ်လဲမယ်ဆိုရင် ဒီထက်ဒုက္ခရောက်စေရ မယ်လို့ ခြိမ်းခြောက်ပြီးမှ ထွက်သွားသတဲ့။ ကိုရင်သာနု သတိပြန်လည် လာတဲ့အခါကျမှ အဖြစ်မှန်တွေသိပြီး သံဝေဂရသွားလို့ သာသနာ့ဘောင် မှာနေရင်း ဆက်ကြိုးစားလိုက်တာ ရဟန္တာကြီးတောင် ဖြစ်သွားသတဲ့။

အဲဒီမှာ ကျွန်မစဉ်းစားမိတာက မိမိရဲ့သားတစ်ယောက် သာသနာ့



www.burmeseclassic.com

www.burmeseclassic.com



*ဘောင်ရောက်နေရင် အရင်ဘဝကတော်စပ်ခဲ့ဖူးတဲ့ မိဘများတောင် ဂုဏ်ကျက်သရေတိုးတက်နေရင် အခုဘဝက မိဘတွေကတော့ ပြောစရာတောင်ရှိတော့မယ်မထင်ဘူးလို့"*

*"အဲဒါကြောင့် မင်းက သားတွေကို သာသနာ့ဘောင် မြဲအောင်ထားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်ပေါ့"*

*"ဒါပဲပေါ့"*

*"ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ။ သာဓု၊ သာဓု၊ သာဓု"*

⊛ ⊛ ⊛

ငါးသောင်းဆိုသောငွေသည် ပစ္စည်းရှိအလှူရှင်များအတွက် ဆိုင်းဝိုင်းကြီး တစ်ညစာသာရှိပါသော်လည်း ဦးညွန့်မောင်တို့လို ကာယလုပ်သား အလှူရှင်များအတွက်ကား သက်န်းပရိက္ခရာ၊ အကျွေးအမွေး၊ ဒိုးပတ်ဝိုင်းကအစ အပြီးပါအောင် စီစဉ်ကြရသည်။ ဆင်လည်း ဆင့်အထွာ၊ ဆိတ်လည်း ဆိတ်အထွာပင် မဟုတ်ပါလား။

သားရှင်ပြုအလှူဆိုသည်မှာ ဗုဒ္ဓဘာသာဝင်တစ်မျိုးသားလုံး မလုပ်လျှင် မဖြစ်ဟုခံယူထားသော ယဉ်ကျေးမှုကြီးတစ်ခုဖြစ်ရာ သူဌေး၊ သူကြွယ်ကလည်း လှူသလို လက်လုပ်လက်စား ဆင်းရဲသားကလည်း လှူသည်ပင်ဖြစ်ရာ သူဌေးသူကြွယ်အတွက်က ပြောစရာမရှိသော်လည်း ဦးညွန့်မောင်တို့လို လက်လုပ်လက်စား ဆင်းရဲသားများ၏ အလှူကတော့ ပြောစရာဖြစ်လာသည်။ အခြားတော့မဟုတ်။

မရှိမဲ့၊ ရှိမဲ့ မဖြစ်မနေလှူရသောအလှူဖြစ်သောကြောင့် အကုန်အကျ နည်းနိုင်သမျှနည်းအောင် ဘုန်းကြီးကျောင်းကိုသာ အစစအရာရာ အားကိုးကြရတော့သည်။ ရွှေထီးအစ၊ ကွမ်းတောင်ပန်းတောင်အဆုံး၊ ဘုန်းကြီး ကျောင်းမှသာ အခမဲ့ငှားရမ်းကြရသည်။ ပစ္စည်းရှိသူများကတော့ ဆိုင်မှ အသစ်ကိုဝယ်သုံးပြီး အလှူပြီးသည်နှင့် ကျောင်းမှာတစ်ခါတည်း

www.burmeseclassic.com



လှူပစ်ခဲ့ကြသည်။

ချို့ငဲ့သောအလှူရှင်များ ဘုန်းကြီးကျောင်းမှာ လှူပြီးသွားလျှင် များသောအားဖြင့် အလှူကို လက်ခံကျင်းပခွင့်ရသော ဘုန်းတော်ကြီးများ အရှုံးပေါ်ရကြောင်းကို ဟာသလေးနှောပြီး ဟောသွားသောမမ္ဗကထိက ဆရာတော်တစ်ပါး၏ ထိမိသောပုံတိုပတ်စလေးတစ်ခုကိုလည်း ဦးညွန့် မောင် ဘယ်တော့မှမမေ့။

*"ပရိတ်သတ်တွေကြားဖူးလားတော့မသိဘူး။ ကံမျှားဆိုးလာပြီဆိုရင် အလကားရတဲ့ကန်စွန်းရွက် ဈေးသွားရောင်းတာတောင် ငွေတစ်မတ် ဆုံးတယ် ဆိုတာလေ။ တစ်ခါတော့ ဒကာမတစ်ယောက် ဆင်းရဲရှာလွန်းလို့ အရင်းတောင်မတတ်နိုင်တာနဲ့ ပိုင်ရှင်မဲ့ ချောင်းဘေးမြောင်းဘေးက ကန်စွန်း ရွက်တွေခူးပြီး ဈေးသွားရောင်းသတဲ့။ ဈေးထဲရောင်းတာဆိုတော့ ရောင်းရတာ မရောင်းရတာအပထား။ ဈေးထဲဝင်တာနဲ့ ဈေးကောက်ကို ငွေတစ်မတ် ပေးရတယ်။*

*"အဲဒါ ဈေးကောက်ကိုတစ်မတ်ပေးပြီး ကန်စွန်းရွက်စည်းတွေ ပုံပြီး ကာစရှိသေးတယ်၊ အကြွေသီးသန့်ထားတဲ့ ပိုက်ဆံအိတ်လေး မေ့ကျန် ခဲ့လို့ အိမ်ပြန်အယူမှာ မျက်စိလည်ပြီး ဈေးထဲဝင်လာတဲ့နွားတစ်အုပ်က ပုံထားတဲ့ ကန်စွန်းရွက်တွေ အကုန်စားပစ်လိုက်လို့ အလကားရတဲ့ ကန်စွန်းရွက် ရောင်းတာတောင် တစ်မတ်ဆုံးသွားရတော့တာပေါ့။*

*"အခုလည်း တချို့မသိတတ်တဲ့ဒကာတွေ ကျောင်းကိုအလှူလာ လုပ်ရင် ကျောင်းထိုင်ဘုန်းကြီးကတော့ နေရင်းထိုင်ရင်းအရှုံးပေါ်တော့တာပဲ။ ကြည့်ပါလား။ လာလှူတဲ့ဒကာတွေက နေရာ၊ ရေ၊ လျှပ်စစ်မီးအလကား သုံးတယ်။ ဒါကတော့ ထားတော့။ ကိုယ့်ကျောင်းလာလှူလို့ ကိုယ်ကလည်း တတ်နိုင်သလောက် ကူညီရတယ်ပေါ့။ ဆိုးတာက သူတို့ဝယ်လာတဲ့ ထင်း မလောက်ရင် ကျောင်းကယူသုံးတယ်။ ဆန်ကုန်သွားရင် အရေးပေါ်ကျောင်း က ယူသုံးတယ်။ အဲဒါတွေ အလှူလည်းပြီးရော တစ်ခါတည်း မေ့ပစ်လိုက်*



www.burmeseclassic.com

www.burmeseclassic.com



*တော့ အလကားရတဲ့ ကန့်စွန်းရွက် ဈေးသွားရောင်းတာ တစ်မတ်ရှုံးရသလို ကျောင်းထိုင်ဘုန်းကြီးတွေလည်း အလှူလက်ခံမိရာက နေရင်းထိုင်ရင်း ထင်းရော၊ ဆန်ရော ရှုံးရတာပေါ့"*

ဒီလိုတရားလေးနာကြားထားတော့ ဦးညွန့်မောင်ကတော့ အလှူပြီးတာနဲ့ ကျောင်းဝေယျာဝစ္စအတွက် ကိုယ်တတ်နိုင်သလောက် လှူဒါန်းခဲ့ရန် ဆုံးဖြတ်ပြီးသားပါ။ ရှင်လောင်းလှည့်တော့လည်း လူကအတော်လေး စည်လှ သည်။ စည်ပေမပေါ့။ ဒိုးပတ်ဝိုင်းကလည်းပါ။ လမ်းတစ်လျှောက် ပိုက်ဆံကြဲတာလည်းပါတော့ ကလေးရော၊ လူကြီးပါ။ လုံးထွေးနေကြတော့သည်။ ကျောင်းဝိုင်းထဲဝင်ပြီးလို့ ဆရာတော်ဆံချဖို့ စီစဉ်နေချိန်မှာပင် စိတ်ဆင်းရဲစရာ ပြဿနာကစပါလေပြီ။

ရှင်လောင်းနှစ်ယောက်လုံး ရှာမတွေ့တော့။ ဦးညွန့်မောင် သိလိုက်ပါပြီ။ အချိန်ဆွဲမနေတော့။ အပျက်အပျက်နဲ့ နှာခေါင်းသွေးလည်း မထွက်လိုတော့ပါ။ ထို့ကြောင့် *"ကဲဟေ့–မင်းတို့လိုချင်တဲ့ငွေပြောကွာ။ အချိန်သိပ်မရှိတော့ဘူး။ နေဝင်တော့မယ်။ ဘယ်လောက်ပေးရမလဲပြော"* ဟု လူအုပ်ဘက်လှည့်ကာ မေးလိုက်သည်။ ဦးညွန့်မောင်၏အမေးအဆုံးမှာပင် လူအုပ်ထဲမှ အသံတစ်သံ ထွက်လာသည်။

*"သုံးထောင်ရမှ ခေါ်ပေးမယ်။ သုံးထောင်မရရင်တော့ ဒီနေ့ရှင်ပြုဖို့ စိတ်မကူးနဲ့တော့"*

အသံလာရာကို ဦးညွန့်မောင်ကြည့်လိုက်တော့ မောင်နီ။ အရက်ကလည်း အတော်သောက်ထားဟန်တူသည်။ မျက်နှာကနီရဲနေသည်။ ဘယ်သူ့ကိုမှလည်း အမှုထားဟန်မရှိ။ အလိပ်လိုက်တက်လာသော ဒေါသကို ဦးညွန့်မောင် မနည်းချုပ်တည်းထားလိုက်ရသည်။ အလှူ့အမ ဒေါ်မြင့် မျက်နှာမှာလည်း သွေးမရှိတော့။ ဦးညွန့်မောင်၏ဒေါသကို ရိပ်စားမိသွားသော ဓမ္မရောင်ခြည်ဝတ်အသင်းခေါင်းဆောင် ဦးကြည်က–

*"ဟေ့–မောင်နီ၊ မင်းတို့ဟာကမလွန်လွန်းဘူးလားကွာ။ လူပြန်မေး*

www.burmeseclassic.com



*ဆွဲတာကျနေတာပဲ။ လေးငါးရာလောက်ရ တော်ရောပေါ့ကွ။ ဦးညွန့်မောင်တို့မှာလည်း ပေါများလွန်းလို့ လှူတာမှမဟုတ်တဲ့ဟာကို''*

*''ဟာဗျာ–ဒါမျိုးက ကြုံခဲဘိတောင်းဗျ။ အခွင့်အရေးရတုန်း တောင်းထားရတာ။ သူတို့မပေးရင် ကျုပ်တို့ကလည်း ရှင်လောင်းမပေးဘူး။ ရှင်းရှင်းလေးပဲ''*

ဒီတော့ ဒေါ်မြင့်ပါမနေနိုင်။ ဝင်ပါရတော့သည်။ ကြာရင်အခြေအနေက သည့်ထက်ဆိုးလာနိုင်သည် မဟုတ်ပါလား။

*''ကဲပါ ငါ့တူရယ်။ ကိုယ့်ရပ်ကွက်သားချင်း ဒီလောက် စိတ်ဆင်းရဲအောင် မလုပ်ကောင်းပါဘူး။ တစ်ထောင်လောက်ရရင်တော်ရော့ပေါ့ကွယ်။ ဟောဒီမှာရော့။ အရေးပေါ်လိုရင်သုံးရအောင် အဒေါ်ဆောင်ထားတာလေးပါ။ ပြီးတော့ အဒေါ်တို့မှာ ဘုန်းကြီးကျောင်းဝေယျာဝစ္စအတွက် လိုအပ်တာသုံးရအောင် လှူဖို့ကလည်းရှိသေးတယ်လေ။ ဒါကြောင့်ပါ။ ကဲ–ရော့ရော့ယူလိုက်ပါ''*

*''မရဘူးဗျာ။ မရဘူး။ ကျုပ်တို့အဖွဲ့က အများကြီးဗျ။ ငွေတစ်ထောင်နဲ့ ဘယ်လိုမှမရဘူး။ သုံးထောင်ပေးမှ ရှင်လောင်းတွေကို တွေ့ရမယ်။ သုံးထောင်မပေးရင် ရှင်လောင်းတွေကိုလည်း မပေးဘူး''*

အခြေအနေက ကဖြည်းဖြည်းတင်းမာလာသည်။ ဈေးအလျှော့အတင်းက ဘယ်လိုမှညှိ၍မရ။ နေပင်ဝင်စပြုလာပြီ ဖြစ်သောကြောင့် ကျောင်းအပေါ်ထပ်ဝရံတာမှ ဆရာတော်၏အသံထွက်ပေါ်လာသည်။

*''ဒကာဦးညွန့်မောင်တို့ ရှင်လောင်းတွေဆံချမပြီးသေးဘူးလား။ ပြီးရင်ခေါ်ခဲ့ကြလေ၊ မိုးတောင်ချုပ်တော့မယ်''*

ဦးညွန့်မောင်ပျာပျာသလဲ လှမ်းလျှောက်ထားရပြန်သည်။

*''မှန်ပါ့။ ခဏနေရင်ပြီးတော့မှာပါဘုရား''*

ဒီအတိုင်းဆိုရင်မဖြစ်တော့။ လူမိုက်နဲ့လူလိမ္မာ၊ လူမိုက်ကိုပဲဦးစားပေးရတော့မည်။ အဘယ်ကြောင့်ဆိုသော် လူလိမ္မာက တောင်းပန်၍



www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း လူမိုက်ကတောင်းပန်၍ မရနိုင်သောကြောင့်ပင်။ ထိုသို့ တွေးမိသည်နှင့် ဆရာတော်ထံ ဝေယျာဝစ္စအတွက် ကပ်လှူရန်ဆောင်ထားသော မိမိထံမှငွေနှစ်ထောင်နှင့် အရေးပေါ်ရှိလျှင်သုံးရန် အသင့်ထားသော ဇနီးသည်ထံမှ တစ်ထောင်တို့ကိုယူ၍ ရှင်လောင်းပြန်ပေးသမားတို့အား ပေးလိုက်ရတော့သည်။

ငွေသုံးထောင်ကိုရသည်နှင့် မောင်နီက မပြေးရုံတမယ် ထွက်ခွာသွားသည်။ ခဏအကြာမှာပင် မောင်နီနှင့်အပေါင်းပါသုံးယောက်တို့ ရှင်လောင်းနှစ်ပါးကို ပွေ့ချီလာသည်ကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်နေရသည်။ ဦးညွန့်မောင်စိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်က ရှင်လောင်းနှစ်ပါးကို ပခုံးပေါ်ထမ်းမလာဘဲ အဘယ်ကြောင့် ပွေ့ချီလာကြသနည်း။ မကိုင့်တွေ၊ စလွယ်တွေတော့ ကျိုးကြေကုန်တော့မှာပဲ။

ရှင်လောင်းနှစ်ပါးလုံးရဲ့ခေါင်းတွေကလည်း ဘာကြောင့် နောက်ကိုလန်ကျနေရတာလဲ။ လက်တွေကလည်း တွဲလောင်းကြီးဖြစ်လို့။ ဦးညွန့်မောင်၏ သံသယကား သိပ်မကြာလိုက်ရပါ။ ရှင်လောင်းတွေအနားမရောက်မီမှာပင် သားနှစ်ယောက်၏ ကျောင်းနေဖက်သူငယ်ချင်း မောင်ဇင်မင်း ဦးညွန့်မောင်အနားသို့ မျက်လုံးပြူးမျက်ဆံပြူးနှင့် အရေးတကြီး ပြေးကပ်လာကာ—

*"ဦးလေး-ဦးလေး ကျော်ဦးနဲ့ သော်ဦး အသက်ရှူကျပ်ပြီး သေသွားပြီ"*

*"ဟ-ဘာ ဘာပြောတယ်ကွ"*

*"ဦးလေးသားနှစ်ယောက်လုံး သေသွားပြီ။ ဟိုလူကြီးတွေက ဦးလေးရဲ့သားနှစ်ယောက်စလုံးကို ပီပါထဲထည့် အဖုံးပိတ်ပြီး အပေါ်က ကျောက်တုံးကြီးနဲ့ဖိထားတယ်။ ကျော်ဦးနဲ့သော်ဦးက မွန်းလို့အော်ကြတာကိုလည်း ဘယ်သူမှလာပြီး ပီပါအဖုံးကို ဖွင့်မပေးကြဘူး။ ကျွန်တော့်ကိုလည်း ဦးလေးတို့ကို သွားပြောမှာစိုးလို့ဆိုပြီး အိမ်ထဲကနေ ဘယ်မှမသွားရ*

www.burmeseclassic.com



*ဘူး။ အခုမှ လွှတ်ပေးလိုက်လို့လာပြောတာ။ ဟိုမှာ ကျော်ဦးနဲ့ သော်ဦးတို့ရဲ့ အလောင်းတွေကို သယ်လာပြီ"*

*" ဟင် ． ． ．"*

ဦးညွှန့်မောင်၊ ဒေါ်မြင့်နှင့်တကွ အနားမှာရှိကြသည့် လူအားလုံး ကြက်သေသေသွားကြသည်။ ဦးညွှန့်မောင်သည်းခံနိုင်သော အတိုင်းအတာ ကား လွန်သွားလေပြီ။ ငွေကိုမတန်တဆတောင်းစဉ်ကလည်း သည်းခံပြီး မရှိမဲ့ရှိမဲ့ ပေးခဲ့ရသည်။ ယခုတစ်ဖန် သားနှစ်ယောက်ကိုလည်း သတ်လိုက် ကြပြန်ပြီ။ *"ငါ့သားနှစ်ယောက် ရှင်တောင်ဖြစ်ခွင့်မရဘဲ လူ့လောကထဲက ထွက်သွားခဲ့ရပြီ။ ခင်းတို့တစ်တွေကို လူပြည်မှာမထားဘူး"*

**"ဒေါသော အတ္တံ နဇာနာတိ– ဒေါသဟူသည် အကျိုးအကြောင်း။ အဆိုအကောင်း ဘာမှမသိ"**

ထိုဒေါသကို မိမိသန္တာန်မှာ စက္ကန့်ပိုင်းလောက် လက်ခံမိလိုက် သည်နှင့် ဦးညွှန့်မောင်တစ်ယောက် ဆံချမည့်နေရာ မီးဖိုချောင်အနီးမှ ထင်းခွဲသည့် ရဲတင်းတစ်ချောင်းကို ကောက်ယူ၍ပြီး မောင်နီတို့လူစုထဲသို့ အပြေးထွက် သွားမိလေတော့သည်။ ဘယ်သူမှလည်းဆွဲ၍မမိလိုက်တော့ပါ။

နောက်ဆုံးစာရင်းချုပ်လိုက်သောအခါ ဦးညွှန့်မောင်တစ်ယောက် သားနှစ်ယောက် ဆုံးရှုံးရသည့်အပြင် မောင်နီနှင့်တကွ အပေါင်းအပါ သုံးဦးကို သတ်ဖြတ်မှုဖြင့် ဥပဒေ၏အရေးယူမှုကို ခံခဲ့ရရှာပါတော့သည်။ ဤသည်ကား ယဉ်ကျေးမှုနေရာတွင် အစားထိုးဝင်ရောက်လာသော ရိုင်းစိုင်းမှု၏ရလဒ်ပင် မဟုတ်ပါလော။

～～～～

ဒေါသဖြစ်ခြင်းသည် သူတစ်ပါးအပြစ်ကို
မိမိအပြစ်ဖြစ်အောင် လုပ်ခြင်းပင်ဖြစ်၏။
(ပုပ်)

အမြဲရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



"မိကျောင်းမင်း ရေကောင်းပြ၊ ဘုန်းကြီးစာချ"

ဟူသော စကားပုံတို့က

ဆရာကသာတပည့်ကို ဆုံးမရမည်။

တပည့်ဖြစ်သူက ဆရာအား

မဆုံးမရဟု ပြနေသည်။

ထိုစကားပုံတို့သည်

မသိမှုအဝိဇ္ဇာကို အကုန်အစင်ပယ်ပြီးသော

ရဟန္တာတို့အတွက်သာ ဖြစ်နိုင်သည်။

အဝိဇ္ဇာ မပယ်ရသေးသော

ပုထုဇဉ်တို့အတွက်ကား မဖြစ်နိုင်ချေ။

အဘယ်ကြောင့်နည်း။

မောဟ မကင်းသေးသူမှန်သမျှ

အမှားနှင့် မကင်းသေးသောကြောင့်ပါတည်း။

အမြဲ့ဇင်လက္ခာဝတဝဦ

www.burmeseclassic.com

www.burmeseclassic.com



# မိကျောင်းမင်း ရေကောင်းပြခြင်း

*"မိကျောင်းမင်း ရေကောင်းပြ၊ ဘုန်းကြီးစာချ"* ဟူသော စကားပုံတို့က ဆရာကသာတပည့်ကို ဆုံးမရမည်။ တပည့်ဖြစ်သူက ဆရာအား မဆုံးမရဟု ပြနေသည်။ ထိုစကားပုံတို့သည် မသိမှုအဝိဇ္ဇာကို အကုန်အစင် ပယ်ပြီးသော ရဟန္တာတို့အတွက်သာ ဖြစ်နိုင်သည်။ အဝိဇ္ဇာမပယ်ရသေးသော ပုထုဇဉ်တို့အတွက်ကား မဖြစ်နိုင်ချေ။ အဘယ်ကြောင့်နည်း။ မောဟ မကင်းသေးသူမှန်သမျှ အမှားနှင့် မကင်းသေးသောကြောင့်ပါတည်း။

သီဟိုဠ်ကျွန်း၊ တလင်္ကရအရပ်၌ သီတင်းသုံးနေထိုင်တော်မူသော **ဓမ္မဒိန္န** အမည်ရှိ ရဟန္တာမထေရ်မြတ်ကြီးသည် ဥစ္စဝါလိကအရပ်၌ သီတင်းသုံး နေထိုင်တော်မူသည့် ကမ္မဋ္ဌာနာစရိယဆရာဖြစ်တော်မူသော မဟာနာဂမထေရ်ကြီးကို အဘယ်ကဲ့သို့ဆုံးမရမည်ကို စဉ်းစား၍မရအောင် ရှိနေတော် မူရှာလေသည်။

အစဉ်းစားရကြပ်မည်ဆိုလျှင်လည်း ကြပ်စရာပါပေ။ အဘယ်ကြောင့်ဆိုသော် မဟာနာဂမထေရ်ကြီး၏ နည်းပေးလမ်းပြမှုဖြင့် ဓမ္မဒိန္နမထေရ်နှင့်တကွ တပည့်ပေါင်းသုံးသောင်းကျော်တို့သည် ကိလေသာအာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော်မူကြရသည်။ သို့သော် မိမိတို့ကိုယ်တိုင် ရဟန္တာဖြစ်ပြီး၍ ဆရာဖြစ်သူ၏စိတ်ကို မိမိတို့စိတ်ဖြင့် ပိုင်းခြားဝေဖန်၍ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ထူးပေဆန်းပေစွ။ အံ့ဩစရာကောင်းပေစွ။

ဆရာဖြစ်သူ မဟာနာဂမထေရ်ကြီးကား တစ်ထောင့်ငါးရာ ကိလေသာကို တစ်ပါးမှမသတ်ရသေးသော ပုထုဇဉ်ဘဝသာ ရှိသေးသည်ကို တွေ့ကြရသောကြောင့်ပေတည်း။ ဝါတော်၆၀-ကျော်၊သက်တော်၈၀-ကျော် မထေရ်ကြီးလည်းဖြစ်ပြန်၊ မိမိတို့ရဟန္တာဖြစ်ရန် တရားပြပေးသော ဆရာလည်းဖြစ်ပြန် ဤအကြောင်းကြီးနှစ်ချက်ကြောင့် မည်သည့်တပည့်ကမျှ အသိပေး လျှောက်ထားရဲခြင်း မရှိကြပါချေ။

ကိလေသာကင်းကွာခြင်းသည် လျှပ်စစ်လက်သကဲ့သို့ တဒင်္ဂကင်းကွာခြင်း။ မှော်တောထဲခဲပစ်လိုက်သကဲ့သို့ ဝိက္ခမ္ဘန = အနည်းငယ်ကြာအောင် ကင်းကွာခြင်း၊ မိုးကြိုးပစ်ချသကဲ့သို့ နောင်သံသရာတစ်လျှောက်ဘယ်တော့မှ ထပ်မဖြစ်တော့အောင် သမုစ္ဆေဒ= အမြစ်ပြတ်ကင်းကွာခြင်းဟု သုံးမျိုးရှိရာ အဘိညာဉ်သမာပတ်အရာ အမြဲဝင်စားနိုင်လောက်အောင်နိုင်နင်းတော်မူသော မဟာနာဂမထေရ်ကြီး၏သန္တာန်၌ အဘိညာဉ်၏ တန်ခိုးဖြင့်နှစ်ပေါင်း ၆၀-ကျော်ကြာအောင် ကိလေသာများ ဝိက္ခမ္ဘနပဟာန်အားဖြင့် ကင်းကွာနေရာ အရဟတ္တမဂ်ရရှိပြီး ရဟန္တာဖြစ်၍ ကင်းကွာနေတာဟုထင်လျှင်လည်း ထင်စရာပါပေ။ အကယ်၍ ဆရာဟူသောဂုဏ်ကြောင့် မည်သည့်တပည့်ကမှ အသိပေးဆုံးမခြင်းမရှိခဲ့လျှင် ရဟန္တာတပည့် သုံးသောင်းကျော်ကို မွေးဖွားပေးခဲ့သော မဟာနာဂမထေရ်ကြီးကား ပုထုဇဉ်အဖြစ်နှင့်သာ ပျံတော်မူရပေတော့မည်။

ထိုအဖြစ်ကို မြင်တော်မူရက်ရှာသော ဓမ္မဒိန္နမထေရ်မြတ်ကြီးသည် မဖြစ်ဖြစ်သည့်နည်းဖြင့် အသိပေးဆုံးမတော်မူမည်ဟူသော စေတနာဖြင့် မဟာနာဂမထေရ်ကြီး သီတင်းသုံးရာ ဥစ္စဝါလိကာအရပ်သို့ ကြွရောက်တော်မူခဲ့လေသည်။ ဓမ္မဒိန္နမထေရ်ကိုမြင်လျှင် မဟာနာဂမထေရ်ကြီးက-

*"ငါ့ရှင် ဓမ္မဒိန္န အခါမဟုတ်ဘဲ အဘယ်သို့သော အကြောင်းထူးကြောင့် လာခဲ့ပါသလဲ"*

www.burmeseclassic.com



*"မှန်ပါ့ အရှင်ဘုရားထံတွင် ပြဿနာလေးများ မေးလျှောက်ရန် အတွက် လာခဲ့ခြင်းဖြစ်ပါသည်ဘုရား"*

*"ငါ့ရှင်ဓမ္မဒိန္န မေးပါ။ သိလျှင်လည်း ဖြေပါ့မယ်"*

သို့နှင့် လောကုတ္တရာရေးနှင့်ပတ်သက်ဆက်စပ်သော ပြဿနာ ပေါင်း တစ်ထောင်ကိုမေးမြန်းရာ လွယ်လင့်တကူပင် ဆုတ်ဆိုင်းခြင်းမရှိ ဖြေတော်မူ နိုင်သည်။ ထိုအခါ ဓမ္မဒိန္နမထေရ်မြတ်က-

*"အရှင်ဘုရားရဲ့ ဉာဏ်တော်ဟာ ထက်မြက်စူးရှတော်မူလှပါတယ်။ အရှင်ဘုရား ဒီတရားထူးကို ဘယ်အချိန်ကာလလောက်က ရရှိခဲ့ပါသလဲ ဘုရား"*

*"လွန်ခဲ့သောအနှစ်ခြောက်ဆယ်လောက်က ရခဲ့ပါတယ်"*

*"အရှင်ဘုရား သမာဓိတန်ခိုး(အဘိညာဉ်တန်ခိုး)အသုံးပြုပါသေး သလားဘုရား"*

*"ငါ့ရှင် သမာဓိအသုံးပြုခြင်းသည် မခဲယဉ်းပါ"*

*"ဤသို့ဆိုလျှင် တပည့်တော်ကို ဆင်တစ်ကောင် ဖန်ဆင်းပြပါ ဘုရား"*

ထိုအခါ မဟာနာဂမထေရ်ကြီးက အစွယ်ကြီးတကားကားနှင့် ကြီးမားထွားကြိုင်းလှသော ဆင်ဖြူတော်ကြီးတစ်ကောင်ကို ဖန်ဆင်းပြလိုက် သည်။

*"အရှင်ဘုရား။ အဲဒီဆင်ကြီးဟာ နားရွက်ကုပ်၊ အမြီးထောင်ကာ နှာမောင်းကို ခံတွင်းထဲထည့်ပြီး ကြောက်မက်ဖွယ်အသံပေးလျက် အရှင် ဘုရားထံ တည့်တည့်ပြေးလာဟန် ဖန်ဆင်းပြတော်မူပါဦးဘုရား"*

ဓမ္မဒိန္နမထေရ်၏ စကားအဆုံးမှာပင် မဟာနာဂမထေရ်ကြီးက ဖန်ဆင်းပြတော်မူလိုက်ရာ အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်းထားသော ဆင်သည် တကယ့်မှန်ယိုနေသည့် ဆင်တစ်ကောင်ပမာ့သို့ ပြေးလာရာ ပုထုဇဉ်မျှသာရှိသေးသော မဟာနာဂမထေရ်ကြီးသည် မိမိဖန်ဆင်းသော



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကိုပင် ကြောက်လန့်ရှာလွန်းသဖြင့် ထပြေးရန် ဟန်ပြင်လိုက်ရာ ထိုအချက်ကို သတိထားနေသော ဓမ္မဒိန္နမထေရ်မြတ်က မဟာနာဂမထေရ်ကြီး၏ သင်္ကန်းစကို လှမ်းဆွဲလိုက်ပြီး မေးလျှောက်လိုက်သည်မှာ -

*"အရှင်ဘုရား–ရဟန္တာများမှာ ကြောက်ရွံ့ထိတ်လန့်ခြင်း ရှိပါသေးသလားဘုရား"*

ထိုအခါကျမှ မဟာနာဂမထေရ်ကြီးမှာ မိမိ၏ပုထုဇဉ်အဖြစ်ကို သိရှာတော်မူသဖြင့် တပည့်ဖြစ်သူ ဓမ္မဒိန္နမထေရ်ရှေ့တွင် လက်အုပ်ချီဆောင့်ကြောင့်ထိုင်လျက်

*"ကျေးဇူးကြီးလှပါသည် ငါ့ရှင်ဓမ္မဒိန္န။ ငါ့ရှင် ဝှဝှစားစား လာရောက်ဆုံးမသောကြောင့်သာလျှင် တပည့်တော်သည် မိမိ၏ပုထုဇဉ်အဖြစ်ကို သိရပါသည်။ တပည့်တော်အား ကိလေသာကို အမြစ်ဖြုတ် ပယ်သတ်ပေးနိုင်မည့် ကမ္မဋ္ဌာန်းနည်းလမ်းကို ပေးသနားတော်မူပါ"* ဟု ကမ္မဋ္ဌာန်းတောင်းရာ ဓမ္မဒိန္နမထေရ်မြတ်ကလည်း ပေးသနားတော်မူသဖြင့် ကမ္မဋ္ဌာန်းကိုသင်ယူပြီး စင်္ကြံသွားရင်းအားထုတ်ရာ ခြေသုံးလှမ်းအရမှာပင် ရဟန္တာဖြစ်တော်မူခဲ့ရပါသည်။ ဤသည်လည်း အောင်မြင်သောဆုံးမခြင်းပေတည်း . . .

~ ~ ~ ~ ~

များယွင်းမှုတွေသည် ဓမ္မတာမတင်းသူလူတိုင်းနှင့်ဆက်ဆံ၏။
သူတစ်ပါးများလျှင် အမှန်ရောက်အောင် ဝါပြင်မည်။
ဝါများလျှင် သူတစ်ပါးအပြင်ကို ဝါခံမည်။
ငါ့ကိုပြုပြင်သူကို ငါ့ဆရာဟု အမှတ်ပြုမည်။
သူတစ်ပါးအကျိုးကို ဝါလိုလားမှ
ငါ့အကျိုးကို သူတစ်ပါးက လိုလားမည်။

*အမြဲဂျောင်မေတ္တာစေခိုင်*

www.burmeseclassic.com

www.burmeseclassic.com



ငါ့တာဝန်ကို ငါကိုယ်တိုင်သိ၍ ဆောင်ရွက်မည်။

ငါ့အလိုသို့လာ တစ်ဖက်သတ်လိုက်သူမှာ

ငါ့မိတ်ဆွေမဟုတ်

သုခ၏မျိုးစေ့ဖြစ်သော ဒုက္ခကို

ရဲဝံ့စွာ ငါခံယူမည်။

ဒုက္ခ၏မျိုးစေ့ဖြစ်သော သုခကို

ရဲဝံ့စွာ ငါရှောင်ရှားမည်။

ငါ့အလုပ်နှင့်တူသောအကျိုးကို

မချွတ်ငါရမည်။

*(အဘိဓဇမဟာရဋ္ဌဂုရု*

*ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ၊*

*စေတုတ္တစ်ကျောင်းဆရာတော်ဘုရားကြီး*

*ဘဒ္ဒန္တဝိမလ)*

~ ~ ~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင်

သေခြင်းတရား ရောက်လာနိုင်တယ်လို့

ဗုဒ္ဓဟောကြားခဲ့တာဟာ

သက်တမ်းကုန်လို့ သေခြင်းတစ်မျိုးကိုသာ

ရည်ရွယ်ပြီးဟောကြားခဲ့တာ မဟုတ်ဘူး။

သေခြင်းအကြောင်းလေးမျိုးလုံးကို ရည်ရွယ်ပြီး

ဟောကြားခဲ့တာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဘူရှားဟောကို ဆန့်ကျင်သူ

ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင် သေခြင်းတရား ရောက်လာနိုင်သည့်အတွက် ကြံကို အဖျားမှစ၍မစားဘဲ အရင်းကသာ စ၍စားသင့်ကြောင်း မွန်ပညာရှိအမတ်သီဟပတေ့ ပြောကြားချက်ကို မြန်မာပညာရှိ အမတ်ကြီးဘိုးရာဇာက လက်ခံနာယူခဲ့သော်လည်း အမရပူရမြို့ နန်းတော်ရာစံပြကွက်သစ် ရပ်ကွက်တွင်နေထိုင်သော ဦးဖြူသီးကတော့ လက်မခံ။

ရပ်ကွက်တွင်း သာရေးနာရေးစကားပိုင်းရှိတိုင်း ဦးဖြူသီး၏ ဗိန်းမောင်းသံမပါသော စိန်ခေါ်သံကို သို့ကလို ကြားရတတ်သည်။

*"သေခြင်းဆိုတာ သုံးမျိုးရှိတယ်ဗျ။ ခဏိကမရဏ၊ သမုတိမရဏ၊ သမုစ္ဆေဒ မရဏတဲ့။ ခဏိကမရဏဆိုတာ ရုပ်တရား၊ နာမ်တရားတွေရဲ့ အမြဲမပြတ် တရစပ်ဖြစ်ပျက်နေတာကိုပြောတာ။ ခဏတိုင်း သေနေတယ်ပေါ့ဗျာ။ ဘယ်လောက်ထိ သေလဲဆိုရင် မျက်စိတစ်မှိတ်၊ တစ်စက္ကန့်အတွင်းမှာ ရုပ်တရားက ကုဋေငါးထောင့်ရှစ်ရာ ရှစ်ဆယ်ကျော်ပျက်တယ်။ နာမ်တရားက ကုဋေတစ်သိန်းပျက်တယ်။ ပျက်တယ်ဆိုတာ သေတာပဲပေါ့။ အဲဒါကို ခဏိကမရဏလို့ ခေါ်တယ်။*

*"သမုတိမရဏဆိုတာကတော့ အခု ဘကြီးအေးသေသွားတယ်လို့*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပြောကြတယ်။ သမုတ်ကြတယ်။ အဲဒါ သမုတိမရဏပဲ။

"ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတွေ ပရိနိဗ္ဗာန်ဝင်စံတာကိုတော့ နောင် ဘယ်တော့မှပြန်မသေတော့ဘဲ အမြစ်ပြတ်သေခြင်းဖြစ်တဲ့အတွက် သမုစ္ဆေဒ မရဏလို့ ခေါ်တယ်။

အခုပြောပြောနေကြတဲ့ ကွေးသောလက်မဆန့်ခင်၊ ဆန့်သော လက်မကွေးခင် သေခြင်းတရား ရောက်လာနိုင်တယ်လို့ ပြောတဲ့သေခြင်း တရားဟာ သမုတိမရဏကို ပြောတာ။ အဲဒီစကားကို ဘုရားဟောတာ ဖြစ်ဖြစ် ရဟန္တာဟောတာဖြစ်ဖြစ် ကျွန်တော်လက်မခံဘူး"

ဤစကားရောက်သည်နှင့် ဘုရားဟောကို ပုတ်ခတ်နေသော ဦးဖြူသီးကို နာရေးစကားဝိုင်းအတွင်းရှိလူများက ကြောက်သော၊ ရွံသော မျက်လုံးများဖြင့် ဝိုင်းကြည့်လိုက်ကြသည်သာ။ ထိုအကြည့်ကိုပင် ဦးဖြူသီး က တစ်မျိုးအဓိပ္ပာယ် ကောက်လိုက်သည်။ ဘုရားဟောတရားကို ဝေဖန်ရဲ လို့ ငါ့ကိုအထင်ကြီးပြီး ကြည့်ကြတာဟူ၍။ ထိုအကြည့်ပြီးသည်နှင့် သူမျှော်လင့်ထားသည့်အတိုင်း တစ်ယောက်ယောက်ကတော့ ယခုလို ထမေးပါတော့သည်။

"နေပါဦး–မောင်ဖြူသီးရဲ့ ကွေးသောလက်မဆန့်ခင်၊ ဆန့်သော လက် မကွေးခင် သေနိုင်တယ်ဆိုတဲ့စကားကို မင်းကဘာလို့ လက်မခံ နိုင်တာလဲ"

"ဟာ–ဦးလေးနှယ် မဖြစ်နိုင်လို့ပေါ့ဗျ"

"ဘယ်လိုမဖြစ်နိုင်တာလဲ။ မင်းကိုယ်မင်း မနက်ဖြန်မသေဘူးလို့ ပြောနိုင်သလား"

"ပြောနိုင်တယ်။ ကျွန်တော်မနက်ဖြန်မသေဘူး။ တကယ်လို့ ကျွန်တော် မနက်ဖြန်ခါသေမယ်လို့သိတဲ့လူရှိရင် ကျွန်တော်နဲ့ အလောင်း အစား လုပ်မယ်။ မနက်ဖြန်ခါ ကျွန်တော်သေရင် ကျွန်တော်ကလက်မှတ် ထိုးထားခဲ့ပြီး ငွေတစ်သောင်းပေးမယ်။ အကယ်၍ မသေဘူးဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



*အဲဒီလူက ငွေတစ်သောင်းပေးရမယ်။ ကဲ-ဟောဒီစကားဝိုင်းထဲက လောင်းရဲတဲ့လူရှိရင် ထွက်ပါ။ အခုပဲလောင်းပါ့မယ်"*

(မှတ်ချက်။ ။ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်က တစ်သောင်းဖြစ်သည်)

ထိုစကားအဆုံးမှာတော့ စကားဝိုင်းတစ်ခုလုံး အပ်ကျသံပင် ကြားလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ ကောင်းသော ငြိမ်သက်ခြင်းတော့ မဟုတ်။ ဦးဖြူသီးစကားကို တရားနည်းလမ်းမကျမှန်း သိကြသော်လည်း ဘယ်လိုမှမချေပနိုင်သဖြင့် ကြိတ်မနိုင်ခဲမရ။ ဒေါသဖြင့် ငြိမ်သက်နေကြခြင်းသာ။ ဤနည်းဖြင့် သာရေးနာရေးစကားဝိုင်းများတွင် ဦးဖြူသီး မင်းမူနေသည်မှာ နှစ်အတန်ကြာပေပြီ။

⊛ ⊛ ⊛

ဝဋ်ဟူသည် အစဉ်လိုက်တတ်သည့် သဘောရှိသည့်အတိုင်း တစ်နေ့သောအခါတွင် ဦးဖြူသီးထက်ပင် အကော်အကပ် အငြင်းသန်သော စစ်ကိုင်းမြို့နယ်၊ မန်ကျည်းစဉ်ရွာသား ဦးချစ်ဝင်းဆိုသူလူတစ်ယောက် ထိုရပ်ကွက်သို့ ရောက်လာခဲ့သည်။ ဦးချစ်ဝင်းကား အခြားသူမဟုတ်။ စာရေးသူ၏ ဦးလေးအရင်းပင် ဖြစ်ပါသည်။ အမေ၏ တစ်ဦးတည်းသော မောင်တစ်ယောက်ပင်။

ဦးလေး၏ ဉာဉ်တစ်ခုမှာ ဘယ်သူနဲ့ငြင်းငြင်း အနိုင်ရမှကျေနပ်သည်။ တစ်ဘက်လူအငိုက်မိနိုင်သည့်အချက်အလက်များကိုလည်း တစ်ခဏချင်း တွေးခေါ်နိုင်သည်။ သူတစ်ပါးတွေဘယ်လိုမှ မဖြစ်နိုင်ဟုယူဆထားသော အရာသည် သူ့အတွက် အလွယ်ကလေးဖြစ်နေတတ်ပြန်သည်။ အတိတ် ပါရမီဟုပင် ဆိုရလေမည်လောမသိ။ မှတ်မိပါသေးသည်။ တစ်ခုသော မိုးတွင်းကာလ ရက်တစ်ရက်တွင် မန္တလေးမြို့မှ ဦးလေး၏မိတ်ဆွေသုံး ယောက် အိမ်ကို အလည်အပတ် ရောက်လာကြသည်။ ရောက်ရောက်ခြင်း ညှိသည်များ ပြောလိုက်သည်က -

*"ဟော့-ချစ်ဝင်း မင်းတို့ရပ်ကွက်ကလမ်းတွေက ညစ်ပတ်လှချေလား*



www.burmeseclassic.com

www.burmeseclassic.com



ကွ။ ခွေးချေးပုံ၊ လူချေးပုံတွေကလည်း တစ်လမ်းလုံး နံ့ဟောင်နေတာပဲ။ နောက်တစ်ခါ လာဖို့တောင် စိတ်ပျက်တယ်ကွာ"

"ဘာလဲ မင်းတို့က ရွံတတ်လို့လား။ ထမင်းလည်း ခေတ်ကြီး လေးပါ။ ချေးလည်း ခေတ်ကြီးလေးပါပဲ ဟာကို"

"ဟာ–ခွေးချေးကို မရွံတဲ့လူ ရှိပါ့မလား"

"ရှိတာပေါ့ကွ"

"မင်းကဘယ်မှာတွေ့ဖူးလို့လဲ"

"ငါကိုယ်တိုင်ပဲလေကွာ"

"ဘာလဲ မင်းကချေးကို မရွံဘူးဆိုတော့ စားပြရဲလို့လား"

"လူချေးတော့မစားရဲဘူး။ ခွေးချေးတော့ စားရဲတယ်"

"ဟော့ကောင် ချစ်ဝင်း မင်းပေါက်ကရတွေပြောမနေနဲ့"

"မင်းတို့က မယုံဘူးထင်တယ်။ နေဦးကွာ။ နောက်မှ ငါလက်တွေ့ ပြမယ်။ အခုတော့ မင်းတို့အတွက် လက်ဖက်ရည်နဲ့ မုန့်သွားဝယ်လိုက် ဦးမယ်"

ဦးလေးပြန်ရောက်၍ ညနေသည်များ စားသောက်ပြီးသောအခါမှ စောစောက စကားကို ဦးလေးကပြန်ကောက်သည်။

"မင်းတို့မယုံဘူးဆိုရင် အခုမင်းတို့နဲ့ငါလိုက်မယ်။ ပြီးတော့ လမ်းမှာတွေ့တဲ့ ခွေးချေးတစ်ပုံကို စားပြမယ်။ မင်းတို့ဘယ်လောက်ကြေး လောင်းမလဲ"

"ချစ်ဝင်း မင်းတကယ်ပြောနေတာလား"

"တကယ်ပေါ့ကွ"

"ကဲ–တကယ်ဆိုရင် သုံးရာကြေးလောင်းမယ်။ ငါတို့သုံးယောက် တစ်ယောက်တစ်ရာစီပေါ့။ မင်း ခွေးချေးကိုစားရဲရင် ဟောဒီသုံးရာကိုယူ။ မစားရဲရင် တို့ကိုသုံးရာပြန်ပေး"

"ကဲ–စိန်လိုက်ကွာ။ သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



အလည်လာသော သူငယ်ချင်းသုံးယောက်မှာလည်း စိတ်ဝင်တစား ဖြစ်သွားကြသဖြင့် အပြန်ခရီးမှာ ပျော်ရွှင်စရာအတိပြီးနေတော့သည်။ ထိုနေ့သည် မိုးလည်းစွေသောနေ့ဖြစ်သဖြင့် လမ်းတစ်လျှောက်လုံး စိုစိုစွတ်စွတ် ဖြစ်နေခြင်းက ရွံစရာမှန်သမျှကို ပို၍ရွံဖွယ်ကောင်းအောင် ဖန်တီးပေးနေသကဲ့သို့ပါပေ။

အိမ်မှအထွက် လမ်းသို့ရောက်သည်နှင့် ဦးလေးသူငယ်ချင်းများ၏ မျက်လုံးများမှာ ရှေ့သို့မကြည့်ဖြစ်ကြတော့ဘဲ လမ်းဘေးဝဲယာရှိ အမှိုက်ပုံများ ဆီသို့သာ ရောက်နေကြတော့သည်။ ဘယ်နေရာ ခွေးချေးပုံတွေ့လိုက်မလဲဟူသော အတွေးဖြင့် ထွက်လာကြရာ အပြန်ခရီးသည် ညီ့သည်သုံးယောက်အတွက် ရွံစရာမဖြစ်တော့ဘဲ ပျော်စရာခရီးပင် ဖြစ်သွားပါတော့သည်။

ရပ်ကွက်တွင်းရှိ အိမ်များကိုလွန်၍ ကားလမ်းမသို့ထွက်သော မြေလမ်းသို့ ရောက်သည်နှင့် ရှေ့ဆုံးမှသွားသောမိတ်ဆွေ၏ အားရဝမ်းသာ အော်လိုက်သံက ရွှေဆွဲကြိုးတစ်ကုံး ကောက်ရသကဲ့သို့ ကျယ်လောင်လှပါသည်။

*“တွေ့ပြီဟေ့–ဟောဒီမှာ ခွေးချေးပုံနက်နက်ခွေခွေလေးကွ။ အံမယ် သားရေကွင်းတွေတောင် မစင်ထဲမှာ ပါလာတယ်ဟေ့။ ဒီခွေး စားစရာမရှိတာနဲ့ ကလေးတွေ ဆော့ကစားတဲ့သားရေကွင်းတွေ စားထားတာကိုးကွ။ ကဲကဲ– ချစ်ဝင်းလာဟေ့။ ထမင်းနဲ့ခွေးချေး ခါတ်လေးပါးချင်း အတူတူဆိုတဲ့ကောင် လာစားစမ်း။ အနားကကို စောင့်ကြည့်နေမယ်”*

ဦးလေးက သူငယ်ချင်းများဆီမှ ငွေသုံးရာကိုတောင်းယူပြီး သူ့အိတ်ထဲထည့်လိုက်သည်။ ပြီးသည်နှင့် မိသားစုဆေးလိပ်ခုံမှ စွန့်ပစ်ထားသော သနပ်ဖက်အမှိုက်များပေါ်တွင်တင်နေသည့် မိုးစိုထားသော ခွေးချေးပျော့ပျော့များကို ကောက်ညှင်းပေါင်းကို လက်နှင့်ဆုပ်ပြီး အားရပါးရ စားသကဲ့သို့ သားရေကွင်းစများကိုဖယ်၍ အားရပါးရ စားလိုက်ပါတော့သည်။

*အမြူရောင်မေတ္တာ စာစဉ်*

www.burmeseclassic.com



ဦးလေးကိုကြည့်ရင်းဖြင့် သူ့သူငယ်ချင်းသုံးယောက်မှာ ပျို့သူကပျို့၊ အန်သူကအန်နှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ကြတော့သည်။ ပြီးသည်နှင့် ဦးလေးက–

*"ကဲ– မင်းတို့ ငါမရွံဘူးဆိုတာ ယုံပြီမဟုတ်လား။ ရော့– မင်းတို့ ငွေနှစ်ရာ ပြန်ယူ။ သူငယ်ချင်းချင်းမို့ ငါတစ်ရာပဲယူမယ်"*

ဟုပြောကာ ငွေနှစ်ရာကို ဖွတ်ပြန်ပေးလိုက်ပါသည်။ ထိုနေ့မှစ၍ မြန်မာရာဇဝင်တွင် ခွေးချေးအမည်နှင့် ဆက်စပ်နေသော ပုဂ္ဂိုလ်နှစ်ဦး ဖြစ်သွားပါတော့သည်။ ပထမတစ်ဦးမှာ ပုဂံ၏ နောက်ဆုံးမင်းဆက်ဖြစ်သော မင်းခွေးချေးဟုလည်းခေါ်၊ တရုတ်ပြေးမင်းဟုလည်းခေါ်သော နရသီဟ ပတေ့မင်းပင် ဖြစ်ပါသည်။

နရသီဟပတေ့မင်း၊ မင်းခွေးချေးအမည်ရခြင်း အကြောင်းကား သူ့ဖခင်ဖြစ်လာမည့် ဥဇနာမင်းကြီးသည် ပန်းပွတ်သည်မနှင့် ချစ်ရည်လူး မိသဖြင့် ရလာသောကိုယ်ဝန်က သားလေးမွေးကြောင်း လာအကြောင်း ကြားသောအခါ *"အင်း– သူ့အမေက မင်းမျိုးမင်းနွယ် မဟုတ်လေတော့၊ သားတော်မွေးလည်း ခွေးချေးလေးပါပဲကွယ်"* ဟု ပြောကြားမိခြင်းကို အကြောင်းပြုပြီး မင်းခွေးချေးဟု အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

ယခုစာရေးသူတို့ ဦးလေးမှာတော့ ခွေးချေးပုံကို မရွံမရှာ စားပြ သောကြောင့် ခွေးချေးစားချစ်ဝင်းဟု ဒုတိယမြောက်ခွေးချေးပုဂ္ဂိုလ်အဖြစ် အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။ ထိုခွေးချေးစားခြင်း၏ အကြောင်းမှန်မှာ တော်တော်နှင့် မပေါ်ခဲ့ပေ။ လအတော်ကြာသောအခါကျမှ စာရေးသူ၏ အစ်မများက မရမကမေးသဖြင့် ပြောပြသည်မှာ –

*"ဟာ–တကယ့်ခွေးချေးတော့ ငါဘယ်စားနိုင်ပါ့မလဲ ဟ"*

*"ဒါဆို ဦးလေးစားတာ ခွေးချေးအတုပေါ့"*

*"အေး– ဒါပဲပေါ့။ ငါက ဒီကောင်တွေကို နောက်ချင်တာလည်းပါ တယ်။ နောက်ပြီး ထမင်းနဲ့ခွေးချေး ခေတ်ကြီးလေးပါးချင်းအတူတူ ဘာခွဲ*



www.burmeseclassic.com

www.burmeseclassic.com



*နေရမှာလဲဆိုတဲ့ စကားကလည်း ကျုံထားတော့ ကိုယ်ကျုံထားတဲ့စကားကို လည်း အတည်ဖြစ်စေချင်တော့ ခွေးချေးအတုလုပ်ပြီး စားပြရတော့တာ ပေါ့"*

*"ဦးလေး ဘယ်လိုလုပ်သလဲ"*

*"လွယ်လွယ်လေးပါ။ ချော်တ်ပေါင်း(ကောက်ညှင်းအနက်)ကို ထောင်းပြီး သဏ္ဌာန်လုပ်သရုပ်တူအောင် သားရေကွင်းလေးပါ ရောထည့် နယ်။ ပြီးမှ အခွေလေးလုပ်ပြီး ချထားလိုက်ရုံပဲပေါ့"*

ဤမျှညာထ်သွားသော ဦးလေးပါပေတည်း။

⊕ ⊕ ⊕

တစ်ရပ်ကွက်တည်းဖြစ်သဖြင့် 'ဖြူသီးနဲ့ချစ်ဝင်း ဘယ်နေ့တွေ့မလဲ' ဟု တစ်ရပ်ကွက်လုံးက မျှော်လင့်နေကြသည်။ တစ်ခုသောဝါတွင်းဥပုသ်နေ့ တစ်နေ့တွင်ကား ရပ်ကွက်မွေ့ာရုံအတွင်း သူတို့နှစ်ယောက် ထိပ်တိုက် တွေ့ကြပါလေပြီ။ ထိုနေ့က သီလပေးသည့် ဆရာတော်ကလည်း မရဏာ နုဿတိ ဘာဝနာအကြောင်း ဟောသွားသဖြင့် ဦးဖြူသီးအတွက် အကွက် ဆိုက်သွားသည်။ လူတိုင်းကို အလဲထိုးနိုင်ခဲ့သော သူ၏တိုက်ကွက်ကို ရပ်ကွက်တွင်း ပြောင်းလာကာစ ဦးလေးကိုလည်း ပြထားချင်ဟန်တူသဖြင့် ဦးဖြူသီး စကားစလိုက်သည်က–

*"ဦးချစ်ဝင်း–စောစောက ဆရာတော် ဟောသွားတဲ့မရဏာနုဿတိ ဘာဝနာတရားထဲက ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက် မကွေး ခင် သေခြင်းတရားရောက်လာနိုင်တယ်ဆိုတဲ့စကားကို ခင်ဗျားလက်ခံ သလား"*

*"ဘုရားဟောလည်းဖြစ်၊ ယုတ္တိသဘာဝလည်းကျတော့ လက်ခံရမှာ ပေါ့ဗျ"*

*"ကျွန်တော်ကတော့ ဒီစကားဟာ ရောဂါသည်းပြီး တစ်နေ့ရွှေ၊ တစ်နေ့ငွေ လူနာအတွက်ပဲမှန်မယ်လို့ယူဆတယ်။ ကျွန်တော်တို့လို*



www.burmeseclassic.com

www.burmeseclassic.com



*ကျန်းမာရေးနဲ့ပြည့်စုံနေတဲ့ လူငယ်လူရွယ်တွေအတွက်တော့ မမှန်ဘူးလို့ ထင်တယ်ဗျာ"*

*"ဒီမှာဦးဖြူသီး ခင်ဗျားရဲ့မဖြစ်စလောက်၊ မီးယပ်ပိန်၊ မီးယပ်ခြောက် ဉာဏ်လေးနဲ့ လေးသချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှရလာတဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ဟောထားတဲ့ တရားတော်ကို ခင်ဗျားမို့ ပေါက်ပေါက်ရှာရှာ ပြောဝံ့တယ်ဗျာ။ ဒီတရားတော်ဟာ လူနာလူကောင်း ခွဲဖို့မပါပါဘူး။ သက်ရှိ သတ္တဝါအားလုံးအတွက် တစ်တန်းစားတည်း ဟောထားတဲ့တရားပါဗျာ"*

ဘုရားဟောတရားတော်ကို သိက္ခာချကာ မိမိကိုယ်ကို အသာစီး ယူပြီး ပြောနေသော ဦးဖြူသီးကို ဦးလေးက တော်တော်အမြင်ကပ်သွားဟန် တူပါသည်။ထို့ကြောင့်ပင် စကားစစခြင်း အသားလွတ်တွယ်လိုက်ရာ ဦးဖြူသီးတစ်ယောက် ဆတ်ဆတ်ခါမျှ အထိနာသွားခဲ့သည်။

ထို့ကြောင့်ပင် သူ၏အကောင်းဆုံးတိုက်ကွက်ကို ဦးလေးတစ် ယောက်တည်းဆီသို့သာ ဦးတည်လိုက်ပါတော့သည်။

*"ဒါဆိုရင် ဦးချစ်ဝင်း ခင်ဗျားနဲ့ကျွန်တော်နဲ့ အလောင်းအစား လုပ်ရဲသလား"*

*"ဘယ်လိုအလောင်းအစားလဲ"*

*"မနက်ဖြန် ဖြူသီးဆိုတဲ့ ကျွန်တော်သေရင် ခင်ဗျားကို ငွေ တစ်သောင်းပေးမယ်။ အကယ်၍ မသေဘူးဆိုရင် ခင်ဗျားက ကျွန်တော့်ကို ငွေတစ်သောင်းပေးရမယ်။ ဘယ့်နှယ်လဲ ခင်ဗျားလောင်းရဲမလား"*

ဦးလေးထံမှ အဖြေချက်ချင်းထွက်မလာနိုင်။ မျက်စိမှိတ်ပြီး ခေတ္တ ငြိမ်သက်သွားသည်ကို တွေ့ရသည်။ စကားဝိုင်းကလူများသာမက ဥပုသ် သည်အားလုံး၏ မျက်လုံးပေါင်းများစွာတို့သည် ဦးလေးဆီသို့သာ စုပြုံ ရောက်နေကြသည်။ ခေတ်သစ်ခုံတော်မောင်ကျော်ဘမ်းကို ခေတ်သစ် ရှင်ဥတ္တမကျော်က ဘယ်လိုများ ပညာပေးမလဲဟု ငံ့လင့်နေကြသည့် သဘော။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖြူသီးကတော့ အမြဲတမ်းအောင်လံလွှင့်နိုင်ခဲ့သော သူ၏ တိုက်ကွက်ကို ဦးလေးအနေဖြင့် ဘယ်လိုမှ မချေပနိုင်ဟု ခံယူထားသဖြင့် ဗမာ့ရုံအတွင်းရှိ ဧည့်သည်အားလုံးကို ရင်ကော့ကာ ဝေ့ကြည့်လိုက်သည်ကို တွေ့ရသည်။ သူတို့တော်တော်မျှော်လင့်ထားသော ဦးလေးထံမှ အဖြေစကား ချက်ချင်းထွက်မလာသဖြင့် လူအချို့ သက်ပြင်းချသူကချသလို ဦးဖြူသီးကို လှမ်းကြည့်သူကလည်း ကြည့်ကြသည်။ ဖြူသီးကို အယူမှားကျွတ်အောင် ချွတ်ဖို့၊ ဆုံးမဖို့ မလွယ်သေးပါလားဟူသောသဘော။ ခဏအကြာတွင်မှ ဦးလေးထံမှ စကားသံထွက်လာသည်။

*"ဦးဖြူသီး လောင်းကြေးကနည်းနေတယ်ဗျ။ ကျွန်တော်က ထပ်တိုးချင်သေးတယ်"*

*"ဗျာ–ထပ်တိုးချင်သေးတယ်။ ကဲလေတိုးပါ။ ဘယ်လောက်ထိတိုးချင်သလဲ"*

ဦးဖြူသီးထံမှ အံ့ဩမှုကိုမထိန်းချုပ်နိုင်သော 'ဗျာ' ဟူသည့် အာမေဋိတ်သံကြောင့် ပရိသတ်အားလုံး လှုပ်လှုပ်ရွားရွား ဖြစ်သွားကြပြန်သည်။ သည်ကြားထဲ သူတို့တစ်တွေ လျှော့တွက်လိုက်မိသော ဦးလေးထံမှလည်း ရဲရဲတောက်စကား ထွက်လာသဖြင့် အားတက်လာကြကာ အဝေးနေရာမှ ဧည့်သည်များပင် စကားဝိုင်းနားသို့ ချဉ်းကပ်လာကြသည်။

*"ကျွန်တော်ထပ်တိုးချင်တာက နည်းနည်းတော့မဟုတ်ဘူးဗျ။ အခုအလောင်းအစားက အသက်ဆိုတော့ တန်ဖိုးက သိပ်ကြီးတယ်။ ဒီတော့ အသက်တန်ဖိုးနီးပါးဖြစ်သွားအောင် မနက်ဖြန် ဦးဖြူသီးသေရင် သိပ်သိပ် ငွေတစ်သောင်းအပြင် ဦးဖြူသီးပိုင်တဲ့အိမ်၊ ခြံမြေနဲ့တကွ အတွင်းအပြင် မြေပေါ်မြေအောက် ပစ္စည်းအားလုံး ကျွန်တော့်ကို ပေးရမယ်။*

*"ဒါ့အပြင် ကျစ်ရစ်ခဲ့တဲ့ ဦးဖြူသီးရဲ့မိန်းမနဲ့တကွ သားသမီးအားလုံးဟာ ကျွန်တော့်အိမ်မှာ ထမင်းဟင်းလုံး ကျွန်ခံသွားရမယ်။ ဦးဖြူသီး မသေခဲ့ဘူးဆိုရင် အခုအတိုင်းပဲ ကျွန်တော်ကလည်း အကုန်ပြန်ပေးမယ်။*



www.burmeseclassic.com

www.burmeseclassic.com



*ဘယ့်နှယ်လဲ ဦးဖြူသီး သဘောတူသလား"*

ဒီတစ်ခါ ငြိမ်ချက်သားကောင်းသွားသည်က ဦးဖြူသီး။ ကြောက်ရွံ့တုန်လှုပ်သွားသည့်စိတ်ကို မျက်နှာမှာမပေါ်အောင် ကြိုးစားထိန်းနိုင်သော်လည်း မျက်စိမှာမပေါ်အောင်တော့ မထိန်းနိုင်ရှာ။ *"အိမ်ခြံမြေပါကုန်သည်အထိ အလောင်းအစားလုပ်မှတော့ သေချာမသိဘဲ ဘယ်သူမှမလုပ်နိုင်။ ဒါဆို ဒီလူဟာ ငါမနက်ဖြန်ခါသေမှာကို သေချာပေါက်ကြိုပြီးတော့များ သိနေသလား"* ဟူသော အတွေးကြောင့် ဦးဖြူသီးမျက်နှာတွင် ချွေးအနည်းငယ် စို့လာသည်။

ဘာမှသေချာမသိသော်လည်း သူတို့ကို အမြဲတမ်းစိန်ခေါ်ပြီး နှိပ်စက်လာသော ဦးဖြူသီးတစ်ယောက် မရှူနိုင်၊ မကယ်နိုင်ဖြစ်နေသည်ကို မြင်ရသော ဘေးမှလူများကလည်း အခွင့်ရတုန်းဘေးမှ ဝင်၍ထောင်းကြသေးသည်။

*"ကဲ– ဦးဖြူသီး လောင်းလိုက်လေဗျာ။ ခင်ဗျား ကျွန်တော့်တို့တုန်းကတော့ အမြဲတမ်းစိန်ခေါ်ခဲ့တာ အခုခင်ဗျားကို စိန်ခေါ်တဲ့သူပြန်ပေါ်တုန်း ရှိသမျှ ကုန်အောင်လောင်းလိုက်ပေါ့ဗျာ"*

သူတို့အပေါ် အမြဲတမ်းကြွေလာသော ဦးဖြူသီးတစ်ယောက် ကြက်ကြီးလည်လိမ်ထားသလို ဘာမှမပြောနိုင်ဖြစ်နေသောအခါ ကျေနပ်အားရသောစိတ်က စကားဝိုင်းအတွင်းရှိ လူအားလုံးမျက်နှာတွင် အထင်းသားပေါ်နေသည်။ ဦးဖြူသီးထံမှ စကားမေးမရသောအခါ ဦးလေးကထပ်ပြောပြန်သည်။

*"သည်အလောင်းအစားကို ဦးဖြူသီးသဘောတူတယ်ဆိုရင် စာချုပ်စာတမ်း လုပ်ဖို့ ရှေ့နေဦးသာကျော်ကို ချက်ချင်းခေါ်လိုက်ရအောင်။ ပြီးတော့ အခုရှုပ်မှနောင်ရှင်းဆိုသလို ဦးဖြူသီးနဲ့ ကျွန်တော်ပိုင်ဆိုင်တဲ့ အတွင်းအပြင်ပစ္စည်းအတိအကျကိုလည်း အခုပဲရှေ့နေနဲ့ စာရင်းအတိအကျ လုပ်နိုင်းရပါမယ်"*



www.burmeseclassic.com

ဘေးမှ အသံများကလည်း ဆူညံလာကြသည်။

*"ဒါဟုတ်တာပေါ့။ စာရင်းကတော့ အတိအကျလုပ်ရမယ်။ တော်ကြာ ဦးဖြူသီးသေပြီးမှ ဟိုငွေကတော့ မရှိတော့ဘူး။ ဒီငွေကတော့ မပါဘူးနဲ့ စာရင်းရှုပ်ကုန်နိုင်တယ်။ မောင်ချစ်ဝင်းပြောတာမှန်တယ်ဟေ့။ စာရင်းဆိုတာ အချိန်မလွန်ခင်က ကြိုလုပ်ထားရတယ်"*

ခပ်နောက်နောက်လူတစ်ယောက်ကတော့ -

*"ဟေ့ကောင်တွေ ဖြည်းဖြည်းပြောကြပါဟ။ တော်ကြာ စာချုပ် မလုပ်ရသေးခင် ဦးဖြူသီးအကြောက်လွန်ပြီး အခုချက်ခြင်းသေသွားလို့ ဦးချစ်ဝင်း ဘာမှမရဖြစ်နေပါဦးမယ်"*

ဟုပြောလိုက်ရာ ဗမ္ဘာရုံတစ်ခုလုံး ဝေါခနဲ ပွဲကျသွားတော့သည်။ ထိုအထဲ စိတ်မြန်၊လက်မြန် ဦးဘကြည်ဟူသော ဘကြီးတစ်ယောက်က–

*"ကဲဟေ့– ဒီပွဲက အပျက်ခံလို့မဖြစ်ဘူး။ တစ်သက်မှာ တစ်ခါကြုံဖို့ခဲ ယဉ်းတယ်။ အဲဒါကြောင့် ရှေ့နေဦးသာကျော်ကို ငါကိုယ်တိုင်ပဲ သွားခေါ် လိုက်မယ်"*

ဟုပြောဆိုကာ စကားဝိုင်းထဲမှအထတွင် ဦးဘကြည်လက်ကို ကမန်းကတန်း လှမ်းဆွဲထားလိုက်သူက ဦးဖြူသီး။

*"ဘကြီး ဘကြည် ခဏနေပါဦးဗျာ"*

*"ဘာလဲ မောင်ဖြူသီး မင်းကမလောင်းရဲတော့ဘူးလား"*

*"ဟုတ်တယ် ဘကြီးဘကြည် ကျွန်တော်မလောင်းရဲတော့ဘူး။ ကိုချစ်ဝင်းကို အရှုံးပေးလိုက်ပြီ"*

ထိုသို့ အရှုံးပေးလိုက်ခြင်းသည် ဦးဖြူသီးအတွက် ကံကောင်း သွားခြင်းဟု ဆိုရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် -

*"ကဲ–ဦးချစ်ဝင်း ကျွန်တော်အရှုံးပေးပါပြီဗျာ။ ကျွန်တော်အပါအဝင် ဟောဒီကလူတွေအားလုံးအတွက် တစ်ခုတော့တောင်းဆိုပါရစေ။ ခင်ဗျား ဒီလောက်ထိလောင်းရဲတယ်ဆိုတာ မနက်ဖြန်ခါ ကျွန်တော်သေမှာကို*



www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက်များ သိနေသလား။ အဲဒါလေး တစ်ဆိတ်ရှင်းပြစေချင်တယ် ဗျာ"

"ဦးဖြူသီး တွေးတာမှန်ပါတယ်။ ဦးဖြူသီး မနက်ဖြန်ခါ သေချာပေါက် သေမယ်ဆိုတာကိုသိလို့ ကျွန်တော်သေချာပေါက် လောင်းရဲတာပါ"

"ဗျာ"

ထိတ်လန့်တကြားထွက်လာသော ဦးဖြူသီး၏ အာမေဋိတ်သံက မမွာရုံတစ်ခုလုံးကို ဖုံးလွှမ်းသွားသလို အားလုံး၏အကြည့်များက ဦးလေးထံတွင် စုပြုံရောက်ကုန်ကြသည်။

"နေ နေပါဦး ကိုချစ်ဝင်း။ ကျွန်တော်သေမယ်ဆိုတာကို ခင်ဗျား သေချာပေါက်သိနေတယ်ဆိုတော့ ခင်ဗျား အကြားအမြင်များရနေသလား"

"ဘာအကြားအမြင်ရလို့မှ မဟုတ်ဘူး ဦးဖြူသီး။ မနက်ဖြန်ခါ ခင်ဗျားတစ်ခုခုနဲ့မသေရင် ကျွန်တော်ကိုယ်တိုင် လာသတ်မယ်လို့ ဆုံးဖြတ်ထားလို့ပဲ"

"ဟာ"

ယခုတစ်ကြိမ်အာမေဋိတ်သံကား ယခင်အာမေဋိတ်သံထက် အသံက ပိုဟိန်းထွက်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဦးဖြူသီးနှင့်တကွ နားထောင်နေသူ အားလုံးထံမှ တစ်ပြိုင်နက်ထွက်လာသောကြောင့်ပေတည်း။ ခေတ္တငြိမ်သက်သွားသော စကားဝိုင်းကို ပြန်လည်နှိုးဆွလိုက်သူက ဦးလေး။

"ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင် သေခြင်းတရား ရောက်လာနိုင်တယ်လို့ ဗုဒ္ဓဟောကြားခဲ့တာဟာ သက်တမ်းကုန်လို့ သေခြင်းတစ်မျိုးကိုသာ ရည်ရွယ်ပြီးဟောကြားခဲ့တာ မဟုတ်ဘူး။ သေခြင်း အကြောင်းလေးမျိုးလုံးကို ရည်ရွယ်ပြီးဟောကြားခဲ့တာဖြစ်တယ်။

"လူတစ်ယောက်ဟာ အာယုက္ခယ = သက်တမ်းကုန်လို့လည်း သေနိုင်ပါတယ်။ ကမ္မက္ခယ = သက်တမ်းမပြည့်သေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဆက်နေရမယ့် ကုသိုလ်ကံကုန်သွားလို့လည်း သေနိုင်ပါတယ်။ ဥဘယက္ခယ = သက်တမ်း ကုသိုလ်ကံ နှစ်မျိုးလုံးကုန်တဲ့အတွက်လည်း သေနိုင်ပါတယ်။ ဥပစ္ဆေဒက = သူတစ်ပါးပယောဂကြောင့်လည်း သေနိုင်ပါတယ်။ အကယ်၍ မနက်ဖြန်ခါ ကျွန်တော်လာသတ်လို့ ဦးဖြူသီးသေလည်း အလောင်းအစားထဲမှာ အကြွေးဝင်တဲ့အတွက် ကျွန်တော်နိုင်တာပဲ။ ဒါပေမဲ့ ကျွန်တော်ကထောင်ကျမှာဆိုတော့ ရမယ့်ငွေတွေက ကျွန်တော့်သားမယားတွေပဲ သုံးစွဲရမှာပေ့ါ။ ဒါကြောင့်လည်း ကျွန်တော်ကသူတို့တစ်သက်လုံးစာ လုံလောက်အောင် လောင်းတာပေ့ါဗျာ"

"ကျွန်တော်သေခြင်းတရားကို အဲဒီလောက်ထိ နားလည်မထားတာ အမှန်ပါဗျာ။ ဒါကြောင့်လည်း ကိုယ်ထင်ရာ စွပ်ပြောရင်းနဲ့ ဘုရားဟောကို ပုတ်ခတ်သလိုဖြစ်ကုန်တာပါ။ ဘာပဲပြောပြော ဒီနေ့ဟာ ကျွန်တော့်အတွက် ဆရာကြီးဦးဖိုးကျားပြောခဲ့သလို အလိမ္မာတိုးတဲ့နေ့တစ်နေ့ပါပဲဗျာ"

~ ~ ~ ~ ~

ကျွန်ုပ်တို့မှရှာမသွေ့ သေရမည့်တူသောအရေးကို မှုလအစ တဝင် လတ်စ်သတောပေါတ်ထားဝါတ ကျွန်ုပ်တို့သည် တောင်းရာ တောင်းကြောင်း အများအပြားကို လုပ်ကိုင်နိုင်ခဲ့လိမ့်မည်။

(ဒေါက်တာအဲလိဘောက်ကူလာဘရော့စ်)

သေခြင်းတရားသည် ရန်သူမဟုတ်ပါ။ ယင်းသည် ရှောင်လွှဲ၍မရသော စွန့်စားမှုသာဖြစ်ပါ၏။

(ဆာအိုလီဗာလောချ် ၊ အင်္ဂလိပ်အမျိုးသားပညာရှင်)

~ ~ ~ ~ ~

အမြုံဧရင်ဖမ္ဗာ ဧဧစင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပီပီ ဘုရား၊ ရဟန္တာတွေကိုလည်း
မြန်မာပုံစံလိုပဲ ဖူးမြင်ချင်ကြတာပေါ့ ဘုရား။
ဒါကြောင့် ဘုရားတို့၊ ကျောင်းတို့မှာ
ဇာတ်တော်၊ နိပါတ်တော်တွေ ပန်းချီရေးတဲ့အခါ
မြန်မာရှင်ဘုရင်လို၊ မင်းသားလိုပဲရေးကြတာပေါ့။
ဒါမှလည်း ကြည်ရှုတဲ့ပုဂ္ဂိုလ်တွေ
သဒ္ဓါတရားဖြစ်ကြပါစေဆိုတဲ့
စေတနာပေါ့ဘုရား။

အမြဲရောင်လတ္တာဝေစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂါသားသုံးပါး အရေးတော်ပုံ

သက္ကရာဇ် ၁၂၀၀ ဝန်းကျင်ခန့်ကာလဖြစ်ပါသည်။ တင်စား၍ ပြောရလျှင် ဉာဏ်ပညာထက်မြက်သောအင်္ဂါသားသုံးပါး၏ စိတ်ဝင်စားဖွယ်ရာ အရေးတော်ပုံကြီး ဖြစ်ခဲ့ပါသည် ဟုဆိုရလျှင် လွန်အံ့မထင်ပါ။ တစ်ပါးက လယ်တီဆရာတော် ဦးဉာဏ၊ အင်္ဂါသား။ နောက်တစ်ပါးက မန်လည် ဆရာတော်ဦးဇဝန၊ အင်္ဂါသား။ နောက်တစ်ပါးက ဓနုဖြူမြို့နယ်၊ ညောင်ချောင်းရွာကျောင်း ဆရာတော် ဦးဉာဏဝံသ။ ၎င်းဆရာတော်သည်လည်း အင်္ဂါသား။

ဓနုဖြူဆရာတော်က သက္ကတစာပေ၊ သီဟိုဠ်စာပေ၊ အင်္ဂလိပ်စာပေ တို့ကို ကျွမ်းကျင်တတ်မြောက်အောင် သီဟိုဠ်ထိသွားပြီး သင်ယူခဲ့သည်။ သီဟိုဠ်မှ ပြန်ရောက်ရောက်ခြင်း အင်္ဂါသားသုံးပါး အရေးတော်ပုံကြီးကို စလိုက်သည်က -

*"ဗုဒ္ဓဘုရားသခင်ဟာ အနောက်မဇ္ဈိမဒေသမှာ ခတ္တိယ အမျိုး အနွယ်က ဖွားမြင်တဲ့ ဖောက်မြင့်အိန္ဒိယအမျိုးသားပဲ။ တောထွက်တော်မူစက အနော်မာသောင်ခုံမှာ ဆံတော်ကိုသာပယ်ခဲ့တယ်။ နှုတ်ခမ်းမွေး မုတ်ဆိတ် မွေး၊ ပါးသိုင်းမွေးပယ်တယ်လို့ ဘယ်ကျမ်းမှာမှ ရေးမထားဘူး။ ပြီးတော့ နှုတ်ခမ်းမွေးပါမှလည်း မဟာပုရိသလက္ခဏာတော်နဲ့ ညီညွတ်ပြီး*



www.burmeseclassic.com

www.burmeseclassic.com



*ယောကျ်ားပီပီသသ၊ ခန့်ခန့်ညားညားဖြစ်မယ်။ ဒါကြောင့် ဘုရားပုံတော် မှန်သမျှ နှုတ်ခမ်းမွေးတပ်ပြီး ကိုးကွယ်သင့်တယ်"* ဟူ၏။ သူ့ခံယူချက် အတိုင်း သူ့ကျောင်းတိုက်တွင်ရှိသော ဆင်းတုတော်၊ ပုံတော်မှန်သမျှကို လည်း နှုတ်ခမ်းမွေး တပ်စေသည်။ ပေါက်ပေါက်ရှာရှာထွင်ပြီး အတတ် ဆန်းသော ဓနုဖြူဆရာတော်ကို မန်လည်ဆရာတော်က မြင်ပြင်းကပ်လှ သဖြင့် အောက်ပါ ဒွေးချိုးတစ်ပုဒ်ရေးပြီး သရော်လိုက်ပါတော့သည်။

**လုပ်ငန်းရယ်ပို၊ နှုတ်ခမ်းကိုသူကြည်ညိုသတဲ့**
**သိဟိုဠ်ပြန်ဖုန်း။**
**စဉ်ရှေးဟို၊ ဖင်မွေးကိုဘယ်လိုဆိုပါ့**
**သိဟိုဠ်ပြန်ဆရာဉာဏ်ရဲ့**
**အပါဒါန် ရွှေစာတမ်းကို၊**
**ကျမ်းရှုပါအုံး။**

အကြောင်းသိသူတိုင်း တအုန်းအုန်းပွဲကျရသော ဒွေးချိုးတစ်ပုဒ်ပင်။ ဓနုဖြူဆရာတော်ထံသို့ ထိုဒွေးချိုးရောက်သွားသောအခါ ဆတ်ဆတ်ခါ နာလှသဖြင့် မန်လည်ဆရာတော်ထံ မှီချီး၊ မျှစ်ချိုးပြန်လည်ရေးရာမှ အရေး တော်ပုံကြီး စတင်ခဲ့ရလေ၏။ သို့သော် နှုတ်ခမ်းမွေးအစွဲကား ကျွတ်မသွား ခဲ့ပေ။

**"အပြစ်ပြောရှုံးမခြင်းသည် အောင်မြင်သောဆုံးမခြင်း မဖြစ်နိုင်"** ဟူသည့် လက်တွေ့သာဓကတစ်ခုပင်။ စိတ်ပညာသဘောတရား အရ လူဟူသည် မိမိကိုယ်ကိုသာလျှင် အထင်အကြီးဆုံးဖြစ်သည်။ လက် တွေ့ဆန်းစစ်ကြည့်ကြပါစို့။ မဂ္ဂဇင်းမျက်နှာဖုံးတွင် မိန်းကလေးတစ်ယောက် ၏ ဓာတ်ပုံကို ရွေးချယ်ဖော်ပြခဲ့ရသည်။ မျက်နှာဖုံးရှင်နှင့် တွေ့ဆုံမေးမြန်း ခန်း ဆောင်းပါးလေးကလည်း ရေးထားပြန်သည်။

ယင်းမဂ္ဂဇင်းကို မျက်နှာဖုံးတွင် ဖော်ပြခံရသောမိန်းကလေးထံ ပို့ လိုက်ပါ။ ရောက်ရောက်ခြင်း မဂ္ဂဇင်းမာတိကာကို အလောတကြီး



www.burmeseclassic.com

www.burmeseclassic.com



လှန်ကြည့်ပါလိမ့်မည်။ တခြားမဟုတ်။ သူ့အကြောင်းဆောင်းပါး စာမျက်နှာဘယ် လောက်မှာပါသည်ဆိုတာကို ရှာလိုက်ခြင်းပင်။ တွေ့သည်နှင့် သူ့အကြောင်းရေးထားသည့် ဆောင်းပါးကိုသာ ဦးစွာဖတ်ပါလိမ့်မည်။

ယင်းမဂ္ဂဇင်းတွင်ပါသော နိုင်ငံကျော်မင်းသား၊ မင်းသမီးများ အကြောင်းကိုသာမက၊ ကမ္ဘာကျော်မင်းသား မင်းသမီးများအကြောင်းကိုပင် ကျော်လွှားသွားပြီး သူ့အကြောင်းကိုသာ အရေးတကြီးရွေးဖတ်ခြင်းမှာ လူတိုင်းတွင်ရှိနေသော မိမိကိုယ်ကိုသာလျှင် လေးစားစိတ်၊ အထင်ကြီးစိတ် ကြောင့်ပင် ဖြစ်ပါသည်။

လောကီ၊ လောကုတ္တရာ စာရေးဆရာများထံသို့ ၎င်းတို့ရေးသား သော ဆောင်းပါးဝတ္ထုပါသည့် မဂ္ဂဇင်းတစ်အုပ်ပို့ပေးလိုက်ပါ။ ၎င်းစာရေး ဆရာအနေနှင့် သူ့ထက်မည်မျှနာမည်ကြီးသော စာရေးဆရာတို့၏ ဆောင်း ပါးများ၊ ဝတ္ထုများပါနေပါစေ သူရေးသောဆောင်းပါး၊ ဝတ္ထုထက်တော့ ဘယ်စာရေး ဆရာ၏ဆောင်းပါး၊ ဝတ္ထုကိုမှ အရင်ဖတ်လိမ့်မည်မဟုတ်ပါ။

အဘယ်ကြောင့်ပါနည်း။ မိမိကိုယ်ကိုသာလျှင် မိမိအထင်အကြီးဆုံး၊ စိတ်အဝင်စားဆုံးဖြစ်နေသောကြောင့်ပါတည်း။ ကုန်ကုန်ပြောရလျှင် သတင်းစာတွင် ရေးသားထားသော အလှူရှင်စာရင်း ဖတ်လျှင်ပင် တစ်သောင်းလှူထားသော အလှူရှင်ဖြစ်ပါစေ၊ သိန်းနှင့်သန်းနှင့်ချီပြီး လှူထားသော အလှူရှင်စာရင်းများကိုကျော်၍ မိမိအမည်ကိုသာ ဦးစွာရှာ ဖွေဖတ်ရှုပါလိမ့် မည်။

ပုထုဇဉ်တစ်ယောက်၏ အတ္တမာနကား ထိုမျှထိကြီးမားပါသည်။ အပြစ်တင်ခြင်း၊ ကဲ့ရဲ့ခြင်းဟူသည် ထိုအတ္တမာနကို နှိမ်ချိုးလိုက်ခြင်းဖြစ်ရာ ကာယကံရှင်အနေဖြင့် မိမိကမှားနေသည့်တိုင် ဘယ်တော့မှ ဝန်ခံအရှုံးပေး လိမ့်မည် မဟုတ်ချေ။ ဤနေရာ၌ တိုက်ဆိုင်လွန်းလှသဖြင့် စာရေးသူ၏ အကျင့်ဆိုးကြီးတစ်ခု ပျောက်ပျက်သွားစေသော ပြဿနာတစ်ခုကို တင်ပြ ချင်ပါသည်။

*အဖြူရောင်မေတ္တာစာစဉ်*

www.burmeseclassic.com



စာရေးသူသည်ငယ်စဉ်က အင်မတန်မှ အငြင်းအခုံသန်ပါသည်။ ထို့ကြောင့်လည်း ပေးကမ်းစွန့်ကြဲတတ်သည့် ဒါနအားကောင်းပါလျက် လူမုန်းများခဲ့ရသည်။ သို့သော်အငြင်းအခုံကိုတော့မစွန့်လွှတ်ခဲ့။ ၁၈–နှစ်သား အရွယ်ခန့်လောက်တွင်မှ ၎င်းအငြင်းအခုန်သန်ခြင်းဝါသနာကြီး လွင့်ပျောက်ခဲ့ရသည်။ ဖြစ်ရပုံက တစ်နေ့ သူငယ်ချင်းတစ်စု စကားကောင်းနေကြစဉ် မြင်းခြံမြို့၊ လေးအိမ်တန်းရွာဖာတိ သူငယ်ချင်းတစ်ယောက်က–

*"ငါတို့အဘိုးရဲ့ လေးဒူးကြီးက သိပ်ကောင်းတာကွ။ တချို့သားကောင်တွေများ အဘိုးရဲ့လေးဒူးနဲ့အပစ်ခံလိုက်ရရင် ဟိုဘက် ဒီဘက်တောင် ထုတ်ချင်းခပ်သွားတယ်"*

ထိုစကားကို ကြားလိုက်ရသည်နှင့် စာရေးသူက တစ်စခန်းထပါတော့သည်။

*"ဟေ့ စိန်ဗလ၊ မင်းစာလည်းဆုံအောင်မဖတ်ဘဲနဲ့ ရမ်းကြိတ်နေတာကိုးကွ။ လေးဒူးလို့ မရှိပါဘူး။ ဒူးလေးသာရှိပါတယ်။ မင်းပြောနေတာ အမှားကြီးပဲ"*

စာရေးသူ ဘာကြောင့် ထိုကဲ့သို့ ဝင်ပြောဖြစ်ပါသလဲ။ သူမှားနေတာ အမှန်ဖြစ်ပါစေဟူသော စေတနာမေတ္တာက တစ်ကျပ်သားလောက်သာပါပြီး ဒီကောင် အလကားကောင်၊ ငါ့လောက်တောင်မသိဘူး။ ပညာပြလိုက်ရသေးတာပေါ့ ဟူသော အတ္တမာနစိတ်ထားက တစ်ပိဿာ ပါနေပါသည်။ ထိုအတ္တမာနစိတ်ကြောင့်ပင် ဝင်ပြောဖြစ်ခြင်းဖြစ်ရာ တစ်ဘက်လူက အဘယ်မှာလျှင် လက်ခံနိုင်ပါမည်နည်း။ ထိုအခါ စိန်ဗလက –

*"ဟေ့ကောင် ငါတို့တစ်ရွာလုံး လေးဒူးပဲခေါ်တယ်။ ဒူးလေးလို့ တစ်ယောက်မှ မခေါ်ဘူး။ မင်းမယုံရင် ငါတို့တစ်ရွာလုံးကို လိုက်မေးလှည့်"*

ဟုပြောရာကစပြီး ငြင်းခုံလိုက်ကြရာ လက်လွန်ခြေလွန် ဖြစ်ခါနီးအဆင့်ထိ ရောက်ခဲ့ရလေသည်။ နောက်မှ စာရေးသူက –

*"စကားတစ်ရာစာတစ်လုံးတဲ့ဟေ့။ မင်းကိုငါ စာနဲ့လက်တွေ့ပြမယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ တန်းကျောင်းတွင်သင်နေသော ဆရာစံအရေးတော်ပုံ အကြောင်း စာအုပ်ကိုယူကာ စိန်ဗလအား ဒူးလေးဟု ရေးထားသောစာပိုဒ် ကို လက်ထောက်ပြလိုက်ရာ ကျွန်ုပ်နိုင်သွားပြီဟုမမှတ်လိုက်ပါနှင့်။ ထိုစာပိုဒ်ကိုကြည့်ပြီး စိန်ဗလပြောလိုက်သည်က -

*"ဒါ ပုံနှိပ်တိုက်က မှားရိုက်ထားတာ"* ဟူ၏။

ထိုအချိန်မှစ၍ စာရေးသူဘယ်တော့မှ မငြင်းခုံတော့ပေ။ ဥပဒေသ တစ်ခုကိုလည်း ရရှိလိုက်သည်က ငြင်းခုံခြင်းဖြင့် အရှုံးနှင့်သရေသာ ရှိသည်။ အနိုင်ဟူ၍ ဘယ်တော့မှမရှိနိုင်။ အဘယ်ကြောင့်နည်း။ မိမိဘက်က မည်မျှပင် ခိုင်လုံသော အထောက်အထားပြနိုင်ပါစေ တစ်ဘက်လူက အရှုံးမပေးလျှင် မိမိဘယ်လိုမှ မနိုင်နိုင်သောကြောင့်ပါတည်း။

ယခုလည်း မန်လည်ဆရာတော်၏ အပြစ်ပြဆုံးမခြင်းများသည် ခနဖြူဆရာတော်အတွက် အကျိုးမရှိဖြစ်သွားခဲ့ရသည်။ ထိုကဲ့သို့ မန်လည် ဆရာတော်နှင့် ခနဖြူဆရာတော်တို့ အကြိတ်အနယ် ဖြစ်နေစဉ်အတွင်း မှာပင် တတိယအင်္ဂါသားဖြစ်သော လယ်တီဆရာတော်က ဟသ်ာတသို့ တရားဟော ကြွလာတော်မူပါသည်။ မန်လည်နှင့် လယ်တီမှာ အလွန်ရင်းနှီး သောကြောင့် မန်လည်ဆရာတော်အစား လယ်တီဆရာတော်ကို ခနဖြူ ဆရာတော်နှင့် ဒကာ၊ဒကာမ အသိုင်းအဝန်းများက အနှောင့်အယှက်ပြုနိုင် သဖြင့် ရင်းနှီး သောဒကာအချို့က လယ်တီဆရာတော်အား ဟသ်ာတသို့ တရားဟောမကြွရန် အတန်တန်တားကြသေးသည်။ သို့သော် လာတားကြ သော ဒကာတို့အား လယ်တီဆရာတော် ပြောလိုက်သည်က -

*"မစိုးရိမ်ကြပါနဲ့ ဒကာတို့ရယ်။ ဟသ်ာတတရားပွဲကို လက်ခံလိုက် တာဟာ ခနဖြူဘုန်းကြီးကိုပါ တရားဟောချင်လို့ လက်ခံလိုက်တာပါ။ ငါတို့ မေတ္တာကို ငါတို့ယုံပါတယ်။ စိတ်အေးအေးထားပြီး ပြန်သွားကြပါကြ"* ဟူ၏။ ထင်သည့်အတိုင်းပါပေ။ ဟသ်ာတရောက်၍ တရားမျှမဟော ရသေး။ စံကျောင်းပေါ်တွင် ခေတ္တနားနေစဉ်မှာပင် ဒကာလေးငါး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ယောက်နှင့်အတူ ခနုဖြူဆရာတော်ကြွလာပြီး လယ်တီဆရာတော်ကို ဝပ်ချလိုက်ကြသည်။ လူချင်း မမြင်ဖူးသေးသော်လည်း တင်းမာနေသော မျက်နှာကိုကြည့်ပြီး ခနုဖြူဆရာတော်မှန်း လယ်တီဆရာတော် ရိပ်မိလိုက်ပါပြီ။ ဝပ်ချပြီးသည်နှင့် ခနုဖြူဆရာတော်က -

*"တပည့်တော် ခနုဖြူဘုန်းကြီး ဉာဏဝံသပါဘုရား"*

ဟုလျှောက်လိုက်သည်နှင့် လယ်တီဆရာတော်က -

*"အခုလိုတွေ့ရတာ ဝမ်းသာလိုက်တာဆရာတော်ရယ်။ ဆရာတော်ရဲ့ကျေးဇူးတွေ တပည့်တော်မှာ တင်ရှိနေပါတယ်"*

ဟု မဆုတ်မဆိုင်း ပြောလိုက်ရာ မန်လည်ဆရာတော်၏ကိုယ်စား မလှုန်နိုင်အောင် နှိပ်ကွပ်ပစ်လိုက်မည်ဟူသော ဒေါသနှင့်လာခဲ့သည့် ခနုဖြူဆရာတော်မှာ ဘာဆက်ပြောရမှန်းမသိအောင်ပင် နဝေတိမ်တောင် ဖြစ်သွားရသည်။ ဒေါသမီးကို မေတ္တာရေဖြင့် ပက်ဖြန်းပေးလိုက်ခြင်းပင်။ ခနုဖြူ ဆရာတော် ဘာမှမပြောနိုင်ဖြစ်နေစဉ်မှာပင် လယ်တီဆရာတော်က ခရီးဆောင်အိတ်ထဲမှ စာအုပ်တစ်အုပ်ထုတ်ပြီး ခနုဖြူဆရာတော်အား ပြလိုက်ရာ -

*"ဟာ ဒါတပည့်တော်ရေးတဲ့ မဟာပုရိသလက္ခဏာတော် ဘုရားရှိခိုးပဲ။ ဆရာတော် ဘယ်လိုရထားသလဲဘုရား"*

လယ်တီဆရာတော်က စာအုပ်မျက်နှာဖုံးပါ နှုတ်ခမ်းမွေးတပ်ထားသော ဘုရားပုံကို ပြုံးရွှင်စွာကြည့်ရင်းဖြင့်-

*"အရှင်ဘုရားရေးတဲ့ မဟာပုရိသလက္ခဏာတော်ကြီး ဘုရားရှိခိုးကို သဘောကျလွန်းလို့ ဒကာတစ်ယောက်ကို မရ,ရအောင် ရှာဝယ်ခိုင်းထားတာပါဘုရား"*

ဟု လျှောက်ထားပြီးလျှင် လက်အုပ်ချီပြီး ဘုရားရှိခိုးကို ရွတ်ပြလိုက်ရာ ခနုဖြူဆရာတော်မှာ ကလေးတစ်ယောက်ပမာ ဝမ်းသာရွှင်မြူး သွားလိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့။ ရန်လိုသောစိတ်များက ပြန်ခေါ်၍

*အဖြူရောင်မေတ္တာဝေစဉ်* —

www.burmeseclassic.com



တောင်ရမည်မဟုတ်တော့ပါ။ ခနေ့ဖြူဆရာတော်၏စိတ်ဓာတ်ကလေး နူးညံ့သိမ်မွေ့လောက်ပြီဟု ယူဆသောအခါကျမှ လယ်တီဆရာတော်က အေးအေးဆေးဆေးရှင်းပြသည်မှာ –

*"အရှင်ဘုရားရေးတဲ့အတိုင်း ဘုရားရှင်ဟာ ကုလားလူမျိုးဆိုတာ ငြင်းစရာမလိုပါဘူးဘုရား။ အိန္ဒိယတိုင်းသားဖြစ်ကြတဲ့ မင်းမျိုးမင်းနွယ်တွေဟာလည်း နှုတ်ခမ်းမွေးတို့၊ မုတ်ဆိတ်ကျင်စွယ်တို့ ရှိနေမယ်ဆိုတာလည်း သေချာပါတယ်ဘုရား။ ဘုရားအလောင်းတောထွက်စဉ်အခါကလည်း သက်တော်(၂၉)နှစ်အရွယ်ဆိုတော့ နှုတ်ခမ်းမွေးတို့ မုတ်ဆိတ်မွေးတို့ ရှိမယ်ဆိုရင်လည်း ရှိနိုင်ပါတယ်ဘုရား။*

*"ရှိမယ်ဆိုရင်လည်း ခန့်သားကြည်ညိုစရာပေါ့ဘုရား။ အဲဒီခေတ်က ရဟန္တာတွေကလည်း အိန္ဒိယတိုင်းသားတွေပဲများတော့ ရဟန္တာတိုင်းလည်း နှုတ်ခမ်းမွေးပါကြမှာပါပဲဘုရား။ ဘယ်လိုပဲပါပါ အရှင်ဘုရားတို့ တပည့်တော်တို့က ဉာဏ်ယှဉ်ပြီးကြည်ညိုတတ်ကြပါတယ်။*

*"ဒါပေမဲ့ ဉာဏ်နုနယ်ကြတဲ့ ဒကာ၊ ဒကာမအများစုမှာတော့ အမြင်ဆန်းပြီး မကြည်ညိုတတ်ဘူးဖြစ်နေတာပေါ့ ဘုရား။ မြန်မာပီပီ ဘုရား၊ ရဟန္တာတွေကိုလည်း မြန်မာပုံစံလိုပဲ ဖူးမြင်ချင်ကြတာပေါ့ဘုရား။ ဒါကြောင့် ဘုရားတို့၊ ကျောင်းတို့မှာ ဓာတ်တော်၊ နိပါတ်တော်တွေ ပန်းချီရေးတဲ့အခါ မြန်မာရှင်ဘုရင်လို၊ မင်းသားလိုပဲရေးကြတာပေါ့။ ဒါမှလည်း ကြည်ရှုတဲ့ ပုဂ္ဂိုလ်တွေ သဒ္ဓါတရားဖြစ်ကြပါစေဆိုတဲ့ စေတနာပေါ့ဘုရား။ ဒါကြောင့် အခုအရှင်ဘုရားရေးထားတဲ့ မဟာပုရိသလက္ခဏာတော်ကြီး ဘုရားရှိခိုးနဲ့ ဘုရားပုံကိုလည်း တပည့်တော်မှာ တစ်တိုင်းပြည်လုံးနဲ့ မဆန့်ကျင်ဝံ့တာကြောင့် ပုန်းလျှိုးကွယ်လျှိုး သေတ္တာထဲထည့်ပြီး ပူဇော်နေရပါတယ်ဘုရား"*

*"ဆရာတော် အခုလိုမေတ္တာစေတနာနဲ့ ရှင်းပြတဲ့အတွက် တပည့်တော် သဘောပေါက်နားလည်ပါပြီဘုရား။ ပြုပြင်ပါမယ်လို့လည်း ကတိပေး*



www.burmeseclassic.com

www.burmeseclassic.com



*ပါတယ်ဘုရား။ တစ်ဆက်တည်း တပည့်တော်တို့ နေ့ဖြူကိုပါ တရားဟော ကြွဖို့ ပင့်လျှောက်ပါရစေဘုရား"*

ထိုအခါမှစ၍ နှုတ်ခမ်းမွေးအရေးတော်ပုံကြီး ပြီးဆုံးသွားခဲ့ရပါသည်။

~ ~ ~ ~ ~

ဒေါသအကြောင်းခံလာသော လောတခံကို
ဒေါသနှင့်တာတွယ်တားဆီး၍ မငြိမ်းနိုင်ပါ။
လောဘအကြောင်းရင်းခံလာသော လောတခံကို
လောဘစိတ်ဖြင့် ခုခံတာတွယ်၍ ရနိုင်မည်မဟုတ်ပါ။
"သင်းတမိုက်ရဲသေးလျှင် ဝါတမိုက်ဖြုလိုက်မှုယိ"ဟူသော
လူမိုက်ဝါဒကို လက်ကိုင်ထားနေမှုတား
တယ်သောအခါမျှ ရန်စဲလိမ့်မည် မဟုတ်ပါ။
(တောင်တန်းသာသနာပြုဆရာတော်ကြီး)

~ ~ ~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓကလွန်ခဲ့တဲ့နှစ်ပေါင်း

(၂၅၀၀)ကျော်က

ဟောခဲ့တဲ့ တရားတော်ဟာ

ဒီနေ့ထိ မှန်တုန်းရှိသေးတယ်ဆိုတာကို

ငါက လက်တွေ့ရှာပြတာကွ။

ဗုဒ္ဓက အရက်သောက်သူဟာ

ဖြစ်ရာဘဝ အရူးဖြစ်ရတယ်လို့ ဟောခဲ့တယ်။

အခု မင်းဖတ်ရတဲ့အတိုင်း

အရက်သမားတွေဟာ

ဦးနှောက်ပျက်စီးပြီး

စိတ်ဖောက်ပြန်တတ်တဲ့အကြောင်း

ဆေးသိပ္ပံအရ တွေ့ရှိပြီလေ။

အမြဲဆောင်မေတ္တာဝေဝဦ

www.burmeseclassic.com

www.burmeseclassic.com



# ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်

သည်စက်မှုလက်မှုအထက်တန်းကျောင်းကို စတင်ရောက်သည့်နေ့မှာပင် ညီညီသတိထားမိသော ထူးထူးခြားခြားကျောင်းသားတစ်ယောက်ရှိသည်။ ကျောင်းသားနှစ်ယောက်တစ်ခုံထိုင်ကြသော်လည်း ထိုကျောင်းသားမှာတော့ တစ်ယောက်တည်းသာဖြစ်နေသည်။ သူ့နားသို့ မည်သူမှလည်း လာထိုင်ချင်ပုံမရ။ အထက်တန်းထဲကမို့ သူ့ကိုယ်မှာ ဝတ်ကောင်းစားလှ ဝတ်လာသော်လည်း ကျက်သရေက တစ်စက်မှရှိမလာ။

ပိန်လှီသောခန္ဓာကိုယ်၊ ကျနေသောမျက်တွင်း၊ ချောင်နေသော နားထင်ရင်း၊ မျက်တောင်ကြီးစင်းကာ ကြောင်နေသောမျက်လုံးများက ကျက်သရေမှုန်သမျှ တစ်စက်မှုမလာအောင် တားဆီးပိတ်ပင်နေသကဲ့သို့ ရှိသည်။ စာသင်ချိန်မှာလည်း တစ်ချိန်မှ စိတ်ဝင်စားပုံမရ။ သူငေးချင်ရာငေးနေသည်ကိုသာ တွေ့ရသည်။

သနားတတ်သော ညီညီက နောက်တစ်နေ့ကျောင်းတက်ချိန်မှာတော့ သူ့ခုံမှာသွားထိုင်ပေးလိုက်မိသည်။ သူ့လိုအသားလည်းဖြူ၊ ပိန်လည်း ပိန်သော ညီညီကိုတွေ့ရတော့ ထိုကောင်လေးက အံ့သြသောမျက်နှာဖြင့် သေချာလှည့်ကြည့်ကာ –

*"မင်းက ငါနဲ့အတူတူထိုင်မလို့လား"*

*အဖြူရောင်မေတ္တာစာစဉ်*

www.burmeseclassic.com

www.burmeseclassic.com



*"အေး ဟုတ်တယ်"*

*"မထိုင်ပါနဲ့ကွာ။ မင်းကိုပါ လူတွေအထင်သေးကုန်ကြလိမ့်မယ်"*

*"တခြားလူတွေအားလုံးက တစ်ဖက်၊ မင်းကတစ်ဖက်နေရင်တောင် ငါက မင်းဘက်ကနေမှာ"*

*"နေပါဦး။ မင်းကငါ့ကို အဲဒီလောက်ခင်ချင်နေရအောင် ငါ့ အကြောင်းကို မင်းဘယ်လောက်သိထားလို့လဲ"*

*"သိတာပေါ့။ မင်းနာမည် စောလွန်း။ ကရင်လူမျိုး။ ခရစ်ယာန် ဘာသာဝင်။ နောက်ပြီး ဆေးစွဲနေတာ(၂)နှစ်ရှိပြီ"*

*"ဟာ–မင်းအကုန်သိနေတယ်။ အံ့သြစရာပဲ။ ဒါနဲ့တောင် မင်းကငါ့ကို ပေါင်းချင်သေးသလား"*

*"ပေါင်းချင်တာပေါ့။ ငါလည်း မင်းလိုဆေးသမားပဲလေ"*

*"ဟာ . . . တကယ်"*

စောလွန်း၏မျက်နှာပေါ်တင် အားရဝမ်းသာဖြစ်သော အရိပ်အယောင် က အထင်းသားကြီးပေါ်လာသည်။ ထိုအချိန်မှာပင် အတန်းချိန်ဆရာ ဝင်လာ သဖြင့် သူတို့၏နှုတ်ဆက်စကားဝိုင်းကို ရုပ်သိမ်းလိုက်ရသည်။

နောက်တစ်နေ့မှစ၍ စောလွန်းနှင့်ညီညီတို့နှစ်ယောက်ကို အမြဲလိုလို တပူးပူးတတွဲတွဲ တွေ့ကြရတော့သည်။ ကျောင်းသားအားလုံးအတွက် ကတော့ ရှောင်စရာတစ်ယောက် တိုးလာသည်။

ညီညီကတော့ ဂရုမစိုက်။ စိတ်တူ သဘောတူဖြစ်သော ညီညီ ကိုလည်း စောလွန်းက ညီအစ်ကိုအရင်းတမျှ ခင်မင်လာသည်။ တစ်နေ့ ကျောင်းဆင်းချိန်မှာတော့ စောလွန်းက –

*"ဟေ့– ညီညီ။ မင်းငါတို့အိမ် အလည်လိုက်ခဲ့ကွာ။ ပြီးတော့ ဒီနေ့ မင်းဒုတ်တင် ပြီးပြီလား"*

*"မနက်ပိုင်းကကို နှစ်ခါတင်ခဲ့သေးတယ်"*

သူတို့လောကတွင် အကြောတွင်းသို့ မူးယစ်ဆေးထိုးသွင်းသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒုတ်တင်သည်ဟု ခေါ်ကြသည်။

*"စောဂျွန် မင်း တစ်နေ့ကို ဒုတ်ဘယ်နခါတင်သလဲ"*

*"လေးခါ"*

*"ငါက ရှစ်ခါ"*

*"များလှချည်လား ညီညီ"*

*"အေး ငါသုံးလာတဲ့နှစ်ကလည်း တော်တော်ကြာပြီလေကွာ။ ဒီမှာ ငါ့လက်ကို ကြည့်ပါလား"*

ညီညီက သူ့လက်ဖျံနှစ်ဖက်မှ အပ်ရာများကို စောဂျွန်အား လှန်ပြလိုက်ရာ ညီညီ၏လက်မှ အပ်ရာများကိုကြည့်ပြီး စောဂျွန်အံ့သြသွားသည်။

*"မင်းက တကယ့်ဆားဖစ်သမားကြီးပါလား"*

ဟုပြောကာ စောဂျွန်က ညီညီ၏လက်တစ်ဖက်ကို ဆုပ်ကိုင်လှုပ်ရမ်း၍ ဂုဏ်ပြုလိုက်သည်။ "အလုပ်တူ ရန်သူ"ဆိုတာ စီးပွားရေးနယ်ပယ်မှာပဲ ဖြစ်သည်။ သူတို့ မူးယစ်ဆေးနယ်ပယ်မှာတော့ အလုပ်တူမှ ကြည်ဖြူသည်။ အလုပ်တူမှ ဂုဏ်ယူသည်။

စောဂျွန်တို့အိမ်ဝင်ဝင်ခြင်း တွေ့လိုက်ရသည်က အသက်(၈၀)နီးပါး ခန့်ရှိ စောဂျွန်၏အဘွား။ လက်ထဲမှာလည်း ဂစ်တာတစ်လုံးကို ပိုက်ထားတာတွေ့ရသည်။

*"မြေးလေး ပြန်လာပြီပေါ့။ လိမ္မာလာလိုက်တာ။ ကြည့်စမ်း ဘယ်မှ မသွားတော့ဘဲ အိမ်ကိုတန်းပြန်လာတယ်ဟုတ်လားမြေးလေး"*

စောဂျွန်က အဘွားဖြစ်သူရင်ခွင်ထဲ ဝင်လိုက်ရင်း ဂုဏ်ယူဝင့်ကြွားစွာဖြင့်–

*"အဘွား ဒါကျွန်တော်ရဲ့အချစ်ဆုံးသူငယ်ချင်း။ ဘယ်တော့မှမခွဲဘဲ တစ်သက်လုံးတွဲမယ့် သူငယ်ချင်း။ ညီညီတဲ့"*

ဟုပြောကာ ညီညီကိုလက်ညှိုးထိုးပြသည်။ စောဂျွန်အဘွားက ညီညီ ကို ခင်မင်နှစ်လိုသောမျက်နှာဖြင့် အားပါးတရ ပြုံးပြရင်း–

အမြူရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ်ကွယ်။ ဒီကျောင်းမှာ စောလွှန်အနေနဲ့ ဘယ်တော့မှ သူငယ်ချင်းရှိမှာ မဟုတ်ဘူးလို့ အဘွားကထင်ထားတာ။ စောလွှန်ဘဝကို တစ်ကျောင်းလုံးသိနေကြတော့ ဘယ်သူမှ အပေါင်းအသင်း မလုပ်ချင်ကြဘူးပေါ့ကွယ်"

"မေမေရေ သားသူငယ်ချင်းပါလာတယ်။ လက်ဖက်ရည်နဲ့ မုန့်လုပ်ပေးပါ"

ဟု စောလွှန်ကပြောရင်း အိမ်နောက်ဖေးဘက် ပြေးဝင်သွားသည်။ အဘွားကဆက်၍–

"စောလွှန်ဘဝက ဆိုးနေပါပြီကွယ်။ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်နေရှာပြီလေ။ အားလုံးကလည်း ဘုရားသခင်ရဲ့ အလိုတော်အတိုင်းလို့ပဲ သဘောထားကြတော့တယ်။ အဘွားက အရင်က သူနာပြုဆရာမကြီးပေါ့။ အခု ပင်စင်ယူပြီးတာကြာပါပြီ။ ဘယ်လောက် အံ့ဩစရာကောင်းသလဲဆိုတော့ ပင်စင်ယူပြီး အနှစ်(၂၀)ကျော်ကြာမှ အဘွားဆေးထိုးအပ်ပြန်ကိုင်နေရတယ်လေ"

"အပြင်မှာ ဆေးပြန်ကုပေးတာကိုပြောတာလားအဘွား"

"ဘယ်ကဟုတ်ရမှာလဲကွယ်။ အပြင်မှာလျှောက်လည်ရင်း ဖြစ်ချင်တာ ဖြစ်ကုန်မှာစိုးလို့ စောလွှန်ကို အဘွားကိုယ်တိုင် အိမ်မှာ မူးယစ်ဆေးထိုးပေးနေရတယ်လေ"

ပြောရင်းဖြင့် အသံတိမ်ဝင်သွားကာ မျက်ရည်များစီးကျလာသည်ကို တွေ့ရသဖြင့် ညီညီတစ်ယောက်ဆက်မကြည့်ရက်တော့ပေ။ ထို့ကြောင့် မျက်နှာကို အောက်ငုံ့ထားလိုက်ရသည်။

"စောလွှန်ဘဝကိုတော့ ဘုရားသခင်ပဲကယ်နိုင်တော့မှာပါကွယ်"

ဟူသည့် နောက်ဆုံးပြောလိုက်သော စကားသံကလည်း ညီညီနားထဲမှ မထွက်။ အိမ်ပြန်ရောက်သည်အထိ စောလွှန်အဘွားမျက်နှာက အရိပ်လို ကပ်ပါလာသည်။

အမြဲရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



လူ့ရှာကာလ၊ ဤလောက၌၊ သတ္တဖဝါ။
အတူသွားက၊ မည်ကြားမိတ်စစ်၊ ဆွေရင်းဖြစ်၏။
ဆယ့်နှစ်လှမ်းသော်၊ အဖော်သဟဲ၊ လခွဲညာတိ၊
မည်ဘိမပျက်၊ ထို့ထက်လွန်စွာ၊ ရက်ကြာကာလ၊
ပေါင်းဖော်ကြမူ၊ အတ္တသမား၊ မှန်စွာထိုလူ၊
ကိုယ်နှင့်တူ၏။ အသူထွေပြား။ ထိုသူများအား။
ပြစ်မှားစိတ်မှာ၊ မရှိရာတည်း။

(မဃဒေဝ)

ခုနှစ်ဖဝါးအတူသွားဖူးရင် မိတ်ဆွေစစ်
ဆယ့်နှစ်ဖဝါးသွားဖူးတော့ အဖော်သဟဲ
တစ်လခွဲပေါင်းဖူးတော့ ဆွေမျိုး

ထို့ထက်ကြာအောင်ပေါင်းဖူးလျှင် ကိုယ်နဲ့အတူတူဖြစ်ပြီ။ဟူသော မဃဒေဝအဆိုအတိုင်း ညီညီနှင့်စောဠှန်တို့၏သူငယ်ချင်းသက် နှစ်လ ကျော်ကြာ သွားသည်နှင့် တစ်ယောက်ကိုတစ်ယောက် ဆွေမျိုးရင်းချာထက်ပင် ခင်မင်မိကြလေပြီ။ ထိုအတွင်း ညီညီ၏ထူးခြားချက်ကို စောဠှန် သတိထားမိလာသည်။

ပထမအချက်က ညီညီသည် သူငယ်ချင်းဖြစ်ကြသည့် နှစ်လကျော် အတွင်း သူသာလျှင် စောဠှန်အိမ်သို့ နေ့တိုင်းရောက်သည်။ သို့သော် သူ၏အိမ်သို့ စောဠှန်အားတစ်ကြိမ်မှအလည် မခေါ်ဘူးခြင်းပင်။ ကျောင်းသာ တစ်ကျောင်းတည်း တက်နေကြသော်လည်း မြို့နယ်ချင်းက အတန် ငယ်ဝေးသည်။

စောဠှန်က အင်းစိန်မြို့နယ်၊ ညီညီက ရွှေပြည်သာအမည်ရသည့် မြို့သစ်လေး။ ချစ်ခင်နေတော့လည်း အပြစ်မြင်လို့မရ။ ဝေးကလည်းဝေး မြို့သစ်မှာ အိုးသစ်အိမ်သစ် ပြောင်းရွှေ့နေကြရတာဆိုတော့လည်း ပြည့်စုံမှု မရှိရှာလို့ အားငယ်ပြီး မခေါ်တာနေမှာပါလေလို့ ကြဖန်ဖြေကာ စောဠှန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မသိလိုက်မသိဖာသာ နေရတော့သည်။

ဒုတိယအချက်ကိုတော့ စောဠွန်တစ်ယောက်မမေးဘဲ ဘယ်လိုမှ မနေနိုင်။ ကြည့်ပါဦး။ တွေ့စက မိမိလိုနားထင်နားရင်းတွေကျပြီး ပိန်လှီနေသည့် ညီညီ၊ အခုနှစ်လကျော်အတွင်းမှာ ဝဖီးလာလိုက်တာ ဆေးသမားတစ်ယောက်လို့ ဘယ်လိုမှ ယုံနိုင်စရာမရှိတော့။ ဒီအချက်ကိုတော့ စောဠွန်မမေးဘဲ မနေနိုင်။ ထို့ကြောင့် တစ်နေ့တွင်တော့ -

*"ညီညီ မင်းငါ့ကို မှန်မှန်ပြောစမ်းကွာ။ မင်းပုံက ဆေးသမားပုံ မရှိတော့ဘူး။ ဝဖီးလာလိုက်တာ။ မင်းဆေးများဖြတ်လိုက်ပြီလား"*

*"ငါလည်း မင်းကိုပြောပြချင်နေတာပဲစောဠွန်။ ဟုတ်တယ်။ ငါဆေးဖြတ်လိုက်တယ်။ ဒါပေမဲ့ အကုန်လုံးတော့မဟုတ်ဘူး။ လွန်ခဲ့တဲ့လက လေးကြိမ်လျှော့ပစ်လိုက်တယ်။ အခုလကျတော့ နှစ်ကြိမ်လျှော့ပစ်လိုက်တယ်။ အခုဆိုရင် ငါတစ်နေ့နှစ်ကြိမ်ပဲ ဒုတ်တင်တော့တယ်။ ငါတောင် လျှော့လို့ရသေးတာ မင်းလည်းလျှော့ကွာ စောဠွန်"*

*"အေး မင်းတောင်လျှော့လို့ရရင် ငါလည်းရရမှာပေါ့ကွ။ မင်းက ငါ့ထက်တောင် ဆားဗစ်ရင့်သေးတာပဲ။ ငါလည်းဒီနေ့ကစပြီး နှစ်ကြိမ်ပဲ တင်တော့မယ်ကွာ"*

*"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ"* ပြောပြောဆိုဆို ညီညီက စောဠွန်၏ ပိန်လှီလှီကိုယ်လုံးလေးကို အားရဝမ်းသာ ပွေ့ဖက်မိရှာသည်။ ကြည်နူးမှုပီတိအရှိန်လေး ခဏငြိမ်သွားသည်နှင့် ညီညီက အသင့်ရေးထည့်လာသော အိတ်ကပ်ထဲရှိ စာရွက်ကလေးကိုထုတ်ကာ စောဠွန်ကို ကမ်းပေးလိုက်ရင်း-

*"မင်းအတွက် ငါ့မှတ်စုထဲက ကူးရေးလာတာ သိပ်ကောင်းတာပဲကွ။ ဖတ်ကြည့်စမ်းပါအုံး"*

စောဠွန်က စာရွက်ခေါက်လေးကို စိတ်ဝင်တစား ဖြန့်ဖတ်ကြည့်လိုက်သည်။ ရေးထားသည်က -

*အမြဲရှောင်မေတ္တာစေခြင်း*

www.burmeseclassic.com

www.burmeseclassic.com



လူကို စိတ်အုပ်ချုပ်သည်
စိတ်ကို ပညာအုပ်ချုပ်သည်
ပညာကို ဗဟုသုတအုပ်ချုပ်သည်
သို့အတွက် ဗဟုသုတများအောင်
စာအုပ်မျိုးစုံကို ဖတ်ရှုကြကုန်လော့။

(ပီမိုးနင်း)

"ကောင်းလိုက်တာညီညီရာ။ မင်းက ဆေးသမားသာဖြစ်တာ စာပေတော့ ဝါသနာပါသားပဲကွ"

"ဆေးသမား စာပေမဖတ်ရဆိုတဲ့ ဥပဒေမှမရှိတာဘဲကွာ။ ကိုယ်ဖတ်ချင် ဖတ်လို့ရတာပဲ။ အဲဒီစာပိုဒ်လေးထဲက လူကိုစိတ်အုပ်ချုပ်တယ်ဆိုတဲ့ စကားလေးကို ငါသိပ်ကြိုက်တယ်ကွ။ အဲဒီစာသားလေးကြောင့်လည်း ဘယ်သူ့မှမပြောရဘဲနဲ့ ငါ့ဖာသာငါ ဆေးကို လျှော့ချနိုင်တာပဲကွ"

ကိုယ်ထက်စိတ်ကပိုပြီးအဓိကကျပုံ လက်တွေ့ဖြစ်ရပ်လေးတစ်ခုကို ငါတို့အဖေ ခပ်ငယ်ငယ်က လက်တွေ့စမ်းသပ်ဖူးတယ်တဲ့ကွ။ တစ်ခါတော့ တို့အမျိုးထဲက လယ်လုပ်စားတဲ့ ဘကြီးတစ်ယောက်ဟာ ဘိန်းစွဲနေသတဲ့ကွာ။ တစ်နေ့တစ်ကြိမ်မှ ဘိန်းမစားရရင် ဘာမှကို မလုပ်နိုင်ဘူးတဲ့။ တစ်ခါတော့ ဘိန်းရှာမရလို့ အလုပ်မလုပ်နိုင်ဘဲ အိမ်ထဲမှာခွေနေရှာသတဲ့။ အဲဒါ ငါ့အဖေက "ဘကြီးဘာမှမပူနဲ့။ ကျွန်တော်ကိုယ်တိုင် မရ, ရအောင်ရှာဝယ်ခဲ့မယ်"လို့ပြောပြီး မြို့ပေါ်တက်သွားတယ်။ ပြီးတော့ကွမ်းယာဆိုင်က ခြောက်နေတဲ့ သျှားစေးအခဲ လေးငါးခဲတောင်းယူပြီးပြန်ခဲ့တာပေါ့။ ရောက်တော့ "ဘကြီးရေ မနည်းရှာရတယ်ဗျာ။ ဒါပေမဲ့ ရခဲ့ပါတယ် ရော့ရော့" ဆိုပြီး ပေးလိုက်တော့ ခွေလဲနေတဲ့ဘကြီးဟာ ချက်ချင်းထထိုင်ပြီး ရှားစေးအခဲကို ဘိန်းအမှတ်နဲ့မျိုပြီး ရေနွေးကြမ်း ဖန်ဖန်သောက်ချလိုက်သတဲ့။ ပြီးတာနဲ့ ထွန်တုံးတွေ ဘာတွေလှည်းမှာတပ်ပြီး လယ်ထွန်တော့တာပဲတဲ့။ အကြောင်းသိတဲ့ အဖေတို့ကတော့ အိမ်ထဲမှာ ကြိတ်ရယ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



*တာပေါ့။ ကြည့်စမ်း စောလွှန်၊ ဆရာကြီး ပီမိုးနင်းပြောတဲ့အတိုင်း လူကိုစိတ်အုပ်ချုပ်တယ်ဆိုတာ ဘယ်လောက်များ မှန်သလဲလို့။ အဲဒါ လယ်ထွန်လို့ပြီးခါနီးလောက်မှ "ဘကြီးရေ စောစောက ကျွန်တော်ပေးတာ တွေဟာ ဘိန်းအစစ်မဟုတ်ဘူး။ ရှားစေးခဲအခြောက်တွေဗျ" လို့လဲပြော လိုက်ရော "ဟေ" ဆိုတဲ့ပြီး လယ်ထဲမှာ ခွေကျသွားလိုက်တာ ထတောင် မထနိုင်တော့ဘူးတဲ့။ ဒါကြောင့် စိတ်က အဓိကပဲကွ။ မင်းနဲ့ငါလည်း ဘဝမတုံးခင် ဖြည်းဖြည်းလျှော့ကြတာပေါ့ကွာ"*

❀ ❀ ❀

နောက်နှစ်ပတ်ခန့်အကြာတွင်တော့ ဆိုင်မှာလက်ဖက်ရည်သောက် ရင်းဖြင့် ညီညီက စောလွှန်လက်ထဲသို့ စာရွက်ခေါက်လေးတစ်ခု ထည့် ပေးပြန်သည်။ စောလွှန်က ချက်ချင်းပင် စာရွက်ခေါက်ကိုဖြေ၍ ဖတ်ကြည့် လိုက်ရာ–

**ထမြောက်အောင်မြင်မှုရဲ့ ပထမအခြေခံဟာ**
**ခံယူမှုစိတ်ဓာတ်ပဲ**
**စတင်ယုံကြည်တာနဲ့ တစ်ပြိုင်တည်း**
**အောင်မြင်မှုစတာပဲ။**

**(စီရောဘတ်စ်) ဟူ၍** ဖြစ်၏။

*"ဒီစာပိုဒ်လေးလည်း သိပ်ကောင်းတယ်ကွာ။ ငါသေချာ သိမ်းထား မယ်"*

*"သိမ်းထားရုံတင်မကဘူးကွ။ စာထဲကအတိုင်းကျင့်ရမှာ"*

*"ကျင့်ရမှာပေါ့ကွ။ အရင်တစ်ခါကလိုပဲ လက်တွေ့ပုံစံလေးပါပြပြီး ရှင်းစမ်းပါဦးကွ"*

*"မင်းတောင် အတွေးအခေါ်စာပေလေးတွေကို တော်တော် စိတ်ဝင်စားလာပြီပဲ။ ဝမ်းသာပါတယ်ကွာ။ မင်းစိတ်ဝင်စားတယ်ဆိုရင်လည်း ရှင်းပြရတာပေါ့။ ယုံကြည်ချက်တစ်ခုဟာ ဘယ်လောက်ထိအရေးပါ အရာ*



www.burmeseclassic.com

ရောက်သလဲဆိုရင် လူတစ်ယောက်ဟာ မိမိမှာသေလောက်တဲ့ ဒဏ်ရာမရပါဘဲလျက် ရတယ်လို့ထင်ပြီး တကယ်ယုံကြည်လိုက်ရင် တကယ်သေသွားတာပဲတဲ့"

"အဲဒီလောက်ထိတော့ ဟုတ်ပါ့မလားကွာ"

"ဟုတ်တယ်ကွ။ စာအုပ်တစ်အုပ်ထဲမှာ ငါဖတ်လိုက်ရတယ်။ လူကို မသတ်ဘဲ စိတ်ကိုသတ်ရုံနဲ့ တကယ်သေသွားတဲ့ဖြစ်ရပ်ပေါ့။ ဟိုးအရင် အချိန်တုန်းက ပြင်သစ်နိုင်ငံမှာ လူသတ်မှုကျူးလွန်တဲ့သူတွေကို သေဒဏ်ပေးရင် သူသတ်ခဲ့တဲ့အတိုင်း ပြန်သတ်ဖို့ ပြစ်ဒဏ်ပေးလေ့ရှိသတဲ့။ တစ်ခါတော့ လူတစ်ယောက်ဟာ သူများလည်ပင်းကို သင်တုန်းဓားနဲ့လှီးပြီး သတ်ခဲ့တဲ့အတွက် သူ့ကိုလည်း အဲဒီနည်းအတိုင်း ပြန်သတ်ဖို့ အမိန့်ချလိုက်တယ်။ "အဲဒီအခါမှာ ယုံကြည်ချက်ရဲ့စွမ်းရည်ကို လက်တွေ့ပြချင်တဲ့သူတစ်ယောက်က ဒီတရားခံကို စိတ်ကိုသတ်ရုံနဲ့ တကယ်သေသွားအောင် လုပ်ပြပါမယ်လို့ တာဝန်ယူပြီး စိတ်ပညာရှင်အများအပြားကို ဖိတ်ကြားလိုက်သတဲ့။ သတ်မယ့်အချိန်ကျတော့ တရားခံကို ဘာမှမမြင်ရအောင် ခေါင်းစွပ်ကြီးတစ်ခုနဲ့ စွပ်ချလိုက်တယ်။ ပြီးတဲ့အခါမှာ လည်ပင်းပေါ်က အရေပြားလေးနည်းနည်းပြတ်ရုံ ဓားနဲ့လှီးလိုက်ပြီး လျှို့ဝှက်ယူလာတဲ့ ခရားထဲက ခပ်နွေးနွေးရေတွေကို လည်ပင်းပေါ်ကနေ သွေးတွေထွက်လာတာနဲ့တူအောင် ဖြည်းဖြည်းချင်း လောင်းချပေးတယ်။ ပါးစပ်ကလည်း တရားခံမောင်နီ သူတစ်ပါးကို သတ်ခဲ့တဲ့အတိုင်း သင့်လည်ပင်းကိုလည်း သင်တုန်းဓားနဲ့ ဟက်တက်ကွဲအောင် လှီးဖြတ်လိုက်ပြီ။ သင့်လည်ပင်းမှ သွေးများဟာလည်း မြင်မကောင်းအောင် ထွက်ကျနေပြီ။ သင်သည်ကား သင်သတ်ဖြတ်ခဲ့သောသူကဲ့သို့ပင် တစ်ခဏအတွင်း တမလွန်ဘဝသို့ ရောက်ရပေတော့မည်။

"အဲဒီလို ပြောပြီးလို့ခဏအကြာမှာ ခေါင်းစွပ်ကိုဖွင့်ကြည့်လိုက်တော့ တရားခံမှာ အသက်မရှိတော့ဘူး။ ဒါနဲ့ ဒဏ်ရာကိုသေချာစစ်ဆေး

www.burmeseclassic.com



ကြည့်တော့ အပေါ်ယံအရပြောင်းလေးပဲ ပြုတ်တယ်။ သေလောက်တဲ့ဒဏ်ရာ မဟုတ်ပါဘဲ ထရေးခံဟာ ဘာကြောင့်သေသလဲဆိုရင် ငါ ကေန်မုချသေရမှာပဲဆိုတဲ့ ယုံကြည်ချက်ကြောင့်ပဲ။ အဲဒီတော့ တို့နှစ်ယောက်လည်း မှုယစ်ဆေးကို ကိုယ့်ဟာသာကိုယ် ဖြတ်လို့ကိုရရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ မပြတ်ပြတ်အောင် ဖြတ်မယ်ကွာ။ စောဠှန် ငါ့အခုဒုတ်ကို တစ်ကြိမ်ပဲ ထင်တော့တယ်။ မင်းလည်း ငါ့လိုပဲ လျှော့နိုင်တယ်မဟုတ်လား''

''ညီညီ မင်းလျှော့နိုင်ရင် ငါလည်းလျှော့နိုင်တယ်''

''အေး တဖြည်းဖြည်းချင်းငါတို့နှစ်ယောက် လုံးဝပြတ်တဲ့အထိ ဆက်ကြိုးစားကြမယ်ကွာ။ ကဲသွားကြစို့''

❀ ❀ ❀

ယနေ့ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် ညီညီတစ်ယောက် စောဠှန်တို့အိမ်ကို စောစောစီးစီးပင် အလည်ထွက်လာခဲ့သည်။ စောဠှန် အတွက် အရေးကြီးသော သတင်းတစ်ခုပေးရန်ရှိနေသည်မဟုတ်ပါလား။ အိမ်ရောက်တော့ ညီညီထံမှငှားထားသော ''လူထုဦးလှရေးသည့် 'လူတစ်လုံး သူတစ်လုံး'' ဆိုသောစာအုပ်ကို စောဠှန် စိတ်ဝင်တစား ဖတ်နေတာတွေ့လိုက်ရသဖြင့် ညီညီတစ်ယောက် အတိုင်းမသိ ဝမ်းသာရ ပြန်သည်။

''ဟေ့-စောဠှန်၊ ဒီမှာ မင်းနဲ့ငါ့အတွက် အရေးတကြီးသိသင့်တဲ့ အချက်တစ်ခုတွေ့လာလို့ ငါကူးရေးလာတယ်။ မင်းသေချာနားထောင်''

စောဠှန်ဘေးတွင်ဝင်ထိုင်ရင်းပြောလိုက်ကာ ညီညီက သူယူလာ သော စာရွက်လေးကို ထုတ်လိုက်ပြီး-

''ငါဖတ်ခဲ့ရတဲ့ အမေရိကန်နိုင်ငံသား ကမ္ဘာ့တင်းနစ်ချန်ပီယံ အာသာအက်ရှ်ရဲ့ အတ္တုပ္ပတ္တိ စာအုပ်ထဲကတွေ့လို့ ကူးလာတာကွ။ သူ့ခမျာ လည်း နှလုံးခွဲစိတ်ကုသရင်း သွေးသွင်းရာကနေ အေအိုင်ဒီအက်စ် ဖြစ်ရ တာကွ။ ဒီစာအုပ်က သူကိုယ်တိုင်ရေးတာ။ ကျောက်ဘီလူး တင်မောင်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



က မြန်မာပြန်ထားတာ။ စာမျက်နှာ-၂၈ မှာ အေအိုင်ဒီအက်စ်ရောဂါရခြင်းရဲ့ အကြောင်းတွေကို ရာခိုင်နှုန်းအလိုက် အခုလို တွက်ပြထားတယ်။ ၁၉၉၂-ခုနှစ်၊ ဖေဖော်ဝါရီလအထိ အေအိုင်ဒီအက်စ်ရောဂါ တွေ့ရှိခဲ့ရတဲ့ အမေရိကန် ယောက်ျားမိန်းမ (၂၀၀၀၀) အနက်မှာ (၆၀)ရာခိုင်နှုန်းဟာ အခြားယောက်ျား တစ်ယောက်နဲ့ လိင်ဆက်ဆံခဲ့တဲ့ အမျိုးသားတွေဖြစ်နေကြတယ်။ (၂၃) ရာခိုင်နှုန်းကတော့ တရားမဝင်မူးယစ်ဆေးဝါး အကြောဆေးထိုးခဲ့သူတွေ ဖြစ်တယ်။ အနည်းဆုံး (၆)ရာခိုင်နှုန်းက လိင်တူဆက်ဆံသူနဲ့ မူးယစ်ဆေးဝါး အကြောထဲထိုးခဲ့ကြသူတွေဖြစ်တယ်။ (၆)ရာခိုင်နှုန်းက ဆန့်ကျင်ဘက်လိင်နဲ့ ဆက်ဆံသူတွေဖြစ်ကြတယ်။ (၂)ရာခိုင်နှုန်းက သွေးသွင်းရာက ရောဂါရခဲ့ကြတယ်။ (၁)ရာခိုင်နှုန်းက သွေးထွက်ရင် သွေးမတိတ်တဲ့ရောဂါ၊ ဒါမှမဟုတ် သွေးခဲမှု ကမောက်ကမ ဖြစ်ကြသူတွေဖြစ်တယ်တဲ့။ စာမျက်နှာ(၂၈၄)မှာတော့ မူးယစ်ဆေးအကြောထဲသွင်းလို့ အေအိုင်ဒီအက်စ် ရောဂါရတဲ့သူတွေက လိင်တူဆက်ဆံလို့ ရောဂါရတဲ့သူတွေထက် ပိုပြီးမြန်မြန်သေစေနိုင်တယ်။ မူးယစ်ဆေးဝါးကို အကြောထဲထိုးခြင်းက ကိုယ်ခံစွမ်းအားခုခံမှုစနစ်ကို ကျစေတယ်တဲ့"

"ဒါဆို ဆေးထိုးအပ်နဲ့ မူးယစ်ဆေးသွင်းတာဟာ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်နိုင်တယ်ပေ့ါ။ ပြီးတော့ အေအိုင်ဒီအက်စ်ချင်းတူတောင် အသေပိုမြန်တာပေ့ါနော်"

"အသေအချာပေ့ါ စောလွှန်"

"ဒါဖြင့် ဒီစည်းစိမ်ကြီးကို လုံးလုံးကြီးလည်း မစွန့်လွှတ်နိုင်သေးဘူးကွာ"

"ဒါကိုလည်း ငါကပိုသိတာပေ့ါစောလွှန်။ ဒါကြောင့် ငါအဆင်သင့်လုပ်လာပြီးသား။ ဟောဒီမှာကြည့်"

ညီညီက ဘေးမှာချထားသော လွယ်အိတ်ကိုဆွဲယူ၍ ဖွင့်ပြလိုက်သည်။ စောလွှန်မြင်လိုက်ရသည်က နှင်းဆီတံဆိပ်ဆေးပေ့ါလိပ် နှစ်လိပ်နှင့်

အမြဲ ရှောင်လေ တ္တာ စေ၁ စဉ်

www.burmeseclassic.com

www.burmeseclassic.com



စက္ကူဖြင့် ထုပ်ထားသောအထုပ်ကလေးတစ်ထုပ်။

*"ဘာလဲညီညီ ဆေးခြောက်တွေလား"*

*"သိပ်ဟုတ်တာပေါ့။ အဆင့်ဆင့်တက်ခဲ့သလို ပြန်ဆင်းတော့လည်း အဆင့်ဆင့်ဆင်းရမှာပေါ့ကွာ"*

ပြောပြောဆိုဆို ညီညီက ဆေးပေါ့လိပ်ထိပ်ကလေးများကိုဖွင့်၍ စာအုပ်တစ်အုပ်ပေါ်တွင် ဆေးသားများကိုသွန်ချလိုက်သည်။ ပြီးသည်နှင့် အထုပ်ကလေးထဲမှ ဆေးခြောက်မှုန့်များကိုလည်း ဆေးသားများနှင့် ရောမွှေပြီးလျှင် ဆေးလိပ်နှစ်လိပ်ထဲကို ပြန်ထည့်သည်။

ထိုသို့ ထည့်သောအခါ ဆေးလိပ်ကို လက်ညှိုးကလေးနှင့် တောက်တောက်ပြီး ပေးရသည်။ ဆေးခြောက်မှုန့်နှင့်ရောလိုက်သည့်အတွက် ဆေးသား က အနည်းငယ်ပိုများသွားသဖြင့် ဆေးလိပ်ထဲမဆန့်ဆန့်အောင် ဝင်သွား စေရန်အတွက်ဖြစ်သည်။ ပြီးသည်နှင့် ညီညီကတစ်လိပ်ကို မီးညှိပြီး စောထွန်း အားပေးလိုက်ရာ ဆေးလိပ်ကိုယူရင်းဖြင့် စောထွန်းက -

*"ညီညီ မင်းကတော့ အကုန်ကျွမ်းပြီးသားပါပဲလား"*

*"ဒါပေါ့ကွာ။ အတွေ့အကြုံက သင်ပေးလိုက်တာပေါ့"*

ထိုနေ့က ညီညီအိမ်အပြန်နောက်ကျ၍ အဖေ့အဆူကို တော်တော်ခံလိုက်ရသည်။ ဆေးခြောက်သုံးပြီး တစ်လခန့်အကြာ စောထွန်း အခန်းထဲတွင် နှစ်ယောက်သား ဆေးခြောက်ဖြင့် စည်းစိမ်ယစ်ရမည့် အချိန်အရောက်တွင်တော့ ညီညီက -

*"စောထွန်း ငါဒီနေ့ဆေးခြောက်ဝယ်မလာဘူး"*

*"ဟာကွာ စောစောကတော့ပြောမထားဘူး ညီညီရာ။ မင်းဝယ်ရမယ့် အလှည့်မို့ ငါကဝယ်မထားတာ။ မင်းမှာ အဆင်မပြေရင် ပြောရောပေါ့ကွာ။ ငါဝယ်ထားမှာပေါ့"*

*"မဟုတ်ဘူးစောထွန်းရ။ ငါတို့လိုင်းထပ်ပြောင်းရအောင်"*

*"ဘာလိုင်းပြောင်းဦးမှာလဲ"*

အမြူရောင်မေတ္တာစေစင်

www.burmeseclassic.com

www.burmeseclassic.com



*"တရားဝင်မှူးယစ်ဆေးဝါးလိုင်းကို ပြောင်းမယ်"*

*"တရားဝင်မှူးယစ်ဆေးလို့ ရှိလို့လား ညီညီရာ။ မင်းကတော့ ငါ ဦးနှောက်စားအောင် ပေါက်ပေါက်ရှာရှာ ပြောရော့မယ်"*

*"အရက်လေကွာ။ အရက်။ အရက်ဟာ တရားဝင်မှူးယစ်ဆေးဝါး ပေါ့ကွ။ တစ်ကမ္ဘာလုံး သုံးနေကြတာပဲ။ ဘယ်သူဖမ်းရဲလို့လဲကွ။ ဒီဆေး ခြောက်ကမှ မိသွားရင်ထောင်ကျနေဦးမှာ။ ဆေးခြောက်ထိအောင် လျှော့ချ နိုင်မှတော့ မင်းနဲ့ငါရဲ့စိတ်ဓာတ်ဟာ ပျော့ညံ့ညံ့အစားထဲက မဟုတ်တာ တော့ သေချာသွားပြီ စောဂျွန်။ ဘယ့်နှယ့်လဲ ငါလျှော့သလို မင်းလျှော့နိုင် ပါ့မလား စောဂျွန်"*

*"မင်းလို ဆားဗစ်ကြီးကတောင် လျှော့နိုင်ရင် ငါလိုဆားဗစ်လေးက ဘာလို့ မလျှော့နိုင်စရာရှိမလဲ ညီညီရ။ လျှော့နိုင်ရမှာပေါ့ကွ။ လာကွာ ပြောနေကြာတယ်။ အရက်ဆိုင်သွားကြစို့"*

ထိုညက ညီညီတို့နှစ်ယောက် သောက်လိုက်ကြသည်မှာ ဘေးနား ရှိ သောက်နေကျ အရက်သမားကြီးများပင် အတော်ဖြုံသွားဟန်တူသည်။ ညီညီတို့နှစ်ယောက်ကို သူတို့အချင်းချင်းပခုံးတွန့်ပြီး မေးငေါ့ပြနေကြသည်။ အပြန်ကျတော့ အမူးလွန်ပြီး စောဂျွန်တစ်ယောက် မြောင်းထဲထိုးကျလို့ မူးနေသော ညီညီကပင် မနဲဆွဲတင်ခဲ့ရသေးသည်။ ထိုညက ညီညီတစ် ယောက် စောဂျွန်တို့အိမ်မှာပင် အိပ်လိုက်ရသည်။ သို့သော် မေမေတို့ဆူမှာ ပူစရာမလို။ သူငယ်ချင်းအိမ်မှာ ဆွမ်းကျွေးရှိလို့ ဝိုင်းကူရင်း ညအိပ်ရမယ်လို့ လိမ်ခဲ့သည် မဟုတ်လား။

⊛ ⊛ ⊛

ညီညီ၏အသံကို ကြားလိုက်မိသဖြင့် စောဂျွန်က ဖတ်လက်စ "ဖေမြင့်၏ အပြောင်းမြောက်ဆုံးဘဝတစ်ခုတည်ဆောက်ခြင်း"စာအုပ်ကို ဘေးသို့ခထားချကာ အသံလာရာအိမ်ရှေ့ဆီသို့ လှမ်းကြည့်လိုက်ရာ ဖေဖေ၊ မေမေနှင့် ဘွားဘွားတို့က ညီညီအား အားရပါးရ နှုတ်ဆက်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

"သားလေးကျေးဇူး ကြီးပါပေတယ်ကွယ်။ မြေးလေးဘဝကို ဆုံးပြီလို့ကို တွက်ထားရာက ဒီလောက်အဆင့်ထိ ရောက်လာတာဟာ သားရဲ့ ကျေးဇူးပါကွယ်။ မြားတစ်စင်းတည်းနဲ့ သားကောင်နှစ်ကောင်ရအောင် ပစ်နိုင်တဲ့ သားရဲ့ဉာဏ်စွမ်းကို အဘွားချီးကျူးလို့ မဆုံးပါဘူးကွယ်"

"ဦးလေးကလည်း ပိုလို့တောင်ကျေးဇူးတင်ပါတယ်ကွယ်။ စောလွန်ကို နံပါတ်ဖိုးဖြတ်ပေးရုံတင်မကဘဲ စာကောင်းပေမွန်တွေ ဝါသနာပါလာအောင်ပါ ဆွဲဆောင်ပေးတဲ့ မောင်ညီညီရဲ့မေတ္တာကို လေးစားလို့ မဆုံးပါဘူးကွယ်။ စောလွန်ဘဝတစ်ခုလုံးကို အခုထက်ပိုတိုးတက်လာအောင်လည်း မောင်ညီညီကို ဦးလေးက ပုံပြီးအပ်ပါတယ်ကွယ်"

စောလွန်အမေက -

"အဒေါ်တို့တစ်အိမ်သားလုံးကို မောင်ညီညီရဲ့ဆွေမျိုးရင်းချာတွေလို သဘောထားပါကွယ်။ မောင်ညီညီအတွက် လိုအပ်ချက်လေးတွေကို အဒေါ်တို့က ဖြည့်ဆည်းပေးတဲ့အခါလည်းမိဘလိုသဘောထားပြီး လက်ခံပါကွယ်။ အဒေါ်တို့ကလည်း သားတစ်ယောက်ထပ်ရတယ်လို့ သဘောထားပါတယ်"

"ဟုတ်ကဲ့။ အခုလိုကျွန်တော့်ကို ချီးကျူးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။ စောလွန်ဘဝကိုလည်း ကျွန်တော့်ဘဝလိုပဲ သဘောထားပြီး တိုးတက်သထက်တိုးတက်အောင် ကြိုးစားနေမှာပါလို့ ကျွန်တော်က ကတိပြုပါတယ်"

"မောင်ညီညီဆီက အခုလိုစကားကိုကြားရတော့ အဒေါ်တို့မိသားစုရဲ့ ဝမ်းမြောက်မှုကတော့ ဘာနဲ့မှနှိုင်းမရအောင်ပါပဲကွယ်။ ဒါနဲ့ မနက်ဖြန် အဒေါ်တို့က မောင်ညီညီကို ဂုဏ်ပြုညစာစားပွဲနဲ့ ဧည့်ခံချင်တယ်။ အဲဒါ မောင်ညီညီရဲ့မိဘနှစ်ပါးရော ညီအစ်ကိုမောင်နှမတွေပါ တစ်ခါတည်း ခေါ်ခဲ့ပါကွယ်"

"ဟာ- အဒေါ်ကလည်း စောလွန်းပါသေးတယ်။ စောလွန်ရော့



www.burmeseclassic.com

ကျွန်တော်ရော မှုယစ်ဆေးဝါးမှန်သမျှ အကုန်ပြတ်ကြတာ မဟုတ်သေးဘူး ခင်ဗျ''

''အဒေါ်သိပါတယ်ကွယ်။ အရက်သောက်တာလောက်ကတော့ အဒေါ်တို့က ခွင့်လွှတ်နိုင်ပါတယ်။ နံပါတ်ဖိုးတုန်းကတောင် မနိုင်လို့ လွှတ်ထားရသေးတာမဟုတ်လား။ ဒါလည်းအဒေါ်ကတော့ မကြာခင်ပြတ်လိမ့်မယ်လို့ ထင်ပါတယ်။ မောင်ညီညီ့အစွမ်းကို အဒေါ်တို့က ယုံကြည်နေပြီလေ။ ကဲကဲ အိမ်ပေါ်သွားလိုက်ဦး။ ဟိုမှာ စောလွှန်လှမ်း ကြည့်နေပြီ''

ညီညီအိမ်ပေါ်ရောက်တော့ စောလွှန်က သူ့အခန်းဝထိထွက်ပြီး စောင့်နေသည်ကိုတွေ့ရသည်။ ထူးခြားသည်က စောလွှန်၏မျက်လုံးမှ မျက်ရည်စများ စီးကျနေသည်ကိုတွေ့လိုက်ရခြင်းပင်။ ညီညီသူ့အနား ရောက်သည်နှင့် စောလွှန်က အားရပါးရ သိုင်းဖက်လိုက်ကာ -

''မင်းဟာ ငါ့ရဲ့အလင်းရောင်ပဲ ညီညီ။ စောစောက ဘွားဘွားတို့ ဖေဖေတို့ မေမေတို့ပြောသလို ဆုံးနေတဲ့ငါ့ဘဝဟာ မင်းကြောင့် မျှော်လင့်ချက်အသစ်တွေနဲ့ ဘဝအသစ်ကို ပြန်စနိုင်ခဲ့တယ်။ ကိုယ်တစ်ယောက်တည်း ကိုယ်လွတ်ရုန်းမသွားဘဲ ငါ့ဘဝကိုပါ မရ ရအောင်ကယ်သွားတဲ့ မင်းကို ငါကလည်းတတ်နိုင်သမျှ ဂုဏ်ပြုပါရစေ။ မနက်ဖြန် ညစာစားပွဲကျရင် ဖေဖေဝယ်ပေးတဲ့ ငါအမြတ်နိုးဆုံး ဖီးဆင့်စက်ဘီးလေးကို မင်းကို ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးပါရစေ''

''မင်းငါ့ကို တကယ်ဂုဏ်ပြုချင်ရင် စက်ဘီးပေးစရာမလိုပါဘူး။ ငါလိုလည်း မလိုချင်ဘူး။ ငါတကယ်လိုချင်တာက အခုမင်းသောက်နေတဲ့ အရက်ကို တစ်သက်လုံးဖြတ်ပစ်ဖို့ပဲစောလွှန်။ ငါလည်း ဖြတ်လိုက်ပြီလေကွာ''

''ငါမျှော်လင့်နေပြီးသားပါညီညီရာ။ ငါကလည်း ဖြတ်ခိုင်းစေချင်နေတာပါပဲ။ အဲဒီတော့ မင်းလိုချင်တဲ့အတိုင်း ငါလည်းအရက်ဖြတ်မယ်။ မင်းလည်း ငါပေးတဲ့စက်ဘီးကို လက်ခံရမယ်''

အ ပြုံး ရောင် မေတ္တာ စာ စဉ်

www.burmeseclassic.com



*"ဒီလိုဆိုရင်တော့လည်း လက်ခံရမှာပေါ့ကွာ။ ငါက ခက်ခက်ခဲခဲ ပြောနေရဦးမလားလို့ ဒီစာပိုဒ်လေးတောင် ကူးလာသေးတယ်။ အခုတော့ မလိုတော့ဘူးပေါ့ကွာ"*

ပြောပြောဆိုဆို စာရွက်ခေါက်လေးကို ညီညီက စောဂျွန်၏စားပွဲပေါ် ပစ်တင်လိုက်ရာ စာပေဝါသနာပါနေပြီဖြစ်သော စောဂျွန်က အငမ်းမရ ကောက်ဖတ်ကြည့်လိုက်ရာ –

**သိပ္ပံပညာ၏ ရှာတက်မှုသည်**
**ဗုဒ္ဓဝါဒ၏ အောင်ပွဲရမှုပင်ဖြစ်သည်။**
**သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည်**
**ဗုဒ္ဓဝါဒအား အကောင်းဆုံးသက်သေပြချက်များသာ ဖြစ်သည်။**

*(ဆာဟာရီဆင်ဂိုး)*
*(ဆေးသိပ္ပံ၏သုံးသပ်ချက်)*

ဦးနှောက်ကလာပ်စည်းများ ပျက်စီးသွားလျှင် အခြားကလာပ်စည်းများကဲ့သို့ အစားထည့်၍ မရပေ။ ဘီယာတစ်ပုလင်းသောက်လိုက်လျှင် ဦးနှောက်ကလာပ်စည်းများ ထောင်ချီ၍ ပျက်စီးသည်။ ဘီယာထက် ပြင်းသော အရက်ဆိုလျှင် ပြောစရာမရှိပေ။

သို့သော် အရက်စွဲသူများသည် မိမိတို့ဦးနှောက်ပျက်စီးနေသည်ကို မသိပေ။ အဘယ်ကြောင့်နည်း။ သာမန်လူတစ်ယောက်တွင် ဦးနှောက်ကလာပ်စည်းပေါင်း(၁၇)ကုဋေကျော်ရှိသည်။ ထို့ကြောင့်ပင်။ သို့သော် အရက်ကို နှစ်ရှည်လများသောက်လာသောအခါ ဦးနှောက်ကလာပ်စည်းပေါင်းသိန်းချီ၍ ပျက်စီးလာပေသည်။ ထိုအခါကျမှ ရိပ်မိလာကြသည်။

**ဦးနှောက်ပျက်စီးသည့် လက္ခဏာများ**
**၁။ မှတ်ဉာဏ်ထိခိုက်ခြင်း**
**၂။ စိတ်ထိခိုက်လွယ်ခြင်း**
**၃။ အသိဉာဏ်ထိခိုက်ခြင်း**

*အမြူရောင်လတ္တာဝေဝဝဉ်*

www.burmeseclassic.com

www.burmeseclassic.com



၄။ စိတ်ဖောက်ပြန်ခြင်း

ဦးနှောက်သည် သက်ရှိသတ္တဝါတို့အတွက် အခရာ(အဓိက)ဖြစ်၏။ ဦးနှောက်ကောင်းမှ မိမိဘဝကောင်းနိုင်မည်။ ဦးနှောက်မကောင်းလျှင် ဘဝပျက်ဆီးပေလိမ့်မည်။

*(သိပ္ပံမဂ္ဂဇင်းပါ ဆရာဝန်တစ်ဦး၏ဆောင်းပါးမှ)*

အရက်သောက်ခြင်းသည် ဘဝဆက်တိုင်း သူရူးဘဝကို ရောက်စေသည်။

*(ဗုဒ္ဓရှင်တော်မြတ်)*

ဟူ၍ဖြစ်၏။ စောဂျွန်က *"အရက်ရဲ့ဆိုးကျိုးတွေကို ဖော်ပြထားတယ် ဆိုတာလောက်ပဲ သိတယ်။ စာသုံးပိုဒ်လုံး ဆက်စပ်မှုရှိသွားအောင် မင်းနည်းနည်း ရှင်းပြစမ်းပါဦးညီညီ"*

*"ဪ ဒီလိုကွ။ ဗုဒ္ဓကလွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) ကျော်က ဟောခဲ့တဲ့တရားတော်ဟာ ဒီနေ့ထိမှန်တုန်းရှိသေးတယ်ဆိုတာကို ငါက လက်တွေ့ရှာပြတာကွ။ ဗုဒ္ဓက အရက်သောက်သူဟာ ဖြစ်ရာဘဝ အရူးဖြစ်ရတယ်လို့ ဟောခဲ့တယ်။ အခုမင်းဖတ်ရတဲ့အတိုင်း အရက်သမားတွေဟာ ဦးနှောက်ပျက်စီးပြီး စိတ်ဖောက်ပြန်ဘတ်တဲ့အကြောင်း ဆေးသိပ္ပံအရ တွေ့ရှိ ပြီလေ။ ဒါကြောင့် ဆာဟာရီဆင်ဂိုး ဆိုတဲ့ ပညာရှင်တစ်ယောက်က သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များဟာ ဗုဒ္ဓဝါဒအား အကောင်းဆုံး သက်သေပြုချက်လို့ ပြောခဲ့တဲ့အကြောင်းရှင်းပြမလို့ပါကွာ"*

စောဂျွန်တစ်ယောက် ညီညီ့ကို တလေးတစားကြည့်ရင်း –

*"စေ့စပ်သေချာပါပေတယ် ညီညီရယ်"*

ဟုသာ ပြောလိုက်မိပါတော့သည်။

⊛ ⊛ ⊛



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပွဲမစမီ စောလွန်၏အဘွားက နှုတ်ဆက်စကား အနည်း ငယ်ပြောသည်။

*"အခုလို မောင်ညီညီအတွက် ဂုဏ်ပြုတဲ့ညစာစားပွဲမှာ မောင်ညီညီ ရဲ့ မိဘနှစ်ပါးနဲ့ သားသမီးများအားလုံး တက်ရောက်ကြတဲ့အတွက် အထူး ကျေးဇူးတင်ကြောင်း မြေးလေးစောလွန်ကိုယ်စား ပြောလိုက်ပါရစေ။ ဝမ်းသာ အားရ အထူးပြောလိုတာက မြေးလေးစောလွန်ကို မှုးယစ်ဆေးရဲ့ သားကောင် ဘဝကနေ ကယ်တင်ခဲ့တဲ့ မောင်ညီညီရဲ့ စွမ်းဆောင်မှုပါပဲ။ ပိုပြီး အံ့ဩစရာကောင်းတာက မောင်ညီညီဟာ မိမိကိုယ်ကိုလည်း မှုးယစ် ဆေးတည်း ဟူသော ညွှတ်ကွင်းကနေ လွတ်ကင်းအောင် တစ်ဆက်တည်း ကြိုးစားနိုင်ခဲ့ခြင်းပါပဲ"*

ထိုစကားအရောက်မှာတော့ ညီညီ၏မိဘနှစ်ပါးက ဘာမှနားမလည် သောအမူအရာများဖြင့် ညီညီ့ဆီသို့ ဝိုင်းအုံကြည့်လိုက်ကြသည်။ ညီညီ ကလည်း နားမလည်ပါသည်။ ထို့ကြောင့် ခဏစောင့်ပါဦး။ ပြီးမှ ရှင်းပြပါမယ် ဟူသော သဘောဖြင့် လက်ကလေးကာပြလိုက်ရသည်။ စောလွန်အဖွားက ဆက်ပြောသည်။

*"အဘွားတို့မှာ ဒီမြေးလေးတစ်ယောက်သာရှိတော့ အလွန်အကျွံ အလိုလိုက်ခဲ့မိကြတယ်။ ရလဒ်ကတော့ မြေးလေးမှုးယစ်ဆေးဝါးရဲ့ သား ကောင်ဖြစ်ခဲ့ရတာပါပဲ။ ဘယ်လိုမှတားဆီးလို့မရတဲ့အဆုံးမှာတော့ သူနာပြု ဘဝကလာခဲ့တဲ့အဘွားဟာ ကိုယ့်မြေးကို မှုးယစ်ဆေးပြန်ထိုးပေးရတဲ့ဘဝ ရောက်ရတော့တာပါပဲ။*

*"အကြောနားမလည်ဘဲနဲ့ထိုးရင် အသက်အန္တရာယ်ဖြစ်မှာ စိုးတာ ရယ် အပြင်ထွက်ပြီး အပေါင်းအသင်းတွေနဲ့ ဖြစ်ချင်တာဖြစ်ကုန်မှာစိုးတာ ရယ်ကြောင့် အဘွားကိုယ်တိုင် စိတ်ဆင်းရဲခြင်းကြီးစွာနဲ့ ထိုးပေးခဲ့ရတာပါ။ သေတော့မယ့်အတူတူ နောက်ဆုံးစားချင်တာလေး စားသွားရပါစေဆိုတဲ့ စေတနာနဲ့ သေခါနီးလူနာကို မတည့်တဲ့ခတ်စာမှန်းသိပေမယ့် ဖွတ်မိုတ်ပြီး*



www.burmeseclassic.com

www.burmeseclassic.com



*ကျွေးရသလိုပါပဲ။*

*"နောက်ဆုံး မြေးလေးကို မူးယစ်ဆေးဝါးသမားဘဝက ကျွတ်အောင် ကယ်တင်နိုင်မှာကတော့ ဘုရားသခင်ပဲရှိတော့တယ်လို့ တစ်အိမ်သားလုံး စိတ်ဒုန်းဒုန်းချထားလိုက်ကြတယ်။*

*"အဲဒီအချိန်အတွင်းမှာပဲ ဟောဒီမောင်ညီညီရောက်လာပြီး မြေးလေး ကို ကယ်တင်သွားနိုင်ခဲ့တယ်လေ။ အဘွားတို့အထင်ပြောရရင် မောင်ညီညီဟာ မြေးလေးဒီဘဝဆိုးကြီးက လွတ်မြောက်ဖို့အတွက် ဘုရားသခင်ကိုယ်စား ရောက်လာတဲ့ မြင့်မြတ်တဲ့တမန်တော်လေးပဲလို့"*

နှလုံးသားထဲမှလာသောစကားမို့ထင်သည် အဘွားဧ၏စကားလေးက ထိထိရှရှရှိလှသဖြင့် စကားဆုံးသည်နှင့် တိုင်ပင်မထားရပဲ နားထောင်သူ အားလုံး အားရပါးရ လက်ခုပ်တီးပြီး ဂုဏ်ပြုမိကြသည်။

*"ကဲ အဘွားပြောပြီးတဲ့နောက် မောင်ညီညီကလည်း မြေးလေးနဲ့ မောင်ညီညီတို့ရဲ့ မူးယစ်ဆေးရဲ့သားကောင်ဘဝကနေ ဘယ်လိုလွတ်အောင် ကြိုးစားခဲ့ရတယ်ဆိုတာ အားလုံးသိအောင် ရှင်းပြပေးပါဦးကွယ်"*

ညီညီတစ်ယောက် ကြည်နူးနှစ်သိမ့်မှုအပြည့်ဖြင့် ထိုင်ရာမှ ထလိုက်သည်။ **"တကယ့်နှစ်သက်ဝမ်းမြောက်မှု၊ စိတ်ချမ်းသာမှုအစစ်ဆိုတာ ဘာအကျိုးမှ မမျှော်ကိုးဘဲ စွမ်းနိုင်သမျှ သူတစ်ပါးဒုက္ခကို ကယ်တင်ပေးခြင်းမှသာ ရနိုင်တယ်"** ဆိုတဲ့ ဒေါက်တာအဲလဘက်စ်ရွိုက်ဇာ၏ စကားလေးမည်မျှ မှန်ကန်ကြောင်းကို ညီညီတစ်ယောက် လက်တွေ့ သိနေရပြီ မဟုတ်ပါလား။

ကိုယ်တိုင် အ်ာဖရိကတောထဲက မယဉ်ကျေးသေးတဲ့ ၊ ဆရာဝန် ဆိုရင် မြင်တောင်မမြင်ဘူးရှာတဲ့ တောသူတောသားတွေကို တစ်သက်လုံး ဆေးကုပေးရင်းကနေ လက်တွေ့ရလာတဲ့ဘဝအသိဟာ ဘယ်မှာမမှန်ဘဲ ရှိပါ့မလဲလေ။ အခုတော့ ကြည့်စမ်းပါဦး။ မူးယစ်ဆေးဝါးနဲ့ ပစ်လိုက်ရတော့ မယ်ဆိုတဲ့ သားလေးကို လင်းလက်တော့မယ့် အနာဂတ်ရဲ့ကြယ်ပွင့်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအဖြစ် ဘာမှမဖြစ်တော့ဘဲ ကျန်းကျန်းမာမာမြင်နေရတဲ့အတွက် စောဝွျန်ရဲ့အဘွားနဲ့ မိဘနှစ်ပါး ဘယ်လောက်များပျော်ရွှင်နေလိုက်မလဲ။

*"ကျွန်တော်နှစ်ဖက်မိဘများကို ဦးစွာတောင်းပန်လိုတာက စောဝွျန်ကို မွေးဃစ်သေးရဲ့သားကောင်ဘဝကနေ ကယ်တင်တဲ့အခါမှာ ကျွန်တော့်လုပ်ရပ် မအောင်မြင်မှာစိုးတဲ့အတွက်ကြောင့် အသိမပေးသင့်တာကို အသိမပေးဘဲ ထားခဲ့ရပါတယ်ဆိုတဲ့အချက်ပါပဲ။*

*"ပထမဆုံးတောင်းပန်ရမှာက ဖေဖေနဲ့မေမေပါ။ စောဝွျန်ကို သူငယ်ချင်းဖြစ်အောင်ပေါင်းပြီး ချွတ်ရမှာဆိုတော့ ဒီအကြောင်းကို ဖေဖေနဲ့ မေမေကြိုသိထားရင် ဆေးသမားနဲ့ပေါင်းရင် ဆေးသမားပဲဖြစ်မယ်ဆိုတဲ့ အယူအဆကြောင့် ကျွန်တော့်ကို ခွင့်မပြုမှာသေချာပါတယ်။ ဒါကြောင့်လည်း ဖေဖေနဲ့မေမေကို အသိမပေးရခြင်းဖြစ်ပါတယ်။ အဘွားရယ်၊ ဦးလေးရယ်၊ ဒေါ်ဒေါ်တို့ရယ်ကိုတော့ ကျွန်တော့်ကို လူကောင်းတစ်ယောက်အဖြစ် အသိမခံခဲ့တာပါပဲ။ အဘွားတို့တစ်တွေကတဆင့် ကျွန်တော်ဆေးသမားမဟုတ်ဘဲ လူကောင်းတစ်ယောက်လို့ စောဝွျန်သိသွားရင် စောဝွျန်ဟာ ကျွန်တော့်ကို အခုလောက် နှစ်နှစ်ကာကာ ခင်မှာမဟုတ်တော့ပါဘူး။ ဒါကြောင့်လည်း အဘွား တို့ကို ကျွန်တော်လူကောင်းတစ်ယောက်အဖြစ် အသိမခံခဲ့တာပါ"*

ထိုနေရာအရောက်မှာတော့ အနားမှာထိုင်နေသော စောဝွျန်က အလောတကြီး လှမ်းမေးလိုက်တော့သည်။

*"ဟော့ ညီညီ ဒါဆိုမင်းကဆေးသမားစစ်စစ် တကယ် မဟုတ်ခဲ့ဘူးပေါ့"*

*"အမှန်ပေါ့ စောဝွျန်။ မင်းငါ့ကို နှစ်နှစ်ကာကာခင်သွားအောင် ဆေးသမားယောင်ဆောင်ခဲ့ရတာပါ။ တို့ဗုဒ္ဓဘာသာမှာ စကားတစ်ခုရှိတယ်။ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်တဲ့"*

စောဝွျန်မှာ ထိုအချိန်အထိ သံသယမရှင်းသေး။

အပြုရောင်လေတ္တာစာစဉ်

www.burmeseclassic.com

"ဒါနဲ့နေပါဦး ညီညီ။ မင်းငါနဲ့စတွေ့စတုန်းက ငါ့လိုပဲ နာထင် နားရင်းတွေကျပြီး ပိန်ခြောက်နေတာရယ်၊ လက်မောင်းမှာ အပ်ရာတွေ တွေ့တာရယ်က ဘယ်လိုလုပ်လာတာတုံး။ ငါတော့မရှင်းတော့ဘူး"

"အဲဒါက ဒီလိုကွ။ ငါကျောင်းစမတက်ခင် သုံးလလောက်က အူရောင်ငန်းဖျားဖြစ်ပြီး ဆေးရုံမှာ သုံးလကျော်လောက် တက်လိုက်ရတယ်။ ဘာမှလည်း မစားမသောက်ရဘူး။ အကြောထဲကနေပြီးတော့ပဲ အားဆေး အမျိုးမျိုးကို နေ့စဉ်သွင်းပေးရတယ်။ ဒါကြောင့်လည်း လက်မှာ အပ်ရာတွေ အများကြီးဖြစ်နေတာပေါ့။ နောက်ပြီး အစာကောင်းကောင်းမစားနိုင်ခင် ကျောင်းစတက်ရတော့ မင်းမြင်တဲ့အတိုင်း ဆေးသမားဘော်ဒီဖြစ်နေတာပေါ့"

ထိုအခါကျမှ ဆေးရုံဆင်းစ ဆေးသမားရုပ်ပေါက်နေသောညီညီက တိုက်တိုက်ဆိုင်ဆိုင် ဆေးသမားယောင်ဆောင်ရသောအဖြစ်ကို သဘော ပေါက်သွားကြသဖြင့် အားလုံးရယ်မောနိုင်ကြတော့သည်။

"ဒါဆို မင်းအိမ်ကို ငါ့ကိုအလည်တစ်ခါမှမခေါ်တာလည်း မင်း ဆေးသမားမဟုတ်တာ သိသွားမှာစိုးလို့ပေါ့ ဟုတ်လား"

"အမှန်ပဲပေါ့ကွာ"

"ဒါနဲ့ ဒုတ်တင်တာတွေ၊ ဆေးခြောက်ရှူတာတွေ မင်းဘယ်လိုများ သိနေသလဲ ညီညီ"

ထိုအခါ ညီညီက အသင့်ပါလာသောလွယ်အိတ်ထဲမှ မူးယစ် ဆေးဝါး နှင့်ပတ်သက်သည့် မဂ္ဂဇင်းစာအုပ်၊ ဆေးစာအုပ်ဆယ်အုပ်ခန့်ကို ထုတ်ပြလိုက်ပြီး–

"ဒီစာအုပ်တွေကိုကြည့်ပြီး သိရတာပေါ့စောတွန်ရာ"

"ဒါနဲ့ ညီညီ ငါနောက်ဆုံးနဲ့ အသိချင်ဆုံးမေးခွန်းလေးကို မေးပါရစေ။ ငါလို ဘဝပျက်လုလုဖြစ်နေတဲ့ဆေးသမားတစ်ယောက်ကို လူအထင်သေးခံ၊ အချိန်ကုန်ခံပေါင်းပြီး ဘာကြောင့်ကယ်တင်ခဲ့ရသလဲ။ သနားလို့ဆိုတဲ့ အဖြေလောက်ကိုတော့ ငါမလိုချင်ဘူးညီညီ။ ငါသိချင်



www.burmeseclassic.com

www.burmeseclassic.com



*တာက ငါ့လို ဆန်ကုန်မြေလေး ဆေးသမားလူမိုက်တစ်ယောက်ကို သနားတတ်လာအောင် ဘယ်လို အရာက မင်းကိုနည်းလမ်းပြပေးလိုက်သလဲ။ အဲဒါကို ငါသိချင်တာ"*

မေးခွန်းလေးက နက်နဲသိမ်မွေ့သလောက် စိတ်ဝင်စားစရာ ကောင်းလှသဖြင့် နားထောင်သူအားလုံး၏ မျက်လုံးများကအဖြေပေးမည့် ညီညီ့ထံတွင် စုပြုံရောက်နေကြသည်။

*"အကျဉ်းချုပ်ဖြေရရင်တော့ စာပေကနည်းပေးလမ်းပြ ပြုတာပဲ စောင်းလွှန်။ လူမိုက်တွေကိုသနားတတ်လာအောင် အဓိကလမ်းပြပေးတဲ့ စာပိုဒ်လေးတစ်ပိုဒ်တော့ မှတ်စုထဲမှာ ကူးထားတာရှိတယ်။ အခုတော့ပါမလာဘူး။ နောက်မှပဲ ယူပြတော့မယ်"*

နားထောင်နေကြသူအားလုံးမှာ ချောတိုင်ထိပ်ရောက်၍ အောင်လံကို လှမ်းယူခါနီးကျမှ တိုင်လှုပ်ပြီး အမဲဆီများ ထွက်လာသဖြင့် အောက်သို့ ပြန်လျှောကျသူများကဲ့သို့ ဟာတာတာကြီးဖြင့် မချင့်မရဲ ဖြစ်သွားကြသည်။ စကားသွက်သောစောင်းလွှန်၏အဘွားက ချက်ခြင်းထတောင်းဆိုသည်။

*"မောင်ညီညီရေ ကောင်းခန်းကျမှ ဆင်ဆာဖြတ်ပစ်တာတော့ မကောင်းဘူးကွာ။ ဒီလိုလုပ်။ တို့နားထောင်နေတဲ့ လူအားလုံးလည်း စိတ်ဝင်စားနေကြပြီဆိုတော့ ညစာစားပြီးတာနဲ့ Taxi နှစ်စီးငှားပြီး ရွှေပြည်သာကို ချက်ချင်းအလည်လိုက်ကြမယ်။ ဟိုကျမှ မောင်ညီညီမှတ်ထားတယ်ဆိုတဲ့ စာပိုဒ်ကို ဖတ်ပြပေါ့။ မကောင်းဘူးလား"*

*"သိပ်ကောင်းတာပေါ့အဘွား။ ညီညီကျွန်တော့်ကို သူတို့အိမ်တစ်ခါမှ အလည်မခေါ်ရသေးဘူးလေ။ အဲဒီအစီအစဉ်ကို ကျွန်တော်ချင်းချက်မရှိ ထောက်ခံတယ်"*

သို့ဖြင့် ညစာစားပွဲပြီးသောအခါ ကားနှစ်စီးငှားပြီး ရွှေပြည်သာသို့ ရောက်ကြရပြန်သည်။ အိမ်ရောက်ရောက်ခြင်း ညီညီက သူ့မှတ်စုစာအုပ်လေးကို ထုတ်ယူပြီးလျှင် မှတ်ထားသောနေရာကို စောင်းလွှန်တို့အားလက်ညှိုး



www.burmeseclassic.com

ထောက်ပြလိုက်ပြီး–

*"ဒီစာပိုဒ်ဟာ ဂျာနယ်ကျော်မမလေးရေးတဲ့ သူလိုလူ ဆိုတဲ့ စာအုပ်ထဲက ကြိုက်လွန်းလို့ ကျွန်တော်ကူးယူထားတာပါ။ စိတ်ကောင်း ရှိလှပါတယ် ဆိုတဲ့ လူတချို့တောင် ဒီလိုအတွေးမျိုးပေါ်ဖို့မလွယ်ဘူးလို့ ကျွန်တော် ပြောရဲပါတယ်။ စောထွန်းတို့လိုလူတွေကို သနားတတ်လာအောင် အဓိက လမ်းပြပေးလိုက်တဲ့စာပါပဲ။ ကျွန်တော်က လိုရင်းလေးဖြတ်ကူး ထားတော့ ဆက်စပ်မှုရှိအောင် အနည်းငယ်ရှင်းပြထားရမယ်ဆိုရင် သူလိုလူ ဆိုတာ ဂျာနယ်ကျော်ဦးချစ်မောင်ကိုပြောတာပါ။ တစ်နေ့ ပိုက်ဆံချေးပြီး ပြန်မပေးတဲ့ လူတွေ၊ လိမ်ညာသွားသူတွေ၊ သောက်စားမှုးယစ်နေတဲ့ လူတွေ ကို လုံးဝ မဆက်ဆံချင်တဲ့အကြောင်း ဂျာနယ်ကျော်မမလေးက ဂျာနယ်ကျော် ဦးချစ်မောင်ကို အပြောမှာ ဂျာနယ်ကျော်ဦးချစ်မောင်က အခုကျွန်တော် ကူးထားတဲ့အတိုင်း ဂျာနယ်ကျော်မမလေးကို ပြန်ဖျောင်းဖျခဲ့တာပါ။ ဒေါ်မမလေးရဲ့ အပြင်နာမည်က ဒေါ်တင်တင်လှိုင်ပါ။ ဦးချစ်မောင်က တင်လေး လို့ ခေါ်ပါတယ်။ ကဲ– စောထွန်း မင်းကို သနားတတ်အောင် ငါ့ကို သင်ပေးလိုက်တဲ့ စာပိုဒ်လေးကို မင်းကိုယ်တိုင်ပဲ ဖတ်ပြလိုက်ပါကွာ"*

စောထွန်းက စာအုပ်ကိုကိုင်ကာ အားလုံးကြားနိုင်လောက်သော အသံဖြင့် ဖြည်းဖြည်းနှင့် ပီပီသသ ဖတ်ပြနေရာ တစ်ခါမှ မခံစားဘူးသော ဒဿနရသထူးကို မိသားစုနှစ်စုလုံး တစ်ဝကြီးခံစားနေကြရသည်။ စာရှုသူ အားလုံးလည်း ခံစားနိုင်ကြပါစေသော်။

"အကျင့်ဆိုးယုတ်တဲ့လူတွေကို တင်လေး ကြည့်လို့မရဘူး ပေါင်းလို့မဖြစ်နိုင်ဘူးဆိုတာ ဒါသူတော်ကောင်းတို့ရဲ့စိတ်ကလေးပဲ တင်လေးရဲ့။ သို့ပေမဲ့ ဒီသူတော်ကောင်းစိတ်ကလေးမှာ တစ်ခုလိုသေး တယ်။ ဒီလိုနေတဲ့ နှလုံးသွင်းကလည်း အတော်အရေးကြီးတယ်။

"ကိုတို့ တင်လေးတို့မှာက လူယုတ်ဆိုရင် မပေါင်းသင်းချင်

www.burmeseclassic.com



မဆက်ဆံချင်ဘူး။ ဒါက အသေဝနာစ ဗာလာနံ့ဆိုတဲ့ မင်္ဂလာတရားတော်ရဲ့ စိတ်ပဲ။ သို့သော် ဒီကမ္ဘာမှာ ဒီမင်္ဂလာတရားတော်အတိုင်း ဗာလာနံ့ကို အသေဝနာစရရင် ကိုယ့်အဖို့မှာ စိတ်ချမ်းသာစရာ ရနိုင်တာမှန်သော်လည်း ဗာလာနံ့တွေဟာ ကောင်းလာကြမတဲ့လား။

"မြတ်စွာဘုရားဟာ လေးပါးသောသစ္စာတရားကို အကြွင်းမဲ့ သိမြင်လို့ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူတဲ့အခါမှာ ဒီလောကကြီး ကို ဉာဏ်ကွန်ယက်မှာ ဖြန့်ကျက်လို့ ကြည့်တော်မူတယ်။ ဒီအခါ လောကကြီး တစ်ခုလုံး အဝိဇ္ဇာပိတ်ဖုံးပြီး သတ္တဝါတွေဟာလည်း လောဘတုံး၊ ဒေါသတုံး၊ မောဟတုံး၊ အတုံးကြီးတွေ၊ အခဲကြီးတွေ ဖြစ်နေကြတာ မြင်ရတော့ ဒီလောကကြီးတော့ ပျက်စီးပြီရယ်လို့ စိတ်ပျက်တယ် မဟုတ်လား။ သိထားတဲ့အသိဉာဏ်ကြီးအရ တရား ဟောပြောမယ် ရည်ရွယ်ပေမယ့် လောကကြီးရဲ့ ဖြစ်ပျက်နေပုံကို တွေ့မြင်ရတော့ မဟောတော့ဘူး။ နောက်တော့ ဗြဟ္မာစိုရ်တရား လေးပါး သက်ဝင်ပြီး တောင်းပန်သူကလည်း တောင်းပန်တော့ အခုန ဒေါသတုံးကြီးတွေ၊ မောဟတုံးကြီးတွေကို ဟောရပြောရနဲ့ ကျွတ်တမ်း ကို ဝင်စေတယ်မဟုတ်လား။

"ဒီတော့ အခုလိုလိမ်သွားရသလားလို့ လူယုတ်မာစာရင်းသွင်း ပြီး မခေါ်ပြော၊ မပေါင်းသင်း၊ မဆက်ဆံဘဲနေမယ်ဆိုရင် ဒီလူယုတ်မာ တွေဟာ ကောင်းလာကြမှာလည်းမဟုတ်လေတော့ သူတို့ကို ဖျောင်းဖျ တန်ရင် အကြောင်းပြနဲ့ ဖျောင်းဖျ၊ တရားပြတန်ရင်လည်း တရားပြ လို့ ခြိမ်းခြောက်တန်ရင်လည်း ခြိမ်းခြောက်လို့ လုပ်ကြရင် မကောင်း ပေဘူးလား"

"ကိုကိုလည်း တင်လေးလိုပဲ လူ့ကျင့်ဝတ်တရားပျက်ကွက်တဲ့သူ ဆိုရင် မကြည့်ချင်ဘူး။ ခေါ်ဘို့ဝေးစွ ဆွေဆွေမျိုးမျိုး၊ ကြီးကြီးငယ် ငယ် မကောင်းတဲ့လူဖြင့် မကောင်းတဲ့လူပဲရယ်လို့ သဘောထားတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ မကောင်းတဲ့လူတွေသာများနေတော့ စိတ်ဟာ ခက်ထန်လာတာကို တွေ့ရတယ်။

"တော်ရုံတန်ရုံ လူတစ်ဖက်သားမှာ ဒုက္ခရောက်နေရင် မသနားချင်တော့သလိုဖြစ်လာတယ်။ အဲဒါဟာ ကြမ်းကြုတ်ခြင်းရဲ့အစပဲ သူတို့ကို စက်ဆုပ်ရတာနဲ့ ကိုယ့်မှာဒေါသတရားနဲ့ မာနတရားဟာ ကြီးမားမှန်းမသိ ကြီးမားလာပြီး ဒီလူတွေကို မေတ္တာပို့ရမှာ ခက်ခက်လာတယ်။

အဲဒီလောက်အထိဖြစ်လို့ သူတို့ပျက်စီးတာ ယုတ်မာတာကို ကိုယ်ကရှုတ်ချနေရင် ကိုယ်လည်း ဒီလိုပဲ ခက်ထန်ကြမ်းကြုတ်သလိုဖြစ်လာတာပဲ။ နောက်မှ ဖြုဟွစိုရ်တရားလေးပါးကို တတ်နိုင်သမျှ နှလုံးသွင်းပြီး ဟိုလူဒီလူနဲ့ ဆက်ဆံခြင်းပြုရတယ်။ ဒါတောင်ဟိုတုန်းက ခက်ထန်လာတဲ့ စိတ်မာန်တွေဟာ မပျောက်ဘူး။

"အရင်ကဆိုရင် မကောင်းတာလုပ်နေတဲ့လူကိုအပေါင်းအသင်း မလုပ်ဘူး။ သူတို့ကို စက်ဆုပ်ရွံရှာကြောင်းကို ဒီလိုပဲ ပြလိုက်တယ်။ အခုတော့ သနားရတော့တာပဲ။ သူတို့ကို များများမေတ္တာပို့ ရတော့တာပဲ။ ကိုကိုဆိုလိုရင်းက သူတို့အတွက် ဝမ်းနည်းတယ်။ ကိုယ်လည်း ဒီလို မဖြစ်ပါစေနဲ့လို့ မေတ္တာပို့တယ်။ သွန်သင်သတိပေးတယ်။

"အကျင့်ချင်းမတူကြတော့ သူတို့နဲ့ပေါင်းရတာ မသိုးမသန့် တော့ ဖြစ်သေးတာပဲ။ ခက်ထန်လာတဲ့ ကိုယ့်မာနက ပြော့ရစေတော့ အခုတောင်မကျချင်ဘူး။ စက်ဆုပ်ချင်တဲ့စိတ်ဟာ ကိုကို့မှာ ဘယ်လောက် ပြင်းထန်တယ်ဆိုတာ ကိုကို့ဟာကိုကို အံ့ဩမိတယ်။ ရေးသမျှစာတွေမှာလည်း ဒီစက်ဆုပ်တဲ့စိတ်နဲ့ ရေးမိတာဖြစ်နေသေးတယ်။ ကိုယ့်ကိုယ်ကို မေတ္တာများများပို့ရတော့မှာပဲ တင်လေးရော ဒီလိုလူတွေကို မသနားနိုင်ဘူးလား . . ."

*(ဂျာနယ်ကျော်ဦးချစ်မောင်)*

အမြဲရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



မှောင်အတိပြည့်နေသည်ဟု

ဆဲရေးမြည်တွန်နေခြင်းထက်

သင်ကိုယ်တိုင်ဖယောင်းတိုင်တစ်တိုင်

ထွန်းညှိပေးဖို့ ကောင်းပေသည်။

ကွန်ဖြူးရှပ်

အမြုဆောင်လေဗ္ဗာဝေဝဦ

www.burmeseclassic.com

www.burmeseclassic.com



လူချင်းတူရက်သားနဲ့

တချို့က ဉာဏ်ကောင်းပြီး

တချို့က ဉာဏ်ထိုင်းတာ

ဘာကြောင့်ပါလဲဘုရားလို့ မေးတော့

ဘုရားရှင်က ဖြေလိုက်တယ်။

မိမိမသိတာကို မသိတဲ့အလျောက်

မေးမြန်းစုံစမ်းတဲ့သူဟာ

ဖြစ်ရာဘဝ ဉာဏ်ကောင်းပြီး

မမေးမမြန်းဘဲ မြဲပြီးနေတဲ့သူကတော့

ဖြစ်ရာဘဝ ဉာဏ်ထိုင်းသတဲ့။

အမြဲရောင်လေဗ္ဗာဝေဝင်

www.burmeseclassic.com

www.burmeseclassic.com



# မီးစတစ်ဖက် ရေမှုတ်တစ်ဖက်

လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်က မေတ္တာဘာဝနာအရာတွင် ထင်ရှားကျော်ကြားခဲ့သော ဆရာတော်ကြီးတစ်ပါး မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့ဖူးသည်။ တန်အလေးချိန် အလွန်ကြီးမားသော ဗုံးကြီးသုံးလုံး လေယာဉ်ပျံဖြင့်ကြဲချခဲ့သော်လည်း ဆရာတော့်ကျောင်းဝိုင်းထဲ ကျသည်နှင့် ပန်းကုံးသဖွယ် ဖြစ်သွားကြရသည်။ တစ်လုံးမှ မကွဲခဲ့။

တစ်ဖန် စကြံလျှောက်နေသော ဆရာတော်ရော စကြံကျောင်းကိုပါ အဝေးမှပစ်လိုက်သော အမြောက်ဆံတစ်ခုက တည့်တည့်စွတ်မှန်ခဲ့သည်။ အမြောက်ဆံကွဲသံနှင့်အတူ မီးခိုးလုံးကြီးများထပြီး စကြံကျောင်း မီးစွဲလောင်သည်။ ကျောင်းခန်းတွင်းတစ်ခုလုံးမှာလည်း အမြောက်ဆံမှ ဖြာထွက်လာသည့် သံတိုသံစများက မြင်မကောင်းအောင် စိုက်ဝင်နေကြသည်။ သို့သော် စကြံလျှောက်နေသော ဆရာတော်ကိုကား ဘာတစ်ခုမှ မထိမှန်ခဲ့။

ထိုသို့သော လက်တွေ့သတင်းများကြောင့် ဒုတိယကမ္ဘာစစ်အတွင်းက အထက်၊ အောက်စစ်ပြေးဒုက္ခသည်သုံးထောင်ကျော်တို့ ဆရာတော်၏ မေတ္တာရိပ်အတွင်းမှာ လပေါင်းများစွာ ခိုလှုံခဲ့ကြရသည်။ ထိုအချိန်က ဒေါသ၏ လှုံ့ဆော်မှုကြောင့် အဆီးအတားမဲ့ သတ်ချင်တိုင်း သတ်နေကြသော အီတလီနှင့် အဘိဆီးနီးယား(ယခု-အီသီယိုးပီးယား)

www.burmeseclassic.com



နှစ်နိုင်ငံ၏စစ်ပွဲကိုလည်း (၅)ရက်အတွင်း ပြီးဆုံးအောင် မေတ္တာစာတ်ဖြင့် တန့်ရပ်စေခဲ့ဖူးသည်။

ထိုဆရာတော်ကြီးကား အခြားမဟုတ်။ ကမ္ဘာ့အံ့ချီးဖွယ်ရာ စေတီတစ်ဆူဖြစ်သည့် သမ္ဗုဒ္ဓေစေတီတော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့သည့် မုံရွာမြို့၊ မိုးညှင်းဆရာတော်ဘုရားကြီးပင်ဖြစ်တော့သည်။ ၎င်းဆရာတော်ဘုရားကြီး၏ ဒဿနသဘောပါသော ထူးထူးခြားခြား ဩဝါဒတစ်ခုက တစ်ဝမ်းတစ်ခါးအတွက် အကုသိုလ်အလုပ်ကို မလုပ်မဖြစ် လုပ်နေကြရသော တံငါ၊ မုဆိုးများအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့ရသည်။ ထိုဩဝါဒလေးကား -

*"တစ်ဝမ်းတစ်ခါးအတွက် အခြားဘာမှလုပ်မစားတတ်လို့ ငါးပဲဖမ်းစားရပါတယ်ဘုရားဆိုရင်လည်း ဖမ်းပါ။ ငှက်ထောင်စားရပါတယ်ဘုရားဆိုရင်လည်း ထောင်ပါ။ တားလို့မရတော့မယ့်အတူတူတော့ ဘုန်းကြီးက အပြစ်ပြောမနေတော့ဘူး။ သက်သာမယ့်နည်းလမ်းလေးတစ်ခုပဲ ပေးလိုက်တယ်။ အဲဒါက ငါးဖမ်းတာလည်းဖမ်းပါ။ ဒါပေမဲ့ ငါးဖမ်းရင်း သရဏဂုံသုံးပါး ရွတ်ဆိုဆောက်တည်ပါ။ ငှက်ထောင်လည်း ထောင်ပါ။ ဒါပေမဲ့ ငှက်ထောင်ရင်း ဂုဏ်တော်(၉)ပါးရွတ်ဖတ်သရဇ္ဈာယ်ပါ။ ဘာလို့ ဒီလို တိုက်တွန်းရသလဲဆိုရင် အကုသိုလ်ကြားထဲမှာ ကုသိုလ်လေးညှပ်ပါသွားစေချင်လို့ပဲ။ အကုသိုလ်က မကောင်းကျိုးပေးမယ်၊ ကုသိုလ်က ကောင်းကျိုးပေးမယ်။ မကောင်းကျိုးတွေ ကြားထဲမှာ ကောင်းကျိုးလေးပါသွားတော့ နည်းနည်းသက်သာခွင့် ရသွားတာပေ့ါ။*

*အဲဒါ တချို့လူတွေက ဘုန်းကြီးကို ဝေဖန်ကြတယ်။ မီးစ တစ်ဖက်၊ ရေမှုတ်တစ်ဖက် ဘုန်းကြီးတဲ့။ သူတို့ဝေဖန်တဲ့စကားကို ဘုန်းကြီး လက်ခံပါတယ်။ ဘာဖြစ်လို့လက်ခံရသလဲဆိုတော့ စဉ်းစားကြည့်ပါ။ မီးစချည်းပဲဆိုရင် ဘယ်မှာလောင်လို့ပြီးတော့မလဲ။ ရေမှုတ်လေးတစ်ဖက်ပါတော့ အလောင်သက်သာတာပေ့ါ။ ဒါကြောင့် ဘုန်းကြီးကို မီးစတစ်ဖက်၊*



www.burmeseclassic.com

www.burmeseclassic.com



*ရေမှုတ်တစ်ဖက် ဘုန်းကြီးလို့ပြောတဲ့စကားကို ဘုန်းကြီးက ဝမ်းမြောက် ဝမ်းသာ လက်ခံပါတယ်" ဟူ၍။*

ဆရာတော်ကြီးက မလွှဲမရှောင်သာ အကုသိုလ်နဲ့ အသက်မွေးနေကြရတဲ့ လက်လုပ်လက်စားဆင်းရဲသားတွေကို ရည်ရွယ်ပြီးပြောခဲ့တဲ့ ဩဝါဒစကားပဲ။ အမေကြီးတို့လို သန်းချီပြီးချမ်းသာနေတဲ့လူတွေနဲ့ ဘယ်လိုမှ မဆိုင်ဟု ဝင်းလွင်က ယူဆထားသည်။ သို့ပေမယ့် အမေကြီးတို့မိသားစုက ဒီဩဝါဒ အတိုင်း ကျင့်သုံးနေတယ်ဆိုတော့ ဝင်းလွင်စိတ်ထဲ ခိုးလိုးခုလု ဖြစ်နေရသည်။

အမေကြီးတို့နဲ့ ဝင်းလွင်စပြီးသိရသည်က အမေကြီးတို့အိမ်တွင် နှစ်ခန်းတွဲရေလောင်းအိမ်သာလုပ်ရန်အတွက် သွားတွေ့စဉ်ကပင်ဖြစ်သည်။ ကျယ်ဝန်းသောခြံဝန်းကြီးအတွင်းတွင် ခမ်းနားလှသော သုံးထပ်တိုက်ကြီးက ခန့်ညားဝင့်ထည်စွာ အသင့်နေရာယူလျက်ရှိသည်။ ခြံဝင်းနားရောက်သည်နှင့် အပေါက်စောင့်က ဝင်းလွင်ကို သေချာကြည့်ပြီး–

*"ဘယ်သူနဲ့တွေ့ချင်လို့လဲ"*

*"ဒီအိမ်ကအိမ်ရှင် ဒေါ်စောတင့်နဲ့ တွေ့ချင်လို့ပါ"*

*"ဘယ်သူလို့ပြောလိုက်ရမလဲ"*

*"ရေလောင်းအိမ်သာဆောက်မယ့် ပန်းရန်ဆရာလို့ပဲပြောပေးပါ"*

အပေါက်စောင့်ထွက်သွားပြီး ခဏအတွင်း ပြန်လာကာ တံခါးဖွင့်ပေးပြီး–

*"ဟုတ်ကဲ့ ဝင်နိုင်ပါပြီ"*

တိုက်အပေါက်ဝရောက်သည်နှင့် အသက်(၆၀)ကျော်ခန့်အရွယ်ရှိ အသားဖြူဖြူ ခန့်ခန့်ညားညားဥပမိရုပ်ရှိသည့် အမျိုးသမီးကြီးတစ်ဦး ထွက်လာကာ ဝင်းလွင်ကိုတွေ့သည်နှင့်–

*"ဪ– ပန်းရန်ဆရာလေးက ငယ်ငယ်ပဲရှိပါသေးလား။ ကဲ– လာသားလေး အထဲမှာဝင်ထိုင်"*



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ဦးဆောင်ခေါ်သွားပြီး ညွှန်ခန်းတွင် ဝင်းလွင်ကို နေရာချပေးသည်။ လက်ဖက်ရည်နှင့်မုန့်က စားပွဲပေါ်တွင် အသင့်ရောက်နေပြီဖြစ်သည်။

"ကဲ- လက်ဖက်ရည်နဲ့မုန့် သုံးဆောင်ပါဦးကွယ်။ ဒါနဲ့ မောင်ရင်လေး နာမည်ဘယ်လိုခေါ်ပါလိမ့်"

"မောင်ဝင်းလွင်ပါခင်ဗျာ"

"အိမ်ထောင်တွေဘာတွေကျပလားကွဲ့"

"ဟုတ်ကဲ့- ကလေးနှစ်ယောက်ရပါပြီ"

"ရတဲ့လက်ခနဲ့ လောက်လောက်ငငရှိရဲ့လားကွဲ့"

"နေဖြစ်ရုံပါပဲ အမေကြီးရယ်။ ကျွန်တော်က ယောက္ခမအိမ်မှာ နေရတာဆိုတော့ အိမ်လခတွေဘာတွေတော့ မကုန်ဘူးပေါ့ခင်ဗျာ"

"အေးအေး အမေကြီးလို့ခေါ်တာပဲကောင်းပါတယ်။ မောင်ဝင်းလွင်က အမေကြီးရဲ့ မြေးအရွယ်ရှိတာပဲလေ။ ကဲ-စျေးစကား ပြောကြရအောင်။ အမေကြီးက ပုတ်ပြတ်ပဲလုပ်ချင်တယ်။ နေ့စားမကြိုက်ဘူး။ အဲဒီတော့ နှစ်ခန်းတွဲရေလောင်းအိမ်သာကို အားလုံးပြီးတဲ့အထိပေါ့လေ။ မောင်ဝင်းလွင် လက်ခဘယ်လောက်ယူမလဲ"

"ဆားပစ်ကျင်းက တူးပြီးသားလား။ ဒါမှမဟုတ် ကျွန်တော်က တူးပေးရမှာလား"

"တူးပြီးသားကွဲ့။ မောင်ဝင်းလွင်က အုတ်စီပြီးအချောကိုင်ရုံပဲ"

"အဲဒါဆိုရင် လက်ခသောင်းနှစ်ထောင်ကျပါတယ်"

"မင်းဟာ မနည်းလွန်းဘူးလားကွဲ့"

"ခင်ဗျာ"

ဝင်းလွင် မတွေးတတ်အောင်ဖြစ်သွားသည်။ သူ့နားလည်း အကြားမမှားလောက်ပါဘူး။ မများလွန်းဘူးလားပြောရမယ့်ဟာ မနည်းလွန်းဘူးလားတဲ့။ စျေးများနေလို့ ငေါ်ပြီးများမေးလိုက်လေသလားဟု ဝင်းလွင် မဝေခွဲနိုင်

ဖြစ်နေစဉ်မှာပင် အမေကြီးက–

*"မြို့ကြီးပေါ်နေပြီး စီးပွားရှာနေသူတွေပဲကွယ်။ ဘယ် အ လိမ့်မလဲ။ တလောကမိတ်ဆွေတစ်ယောက်အိမ်မှာ လုပ်ပြီးသွားတဲ့ ရေလောင်းအိမ်သာ လက်ခကို စုံစမ်းကြည့်တော့ (၁၅၀၀၀ိ/)တဲ့။ ဒါနဲ့ အိမ်မှာပန်းရန်ဆရာ နှစ်ယောက်ခေါ်မေးကြည့်တော့ တစ်ယောက်က (၂၅၀၀၀ိ/–)တဲ့။ တစ်ယောက်က (၂၂၀၀၀ိ/–)တဲ့။*

*မရိုးသားလို့ တစ်ယောက်မှ မငှားလိုက်ဘူး။ အခုမောင်ဝင်းလွင်က တတိမြောက်ပေါ့။ ကဲ–မောင်ဝင်းလွင်ကလည်း ရိုးရိုးသားသားနဲ့ ဈေးမှန်ကို ပြောတော့ အမေကြီးကလည်းရိုးသားတဲ့စိတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ သောင်း ရှစ်ထောင်ပေးမယ်။ မနက်ဖြန်ခါကစပြီး ဆင်းပေတော့ ဟုတ်လား"*

*"ဟုတ်ကဲ့–ကျေးဇူးတင်ပါတယ်ခင်ဗျာ"*

သူ့လုပ်သက်ဆယ်နှစ်အတွင်း ဒီလိုသဘောထားပြည့်သော အလုပ်ရှင်ကို ဝင်းလွင်တစ်ယောက် တစ်ခါမှမတွေ့ဘူးသဖြင့် အမေကြီးနှင့် စတွေ့သောနေ့ကို အံ့ဩဝမ်းသာစရာ အကောင်းဆုံးနေ့အဖြစ် ဝင်းလွင် ရင်ထဲတွင် မှတ်တမ်းတင်ထားမိသည်။

အမေကြီးခင်ပွန်းဆုံးသွားတာ အတော်ကြာပြီဟုသိရသည်။ ယခု လောလောဆယ် သားနှစ်ယောက်က စီးပွားရေးလုပ်ငန်းမှာ ဦးဆောင် နေသည်ဟု ဆိုသည်။ ဘာစီးပွားရေးဆိုတာတော့ ဝင်းလွင်မသိ။ အလုပ် ဆင်းပြီး နှစ်ပတ်လောက်အကြာမှာမှ အမေကြီးတို့မိသားစု၏ ကြောက်စရာ ကောင်းလှသော စီးပွားရေးကို ဝင်းလွင် တစေ့တစောင်း သိခွင့်ရခဲ့သည်။

ထိုနေ့က အမေကြီး၏သားနှစ်ယောက် မနက်ပိုင်းတစ်ပိုင်းလုံး အလုပ်များနေကြသည်။ အိမ်က ကိုယ်ပိုင်ကားလေးနှစ်စင်းဖြင့် ဝင်လာလိုက် ထွက်သွားလိုက်ဖြင့် အလုပ်လုပ်ရင်းကြည့်နေမိသော ဝင်းလွင်ပင် ဘယ်နှစ် ခေါက်မှန်း မမှတ်မိတော့။ ပစ္စည်းတစ်ခုခုကို အလောတကြီးသယ်နေသည် ဆိုတာကိုတော့ မှန်းဆလို့ရသည်။

www.burmeseclassic.com



နေခင်းပိုင်းနှစ်ချက်တီးလောက်မှ အဖြေကပေါ်သည်။ ရဲကားနှစ်စီး တစ်ပြိုင်တည်းရောက်လာကာ အိမ်နောက်ဖေးတွင်တစ်စီး၊ အိမ်ရှေ့တွင်တစ်စီး ပိတ်ရပ်လိုက်ပြီးလျှင် စခန်းမှူးနှင့်တကွ ရဲသားဆယ်ယောက်ခန့်တို့ အိမ်ပေါ်အိမ်အောက် မြေအောက်ခန်းပါမကျန် ပိုက်စိပ်တိုက် ရှာဖွေနေသည်ကိုတွေ့ရသည်။

သိချင်စိတ်ကို ဝင်းလွင် တားဆီး၍မရတော့။ ထို့ကြောင့်ပင် ဝင်းတံခါးမှာ အစောင့်ချထားသော အသက်ခပ်ငယ်ငယ် ရဲသားလေးတစ်ယောက် ထံသွားပြီး မေးမိတော့သည်။

*"ညီလေးတို့ ဘာရှာတာလဲကွ"*

ရဲသားလေးက တိုတိုပြတ်ပြတ်ပဲ ဖြေလိုက်သည်။ နှစ်လုံးထဲ။ ဘိန်းဖြူ တဲ့။

*"ဘုရား ဘုရား"*

ဝင်းလွင်ဘုရားတမိသည်။ သူ့ဘဝသက်တမ်းတစ်လျှောက် စိတ်ထားအကောင်းဆုံးအလုပ်ရှင်ဟု ယူဆထားသော အမေကြီးမှာ အခုတော့ အဆိုးဝါးဆုံးလုပ်ငန်းရှင်ကြီး ဖြစ်နေပါရောလား။

သူငယ်ငယ်ကကြည့်ခဲ့ရသော "ငါးမည်ရတင်သိန်း" ဇာတ်ထဲမှ ဒဿနပါသည့်အော်ပရာတစ်ခုကို သွားအမှတ်ရသည်။ ထိုအော်ပရာ၏ လိုရင်းအချုပ်က နာမည်ကြီးပန်းချီဆရာကြီးတစ်ဦးသည် နောင်မျိုးဆက်သစ် လူငယ်များအတွက် အကောင်းဆုံးနှင့် အဆိုးဆုံးကိုခွဲခြားပြမည့် သမိုင်းဝင် ပန်းချီကားကြီးနှစ်ချပ်ကို ရေးသားထားခဲ့လိုသည်။ ထို့ကြောင့် သူကိုယ်တိုင် အပင်ပန်းခံ၍ ပထမဆုံး စိတ်သဘောထား အကောင်းဆုံးဆိုသော လူကို တွေ့အောင်ရှာသည်။

တွေ့ပါပြီ။ တောကြီးမျက်မည်းထဲမှာ အဖော်မမိုး တစ်ကိုယ်တည်း တရားကျင့်ကြံနေသော နုနုနယ်နယ် ရဟန်းတော်လေးတစ်ပါး။ မိဘများ၏ ကြီးကြွယ်လှသော စည်းစိမ်ချမ်းသာများကို စွန့်ပစ်ခဲ့သည်။ ဘာမှမရှိမှု

www.burmeseclassic.com



သည်သာ ချမ်းသာအစစ်ဟူသော အယူအဆအတိုင်း အပေါ်စားတဲကျောင်းလေးပင် မဆောက်။ နွေခါဆောင်းခါ သစ်ပင်အောက်မှာနေသည်။ မိုးခါကျတော့ လိုဏ်ဂူထဲမှာနေသည်။

ကြည်လင်ဝင်းပပြီး အေးမြလှသော ရဟန်းတော်လေး၏ မျက်နှာတော်ကို သေချာကြည့်ပြီးလျှင် ပန်းချီကျော်ကြီးက သူ၏သမိုင်းဝင် အကောင်းဆုံးလူ ပန်းချီကားကို ရေးဆွဲလိုက်သည်။ အကောင်းဆုံးလူ ပန်းချီကားကို ရေးဆွဲပြီးသွားသော်လည်း အဆိုးဆုံးလူ ပန်းချီကားကိုကား တော်တော်နှင့် မဆွဲနိုင်ဖြစ်နေရသည်။

တခြားကြောင့်တော့မဟုတ်။ အဆိုးဆုံးဟုယူဆရသောလူကို တော်တော်နှင့် မတွေ့နိုင်ဖြစ်နေသောကြောင့်ပင်။ နှစ်ပေါင်း အတော်ကြီးကြာမှ အဆိုးဆုံးဟုယူဆရသော လူ၏သတင်းကို ပန်းချီဆရာကြီး ရသွားသည်။ သတင်းကတိကျသည်။ သူလိုချင်သော အချက်များနှင့် အားလုံးကိုက်ညီနေသည်။ ဒီလူထက် ဆိုးသောလူကတော့ လောကမှာ ရှိနိုင်မည်မဟုတ်တော့။ ကြည့်ပါဦး သူ၏ပြစ်ချက်များကို။

ခိုးဆိုးတိုက်ခိုက်လုယက်ပြီး အသက်မွေးသည်။ အသောက်အစား၊ အပျော်အပါး လောင်းကစားနှင့်သာ အချိန်ကုန်နေသည်။ သူစိမ်းသူများကို မဆိုထားနှင့် မိဘနှစ်ပါး၊ သားနှင့်မယား၊ လေးယောက်လုံးကို တစ်ပြိုင်တည်း သတ်ဖြတ်ခဲ့သည်။ ယခု ဘုရင့်တပ်မတော်သားများက မိလာသဖြင့် တောင်စွယ်နေကွယ်လျှင် ဓားခုတ်အသတ်ခံရတော့မည်။

အချိန်သိပ်မရတော့။ ပစ္စည်းအစုံယူကာ တပည့်လက်သားအချို့နှင့် သူသာန်သို့ အပြေးနှင်ရတော့သည်။ လာကြည့်သောပရိသတ်များကိုလည်း အကောင်းဆုံးလူနှင့် အဆိုးဆုံးလူကို ချက်ခြင်းယှဉ်ပြနိုင်ရန် အကောင်းဆုံးလူ ပန်းချီကားကြီးကို တစ်ခါတည်းယူလာစေခဲ့သည်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးဗရပျစ်နှင့် လူမိုက်ကြီးကို တွေ့သောအခါ ပန်းချီဆရာကြီးက သူ၏ရည်ရွယ်ချက်ကိုရှင်းပြပြီး ပန်းချီဆွဲခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ရာ လူမိုက်ကြီးက ခွင့်ပေးပါသည်။ သို့ပေမယ့် သူပုံမရေးဆွဲမီ အကောင်းဆုံး လူ၏ပုံကို သူ့အား ပြစေချင်ပါသည်ဆိုသဖြင့် ပန်းချီဆရာကြီးက ယူပြ လိုက်ရာ အကောင်းဆုံးလူပုံကို သေချာကြည့်ပြီး ပြောလိုက်သောစကားက–

အကောင်းဆုံးလူနဲ့ အဆိုးဆုံးလူဟာ တစ်ယောက်တည်း ဖြစ်နေ တာကတော့ သဘာဝမကျပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ပန်းချီဆရာ ကြီး အကောင်းဆုံးလူဆိုပြီး ရေးဆွဲထားတဲ့ နုနယ်တဲ့ရဟန်းတော်လေးရဲ့ ပုံဟာ သူယေယေကပုံ ဖြစ်နေလို့ပါပဲတဲ့။ အဲဒီရဟန်းဘဝက လူထွက်ပြီးမှ ယခုလို လူမိုက်ကြီးဘဝ ဖြစ်ခဲ့ရတဲ့အကြောင်းရှင်းပြလိုက်တဲ့အခါမှာ ပန်းချီဆရာကြီးဟာ အံ့သြလွန်းလို့ ပန်းချီဆက်မဆွဲနိုင်တော့ဘဲ လက်ထဲက စုတ်တံဟာ လွတ်ကျသွားခဲ့ရသတဲ့။

ယခုလည်း သူအထင်ကြီးလေးစားခဲ့ရတဲ့ အမေကြီးဟာ ဘိန်းဖြူ အရောင်းအဝယ်လုပ်နေတာဆိုတော့ သူတို့ဆီကရမယ့်ငွေတွေကိုတောင် ဝင်းလွင် မသတီချင်ဖြစ်လာမိသည်။ တစ်နာရီခွဲ၊ နှစ်နာရီနီးပါး ရှာကြသော် လည်း ဘာမှမတွေ့သည့်အဆုံး ရဲကားနှစ်စီးလုံး ပြန်ထွက်သွားကြသည်။ ထူးခြားချက်နှစ်ခုကိုလည်း ဝင်းလွင် သတိထားလိုက်မိသည်။ ပထမ တစ်ခုက ရဲသားခြောက်ယောက်လောက် အိမ်ထဲဝင်လာပြီး ပိုက်စိပ်တိုက် ရှာသော်လည်း အမေကြီးနှင့်တကွ အိမ်သားအားလုံး တစ်ချက်ကလေးမှ မျက်နှာပျက်မသွား ခြင်းပင်။ ဒုတိယတစ်ခုက ဝင်းလွင်တို့လို ရပ်ကွက်မျိုးဆို လျှင် ရဲကားနှစ်စီး မပြောနှင့် ရဲသားနှစ်ယောက်လောက် အိမ်တစ်အိမ်ကို ဝင်သွားပြီဆိုသည်နှင့် လူတွေ တိုးမပေါက်အောင် ဝိုင်းအုံကြည့်ကြသည်။

ယခုအမေကြီးတို့အိမ်ကို ရဲကားနှစ်စီးဝိုင်းထားပြီး ရဲတွေဝင်ရှာနေကြ သော်လည်း ဘယ်အိမ်ကလူတစ်ယောက်မှ ထွက်မကြည့်ကြ။ အဘယ် ကြောင့်နည်း။ ဝင်းလွင်တွေးလို့မရ။ သည်အိမ်ကိုအလုပ်ဝင်ခါမှ ဝင်းလွင် တစ်ယောက် ဉာဏ်မမီသော ပဟေဠိတွေနဲ့ချည်း တွေ့နေရသည်။

ရေလောင်းအိမ်သာပြီး၍ ငွေအကြေချေသောနေ့တွင် ဝင်းလွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ပဟောဌိတစ်ရပ်ကို ထပ်တွေ့ရပြန်ပါသည်။

*"ကဲ-မောင်ဝင်းလွင် ဟောဒီမှာကျန်နေတဲ့ရှစ်ထောင်။ မင်း အသုံး ယူထားတာက တစ်သောင်းနဲ့ဆိုတော့ သောင်းရှစ်ထောင် ပြည့်သွားပြီပေါ့ ဟုတ်လား။ ရော့ ဒီနှစ်ထောင်က မောင်ဝင်းလွင်ရဲ့ ကလေးနှစ်ယောက် အတွက် အမေကြီး မုန့်ဖိုးပေးတာပေါ့"*

*"ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်ခင်ဗျာ"*

*"မောင်ဝင်းလွင်နဲ့ နောက်ထပ်အလုပ်တစ်ခုစကားပြောချင်တယ်။ မောင်ဝင်းလွင်ရဲ့ ရိုးသားတဲ့စိတ်ခာတ်ကို အမေကြီးကသိသွားပြီလေ။ အဲဒါကြောင့် နောက်အလုပ်ကိုလည်း မောင်ဝင်းလွင်ကိုပဲ ခိုင်းချင်တယ်။ ဒီတစ်ခါ လုပ်ရမှာက ဒီမြို့မှာမဟုတ်ဘူး။ အမေကြီးတို့ဇာတိရွာမှာ ဘုန်းကြီးကျောင်း ဆောက်ရမှာ။ အမေကြီးတို့က တစ်ဦးတည်းဒကာပေါ့"*

*"ပေလေးဆယ်၊ ပေခြောက်ဆယ် နှစ်ထပ်တိုက်ကျောင်းပေါ့။ ဟောဒီပုံအတိုင်း လိုချင်တယ်"*

အမေကြီးက သူတို့လိုချင်သောကျောင်းပုံကို ရိုက်ထားသည့်ဓာတ်ပုံ သုံးပုံကို မောင်ဝင်းလွင်အားထုတ်ပြသည်။ သည်မြို့မှာက ရန်ကုန်မြို့မှာလို ကန်ထရိုက်တို့၊ အင်ဂျင်နီယာတို့ကို သိပ်မသုံး။ ပန်းရံဆရာ၊ လက်သမား ဆရာတို့ကိုသာ မိမိတို့လိုချင်သောပုံကိုပြ၍ အပြီးဆောက်ခိုင်းကြသည်သာ များသည်။ ဝင်းလွင် ဓာတ်ပုံများကိုကြည့်ပြီးသည်နှင့် အမေကြီးက-

*"လက်သမားအတွက်ကတော့ မောင်ဝင်းလွင်မှာ အဆက်အသွယ် ရှိရင်လည်း နောက်နေ့မှခေါ်ခဲ့ပေါ့။ အခုသိချင်တာက တိုက်ပြီးတဲ့အထိ ပန်းရန်လက်ခ ဘယ်လောက်ယူမလဲဆိုတာပဲ"*

*"တစ်သိန်းခွဲပါအမေကြီး"*

*"အေး- မများဘူး။ အမေကြီးသဘောတူတယ်။ ဒီစာချုပ်မှာ လက်မှတ်ထိုးကြတာပေါ့"*

စာချုပ်စာတမ်းကိစ္စပြီးသွားသည်နှင့် ဝင်းလွင်က အမေကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး–

*"လက်ခရော ပစ္စည်းဖိုးရောအပြီးအစီးဆိုရင် ဘယ်လောက်ကုန်မယ်လို့ အမေကြီး မှန်းထားပါသလဲ"*

*"သိန်းလေးဆယ်ပျော့ပျော့တော့ အသာလေးကုန်မှာပေါ့"*

*"အမေကြီးတို့က တော်တော်လှူနိုင်တာပဲနော်"*

*"လှူရမယ် မောင်ဝင်းလွင်။ အကုသိုလ်နဲ့ စီးပွားရှာရတဲ့အမေကြီးတို့အတွက် ကုသိုလ်ကို သူများထက်ပိုလုပ်ရမယ်လေ။ ဒါမှလည်း သက်သာခွင့်ရမှာပေါ့ကွယ်"*

*"ဟုတ်ကဲ့ ကျွန်တော်ပြန်လိုက်ပါဦးမယ် အမေကြီး"*

ညှိုးလျှသွားသောအမေကြီးမျက်နှာကို ဆက်မကြည့်ရက်တော့သဖြင့် ဝင်းလွင်ချက်ခြင်းသုတ်ချေတင်ထွက်ခဲ့တော့သည်။ သူ့ဉာဏ်ဖြင့် မဖြေရှင်းနိုင်သောပဟေဠိများကလည်း ခေါင်းထဲတွင် အစီအရီ ပေါ်လို့နေသည်။ သူတစ်ပါးကို တငွေ့ငွေ့သေစေသည့် ဘိန်းဖြူကို အရောင်းအဝယ် လုပ်နေသူများ ပြုသောကုသိုလ်သည် ကောင်းကျိုးပေးနိုင်ပါဦးမလား။ ကုသိုလ်နှစ်မျိုးအနက် ဘယ်အရာက အရင်အကျိုးပေးမည်နည်း။

သို့မဟုတ် တစ်ပြိုင်နက် အကျိုးပေးမလား။ တစ်ပြိုင်နက် အကျိုးပေးရင် ဘယ်နည်းပေးမလဲ။ ဝင်းလွင်မစဉ်းစားတတ်။ ထို့ကြောင့်လည်း အိမ်သို့သွားမည့်ခြေလှမ်းများက အစ်ကိုဘုန်းကြီးရှိရာ ကျောင်းသို့ ဦးတည်လိုက်တော့သည်။ အေးအေးဆေးဆေးမေးမြန်းချိန်ရအောင် ဧည့်သည်တွေရှုပ်မနေပါစေနဲ့ဟုသာ ဆုတောင်းရတော့သည်။ သူ့ဆုတောင်းပြည့်ပါသည်။ ကျောင်းရောက်တော့ ဘုရားခန်းမှာ ဆရာတော်တစ်ပါးတည်း စာကြည့်နေသည်ကို တွေ့လိုက်ရသည်။

ဘုရားကိုဦးချ။ ထို့နောက် ဆရာတော်ကို ဦးချပြီးသည်နှင့် –

*"တပည့်တော်မေးစရာရှိလို့ ဆရာတော့်ကျောင်း ဝင်လာတာပါဘုရား"*



www.burmeseclassic.com

www.burmeseclassic.com



"အေး–ကောင်းတာပေါ့။ မေးမြန်းတော့ ဉာဏ်ပွားဆိုတဲ့စကားဟာ ဘုရားဟောကွ။ ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်မှာ သုဘလုလင်က ဘုရားကိုမေးသတဲ့။ အရှင်ဘုရား။ လူချင်းတူရက်သားနဲ့ တချို့က ဉာဏ်ကောင်းပြီး တချို့က ဉာဏ်ထိုင်းတာ ဘာကြောင့်ပါလဲ ဘုရားလို့မေးတော့ ဘုရားရှင်က ဖြေလိုက်တယ်။ မိမိမသိတာကို မသိတဲ့ အလျောက် မေးမြန်းစုံစမ်းတဲ့သူဟာ ဖြစ်ရာဘဝဉာဏ်ကောင်းပြီး မမေး မမြန်းဘဲ မြုပ်ပြီးနေတဲ့ သူကတော့ ဖြစ်ရာဘဝ ဉာဏ်ထိုင်းသတဲ့။ ဒါကြောင့် မင်းလည်း ကိုယ်မသိတာ အခုလိုလာမေးတော့ မင်းအတွက် အခုဘဝရော၊ နောက်ဘဝအတွက်ပါ ကောင်းတာပေါ့။ ကဲမေးချင်တာ မေးစေဗျား။ ဒီကလည်း ဖြေနိုင်တာဆို ဖြေလိုက်ပါ့မယ်"

"တခြားတော့မဟုတ်ဘူးဘုရား။ အခုတပည့်တော် အလုပ်ဆင်းနေတဲ့ အလုပ်ရှင်ဟာ ဘိန်းဖြူရောင်းဝယ်ပြီး အကုသိုလ်နဲ့ အသက်မွေးတယ်။ ဒါပေမယ့် ဘုန်းကြီးကျောင်းတွေဘာတွေလည်း ဆောက်လှူတယ်ဘုရား။ အဲဒီတော့ သူ့မှာ ကုသိုလ်အကုသိုလ် ဒွန်တွဲနေတယ်ဘုရား။ အကျိုးပေးတဲ့ အခါ ဘယ်သူကအရင် အကျိုးပေးမလဲ။ ပြီးတော့ ဘယ်ပုံဘယ်နည်း အကျိုးပေးမလဲ။ အဲဒါ တပည့်တော်သိပ်သိချင်ပါတယ်ဘုရား"

"အေး–ကမ္မဝိပါကော အစိန္တိယောတဲ့။ ကံရဲ့အကျိုးပေးဟာ မကြံစည် နိုင်လောက်အောင် အင်မတန်ဆန်းကျယ်တယ်ကွ။ အဲဒီတော့ မင်းတို့ငါတို့ သိနိုင်ရုံ ဉာဏ်သက်ဝင်နိုင်ရုံရှင်းကြတာပေါ့ကွာ။ ဝတ္ထုသာဓက လေးတွေပြပြီး သေချာရှင်းမှ နားလည်မှာဆိုတော့ အချိန်တော့ပေးရလိမ့် မယ်"

"ဘယ်လောက်ကြာကြာပါဘုရား။ တပည့်တော် ကျောင်းမှာ ညအိပ်ချင် အိပ်ရပါစေ"

"အေး–ဟုတ်ပြီ။ ဒီလိုဆိုတော့လည်း သေချာရှင်းရတာပေါ့။ မင်းပြောသလို ကုသိုလ်၊ အကုသိုလ်နှစ်ခုရောလုပ်တဲ့ကံကို မိဿကကံ



www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်တယ်။ မိဿကကဲ့ဟာ အကျိုးပေးတဲ့အခါမှာလည်း ရောပြီး အကျိုးပေးတာများတယ်။ သာဓကနှစ်ခုထုတ်ပြမယ်။ တစ်ခုက ဓမ္မပဒအဋ္ဌကထာမှာလာတယ်။ ပုတိဂတ္တတိဿမထေရ်တဲ့။ မြန်မာလို ပုပ်ညှီဟောင်သောခန္ဓာကိုယ်ရှိသည့် တိဿမထေရ်ပေါ့။

"သူဟာ သူဌေးသားတစ်ယောက်ပါပဲ။ တစ်နေ့တော့ ဘုရားရှင်တရားကို နာကြားပြီး သံဝေဂရသွားလို့ မိဘများထံခွင့်တောင်းပြီး ဘုရားရှင်ထံမှာ ရဟန်းပြုတယ်။ ဘွဲ့အမည်က တိဿပေါ့။ ရဟန်းပြုလို့မှ မကြာဘူး ခန္ဓာကိုယ်ပေါ်မှာ အဖုသေးလေးတွေ တစ်ကိုယ်လုံးပေါက်လာတယ်။ နောက်အဖုလေးတွေက သေးရာကနေ တဖြည်းဖြည်းကြီးလာတယ်။

"ဘယ်လောက်ထိကြီးလာသလဲဆိုရင် ဥသျှစ်သီးအရွယ်လောက်ထိရောက်အောင်ကြီးလာတယ်။ နောက်အဖုကြီးတွေက ပြည်မှည့်ပြီးပေါက်ထွက်ကုန်တော့ သွေးပုပ်တွေရော ပြည်တွေရော သူ့ကိုယ်မှာ စို့ရွှဲနေတော့တာပေါ့။ ပိုပြီးဆိုးတာက အဲဒီအဖုကြီးတွေပေါက်ပြီး မရှေးမနှောင်းမှာပဲ သူ့ခန္ဓာကိုယ်မှာ ရှိတဲ့အရိုးတွေဟာ တစ်စစီအကုန်ကျိုးထွက်ကုန်တယ်။

"ဒီတော့ ပက်လက်ကနေ လှုပ်လို့တောင်မရရှာတော့ဘူး။ ခန္ဓာကိုယ်ကလည်း သွေးပုပ်ပြည်ပုပ်တွေနဲ့ နံစော်နေတော့တယ်။ ဘယ်ရဟန်းမှ မပြုစု နိုင်ဘဲ ဒီအတိုင်းပစ်ထားလိုက်ကြသတဲ့။ ဝဋ်ကြွေးရှိရှာတော့ မသေဘဲ ဒီအတိုင်းကြီး ခံနေရရှာတယ်။ တစ်နေ့တော့ ဘုရားရှင်သိတော်မူလို့ အရှင်အာနန္ဒာ ကိုခေါ်ပြီး ကိုယ်တိုင်လာပြုစုရှာတယ်။

"ညစ်ပတ်နေတဲ့သင်္ကန်းတွေ ရေနွေးနဲ့လျှော်ပေး၊ ပုတိဂတ္တတိဿမထေရ်ရဲ့ခန္ဓာကိုယ်က အညစ်အကြေးတွေကိုလည်း ရေနွေးဝတ်နဲ့တိုက်ပေးနဲ့ပေါ့။ အဲဒီလိုပြုစုပေးလို့ ပုတိဂတ္တတိဿမထေရ်ရဲ့ စိတ်ဓာတ်လေး တက်ကြွရွှင်လန်းလာပြီဆိုတဲ့အခါကျမှ တရားဟောတော်မူလို့ တရားအဆုံးမှာ ရဟန္တာဖြစ်တော်မူပြီး ချက်ချင်းပဲ ပရိနိဗ္ဗာန်စံသွားတယ်။

အာမြူ ၉ ရောင်စေတ္တာ ၁၁ ၈ ၃

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှ ရဟန်းတော်များက ပုတိဂတ္တတိဿမထေရ်ဟာ ရဟန္တာဖြစ်လောက်တဲ့ ကုသိုလ်ကံတွေ ပါနေပါလျက်နဲ့ ဘာကြောင့်ဆင်းရဲလှတဲ့ ဒီဝေဒနာကြီးကို ခံစားသွားရတယ်ဆိုတာ ဟောကြားပေးတော်မူပါဘုရားလို့ လျှောက်ထားကြလို့ ဘုရားရှင်က နောက်ကြောင်းကို ရှင်းလင်းဟောကြားတော်မူတယ်။

"ဒီမထေရ်ဟာ လွန်ခဲ့တဲ့ဘဝတစ်ခုတုန်းက ငှက်မုဆိုးတစ်ဦးဖြစ်ခဲ့ဖူးသတဲ့။ အဲဒီဘဝတုန်းက ငှက်တွေထောင်ဖမ်းပြီး ရှင်ဘုရင်ပွဲတော်စာအတွက် သတ်ပေးရသတဲ့။ ပိုလာတဲ့ငှက်တွေကိုတော့ နောက်တစ်နေ့ ဈေးထဲမှာ လတ်လတ်ဆတ်ဆတ်ရောင်းနိုင်အောင် အိမ်ထဲမှာ အရှင်အတိုင်းလှောင် ထားတယ်။ ဒါပေမဲ့ ပျံမပြေးနိုင်အောင် အတောင်ပံတွေ၊ ခြေထောက်တွေကိုတော့ ချိုးဖွဲ့ထားတယ်။ ဒါက သူပြုခဲ့တဲ့ အကုသိုလ်ကံတွေပေါ့။ တစ်နေ့တော့ ရဟန္တာတစ်ပါး ဆွမ်းခံကြွလာတာတွေ့တော့ သဒ္ဓါပေါက်ပြီး သူသတ်ဖြတ်ပြီး ချက်ထားတဲ့ငှက်သားဟင်းနဲ့ ဆွမ်းလှူလိုက်တယ်။ ပြီးတော့ အရှင်ဘုရားတို့ သိမြင်အပ်သောတရားထူးတရားမြတ်ကို သိရပါလို၏လို့လည်း ဆုတောင်း လိုက်တယ်။ အဲဒါကတော့ သူပြုခဲ့တဲ့ကုသိုလ်ပေါ့။

"အဲဒီဘဝကသေတော့ ငရဲကျ၊ ငရဲကလွတ်တော့ ဒီဘုရားရှင်လက်ထက်မှာ လူလာဖြစ်။ ရဟန်းပြုတော့ ပုတိဂတ္တတိဿမထေရ်ဆိုတာဖြစ်လာတာပေါ့။ ငှက်တွေရဲ့အတောင်ပံတွေ၊ ခြေထောက်တွေကို ချိုးခဲ့တဲ့ အကုသိုလ်ကြောင့် သူ့တစ်ကိုယ်လုံးမှာရှိတဲ့ အရိုးတွေဟာ ကျိုးပဲ့ရတယ်။ နောက်ပြီးတစ်ကိုယ်လုံးပုပ်ညှီဟောင်နံ့နေတဲ့ ရောဂါကြီးကိုလည်း မချိမဆံ့ခံစားရတယ်။

"ရဟန္တာကိုဆွမ်းကပ်ပြီး အရှင်ဘုရားတို့သိမြင်အပ်သော တရားထူးတရားမြတ်ကို သိရပါလို၏လို့ ဆန္ဒပြုခဲ့တဲ့ကုသိုလ်ဆုတောင်းကြောင့် ဘုရားရှင်ရဲ့တရားအဆုံးမှာ ရဟန္တာဖြစ်တော်မူသွားရတယ်။

"နောက်တစ်ခုကတော့ ပေတဝတ္ထုပါဠိတော်၊ ခလ္လာတိယပေတ



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုမှာ သွားတွေ့တယ်။

"တစ်ခါတော့ သာဝတ္ထိမြို့က သင်္ဘောသားခုနစ်ရာကျော်တို့ဟာ ကုန်ရောင်းကုန်ဝယ်လုပ်ဖို့အတွက် သင်္ဘောတစ်စီးနဲ့ သမုဒ္ဒရာထဲကို ထွက်ခဲ့ကြတယ်။ သမုဒ္ဒရာထဲ တော်တော်လေးရောက်တော့ လေပြင်း မုန်တိုင်းမိပြီး သင်္ဘောဟာ သွားလိုတဲ့လမ်းကလွဲပြီး မျောချင်ရာမျောထွက် သွားတယ်။ လေငြိမ်သွားတဲ့အချိန်ကျတော့ သူတို့သင်္ဘောဟာ သူတို့ တစ်ခါမှ မရောက်ဖူးသေးတဲ့နေရာမှာရောက်နေတာကို တွေ့လိုက်ရတယ်။

"အံ့သြစရာကောင်းတာက သူတို့ သင်္ဘောရှေ့တည့်တည့်မှာ ရွှေအတိပြီးတဲ့ ရောမဗိမာန်ကြီးတစ်ခုဟာ သမုဒ္ဒရာရေပြင်ထက် ပေါ်ထွက် နေတာကို တွေ့လိုက်ရတာပဲ။ သင်္ဘောသားတွေလည်း အံ့သြလွန်းလို့ ဗိမာန်ပေါ်ကို သူ့ထက်ငါဦးအောင်တက်ကြည့်ကြတော့ ပိုပြီးအံ့သြစရာ ကောင်းတဲ့ မြင်ကွင်းတစ်ခုကို မြင်ကြရပြန်တယ်။

"ဘာလဲဆိုတော့ အသား၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ ဆံပင်၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရွယ်၏ကောင်းခြင်းလို့ခေါ်တဲ့ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံပြီး နတ်သမီးတမျှ ချောမောလှပတဲ့ ဗိမာန်ပိုင်ရှင် မိန်းကလေးတစ်ဦးကို တွေ့လိုက်ကြရတာပဲ။

"အံ့သြစရာကောင်းတဲ့ကြားထဲမှာ ထူးခြားတာတစ်ခု ထပ်ပါလာပြန် တာက အဲဒီမိန်းကလေးရဲ့ခန္ဓာကိုယ်မှာ ဘာအဝတ်အစားမှမရှိတာဘဲ။ အဲဒီမှာတင် သင်္ဘောသားတွေလည်း အံ့သြလွန်းလို့ ဗိမာန်ရှင်မိန်းကလေးရဲ့ အတိတ်အကြောင်းတွေကို မေးကြည့်တဲ့အခါမှာ သူပြန်ပြောပြတာက

"သူဟာ အတိတ်ဘဝတစ်ခုတုန်းက ဗာရာဏသီပြည်မှာ ခန္ဓာကိုယ် ကိုမှီပြီး အသက်မွေးရတဲ့ အင်မတန်ချောမောလှပပြီး ဘယ်မိန်းကလေးမှ မမီနိုင်တဲ့ ဆံကေသာအလှပိုင်ရှင်လေး ဖြစ်ခဲ့ပါသတဲ့။ အဲဒီဆံပင်အလှ ကြောင့် မြို့မှာရှိတဲ့ လူပျိုတွေရော၊ လူအိုတွေရော သူ့အနားက မခွာနိုင်ဖြစ် နေကြတော့ တခြားမိန်းကလေးတွေကမနာလိုဖြစ်ပြီး သူ့အိမ်ကအစေခံမကို

အမြူရောင်မေတ္တာစာစဉ်

www.burmeseclassic.com



လာဘ်ထိုးပြီး သူ့ရဲ့ဆံပင်တွေ ကျွတ်ကျအောင် ကြံစည်ကြတယ်။ သူခေါင်းလျှော်မယ့် ခေါင်းလျှော်ရည်ထဲမှာ ပူပြင်းလှတဲ့ ဆံပင်ကျွတ်ဆေးတွေကို လာဘ်ယူထားတဲ့ ကျွန်မကထည့်ပေးလိုက်လို့ အဲဒါတွေနဲ့ ခေါင်းလျှော်ပြီး မြို့ပြင်ကမြစ်ထဲမှာ ရေချိုးလိုက်တာ ရေလည်းချိုးပြီးရော ဆံပင်လည်း တစ်ပင်မှမကျန်အောင် ကျွတ်ကုန်တော့တာပေါ့။

"အဲဒီမှာရှက်ရှာလွန်းလို့ သူ့ခမျာ မြို့ထဲတောင်ပြန်မသွားဝံ့တော့ဘဲ မြို့ပြင်မှာပဲ ဆီတို့၊ သေရည်သေရက်တို့ရောင်းစားသတဲ့။ တစ်နေ့တော့ ဆွမ်းခံ ကြွလာတဲ့ ရဟန္တာတစ်ပါးကို အိမ်မှာပင့်ပြီး ဆီနဲ့ကြော်ထားတဲ့ နှမ်းပြစ်မုန့်ကို အဝကပ်လှူခဲ့တယ်။ ဒီကုသိုလ်ကြောင့် တပည့်တော်ဆံပင်များဟာ ဖြစ်ရာဘဝမှာ အခုဘဝမှာလို ကောင်းရပါလိုင်္ကေလို့ ဆုတောင်းသတဲ့။ ဒါကသူပြုခဲ့တဲ့ ကုသိုလ်။

"အကုသိုလ်ကတော့ တစ်နေ့သောအခါမှာ သူ့ဆီက အရက်တွေ သောက်ပြီး မူးလဲနေတဲ့အရက်သမားတွေဆီက ပုဆိုးအကျီတွေကို ချွတ်ယူပြီး ခိုးယူခဲ့တယ်။ သေရည်သေရက်ရောင်းတာတို့၊ သူတစ်ပါး ယောကျ်ားတွေနဲ့ ပျော်ပါးတာတို့၊ ပုဆိုးအကျီတွေကို ခိုးယူတာတို့ ဒါတွေအားလုံးဟာ အကုသိုလ်တွေပဲပေါ့။

"အဲဒီဘဝက စုတေမနေသေလွန်တော့ ရဟန္တာကို မုန့်ဆွမ်းလှူခဲ့တဲ့ ကုသိုလ်ကြောင့် သမုဒ္ဒရာထဲမှာ ရွှေဗိမာန်ကြီးနဲ့ စားဖို့ရော၊ နေဖို့ရော ဘာမှမပူရဘဲနေရတယ်။ ဒါပေမဲ့ သူများရဲ့ပုဆိုးအကျီတွေကို ခိုးယူခဲ့တဲ့ အကုသိုလ်ကံကြောင့် နှစ်ပေါင်းများစွာကြာအောင် အခုလို ကိုယ်လုံးတီး ဘဝနဲ့ပဲနေရတယ်။

"သေရည်သေရက်ရောင်းခဲ့တဲ့အကုသိုလ်၊ သူတစ်ပါး ယောကျ်ားတွေနဲ့ ဖောက်ပြားခဲ့တဲ့အကုသိုလ်တွေကြောင့် ဒီဘဝကသေရင် ငရဲကျရဦးမယ်။ နောက်တော့ ဗိမာန်ရှင်မရဲ့ အကူအညီတောင်းမှုကြောင့် သင်္ဘောသားတွေဟာ သူတို့ထဲက ငါးပါးသီလလုံတဲ့ သင်္ဘောသားကို အဝတ်ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



တွေဝိုင်းလှူပြီး အမျှပေးကြလို့ သာဓုခေါ်ရတဲ့ဗိမာန်ရှင်မဟာ အဝတ်တန်ဆာတွေ ပြန်ဝတ်ခွင့်ရသွားတယ်။

"ဒ့ါအပြင် ဘာသာရေးအသိဉာဏ်ရှိတဲ့ သဘော်သားတစ်ယောက်ရဲ့ ကယ်တင်မှုကြောင့် အဲဒီဘဝကသေတော့ ငရဲမကျဘဲ နတ်ပြည်ရောက်သွားခဲ့တယ်"

"ဘယ်လိုနည်းနဲ့များ ကယ်လိုက်တာတုံးဘုရား"

"အင်း–ကယ်ပုံကယ်နည်းက အဲဒီဗိမာန်ရှင်မကို လူလည်း မခေါ်နိုင်ဘူး။ နတ်လည်းမခေါ်နိုင်ဘူး။ ဝေမာနိကပြိတ္တာလို့ခေါ်တယ်။ သူတို့မှာလည်း ထိုက်သင့်သလောက် တန်ခိုးတော့ရှိတယ်။ ဒါကြောင့် ဘာသာရေးဗဟုသုတရှိတဲ့ သဘော်သားက ဗိမာန်ရှင်မရဲ့တန်ခိုးနဲ့ သဘော်သား(၇၀၀)ကျော်ကို အစားအသောက်တွေ၊ အဝတ်အစားတွေကို ပေးလှူစေတယ်။

"နောက်သာဝတ္ထိမြို့မှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်အတွက် လည်း သူမရဲ့တန်ခိုးနဲ့ သင်္ကန်းတစ်စုံရအောင် ဖန်ဆင်းစေပြီး အဲဒီ သဘော်သားက သူမကိုယ်စား ဘုရားရှင်ကို လှူပေးတယ်။ သရဏဂုံနဲ့ ငါးပါးသီလကိုလည်း စွဲမြဲအောင် ဆောက်တည်စေတယ်။ အဲဒီကုသိုလ်တွေ ကြောင့် ငရဲမသွားတော့ဘဲ နတ်ပြည်ရောက်ခဲ့ရတာပေ့ါ"

"ဒါဆိုရင် သေရည်သေရက်ရောင်းခဲ့တဲ့အကုသိုလ်တို့ သူတစ်ပါးယောကျ်ားတွေနဲ့ ဖောက်ပြားခဲ့တဲ့အကုသိုလ်တို့က မကောင်းကျိုးမပေးတော့ဘူးလားဘုရား"

"ဘယ်နေမလဲ။ ရဟန္တာမဖြစ်မချင်း လိုက်အကျိုးပေးဦးမှာပဲ။ ဒီနေရာမှာ ကုသိုလ်စော၊ အကုသိုလ်စောတွေရဲ့အလှည့်ကျ အကျိုးပေးသွားပုံ တွေကို သာဓကတစ်ခုနဲ့ထပ်ရှင်းပြဖို့လိုလာပြန်ပြီ။ ဒီလိုကွ။ မင်းတို့ ငါတို့ ကုသိုလ်လုပ်လုပ်၊ အကုသိုလ်လုပ်လုပ် ဇော(၇)ချက်ဇောတယ်။

"အဲဒီဇော(၇)ချက်မှာ ပထမဇောက အခုဘဝအကျိုးပေးတယ်။ အကျိုးပေးခွင့်မရရင်ပျက်သွားတယ်။ အဟောသိကံဖြစ်သွားတယ်ပေ့ါ။

www.burmeseclassic.com



သတ္တမဘောက နောက်ဘဝလို့ခေါ်တဲ့ ဒုတိယဘဝမှာ အကျိုးပေးတယ်။ ဥပပဇ္ဇဝေဒနီယကံလို့ ခေါ်တယ်။ သူလည်း အကျိုးပေးခွင့်မရရင် ပျက်သွားတယ်။

"အလယ်ကကျန်နေတဲ့ ဇောငါးချက်ကတော့ တတိယဘဝကစပြီး ရဟန္တာမဖြစ်မချင်း လိုက်ပြီးအကျိုးပေးတယ်။ ဘယ်တော့မှ ပျက်သွားတယ်လို့မရှိဘူး။ ပါဠိလို အပရာပရိယဝေဒနီယကံလို့ ခေါ်တယ်။ သတ္တဝါတွေ ဒီကံကမလွတ်နိုင်ပုံကို မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်မှာ

ရှင်လူသတ္တဝါ၊ ထိုများစွာကား။
အပရာပရိယ၊ ကံကိစ္စနှင့်၊
ကင်းကြသူဘိ၊ မည်မရှိရှင့်၊
မသိနိုင်တောင်။ ကံဆိုးကောင်းကို၊
ဥကြောင်းရှက်၍၊ အချက်သင့်ရာ၊
ခံရစွာ၏။ လို့ စပ်ဆိုတော်မူခဲ့တယ်။

ပိုရှင်းသွားအောင် နာဒရဇာတ်တော်မှာလာတဲ့ အရှင်အာနန္ဒာအလောင်း ရုစာမင်းသမီးလေးရဲ့ကုသိုလ်နဲ့ အကုသိုလ်အလိုက်သင့်အကျိုးပေးပုံကို ရှင်းပြ မယ်။ နောက်ဘဝမရှိဘူးဆိုတဲ့ဝါဒကို ယုံကြည်ပြီး အကုသိုလ်တွေ ချည်း စွတ်လုပ်နေတဲ့ဖခင် အင်္ဂတိမင်းကြီးကို ရုစာမင်းသမီးလေးက နောက်ဘဝရှိကြောင်းကို သူ့ဇာတိဿရဉာဏ်နဲ့မြင်ရတဲ့ ဘဝပေါင်း(၁၄) ဘဝကို အခုလို ပြောပြတယ်။

"အကျဉ်းချုပ်ပြီးလိုရင်းပြောရရင် သူမဟာတစ်ခုသောဘဝမှာ ရာဇဂြိုဟ်မြို့က ရွှေပန်းထိမ်သည်ရဲ့သားဖြစ်ခဲ့တယ်။ အဲဒီဘဝမှာ သူတစ်ပါး မယားကိုပြစ်မှားတဲ့ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့တယ်။ အဲဒီဘဝကသေတော့ ကာမေသုမိစ္ဆာစာရအကုသိုလ်ကံက ခေတ္တငုပ်နေတဲ့အတွက် ကောသမ္ဗီပြည်မှာ သူတော်ကောင်းသူဌေးဘဝရောက်ပြီး ဒါနစတဲ့ ကုသိုလ် မျိုးစုံကို ပြုလုပ်ခဲ့တယ်။

အမြဲဂျောင်လေတ္တာ၁၁၀၃

www.burmeseclassic.com



"အဲဒီဘဝကသေတော့ ရွှေပန်းထိမ်သည်သားဘဝအကူး လွန်ခဲ့တဲ့ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံက အပရာပရိယကံအနေနဲ့ အကျိုးဝင် ပေးတဲ့အတွက် ရောရုဝရဲကို ကျသွားရတယ်။ ငရဲကလွတ်တော့ ဘိန္နဂတ တိုင်းမှာ ဆိတ်ထီးကြီးသွားဖြစ်ရတယ်။ ဒါပေမဲ့ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကြောင့် သင်းကွပ်ခံရတယ်။

"အဲဒီကသေတော့ တောကြီးတစ်တောမှာ မျောက်သွားဖြစ်ရတယ်။ အထီးတော့ဖြစ်ပါရဲ့ ဒါပေမဲ့ ဖခင်မျောက်ထီးကြီးက အင်္ဂါကိုကိုက်ဖောက် ပစ်လိုက်လို့ သင်းကွပ်ခံရသလို ဖြစ်သွားရပြန်တယ်။ မျောက်ဘဝက သေတော့ သုဒဿနတိုင်းမှာ နွားထီးကြီးသွားဖြစ်တယ်။

"ဒါပေမဲ့ သင်းကွပ်ခံရတာပဲ။ နွားဘဝကသေတော့ ဝဇ္ဇီတိုင်းမှာ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်တဲ့နပုံးကြီးသွားဖြစ်ရပြန်တယ်။ အဲဒီဘဝ ကသေတော့ ကာမေသုမိစ္ဆာစာရအကုသိုလ်ကံက ကုန်သလောက်နီးပါး ဖြစ်သွားပြီး အစွန်းထွက်နည်းနည်းလောက်ပဲကျန်တော့တယ်။

"အဲဒီအခါမှာ ကောသမ္ဗီသူဌေးဘဝကပြုခဲ့တဲ့ကုသိုလ်ကံတွေက အပရာပရိယကံအနေနဲ့ အကျိုးပေးခွင့်ကြုံလာတော့ သိကြားမင်းမိဖုရား နတ်သမီးဘဝ လေးကြိမ်ဖြစ်ရတယ်။ နောက် ဇဝနနတ်သားရဲ့မိဖုရားဘဝ တစ်ကြိမ်ဖြစ်ပြီးတော့ အခုဘဝကျတော့ အင်္ဂတိမင်းကြီးရဲ့သမီးတော် ရုစာ မင်းသမီးလာဖြစ်ရပြန်တယ်။

"ရုစာမင်းသမီးဘဝကသေလွန်ရင်တော့ တာဝတိံသာမှာ နတ်သား ပြန်ဖြစ်ရမှာပါ။ ဒီသာဓကကိုထောက်ကြည့်ရင် ပုထုဇဉ်ဘဝဆိုရင်တော့ အတိတ်ကပြုခဲ့တဲ့အကုသိုလ်ကံတွေဟာ တစ်ဘဝမဟုတ်တစ်ဘဝမှာတော့ ကောန်မုချ အပါယ်လေးပါးကို ဆွဲချမှာပဲ။ တစ်ခုတော့ရှိတယ်။ ဝိပဿနာ တရားကို ပေါက်ပေါက်မြောက်မြောက် လေ့လာအားထုတ်မိလို့ သောတာပတ္တိမဂ်လောက်ရသွားပြီဆိုရင်တော့ အပါယ်ဆွဲချမယ့် အကုသိုလ် ကံတွေ အကုန်ပျောက်သွားတယ်"

အမြူရောင်မေတ္တာဝေဝေ

www.burmeseclassic.com

www.burmeseclassic.com



*"မှန်ပါ။ အခုမှပဲ ကျကျနနသိရတော့တယ်ဘုရား။ အခုလို နားလည်သည်အထိ ရှင်းပြတာကို ကျေးဇူးတင်လှပါတယ်။ တပည့်တော်ကို ခွင့်ပြုပါဦးဘုရား"*

❀❀❀

အမေကြီးတို့အလှူ ဘုန်းကြီးကျောင်းကို ဆောက်လုပ်ပြီး ပြန်ရောက်သော ညနေမှာပင် ဝင်းလွင်တို့ မျက်စောင်းထိုးအိမ်မှ ဦးညွှန့်ဆိုသူကို ဘိန်းဖြူကယ်ရီမှုဖြင့် ဖမ်းသွားရာ ဝင်းလွင်အတွက် ပဟေဠိတစ်ခုဖြစ်သွားရ ပြန်သည်။ တစ်နှစ်မှာတစ်ခါလောက်သာ ကယ်ရီလုပ်သော မြို့ဆင်ခြေဖုံး ရပ်ကွက်ကလေးမှာနေသည့် ဦးညွှန့်လိုလူကျ မိအောင်ဖမ်းနိုင်ပြီး မြို့ပေါ်မှာ သုံးထပ်တိုက်ကြီးနှင့်နေပြီး ပေါ်တင်နီးပါးရောင်းဝယ်ဖောက်ကားနေသည့် အမေကြီးတို့မိသားစုကျတော့ အဘယ်ကြောင့် မိအောင်မဖမ်းနိုင်ကြသနည်း။ ဝင်းလွင် ဘယ်လိုမှတွေးလို့မရ။ သိချင်စိတ်ကလည်း မျိုသိပ်မရအောင်ပင်ရှိနေသည်။ ထို့ကြောင့်လည်း နောက်တစ်နေ့မနက်၌ အမေကြီးတို့တိုက်သို့ သုတ်ချေတင်ခဲ့မိပြန်တော့သည်။

အမေကြီးတို့တိုက်က ကားလမ်းနှင့် သိပ်မဝေးသောကြောင့် ဘတ်(စ်)ကားပေါ်မှ ဆင်းပြီးသည်နှင့် တိုက်ကိုလှမ်းမြင်နေရလေပြီ။ ခဏလောက်သာသွားရသည်။ ခြံရှေ့ရောက်တော့ အံ့ဩစရာဖြစ်ရပြန်ပြီ။ ရဲကားတစ်စီး ဆိုက်ထားသည်ကို တွေ့လိုက်ရသည်။ သေနတ်ကိုင်ပြီး စောင့်နေသည်က တလောကအမှုအကြောင်း သူမေးကြည့်မိသော ရဲသားလေးပင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

သည်တစ်ခါတော့ မေးစရာမလိုတော့။ ဝင်းလွင်သိပြီးသားဖြစ်နေပါပြီ။ ဝင်းလွင်ခြံထဲမဝင်မီမှာပင် အိမ်ထဲမှ ရဲသားငါးယောက်ခန့် ထွက်လာပြီး ကားပေါ်တက်ကာ ထွက်သွားကြပါတော့သည်။ ဧည့်ခန်းထဲရောက်သည် နှင့် အမေကြီးက အသင့်ထိုင်စောင့်နေသည်ကို တွေ့ရသည်။

*"လာဟေ့ မောင်ဝင်းလွင် မင်းကိုလှမ်းမြင်လို့ အမေကြီးသေချာ*



www.burmeseclassic.com

www.burmeseclassic.com



*စောင့်နေတာ။ တခြားကိစ္စပါသေးသလား။ ဒါမှမဟုတ် အလည်သက်သက်ပဲလား"*

*"အလည်သက်သက်ပါပဲ အမေကြီး။ ဒါနဲ့ စောစောက ရဲကားက အရင်တစ်ခါလို ပစ္စည်းလာရှာတာပဲလား အမေကြီး"*

*"ဟုတ်တယ်လေ-သူတို့ကတစ်ခါတိုင် တစ်ခါလာရှာပေ့။ တစ်ခါ တစ်လေ တစ်လထဲမှာ နှစ်ခါလောက်လာရှာကြတယ်"*

*"တစ်ခါမှ မမိဘူးလား အမေကြီး"*

*"တစ်ခါမှမမိဘူး။ ဘယ်မိမလဲ။ သူတို့လာရှာမယ်ဆိုတာ အမေကြီးတို့က ကြိုသိထားရတော့ နေရာပြောင်းထားဖို့အချိန်ရတာကိုးကွဲ့"*

*"ခင်ဗျာ"* ဟူသော အာမေဍိတ်သံက ဝင်းလွင်နှုတ်မှ ခုန်ပေါက်ထွက်သွားရသည်။ သူ့အနေနှင့် တစ်နှစ်တစ်ခါလောက်သာ ကယ်ရီလုပ်သော ဦးညွန့်လိုလူကျ မိအောင်ဖမ်းနိုင်ပြီး မြို့ကြီးပေါ်တွင် ပေါ်တင်ရောင်းဝယ်နေသော အမေကြီးတို့ကို ဘာကြောင့် မိအောင်မဖမ်းနိုင်သလဲဟူသော ပဟေဠိကို သိချင်၍ အမေကြီးတို့ တိုက်သို့လာခဲ့သည်။

ယခု တိုက်သို့ရောက်သောအခါ ရဲများကမမိ မိအောင် တစ်လ နှစ်ကြိမ်ထိတောင် ကြိုးစားပမ်းစားလာ၍ ဖမ်းပါသတဲ့။ သို့သော် သူတို့လာဖမ်းမည်ဆိုသည်ကို အမေကြီးတို့က ကြိုသိထားပြန်သည်တဲ့။ အဘယ်ကြောင့် ကြိုသိနေရသနည်း။ ပဟေဠိများက လိုက်လေမဆုံးနိုင်လေ ဖြစ်နေသဖြင့် နောက်ဆုံး မလိုက်တာကောင်းပါသည်ဟု ဆုံးဖြတ်၍ ဝင်းလွင် တစ်ယောက် အမေကြီးကို နှုတ်ဆက်၍ ခပ်သွက်သွက် ပြန်ခဲ့ပါသတည်း။

~ ~ ~ ~ ~

ဥပဒေသည် လူဆင်းရဲတို့အနိုင်ကျင့်၍
လူချမ်းသာသည် ရပ်ဥပဒေတို့ အနိုင်ကျင့်နိုင်လေသည်။
(ဂိုးလ်စမစ်)

အမြူရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



အခုခေတ်မှာလည်း

တကယ့် သီလ၊ သမာဓိ၊ ပညာကို

လေးစားကြည်ညိုပြီး

ဘုန်းကြီးကိုကိုးကွယ်တယ်ဆိုတဲ့လူ

တော်တော်ရှားသွားပြီ။

များသောအားဖြင့်

လောကီကိစ္စတွေနောက်ကို

ကောက်ကောက်ပါအောင် လိုက်နေကြတဲ့

ပညာမဲ့တွေက များပြားကြလေတော့

အဆံမရှိတဲ့ လူတွေကတော့

စားသာနေကြဦးမှာပဲ။

အဖြူရောင်မေတ္တာဝေဝေဦ

www.burmeseclassic.com

www.burmeseclassic.com



# ဂျင်ဂျူန်းသာ ဖြစ်လိုက်ရင်

ရေရှင်ဆရာတော်ရဲ့နေရာမှာသာ ဂျင်ဂျူန်းဖြစ်လိုက်ရင် ကျုပ်တို့ လိပ်အင်းကျေးရွာကလူတွေအကုန်လုံး မသာပေါ်ကုန်လောက်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၇၈–ခုနှစ်၊ လိုင်ယာနာမှာ ဂျင်ဂျူန်းက လူပေါင်းကိုးရာကျော်ကို အဆိပ်ရေတိုက်စဉ်တုန်းက အခုအချိန်မှာ သေရင်ကောင်းကင်ဘုံကို သေချာပေါက်ရောက်မှာ ဘာညာနဲ့ လှည့်ပတ်ပြောနေရသေးတယ်။ အခု ကျုပ်တို့ရွာသူ ရွာသားတွေဆိုတာကတော့ ရေရှင်ဆရာတော်က ဘာမှမပြောရဘဲနဲ့ကို ရေရှင်ဆရာတော်လက်နဲ့စိမ်ထားတဲ့ရေလို့ အကျိုးဆောင်တစ်ယောက်ယောက်က ပြောလိုက်တာနဲ့ အလုအယက်သောက်ကြတာ။ ပွားပေးလို့တောင် မရဘူး။

သတင်းဖြစ်နေတာက ဒီရေကိုသောက်ရင် ရောင်းပန်းဝယ်ပန်းလှသတဲ့။ စီးပွားဖြောင့်သတဲ့။ ဝိယသိဒ္ဓိပြီးသတဲ့။ အဆိုးဆုံးကတော့ အမျိုးသမီးတွေပဲ။ သူတို့ကပိုကဲတယ်။ လက်နဲ့ထိထားတဲ့ရေတောင် ဒီလောက်စွမ်းရင် တစ်ကိုယ်လုံးထိပြီး ကျလာတဲ့ရေဆို ပိုစွမ်းမှာပဲလို့ ပေါက်ပေါက်ရှာရှာတွေးပြီး ရေရှင်ဆရာတော် ရေချိုးမယ့်နေရာလာပြီး ခွက်ကြီးခွက်ငယ်နဲ့ စောင့်နေကြလို့ အကျိုးဆောင်ဒကာတွေက မနည်းတောင်းပန်ပြောဆို လွှတ်ကြရသတဲ့။

*အမြူရောင်လေတ္တာဝေဝေဦး*

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း ခံပြင်းလွန်းတော့ စိတ်ထဲရှိတာစွတ်ပြောနေလိုက်တာ အစကမဟုတ်တော့ ခင်ဗျားတို့လည်း တော်တော် နားရှုပ်သွားမယ်ထင်တယ်။ ဇာတ်လမ်းအစက ဒီလိုဗျ။ နှစ်ပေါင်းကတော့ တော်တော်ကြာခဲ့ပါပြီ။ ရွာက အခုနောက်ပေါက် အသက်လေးဆယ်ကျော်ငါးဆယ် ရှိတဲ့သူတွေတောင် ဒီအကြောင်းတွေမသိကြတော့ပါဘူး။

ကျုပ်အမည်က အောင်မောင်း။ ကျုပ်တို့ရွာက သုံးဆယ်မြို့အဝင် ကားလမ်းဘေးနား ကပ်ရက်လေးပါပဲ။ လိပ်အင်းရွာဆိုရင် တော်တော်သိကြပါတယ်။ ရေရှင်ဆရာတော် ကျုပ်တို့ရွာရောက်စတုန်းက ကျုပ်အသက်က (၂၀)တွင်းလောက်ပဲ ရှိဦးမယ်ထင်ပါတယ်။ အခုကျုပ်အသက်က(၈၀)ကျော်နေပြီလေ။ အဲဒီအချိန်တုန်းက ကျုပ်တို့ရွာမှာ ဘုန်းကြီးကျောင်းလည်း မရှိ သေးဘူး။ ဘုန်းကြီးဆိုတာကတော့ ဝေးရောပေါ့။

ဒီတော့ တစ်ရွာလုံးဘုန်းကြီးငတ်နေကြတယ်။ သာသနာတကယ် ပြုမယ့် ဘုန်းကြီးသာဖြစ်ပါစေ။ ပစ္စည်းလေးပါးအလှူပယ်လှူလိုက်မဟဲ့လို့ မောင်းတင်ထားကြတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာပဲ ကျုပ်တို့ရွာက ရပ်မိရပ်ဖ တစ်ဦးဖြစ်တဲ့ ဦးသန်းလွင်က ပဲခူးဘက်မှာ နာမည်ကြီးနေတဲ့ ဘုန်းကြီး တစ်ပါးကို ချက်ချင်းပင့်လာတယ်။ ဘွဲ့တော့မသိရဘူး။ နာမည်ကြီးနေတာက ရေရှင်ဆရာတော်တဲ့။

ဘာဖြစ်လို့ရေရှင်ဆရာတော်ခေါ်ရသလဲဆိုတော့ အဲဒီဆရာတော် လက်နဲ့ထိထားတဲ့ရေဟာ လှုပ်လှုပ်ရွရွနဲ့ အသက်ဝင်သလိုဖြစ်နေသတဲ့။ ဒါကြောင့် ရေရှင်ဆရာတော်ခေါ်တယ်ပေါ့။ ဘုန်းကြီးကလည်းငတ်နေ၊ ရောက်လာတဲ့ ဘုန်းကြီးကလည်း ထူးထူးခြားခြားဆိုတော့ တစ်ရွာလုံး ကြည်ညို လိုက်ကြတာကတော့ ပြောမနေပါနဲ့တော့။

ရောက်ရောက်ခြင်း ယာယီတဲကျောင်းကြီးတစ်ကျောင်းဆောက်လှူကြတယ်။ ဖြည်းဖြည်းမှ ကျောင်းကောင်းကောင်း ဆောက်မယ်ပေါ့။ ကိုယ့်ရွာက ဘုန်းကြီးဆိုတော့ ကျုပ်လည်းအားရပါးရသွားဖူးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေသမ္ပတ္တိကတော့ ပြည့်စုံပါ့ဗျာ။ မျက်လွှာကိုအမြဲတမ်းချထားတာ တွေ့ရတယ်။ အသက်က လေးဆယ်ကျော်လောက်ပဲ ရှိမယ်ထင်ပါတယ်။ အသားကဖြူဖြူ သေးသေးသွယ်သွယ်နဲ့ အင်မတန် ကြည်ညိုစရာကောင်း လှပါတယ်။

လာသမျှလူတွေကိုလည်း အကွက်ချပြီး အကွရာမျိုးစုံသွင်းထားတဲ့ အင်းချပ်တွေကို အဆောင်အဖြစ် အကုန်လိုက်ဝေပေးတယ်။ ဒီကတည်းက ကျုပ်က တယ်သဘောမကျတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအင်းတွေ၊ အိုင်တွေ၊ ခါတ်တွေ၊ ယတြာတွေက ပုဂံခေတ်က အရည်းကြီးတွေထားခဲ့တဲ့ ပညာဆိုတာ စာပေကို အတော်အတန်လေ့လာထားတဲ့ ကျုပ်ကသိနေပြီး သားလေ။

နောက်နေ့တွေကျတော့ ထင်တဲ့အတိုင်းပါပဲ ရွာထဲမှာရှိသမျှ စီးပွား ရေး၊ ကြီးပွားရေးသမားတွေ ကျောင်းကို အကုန်ရောက်ကြတော့တာပဲ။ သူတို့အတွက် ဆရာတော်ခါတ်တွေ၊ ယတြာတွေလုပ်ပေးနေတာ တစ်နေ ကုန်တရုန်းရုန်းပါပဲ။ ရက်သိပ်မကြာလိုက်ပါဘူး။ ရန်ကုန်က သူဌေးတွေ တောင် ဆင်းလာကြတယ်။

အဝေးကလာတဲ့လူတွေကို ကျုပ်ကမသိမသာမေးကြည့်တယ်။ ဘယ်သွားကြမလို့လဲဆိုတော့ *"ရှေ့ရှင်ဆရာတော်ဆိုတဲ့ ရဟန္တာကို ဖူးမလို့တဲ့"* ကျုပ်အံ့ဩလို့မဆုံးဘူး။ ကိလေသာအာသဝေါ ကုန်ခန်းပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ ဒီလိုလောကီကိစ္စတွေ လုပ်ပါဦးမလား။ ဒါလေးကိုတောင် မစဉ်းစားမိကြတော့ဘူးလား။

ဒီလူတွေကိုကြည့်ပြီး ကျုပ်ကြားဖူးတဲ့ "တုတ်တုတ်မြုန်းပုံပြင်"ကို သွားသတိရတယ်။ တစ်ခါတော့ ရွာတစ်ရွာမှာ အစဉ်းစားဉာဏ် အင်မတန် နည်းတဲ့ သားအဘနှစ်ယောက်ရှိသတဲ့။ တစ်နေ့တော့ ခရီးသွားရင်း သစ်ပင် တစ်ပင်အောက်မှာ စကြွက္ကြေချပြီး ထိုင်နေတဲ့ ရသေ့တစ်ယောက်ကို တွေ့တော့ အထူးအဆန်းဆိုရင် စိတ်ဝင်စားတဲ့ သားအဘနှစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အနားသွားပြီး ရပ်ကြည့်ကြသတဲ့။

အဲဒီအချိန်မှာ ရသေ့ကမတ်တတ်ရပ် လက်ညှိုးတစ်ချောင်း ထောင်ပြီး ခပ်ကျယ်ကျယ်လေး'တုတ်'လို့ အော်လိုက်သတဲ့။ ဒါကို သားအဘနှစ်ယောက်က ငါတို့ကို တစ်ခုခုပေးမလို့ ဒူးတုပ်ခိုင်းတာနေမှာ။ ရသေ့ဝတ်ထားတဲ့ ဝိဇ္ဇာပဲ ဖြစ်ရမယ်လို့တွေးပြီး ချက်ချင်းမြေကြီး ပေါ်ဒူးတုပ်ထိုင်ချလိုက်ကြသတဲ့။ ရသေ့က ဘာမှတော့မပေးသေးဘူး။ ဒါပေမဲ့ ခဏအကြာမှာ နောက်တစ်ကြိမ် 'တုတ်' လို့ အော်လိုက်ပြန်တယ်။

ဒီအခါ သားအဘက ဒူးတုပ်ရုံမရသေးဘူး မြေကြီးပေါ်ထိ ဝပ်ခိုင်းတာ နေမှာလို့တွေးပြီး မြေကြီးပေါ် ဝပ်ချလိုက်ပြန်တယ်။ အဲဒီအချိန်မှာပဲ ရသေ့က ဖြုန်းလို့ ထပ်အော်လိုက်တဲ့အတွက် သားအဘနှစ်ယောက် ချက်ခြင်းထပြီး ရသေ့ကိုကြည့်လိုက်တဲ့အခါမှ ကိုယ်ရွှေရသေ့က လက်ညှိုးနှစ်ချောင်းထောင်ပြီး "တုတ်တုတ်ဖြုန်း။ တုတ်တုတ်ဖြုန်း" လို့ ဆက်တိုက်ပါးစပ်ဆိုင်းတီးပြီး ကွေးနေအောင်ကကာ ထွက်သွားသတဲ့။

အဲဒီတော့မှ သားအဘနှစ်ယောက်လည်း အရှုံးရှိုးမိမှန်းသိပြီး ရှက်ကိုးရှက်ကန်းနဲ့ ရွာကိုပြန်ခဲ့ကြရသတဲ့။ အခုလူတွေလည်း အဲဒီတုတ်တုတ်ဖြုန်း သားအဘလို လူတွေပဲလို့ ကျုပ်ထင်တယ်။ ခက်တယ်ဗျာ။ လောကမှာ ပညာရှိတဲ့လူထက် မရှိတဲ့လူကများတယ်။ ဒါကြောင့်လည်း လူလိမ်လူညာတွေဟာ စားပေါက်ချောင်နေကြတာပေါ့။

ဒီနေရာမှာ ပညာဆိုတာ အတန်းပညာ၊ ဘွဲ့ထူး၊ ဂုဏ်ထူးတွေကိုဆိုတာမဟုတ်ပါဘူး။ ပစ္စက္ခ၊ သံသရာနှစ်ခုလုံးအတွက် တွေးခေါ်နိုင်တာကိုပြောတာပါ။ ဘုရားလက်ထက်က တိတ္ထိဆရာကြီးခြောက်ယောက်မှာ အပါအဝင်ဖြစ်တဲ့ သဉ္စယဗေလဋ္ဌပုတ္တလို့ခေါ်တဲ့ သိဥ္စည်းဆရာကြီးဟာ အရှင်သာရိပုတ္တရာအလောင်းဥပတိဿနဲ့ အရှင်မဟာမောဂ္ဂလ္လာန် အလောင်းကောလိတတို့ရဲ့ လက်ဦးဆရာပေါ့။

ဘုရားနဲ့မတွေ့ခင်က ဥပတိဿနဲ့ ကောလိတဟာ တရားစစ်၊



www.burmeseclassic.com

www.burmeseclassic.com



တရားမှန် ရှိမယ်မှတ်ပြီး သိဥ္စည်းဆရာကြီးထံမှာ ပညာသင်ယူကြတယ်။ သင်ယူပြီးလို့ သံသရာမှထွက်မြောက်ကြောင်း တရားမဟုတ်မှန်း သိသွားတဲ့အတွက် နောက်ထပ်တရားထပ်ရှာကြရာမှာ ဥပတိဿက အရှင်အဿဇိထံ တရားနာကြားပြီး သောတာပန်တည်ခဲ့တယ်။

ကောလိတကတော့ အရှင်သာရိပုတ္တရာကတဆင့် နာကြားပြီးတော့မှ သောတာပန်တည်တယ်။ သောတာပန်ဖြစ်ပြီးတဲ့အခါ သူတို့တပည့် ၂၅၀-နဲ့အတူ ဘုရားထံသွားခါနီးမှာ သိဥ္စည်းဆရာကြီးကိုလည်း လာခေါ်ကြတယ်။

ဒီအခါ သိဥ္စည်းဆရာကြီးက ဗုဒ္ဓရဲ့တရား မှန်ကန်ကောင်းမြတ်မှန်း သိသော်လည်း သူမလိုက်နိုင်ဘူးတဲ့။ ရာဝင်အိုးကြီးကနေ လက်ငင်အိုးအဖြစ်မခံနိုင်ဘူးတဲ့။ ဒီအခါ ဥပတိဿက ဆရာအရှင်ထံမှာ ယခုရှိနေကြတဲ့တပည့် ၂၅၀-တို့ဟာ အကျွန်ုပ်တို့နဲ့အတူ လိုက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဆရာ အရှင်တစ်ယောက်တည်းနဲ့ နေလို့ဖြစ်ပါ့မလားလို့ မေးလိုက်တော့ သိဥ္စည်းဆရာကြီးက "ဥပတိဿ လောကမှာ အတွေးအခေါ်ပညာရှိတဲ့လူနဲ့ မရှိတဲ့လူ ဆိုရင် မရှိတဲ့လူကများတယ်။ ဒါကြောင့် အတွေးအခေါ်ပညာရှိတဲ့လူတွေက ဗုဒ္ဓထံသွားကြလိမ့်မယ်။ အတွေးအခေါ်ပညာမရှိတဲ့လူတွေက ငါ့ထံကို လာကြလိမ့်မယ်။ သင်တပည့် ဘာမှပူမနေနဲ့" လို့ ပြောလိုက်သတဲ့။

ဒီစကားအတိုင်းပါပဲ။ အခုခေတ်မှာလည်း တကယ့်သီလ၊ သမာဓိ၊ ပညာကို လေးစားကြည်ညိုပြီး ဘုန်းကြီးကိုကိုးကွယ်တယ်ဆိုတဲ့လူ တော်တော် ရှားသွားပြီ။ များသောအားဖြင့် လောကီကိစ္စတွေနောက်ကို ကောက်ကောက်ပါအောင် လိုက်နေကြတဲ့ ပညာမဲ့တွေက များပြားကြလေတော့ အဆံမရှိတဲ့ လူတွေကတော့ စားသာနေကြဦးမှာပဲ။

အခုလည်းကြည့်လေ။ ရေရှင်ဆရာတော် ရေရှင်ဆရာတော်ဆိုပြီး နေ့ရော ညရော တအုန်းအုန်း၊ တရုန်းရုန်းနဲ့ပေါ့။ ဒီအချိန်မှာပဲ ရေရှင်ဆရာ



www.burmeseclassic.com

တော်ဆီက ကိုးတောင်ပြည့် စေတီတည်မယ်ဆိုတဲ့သတင်း ထွက်လာတယ်။ ဘုရားဆိုတဲ့အသံကို ကြားလိုက်တာနဲ့ သိတယ်မဟုတ်လား။ ဗုဒ္ဓဘာသာတွေလေ။ သဒ္ဓါတရားက ဘာကောင်းကြသလဲမပြောနဲ့။ သံတွေ၊ အုတ်တွေ၊ ဘိလပ်မြေတွေ ချက်ခြင်းပြည့်စုံသွားတာပဲ။

ပစ္စည်းစုံတော့ စေတီလည်းခဏနဲ့ပြီးသွားတာပေါ့။ ဌာပနာသွင်းတော့မယ်ဆိုတော့လည်း ဆွဲကြိုးတွေ၊ လက်စွပ်တွေ၊ လက်ကောက်တွေ လှူလိုက်ကြတာ နည်းနည်းနောနောမဟုတ်ဘူး။ ရန်ကုန်ကသူဌေးတွေ အများဆုံးပါတာပေါ့။ ဌာပနာပိတ်ခါနီးကျတော့ ဘုရားနားမှာ ဘယ်သူမှ မနေရဘူး။ သူတစ်ပါးတည်း စိတ်ကြိုက်ထည့်ပြီး ပိတ်လိုက်တယ်။ ဒကာ၊ ဒကာမတွေက အဝေးကပဲကြည့်ညိုရတယ်။

အဲဒီတစ်ချက်ကိုတော့ ကျုပ်က တယ်မကြိုက်ချင်ဘူး။ တကယ်ရိုးရိုးသားသားဆိုရင် အများနဲ့အတူတူထည့်၊ အတူတူပိတ်ပေါ့။ အခုတော့ ဌာပနာပိတ်တဲ့ နေရာလေးကျကာမှ သူတစ်ယောက်တည်း လုပ်ချင်တာကတော့ ကျုပ်စိတ်ထဲ တယ်မသင်္ကာချင်ဘူး။ ဒါနဲ့ အနားက မြင့်ဦးဆိုတဲ့ သူငယ်ချင်းတစ်ယောက်ကို ဒီအကြောင်းပြောပြလိုက်တော့ ကျုပ်ကို ဘာပြန်ပြောတယ်မှတ်တုန်း။

*"ဟေ့ကောင် ရဟန္တာကိုလျှောက်စော်ကားမနေနဲ့။ ငရဲ ကျသွားမယ်"* တဲ့ ကျုပ်လေဒေါသဖြစ်လိုက်တာ။

ဒါပေမဲ့ သင်္ဂဟဆရာတော်စကားပုံထဲက "သက်သေခံလက်ငင်း မအပ်နိုင်တော့ မျက်စဉ်းခတ်ခံရတယ်" ဆိုတဲ့ ပုံလေးကိုသွားသတိရတာနဲ့ ဆက်မပြောရဲတော့ပါဘူး။ စောစောကပုံပြင်လေးက ဒီလိုဗျ။ တစ်ခါတော့ တစ်ရွာလုံးက ကြည်ညိုကြတဲ့ ရွာဦးကျောင်းက ဘုန်းကြီးတစ်ပါးရှိသတဲ့။ အနေအထိုင်လည်း တော်တော်ကောင်းဆိုကိုး။

တစ်နေ့တော့ နိုင်းရမယ့်ကျောင်းသားတွေကလည်း အသင့်မရှိတော့ ဘုန်းကြီးကသင်္ကန်းကြီးခါးပတ်ပြီး ကျက်သရေခန်းထဲမှာ ကြက်ဥတွေ



www.burmeseclassic.com

ဖောက်ပြီး ကြော်စားနေသတဲ့။ ဒီအချိန်မှာ ကျောင်းဒကာကလည်း အကြောင်းတစ်ခုရှိတာနဲ့ ကျောင်းပေါ်တက်အလာမှာ ကြက်ဥကြော်စားနေတဲ့ဘုန်းကြီးနဲ့ ပက်ပင်းတွေ့တော့တာကိုး။

ဒီတော့ ဒကာက "အရှင်ဘုရား ကြက်ဥတွေ ကိုယ်တိုင်ကြော်စားနေသလား ဘုရား" လို့လျှောက်လိုက်တော့ ဘုန်းကြီးကစဉ်းစားသတဲ့ ဒီဒကာ ရွာထဲလျှောက်ပြောရင် ငါ့တော့အကြည်ညို ပျက်ကြတော့မှာပဲ။ အဲဒီတော့ သူ့စကားအရာမမြောက်အောင် ပရိယာယ်နဲ့ကြလေမှလို့ စိတ်ကူးပြီး ကျောင်းအောက်က ကပ္ပိယတွေကို ခပ်မြန်မြန်လှမ်းခေါ်လိုက်သတဲ့။ ရောက်လာတော့ "ကပ္ပိယတွေ ဒီကျောင်းဒကာကို မလှုပ်နိုင်အောင် ကြိုးနဲ့တုပ်ကြစမ်း။ မကောင်းဆိုးဝါးပူးလာပုံရတယ်။ ငါ့ကိုကြက်ဥကြော်စားတယ် ဘာရယ်နဲ့ မဟုတ်တရုတ်တွေ လျှောက်ပြောနေတယ်" လို့ပြောတော့ ကပ္ပိယတွေလည်း ကြိုးနဲ့မရမက တုပ်ကြတော့တာပေါ့။ ဒီတော့ ကျောင်းဒကာက "ကျုပ် မဟုတ်တာ ပြောတာမဟုတ်ပါဘူး။ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်တာပါလို့" ပြောတယ်။ အဲဒီလို ပြောလေ ဘုန်းကြီးက မကောင်းဆိုးဝါးထွက်တဲ့ ဆေးကြိမ်လုံးနဲ့ ဆော်လေပဲတဲ့။

ကြာတော့ ဒကာက အင်း ငါဆက်ပြောနေရင်တော့ သေရုံရှိတော့မယ်လို့ တွေးမိပြီး "တပည့်တော်မြင်တာမဟုတ်ပါဘူးဘုရား။ မကောင်းဆိုးဝါးလည်း ထွက်သွားပါပြီ"လို့ပြောမှ အရိုက်ရပ်သတဲ့။ ဒကာကိုပြန်လွှတ်လိုက်ပြီးတဲ့နောက် သူ့ရဲ့မယားဆီကိုလည်း ကပ္ပိယတစ်ယောက် ကြိုလွှတ်ပြီး "ကျောင်းဒကာကြီးကို နည်းနည်းသတိထားပါ။ မကောင်းဆိုးဝါး တစ်ချက် တစ်ချက်ဝင်ဝင်နေတယ်။ အဲဒီလို ဝင်တဲ့အခါ ရွာဦးကျောင်းဘုန်းကြီး ကြက်ဥကြော်စားတယ်ဆိုပြီး မဟုတ်တရုတ်တွေ ပြောပြောနေတယ်" လို့ ကြိုပြီး သတင်းပေးထားတော့ ကျောင်းအမကလည်း အမျိုးသမီးဆိုတော့ ကြောက်လည်းကြောက် စိတ်လည်းပူသွားသတဲ့။ ကျောင်းဒကာရောက်လာတော့ သတိထားနေရတာပေါ့။

*အမြဲရောင်မေတ္တာ စာစဉ်*

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ညအိပ်ရာလည်းဝင်ရော ကျောင်းဒကာက သူ့ခံစားချက်တွေ ကျောင်းအမကို ရင်ဖွင့်တော့တာပေါ့။ နဂိုကတည်းက ကြောက်ကြောက်နဲ့ သတိထားနေရတဲ့ကျောင်းအမ ဘုန်းကြီးကြက်ဥကြော်စားတဲ့ အကြောင်း လည်းရောက်ရော "ကျွန်မယောက်ျား မကောင်းဆိုးဝါးပူးနေပါတယ်တော့ လာကြပါဦး" လို့ ထအော်တော့တာပဲတဲ့။

အဲဒီမှာ ဘေးအိမ်ကလူတွေပိုင်းလာကြတော့ ကျောင်းအမက သူ့ယောက်ျား မကောင်းဆိုးဝါးစီးပြီး မဟုတ်တရုတ်တွေ လျှောက်ပြောနေတဲ့ အကြောင်းပြောတော့ ကျောင်းဒကာကလည်း ဘာမှမပူးတဲ့အကြောင်း သူ့မျက်စိနဲ့ အသေအချာတွေ့ခဲ့တာဖြစ်ကြောင်းပြန်ပြောတာပေါ့။ ဒါပေမဲ့ ဘုန်းကြီးကို ကြည်ညိုပြီးသားဖြစ်နေတဲ့ ရွာသားတွေက ဘယ်သူမှ မယုံကြတဲ့အပြင် မကောင်းဆိုးဝါးပူးတာ သေချာတယ်ဆိုပြီး ပယောဂဆရာခေါ်၊ မကောင်းဆိုးဝါးကြောက်တဲ့ မျက်စဉ်းခတ်ခိုင်းတော့တာပဲတဲ့။ မျက်စဉ်းက စပ်ရှာလွန်းတော့ ကျောင်းဒကာခင်ဗျာ မကောင်းဆိုးဝါး ထွက်သွားပါပြီ ခင်ဗျာ။ ကျွန်တော်ပြောတာ ဘာမှမဟုတ်ပါဘူးဆိုပြီး ကြောက်ကြောက်နဲ့ လျှော့ချလိုက်ရတော့သတဲ့။

အခုလည်း ကျုပ်အဖြစ်က ဘာထူးသေးလဲ။ တစ်ရွာလုံးကသာမက အဝေးကဒကာ၊ ဒကာမတွေကပါ ဖူးဖူးမှုတ်ထားတဲ့ကိုယ်တော်ကို ကျုပ်တစ်ယောက်တည်း သူ့ရဲ့ကောင်းဆန်ဆန် သွားပြောကြည့်ပါလား။ ပယောဂဆိုပြီး မျက်စဉ်းခတ်ရုံတင်မကဘူး။ အချုပ်တောင်ကျသွားနိုင်တယ်။ အဲဒီလို ဩပနာသွင်းပွဲ ပြီးသွားတော့ ထီးတော်တင်မယ့်နေ့ကို ရောက်လာတယ်။

လာလိုက်ကြတဲ့လူတွေကတော့ တိုးမပေါက်အောင်ပါဘဲ။ ရွှေထီးဒကာကလည်း အသင့်ပေါ်ပြီးသားဆိုတော့ ထီးတော်မတင်ခင် စေတီရှေ့မှာ အပူဇော်ခံထားလိုက်တာ ဖူးတဲ့သူတွေ ကြိတ်ကြိတ်တိုးပေါ့။ ယာယီတဲ ကျောင်းပေါ်ရော၊ ထိုးထားတဲ့မဏ္ဍပ်ထဲရော ထီးတော်တင်ပွဲလာတဲ့သူတွေ ဆိုတာ ပြည့်ကျပ်နေတာပါပဲ။ အဲဒီအချိန်မှာပဲ ကားလေးတစ်စီး ဆိုက်လာပြီး

အမြူရောင်မေတ္တာစခန်း

www.burmeseclassic.com

www.burmeseclassic.com



သက်တော်ရ၀–နီးပါး ဆရာတော်ကြီးတစ်ပါးရယ်၊ ခပ်ရွယ်ရွယ်ပဥ္စင်းငယ် နှစ်ပါးရယ်၊ မွန်မွန်ရည်ရည်လူကြီး ငါးယောက်လောက်ရယ် ဆင်းလာတာကို တွေ့ရတယ်။

ပရိသတ်တွေကတော့ သူတို့ရေရှင်ဆရာတော်ကပင့်လို့ ကြွလာတဲ့ သံဃာတော်တွေနဲ့ ညေ့်သည်တွေပဲလို့တွေးပြီး သိပ်အရေးမစိုက်ကြပါဘူး။ ကျုပ်ကတော့ ထူးခြားတော့မယ်ဆိုတာ သေချာသိလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ရွာကို ရေရှင်ဆရာတော်ရောက်လာတာ တစ်လ ကျော်သွားပြီ။ သည်အတောအတွင်း ကျုပ်တို့ရွာကို ဘယ်ရွာကသံဃာမှ ကြွလာတာ မတွေ့သေးဘူး။ များသောအားဖြင့် ကျုပ်တို့ရဲ့ဗုဒ္ဓဘာသာ ဘုန်းကြီးများဟာ တခြားဘုန်းကြီးတစ်ပါး ကောင်းသည်ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ ဝင်မပါတတ်ကြဘူး။ မကောင်းရင် မကောင်းတဲ့အလျောက်၊ ကောင်းရင်ကောင်းတဲ့အလျောက် သူ့ကံနဲ့သူ သွားလိမ့်မယ်ဆိုပြီး ဥပေက္ခာ ပြုထားတာပဲများတယ်။

သည်နေ့မှ ထူးထူးခြားခြား ကြွလာတာဆိုတော့ ကျုပ်ကတော့ တွက်လိုက်မိပြီ။ ဒါကြောင့် ယာယီတဲကျောင်းကြီးပေါ်တက်ပြီး အခြေ အနေကို သေချာအကဲခတ်နေလိုက်တယ်။ အဲဒီအချိန်မှာပဲ ဆရာတော်ကြီး ဦးဆောင်ပြီး ရဟန်းတော်နှစ်ပါးနဲ့ အမျိုးသားကြီးများ ကျောင်းပေါ်တက်လာ တာ တွေ့လိုက်တာနဲ့ ရေရှင်ဆရာတော်ရဲ့မျက်နှာဟာ မဖုံးနိုင်၊ မဖိနိုင် သိသိသာသာကြီး ပျက်သွားတာကို တွေ့လိုက်ရတယ်။

ပြီးတော့ ချက်ချင်းပဲ သူ့ထိုင်ခုံပေါ်ကဆင်းပြီး ဆရာတော်ကြီးကို ပျာပျာသလဲ နေရာပေးတယ်။ ပြီးတော့ သူလျှောက်နေတာက–

*"ဆရာတော် တပည့်တော် နောက်မမိုက်တော့ပါဘူးဘုရား။ ဒီတစ်ခါ နောက်ဆုံးပါဘုရား"* တဲ့ ဘာတွေလျှောက်နေတာပါလိမ့်ပေါ့။ ဆရာတော်ကြီးက–

*"မင်းက သက်န်းတွေဘာတွေ ပတ်ထားလို့ ရဟန်းရောဖြစ်လို့*



www.burmeseclassic.com

www.burmeseclassic.com



*လား။ သိမ်ရော တက်ခဲ့လို့လား"*

*"သိမ်မတက်ခဲ့ပါဘူးဘုရား။ ရဟန်းလည်း မဖြစ်ပါဘူးဘုရား"*

ဒီအချိန်မှာ ဆရာတော်နဲ့ပါလာတဲ့အမျိုးသားကြီးတစ်ယောက်က အသင့်ပါလာတဲ့ပုဆိုးနဲ့အင်္ကျီတွေကို ပစ်ပေးလိုက်တယ်။ အခုတော့လည်း ကျုပ်တို့ တစ်ရွာလုံးကိုးကွယ်နေတဲ့ ရဟန္တာလို့သမုတ်ထားကြတဲ့ ကိုယ်တော်ကြီးဟာ သူ့ဖာသာ လူဝတ်လဲသွားပါရောလား။ ဒီအချိန်ထိ ပရိသတ်အားလုံးကတော့ ဘာမှနားမလည်ကြသေးဘူး။ ထိုင်ခုံပေါ်ထိုင်နေတဲ့ဆရာတော်ကြီးကိုပဲ ဝေခွဲလို့မရတဲ့အကြည့်တွေနဲ့ ကြည့်နေကြတယ်။ ဒီအချိန်မှာဆရာတော်ကြီးက မေတ္တာ၊ ကရုဏာအပြည့်နဲ့ ပြောတဲ့ဩဝါဒစကားတွေဟာ သိပ်တန်ဖိုး ကြီးလှပါတယ်။ ဆရာတော်ကြီးက–

*"ဒကာ၊ ဒကာမတို့ ဒီမှာရေရှင်ဆရာတော်လို့ အမည်ခံပြီး လိမ်စားနေတဲ့လူဟာ ဘုန်းကြီးအစစ်မဟုတ်ပါဘူး။*

*"ဖဲသမား၊ အရက်သမား၊ နယ်တကာလှည့်လိမ်နေတဲ့ လူလိမ်ငပိန်ဆိုတာ ဒီလူပါပဲ။ ဘုန်းကြီးတို့ရွာသားပဲပေါ့။ နယ်တကာလှည့် လိမ်စားနေတာ တိုင်ထားတဲ့အမှုတွေလည်း မနည်းတော့ပါဘူး။ ဘုန်းကြီးနဲ့ပါလာတဲ့ ဒကာတွေဟာ စခန်းမှူးနဲ့ ရဲသားတွေပါ။ ရုတ်ရုတ်သဲသဲဖြစ်မှာစိုးလို့ ယူနီဖောင်း မဝတ်ခဲ့ကြတာပါ။*

*"ရွာသူရွာသားတွေ အထင်မလွဲအောင်ရှင်းပြဖို့အတွက် ဘုန်းကြီးကိုပင့်လာကြတာပါ။ ဒါနဲ့ စေတီမှာ ဌာပနာရော ပိတ်ပြီးသွားပြီလား"*

*"ပိတ်ပြီးပါပြီဘုရား"*

ဌာပနာဆိုတဲ့အသံကိုကြားလိုက်တာနဲ့ ငပိန်ဟာ လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ အကင်းပါးတဲ့စခန်းမှူးက ရဲသားတစ်ယောက်ကို ချက်ချင်းလက်ထိပ်ခတ်ခိုင်းလိုက်တယ်။ ငပိန်ကို လက်ထိပ်ခတ်ပြီးတာနဲ့ ဆရာတော်ကြီးက–

*"ကဲ အကျိုးဆောင်ဒကာတွေရော၊ ရပ်မိရပ်ဖတွေပါဦးဆောင်ပြီး*



www.burmeseclassic.com

www.burmeseclassic.com



*ပိတ်ထားတဲ့ ဌာပနာကိုဖွင့်ကြည့်ကြပါဦး"* လို့ အမိန့်ရှိလိုက်တော့ လူကြီးတွေလည်း ခပ်မြန်မြန် သွားဖွင့်ကြည့်ကြတာပေါ့။ ဒါပေမဲ့ ရတနာပစ္စည်းတစ်ခုမှ မတွေ့တော့တဲ့အပြင် ရတနာပစ္စည်းထည့်ရမယ့် နေရာမှာ ထမိစုတ်၊ အင်္ကျီစုတ်တွေနဲ့ ဆံပင်ချည်ထွေးတွေကိုပဲ တွေ့ရတော့ တယ်။ ပစ္စည်းယူရုံနဲ့ အားမရသေးဘဲ ကျုပ်တို့တစ်ရွာလုံးနိုက်အောင် အောက်လမ်းအစီအရင်မျိုး လုပ်ထားတာကိုတွေ့လိုက်ရတော့ ရွာသူရွာ သားတွေမှာ စိတ်မထိန်းနိုင်ကြတော့ဘူးပေါ့။ ငပိန်ကို ရိုက်နှက်ပုတ်ခတ်ကြဖို့ ပြေးလာကြတာနဲ့ ရဲသားတွေဝိုင်းဝန်းပြီး ကားပေါ်မြန်မြန် တင်ပေးလိုက်ရ တယ်လေ။ ဆရာတော်ကြီးက –

*"ကဲ–ဒေါသကို ထိန်းသိမ်းပြီးအားလုံးခဏထိုင်ကြပါဦး။ ခဏနေရင် ဘုန်းကြီးလည်း ပြန်ကြွရတော့မှာပါ။ မကြွခင် ဒကာဒကာမတွေအတွက် အရေးကြီးတာလေးတွေ ပြောပြသွားချင်ပါတယ်"* လို့ မေတ္တာရပ်ခံလိုက်လို့ သာ ဒေါသလှိုင်းတံပိုးထနေတဲ့ ရွာသူရွာသားတွေမှာ အရှိန်သတ်လိုက် ကြတာ။ ပြီးမှ ကိုယ့်နေရာကိုယ် ပြန်ထိုင်လိုက်ကြတယ်။ အဲဒီအခါကျမှ ဆရာတော်ကြီးက တစ်သက်စာ မှတ်စရာကောင်းတဲ့ ဩဝါဒကိုပေးတော် မူတာက –

*"ဒကာဒကာမတို့ ကြည်ညိုတဲ့သဒ္ဓါနဲ့ တွေးခေါ်တဲ့ပညာ၊ အဲဒီ တရားနှစ်ပါးဟာ ချိန်ခွင်လျှာလို အလယ်တည့်တည့်မှာ ထားနိုင်မှ ဘာသာရေး လောကမှာ အမှားကင်းစင်နိုင်တယ်"*

ဒါကို မဃဒေဝလင်္ကာမှာ ဆုံးမထားတာက –

ပညာအားနည်း။ သဒ္ဓါသည်းက
အရည်းမည်ကာ၊ ယူမိစွာ၍
သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏။ တဲ့။

*အဓိပ္ပာယ်က တွေးခေါ်မြော်မြင်တဲ့ပညာအားနည်းပြီး ကြည်ညို ယုံကြည်တဲ့ သဒ္ဓါကများနေမယ်ဆိုရင် အရည်းကြီးလက်ကျန် ယုတ်မာတဲ့*



www.burmeseclassic.com

www.burmeseclassic.com



အကျင့်တွေကျင့်ပြီး လိမ်စားနေတဲ့ လူလိမ်လူညာ မိစ္ဆာအယူရှိတဲ့ သူတွေကို ဆရာတင်ပြီး ကိုးကွယ်ဆည်းကပ်မိတတ်သတဲ့။

"အခု ဒကာတို့လက်တွေ့ပဲပေါ့။ အကျယ်ပြောစရာတောင် မလိုတော့ပါဘူး။ ဒီအချက်နဲ့ပတ်သက်ပြီး ဘုန်းကြီးကဥပဒေသလေးတစ်ခု ပေးခဲ့ချင်တာက–

ကြည်ညိုရာမှာ အများသံဃာ

ကိုးကွယ်ရာမှာ ရွေးချယ်ပါ ဆိုတဲ့စကားလေးပဲ။ ဗုဒ္ဓဘာသာတွေ ပီပီ ရဟန်းသံဃာတွေ့ရင် ကြည်ညိုလိုက်ပါ။ ရှိခိုးလိုက်ပါ။ ကြည်ညိုရှိခိုးတဲ့ မိမိမှာ ကုသိုလ်ပဲဖြစ်ပါတယ်။ အကုသိုလ် မဖြစ်ပါဘူး။ ရှိခိုးခံတဲ့သူမှာသာ ရှိခိုးခံထိုက်တဲ့ သီလ၊သမာဓိ၊ပညာမရှိခဲ့ရင် သူ့လမ်းသူသွားပါလိမ့်မယ်။

"ဒါပေမဲ့ ဆရာမှတ်မှတ် သမားမှတ်မှတ် ကိုးကွယ်တော့မယ် ဆိုရင်တော့ အသေအချာရွေးချယ်ရပါတော့မယ်။ ရဟန်းစစ်၊ ရဟန်းမှန် ဟုတ်ရဲ့လား။ ရဟန်းစစ်ရဟန်းမှန်ဖြစ်ရင်လည်း ဂန္ထဓုရ= စာပေကို အားထုတ်နေတဲ့သူလား၊ ဝိပဿနာဓုရ= တရားအလုပ်ကို အားထုတ်နေ သူလား။

"ဒါတွေကို သေချာလေ့လာစုံစမ်းပြီးမှ ဆရာသမားအဖြစ် ကိုးကွယ် ရမယ်။ လောကုတ္တရာဆရာအဖြစ်ရှိထားရမယ့်အင်္ဂါတွေက –

**ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊**
**လွှဲမိုက်ဆုံးမ၊ မေးသမျှခံ၊**
**ဝမ့်နက်နဲ၊ ဟောနိုင်မြဲ၍**
**ကျိုးနည်းမတန်း၊ ခုနှစ်ခန်းနှင့်**
**ပြည့်လျှမ်းညီညာ၊ ဤဆရာ၊**
**ဖွေရှာတပည့်ခံ** – *တဲ့*။

**ရိုသေထိုက်တဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဂုဏ်ရှိရမယ်။**
**ချစ်ခင်ထိုက်တဲ့ မေတ္တာစာတ် ပိယဂုဏ်လည်းရှိရမယ်။**

*အမြဲ့ရောင်မေတ္တာ ဓာတ်စင်*

www.burmeseclassic.com

www.burmeseclassic.com



ချိုးမွှမ်းထိုက်တဲ့ ရောင့်ရဲခြင်းစတဲ့ ပသဒ္ဓဂုဏ်လည်း ရှိရမယ်။

*"ဒကာဒကာမတွေရဲ့ လွဲမှားနေတဲ့အကျင့်၊ မိုက်မဲနေတဲ့အကျင့်တွေကို မြင်ရင်လည်း ဆုံးမဩဝါဒပေးနိုင်ရမယ်။ ဒကာဒကာမတွေ မေးမြန်းလာတဲ့ ဘာသာရေးပြဿနာများကိုလည်း ပြောကြားပေးနိုင်ရမယ်။ ရုပ်၊ နာမ်၊ ပရမတ်၊ ပညတ်စတဲ့ နက်နက်နဲနဲ တရားများကိုလည်း ဟောကြားပေးနိုင်ရမယ်။*

*"ပစ္စက္ခ၊ သံသရာအကျိုးရှိရာရှိကြောင်းများကိုလည်း ညွှန်ကြားနိုင်ရမယ်။ အဲဒီဆရာများကိုသာ ရှာဖွေပြီး တပည့်ခံရင် အမှားမတွေ့နိုင်တော့ဘူးပေါ့။*

"ကုန်ရှုံးတော့တစ်ခေါက်၊ လင်ကုန်ရှုံးတော့တစ်သက်လုံးမှောက်၊ ဆရာကုန်ရှုံးတော့ တစ်သံသရာလုံး မှောက်ရောတဲ့။ *ဒါကြောင့် ဆရာတင်မမှားဖို့ ကြပ်ကြပ်ကြီးသတိထားကြ။ ဒါက သဒ္ဓါများပြီး ပညာပါးတဲ့သူများအတွက်ပါ။ နောက်တစ်ခုက ကြည်ညိုတဲ့သဒ္ဓါအလွန်နည်းပြီး တွေးခေါ်မြော်မြင်တဲ့ ပညာကများနေရင်လည်း မကောင်းပြန်ဘူး။*

*"စာမှာပြတာက ကေရာဋ္ဌိကပက္ခံ–စဉ်းလဲကောက်ကျစ်တတ်သတဲ့။* မဃဒေဝမှာ *ဆက်ပြတာကတော့–*

သဒ္ဓါနုံနဲ့၊ ပညာကဲလည်း။
အလွဲပြေးဝင်၊ အမြင်ယွင်းရွ၊
တိမ်းပါးကြွလျက်၊ မီးပြသမား၊
တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊
လှူဝတ္ထုကို၊ စွန့်ပြုမလွှတ်၊
စိတ္တုပ္ပါဒ်မှု၊ ဒါနအလှူ၊
မြောက်သောဟူ၍၊ အယူဖောက်လွဲ၊
မိစ္ဆာစွဲ၏ – *တဲ့*

*"သဒ္ဓါကပါးလွန်းပြီး တွေးခေါ်တဲ့ပညာများတဲ့သူက ဘယ်လိုဖြစ်*

*အမြူရောင်မေတ္တာစာစဉ်*

www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတော့ ဒါနပြုတယ်ဆိုတာ စေတနာပါရင်ပြီးတာပဲ။ လှူဖွယ်ဝတ္ထု မလိုပါဘူး။ ဒီလိုဖြစ်လာတယ်။ တချို့ကျ သူများကောင်းမှုကိုတောင် အနှူရာယ်ပြုလာ တယ်။ ဘုရားဆွမ်းတော်တင်ရင်ကြွက်စာ၊ ဆီမီးထွန်းရင် ကြွက်လမ်းပြ မရှိတော့တဲ့ဘုရားကို လှူနေလို့ဘာမှအကျိုးမရှိဘူး စတဲ့ ဝေဖန်စကားတွေဟာ သဒ္ဓါပါးပြီး ပညာများတဲ့သူတွေဆီက ထွက်လာတာပေါ့။

"သူကပိုတောင် ကြောက်စရာကောင်းသေးတယ်။ ဒါကြောင့် တွေးခေါ်တဲ့ ပညာတွေ စွတ်များပြီး ဝေဖန်ရောက်ဖို့လည်း အရေးကြီးတယ်။ ဒါနဲ့ ပတ်သက်ပြီး ဘုရားဆွမ်းတော်တင်တဲ့အတွက် နတ်ပြည်မှာ ဗိမာန်ကြီး ပေါက်ပေးရတဲ့ ဒါယိကာမကြီးတစ်ယောက်အကြောင်းကို ပြောပြဦးမယ်။

"မြတ်စွာဘုရားရဲ့တရားတော်တွေဟာ နှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့ပြီ ဖြစ်သော်လည်း ယနေ့အထိ မှန်နေတုန်းပဲဆိုတာ လက်တွေ့ပြခဲ့ချင်တာပါ။ ပြီးတော့ စောစောက ဝေဖန်သမားတွေပြောသလို မရှိတော့တဲ့ဘုရားကို ဆွမ်းတော်တင်တာဘာမှ အကျိုးမရှိဘူးဆိုတဲ့စကားကိုလည်း ချေဖျက် ပေးခဲ့ချင်လို့ပါ။

"နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ ဒါပေမဲ့ သိမ်လိုက်တဲ့ ပုဂ္ဂိုလ် အဆက် ဆက်ကတော့ အခုအချိန်ထိ ရှိနေပါသေးတယ်။ ဖြူးမြို့နယ်၊ ဝဲကြီး အောက်ခံရွာမှာ ကျောင်းထိုင်တဲ့ဆရာတော်ကြီး ဦးဇာဂရဟာ သက်တော် ၇၅-နှစ် ကျော်ကျော်မှာ ပျံတော်မူလောက်တဲ့ ရောဂါဝေဒနာကို ခံစားရင်း သတိလစ်ပြီး မျောသွားတယ်။

"ဒီအခါမှာ ဆရာတော်ကြီးရဲ့ ဝိညာဉ်ဟာ နတ်ပြည်ကို ရောက် သွားတယ်။ လှပချောမောလှတဲ့ နတ်သမီးနတ်သားတွေ၊ ခမ်းနားကြီးကျယ် လှတဲ့ ဗိမာန်ကြီးတွေကို လျှောက်ကြည့်နေရင်း ဗိမာန်တစ်ခုနားရောက်တော့ တအံ့တသြနဲ့ ရပ်နေလိုက်မိသတဲ့။ အဲဒီဗိမာန်ကြီးဟာ ရွှေနဲ့အတိပြီးပြီး ရတနာမျိုးစုံကိုလည်း နေရာလပ်မရှိအောင် စီခြယ်ထားသတဲ့။

"ဒါပေမဲ့ ထူးခြားတာက တခြားဗိမာန်များလို ကိုယ်ပိုင်နတ်သမီး



www.burmeseclassic.com

www.burmeseclassic.com



နတ်သားကို မတွေ့ရဘဲ အခြွေအရံနတ်သမီးများကိုသာ တွေ့ရတဲ့အတွက် ဆရာတော်ကြီးက လှမ်းပြီးမေးလိုက်မိသတဲ့။ သင်တို့ဗိမာန်က ပိုင်ရှင် နတ်သမီး။ နတ်သားမရှိဘူးလားဆိုတော့ အရှင်ဘုရား ပိုင်ရှင်နတ်သမီးက မသေသေးပါဘူး။ အရှင်ဘုရားတို့လူ့ပြည်မှာ ရှိနေပါသေးတယ်။ အရှင်ဘုရားလည်း ပျံတော်မမူသေးပါဘူး။ လူ့ပြည်ပြန်ရောက်ရင် ဟောဒီလိပ်စာအတိုင်း သွားပြီးပြောပေးပါ။ နတ်ပြည်ရဲ့စည်းစိမ်ကို ခြေဖျားတောင်မမှီတဲ့ လူ့ပြည်မှာ အကြာကြီးနေမနေဘဲ နတ်ပြည်ကို အမြန်လာခဲ့ပါ။ ခစားမယ့်အခြွေအရံ နတ်သမီးတွေက မျှော်နေတယ်လို့ ပြောပေးပါဘုရား။ လိပ်စာကတော့ ဖြူးမြို့နယ်၊ စန်းမြိုင်ရပ်က ဒေါ်ကုလားမပါဘုရားလို့ ပြောလိုက်သတဲ့။

"ဆရာတော်ကြီးလည်း သတိပြန်ရလာတဲ့အခါမှာလိပ်စာကို ကမန်းကတန်း ရေးခိုင်းပြီး ဒေါ်ကုလားမကို တွေ့အောင်ရှာခိုင်းလိုက်သတဲ့။

"တွေ့ခဲ့ရင် မသေခင်မှာ နတ်ပြည်မှာ ဗိမာန်ပေါက်လောက်အောင် ဘယ်လိုကုသိုလ်တွေအားထုတ်နေတယ်ဆိုတာလည်း မေးခိုင်းလိုက်သတဲ့။ ကပ္ပိယကြီးတွေလည်း ရှာလိုက်တာ တော်တော်နဲ့ စမ်းမြိုင်ရပ်ဆိုတာ ရှာမတွေ့ဘူးတဲ့။ ဘယ်တွေ့မလဲ။ အဲဒီအချိန်တုန်းက စမ်းမြိုင်ရပ်ဆိုတာ မြို့ဆင်ခြေဖုံးအဆင့်ရွာသာသာလောက်ပဲရှိတာကိုး။ တော်တော်လေးမိုးချုပ်မှ ရှာတွေ့သွားကြတယ်။

"ဆရာတော်ကြီးမှာတဲ့အတိုင်း မေးကြည့်လိုက်တော့ ဒေါ်ကုလားမ ပြန်ပြောပြတာက သူ့ဟာသောင်းနဲ့သိန်းနဲ့ချီပြီး မလှူနိုင်ခဲ့ပါဘူးတဲ့။ ဒါပေမဲ့ အိမ်ထောင်စကျတဲ့အချိန်ကစပြီး အခုအသက်(၅၀)ကျော်အချိန်ထိ ဘုရားကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်တာ တစ်ရက်မှ မပျက်ခဲ့ပါဘူးတဲ့။

"ကပ်တဲ့အခါမှာလည်း ဝတ်ကျေ၊ တန်းကျေ ထမင်းပန်းကန် သေးသေး လေးထဲ ဟင်းလေးနည်းနည်းပုံပြီး ကပ်ခဲ့တာမဟုတ်ပါဘူးတဲ့။ သံဃာတော် တစ်ပါးစာ သေချာရွေးခပ်ပြီး ဖွန်းနဲ့၊ လက်သုတ်ပဝါနဲ့၊

အမြူရောင်လေဏ္ဍာဝေဝေ၌

www.burmeseclassic.com

www.burmeseclassic.com



*လက်ဆေးရေနဲ့ သေချာကပ်ခဲ့တာပါတဲ့။ ကဲ -ဘယ်လောက် အံ့ဩစရာ ကောင်းတုန်း။*

*"ဒါကြောင့် ဘုန်းကြီးနိဂုံးချုပ် မှာချင်တာက ကြည်ညိုတဲ့သဒ္ဓါနဲ့ တွေးခေါ်တဲ့ပညာကို တစ်ခုမှအလွှန်မခံဘဲ အညီအမျှ ထားနိုင်ကြပါစေ ဆိုတာပါပဲ"*

~ ~ ~ ~ ~

လူသတ္တဝါတစ်မျိုးသာလျှင် ရယ်မောတတ်၍ ရယ်စရာကောင်းသည်မှာလည်း လူသတ္တဝါပဲဖြစ်သည်။

(လော့ဒ်ဂရေဗီလီ

အမြဲပြုရောင်လဲဖတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်လမ်းလိုက်ပြီး

သံသရာရှည်နေတာကိုတော့ မကြိုက်ဘူးဗျာ။

ဘုရားကလည်း

သံသရာတိုဖို့သာ ဟောခဲ့တာပါ။

ရှည်ဖို့မဟောခဲ့ပါဘူး။

အမြူရောင်လေညွှာဝေဝေဆိုင်

www.burmeseclassic.com

www.burmeseclassic.com



# အစွဲချွတ်ပွဲ

ကျွန်တော့်ရဲ့နာမည်ကို အလုပ်နဲ့တွဲပြီး ကွမ်းယာစိုးတင့်လို့ ခေါ်ကြတယ်။ ဟုတ်တယ်လေ ကျွန်တော်က ကွမ်းယာတစ်မျိုးတည်းနဲ့ မိသားစု ငါးယောက်ကို မပူမပင်၊ မကြောင့်မကြ ထားနိုင်ခဲ့တယ်။ ဒါ့အပြင် ကိုယ်ပိုင် အိမ်လေးနဲ့၊ မြေလေးကိုလည်း သည်ကွမ်းယာဆိုင်လုပ်ငန်းကပဲ ဖန်တီး ပေးခဲ့တာ။ ကာယိကထလည်း မများဘူး။ ကွမ်းယာဗန်းလေး လည်ပင်းချိတ် ပြီး သီရိမင်္ဂလာဈေး တစ်ပတ်, ပတ်ပြီးတာနဲ့ ကျွန်တော့်မိသားစုအတွက် တစ်နေ့စာ လုံလောက်သွားပြီ။

ဒါတွေကြို့ပြီးပြောပြနေရတာက ကျွန်တော့်မှာ အကြောင်းရှိတယ်။ ပယောဂကုတဲ့ပညာကို ကျွန်တော်လေ့လာသင်ယူခဲ့တာဟာ ဝမ်းရေး အတွက် မဟုတ်ဘူးဆိုတာကို သိစေလိုလို့ပါပဲ။ စုန်းတို့၊ အောက်လမ်းတို့၊ ကဝေတို့ ဆိုတာတွေကို ကျွန်တော်စိတ်လည်းမဝင်စားဘူး။ ဝါသနာလည်း မပါဘူး။ ဆရာဝန်တင်ရွှေရဲ့ ယောနယ်ဆေးပညာအတွေ့အကြုံ အကြောင်း စာအုပ်တွေ ဘာတွေဖတ်မိထားတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ယုံတောင် မယုံဘူးပေါ့ဗျာ။

ဒါပေမဲ့ ဘယ်လောက်ပဲမယုံပါဘူးဆိုဆို လက်တွေ့မြင်ရရင် တစ်ဝက်တော့ ယုံလာတာပဲဗျ။ အဲ -လက်တွေ့ခံရရင်တော့ အကုန်လုံးကို

www.burmeseclassic.com



ယုံရတော့တာပဲဗျို့။ ကျွန်တော်ပယောဂပညာကို စတင်စိတ်ဝင်စားမိတဲ့ တကယ့်ဖြစ်ရပ်လေးက ဒီလိုဗျ။

ကျွန်တော်တို့နေတဲ့ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်ရဲ့ထိပ်နားမှာ ကမာ ရွတ်ဘူတာဆိုတာရှိတယ်။ ခုချိန်ထိ ဆူးလေ–အင်းစိန်ကားတွေ အမြဲတမ်း ရပ်ရတဲ့ ဘူတာရုံလမ်းမှတ်တိုင်ဆိုတာ အဲဒီကမာရွတ်ဘူတာကို ပြောတာပါပဲ။

ကြာတော့ကြာခဲ့ပါပြီ။ နှစ်၂၀–ကျော်လောက်တော့ ရှိရောပေါ့ဗျာ။ အဲဒီအချိန်က ကမာရွတ်ဘူတာရုံပိုင်ကြီးက ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာ ဝင်ကြီးပဲ။ တစ်နေ့တော့ ထူးထူးခြားခြား ဘူတာရုံခေါင်မိုးပေါ်ရော၊ ဘူတာရုံ ထဲကိုရော ပစ်တဲ့လူ မတွေ့ရဘဲနဲ့ ကျောက်ခဲတွေ တဝုန်းဝုန်းကျနေတော့ ရုံပိုင်ကြီးလည်း ကြောက်လန့်ပြီး ရဲတွေဘာတွေ ပြေးခေါ်တာပေါ့။

ရဲတွေရောက်လာလည်း ကျောက်ခဲတွေကတော့ ကျမြဲပဲ။ ကြာတော့ ရဲတွေလည်း ဘူတာရုံထဲတောင် မစောင့်ရဲတော့ဘူး။ ခပ်လှမ်းလှမ်းကပဲ ဝတ်ကျေတန်းကျေ စောင့်ပေးတော့တယ်။ ရုံပိုင်ကြီးလည်း ဘာလုပ်ရမှန်း မသိအောင် စိတ်ညစ်နေတာပေါ့။ အဲဒီမှာ ကျွန်တော်နဲ့ အိမ်ချင်းကပ် ဘေးအိမ်က ဦးထွန်းမောင်က ရုံပိုင်ကြီးကို သွားမေးကြည့်တယ်။ ဒီအချိန်မှာ ခဲကျနေတာ သုံးရက်လောက်ရှိနေပြီ။

*"ရုံပိုင်ကြီး ကျွန်တော်လည်း အစိုးရဝန်ထမ်းတစ်ယောက်ပါ။ ရုံပိုင်ကြီး ယုံကြည်မယ်ဆိုရင်တော့ ဒီကျောက်ခဲတွေကျတာ ရပ်သွားအောင် ကျွန်တော်ကူညီနိုင်ပါတယ်"*

*"အဲဒါဆိုရင်လည်း မြန်မြန်ကူညီပါ ဦးထွန်းမောင်ရယ်။ ကျွန်တော် စိတ်ဆင်းရဲလှပါပြီ"*

ဒါနဲ့ ဦးထွန်းမောင်က ဘူတာရုံရဲ့အုတ်နံရံကို လက်နဲ့သုံးချက် ပုတ်ပြီး–

*"ဘုရားငါးဆူရဲ့အမိန့်၊ အထက်ထွက်ရပ်ပေါက်ဆရာကြီးများရဲ့*

*အမြုဋ္ဌေဝင်မေတ္တာ စေ စ ၌*

www.burmeseclassic.com

www.burmeseclassic.com



*အမိန့်၊ ငါ့ဆရာရဲ့အမိန့်နဲ့ အခုကျနေတဲ့ ကျောက်ခဲတွေချက်ခြင်း ရပ်သွားစေရမယ်"* လို့ အမိန့်ပေးလိုက်တာနဲ့ တကယ့်ကို အံ့ဩစရာပါဗျာ။ သုံးရက်တိုင်တိုင် ဆက်တိုက်ကျနေတဲ့ ကျောက်ခဲတွေဟာ ချက်ခြင်းပဲ ရပ်သွားခဲ့တယ်။ အဲဒီမှာ ဦးထွန်းမောင်က သူဟာ ဂိုဏ်းဝင်ထားတာ မကြာသေးတဲ့အတွက် အတွေ့အကြုံ မရှိသေးကြောင်း၊ ဒါကြောင့် ခေတ္တခဏ ရပ်သွားရုံသာတတ်နိုင်မှာဖြစ်ကြောင်း၊ စေခိုင်းသူကိုလည်း ဖော်ထုတ်နိုင်မှာမဟုတ်ကြောင်း၊ အကယ်၍ ရုံပိုင်ကြီးအနေနဲ့ စေခိုင်းတဲ့သူကိုလည်းသိချင်တယ်။ နောက်ထပ်လည်း ဘယ်တော့မှ ခဲမကျစေချင်ဘူးဆိုရင်တော့ သူ့ထက်ဝါရင့်တဲ့ ဆရာတစ်ယောက်ကို ခေါ်ပေးမယ့်အကြောင်း ပြောတော့ ရုံပိုင်ကြီးကလည်း လက်ခံတယ်။ သူ့အနေနဲ့ ဂါမရင့်သေးတဲ့ ဦးထွန်းမောင်လို လူတစ်ယောက်ကတောင် တဒိုင်းဒိုင်းကျနေတဲ့ ကျောက်ခဲတွေကို ချက်ချင်းရပ်သွားအောင် လုပ်နိုင်သေးတယ်ဆိုရင် ဝါရင့်တဲ့ဆရာဆိုရင်တော့ ပိုစွမ်းမှာပဲဆိုတာ ရုံပိုင်ကြီးက ခန့်မှန်းမိနေပြီလေ။ နောက်ဆုံးလိုရင်းပဲဆိုကြပါစို့။ ဝါရင့်တဲ့ဆရာကိုပင့်ပြီး ရုံပိုင်ကြီးရဲ့ အခန်းထဲမှာပဲ လက်သည်ကိုရှာကြတယ်။ ဖြစ်ရပ်ကတော့ ရယ်စရာလည်းကောင်းတယ်။ စိတ်ဝင်စားစရာလည်း ကောင်းတယ်။ ဦးထွန်းမောင်ရဲ့မိန်းမကိုပဲ ဆရာဆိုသူက မျက်စိမှိတ်၊ အာရုံပြုခိုင်းပြီး ဘူတာရုံကို ခဲနဲ့ပေါက်တဲ့မိစ္ဆာကို ခေါ်လိုက်တာခဏနဲ့ ရောက်လာတယ်။

ဦးထွန်းမောင်မိန်းမ ဒေါ်ရီဟာ မိစ္ဆာပူးလာတာနဲ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတယ်။ မျက်ထောင့်ကြီးလည်း နီလာတယ်။ အသံကလည်း တကယ့်ယောကျ်ားသံကြီးဖြစ်သွားတယ်။ ပြီးတော့ ပြောသေးတယ်။

*"မင်းတို့ဘာကြောင့် ငါ့ကိုခေါ်ရတာလဲ"* တဲ့။ ဆရာက

*"မင်း ဒီဘူတာရုံကို ဘာလို့ခဲတွေကျအောင် ပစ္စာက တိုက်ထားတာလဲ။ မင်းပညာတွေ ပြန်သိမ်းသွား"* လို့ ပြောတော့။

*"မင်းတို့ဆရာတွေက ဘာဆရာတွေလဲ။ ငါ့ကိုရော ဘာကောင်မှတ်*



www.burmeseclassic.com

www.burmeseclassic.com



*နေသလဲ။ မသိမ်ဘူးကွာ။"* ဆိုပြီး ဒေါ်ရီရဲ့ လက်နှစ်ဖက်က လှုပ်ရှားလာတယ်။ အဲဒီအခါမှာ ဝါရင့်ဆရာက–

*"အောင်မာ အောက်လမ်းမိစ္ဆာကများ ပညာလေး မတောက်တခေါက်နဲ့ ဆရာကို စမ်းကြည့်ချင်နေသေးတယ်။ ကဲ ဆိုင်ရာက လက်နှစ်ဖက်ကိုမလှုပ်နိုင်အောင် ကြိုးနဲ့တုပ်လိုက်ကြစမ်း'* လို့ အမိန့်ပေးလိုက်တာနဲ့တစ်ပြိုင်နက် ဒေါ်ရီရဲ့လက်နှစ်ဖက်ဟာ ကျောဖက်ကို အလိုလိုရောက်သွားပြီးကပ်နေတယ်။ ကျွန်တော်ရော၊ ရှုံပိုင်ကြီးရော၊ ရဲသားငါးယောက်ရော အံ့ဩလို့ မဆုံးဘူး။ လက်ကိုချုပ်ပြီးတာနဲ့ ဆရာကဆက်ပြီး အမိန့်ပေးပြန်တယ်။

*"ဒီလောက် အာခံတဲ့အောက်လမ်းကောင်ကို လည်ပင်းကြိုးတုပ်ပြီး လျှာထွက်အောင်ဆွဲကြစမ်း"* တဲ့ ဆရာအမိန့်ပေးပြီးတာနဲ့ ဒေါ်ရီရဲ့လည်ပင်းဟာ ကျစ်သေးသွားပြီး လျှာကြီးကလည်း ပါးစပ်ကနေတွဲလွဲကြီး ထွက်ကျလာတယ်။ တအင်းအင်းနဲ့ညည်းညူသံကြီးလည်း ပေါ်လာတယ်။ ခဏကြာတော့ မခံနိုင်တော့ဘူးထင်ပါတယ်။ ဒေါ်ရီ့ဆီကနေ

*"ကြောက်ပါပြီဆရာ။ ပညာတွေ အကုန်ပြန်သိမ်းပါ့မယ်။ မေးသာလည်းဖြေပါ့မယ်။"* ဆိုတဲ့အဖြေရမှ ဆရာက–

*"ကဲ အသိတရားရပြီဆိုရင် ဆိုင်ရာက ခဏရပ်ပေးလိုက်"* လို့ပြောလိုက်တာနဲ့ လည်ပင်းလည်း ပုံမှန်ပြန်ဖြစ်သွားပြီး လျှာလည်း အထဲ ပြန်ဝင်သွားတယ်။ အဲဒီအခါကျမှ ဖြစ်ကြောင်းကုန်စင်ပြောပြလို့ သိရတာက သူလက်ပံတန်းဘက်ကသယ်လာတဲ့ မီးသွေးအိတ်တွေကို တခြားဘူတာတွေက ဘာမှမလုပ်ဘဲနဲ့ ဒီဘူတာကျမှ သိမ်းယူလိုက်တာကို မကျေနပ်လို့ ပုဏ္ဏက တိုက်ထားတာတဲ့။ နောက်တော့ ဆရာကသစ္စာရေတိုက်၊ ပညာတွေ ဘုရားထံလှူနိုင်းပြီး ပြန်လွှတ်လိုက်တယ်။ ကျွန်တော်တို့တွေ အထင်ကြီးသွားတာကတော့ မပြောပါနဲ့တော့။ ခရစ်ယာန်ဖြစ်တဲ့ ရှုံပိုင်ကြီးတောင် ဗုဒ္ဓဘာသာကိုဝင်လာပြီး အဲဒီပညာကို ဆရာဖြစ်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီကစပြီး ပယောဂကုတဲ့ပညာကို ကျွန်တော်စတင် စိတ်ဝင်စားမိခဲ့တာပါ။ ဒါပေမဲ့ ပညာသင်ယူတဲ့ အထိတော့ စိတ်မပါသေးပါဘူး။

●●●

တစ်ခါတော့ ကျွန်တော့်အစ်မ အပျိုကြီးတစ်ယောက် မီးယပ်နဲ့ဆိုင်တဲ့ အမျိုးသမီးရောဂါတစ်ခုဖြစ်တယ်။ ကျွန်တော်တို့မိသားစုလည်း ကုလိုက်ကြတာ နိုင်ငံခြားဆေးရော၊ မြန်မာဆေးရောစုံလို့။ ဒါပေမဲ့ လုံးလုံးမပျောက်ဘူး။ နှစ်နှစ်ကျော်လောက်ထိ ကြာသွားတယ်။ ကျွန်တော့်အစ်မဟာ သူ့စရိုက်ဝါသနာအရ အပြောဆိုးပေမယ့် စိတ်ကောင်းရှိပါတယ်။ မိဘကိုလည်း အိမ်ထောင်မပြုဘဲ လုပ်ကျွေးနေရှာတဲ့ သမီးလိမ္မာတစ်ယောက်ပါပဲ။ မိဘကိုလည်း အင်မတန်ရိုသေကိုင်းရှိုင်းပါတယ်။ အဲဒီအစ်မဟာ တစ်ညနေမှာတော့ ကိုယ့်မိခင်ကိုယ်ပြန်ပြီး နာမည်ခေါ်ခေါ်ပြီးဆဲလိုက်တာ ကြားဝံ့စရာမရှိပါဘူး။ အတန်ကြာတော့မှ-

*"အမေ သမီးဘယ်လိုဖြစ်တယ် မသိဘူး။ အသိစိတ်တွေ လွတ်လွတ်သွားတယ်၊ သမီးကိုခွင့်လွှတ်ပါ"* လို့ ငိုယိုပြီး တောင်းပန်ပြန်တယ်။

အဲဒီတော့မှ ကျွန်တော်တို့လည်း အစ်မမှာ ပယောဂဝေဒနာရှိနေမှန်းသတိထားမိကြတော့တယ်။ ကျွန်တော်ကိုယ်တိုင်ပဲ စစ်မှန်တဲ့ဆရာတစ်ယောက်ကို တွေ့အောင်ရှာပြီး အစ်မဖြစ်သူကို သွားပြရတယ်။ ဒီအချိန်မှာ ရောဂါဒဏ်ကို နှစ်နှစ်ကျော် ခံစားထားရတဲ့အတွက် ကျွန်တော့်အစ်မဟာ အရိုးပေါ်အရေတင် ယှဲ့ယှဲ့ပဲကျန်တော့တယ်။

ဒီစဉ်အခါကတည်းက လေ့လာဖတ်ရှုထားတဲ့ စာပေအတွေ့အကြုံအရ အစ်မကို ကုသပေးမယ့်ပယောဂဆရာထံမှာ ကျွန်တော်ရဲ့ဆန္ဒကို ဦးစွာတင်ပြလိုက်တယ်။

*"ပြုစားခံထားရတဲ့ ဝေဒနာ ဟုတ်၊ မဟုတ် သေချာစစ်ဆေးပေးပါ ဆရာ၊ ပယောဂဝေဒနာဟုတ်တယ်လို့ ဆုံးဖြတ်နိုင်မယ့်အချက်ကိုမြင်မှ ကုသချင်ပါတယ်ဆရာ"*

အမြဲရောင်မေတ္တာစေခိုင်

www.burmeseclassic.com

*"ကျွန်တော်တို့ကလည်း ပယောဂ ဟုတ်၊ မဟုတ် သေချာစစ်ဆေးပြီးမှ ကုသတာပါ။ အခုရောဂါရှင်က နှစ်ကြာကြာခံထားရတော့ လူကအား မရှိတော့ဘူး။ အဲဒီတော့ ရောဂါရှင်ကိုယ်စား ရောဂါရှင်ရဲ့မိခင်ကိုပဲ တစ်ဆင့် အနေနဲ့ စစ်ပေးပါ့မယ်"*

အဲဒီလိုပြောပြီး ကျွန်တော့်အမေကို ကျူကျူထိုင်ခိုင်းပြီး ပေါင်ပေါ်မှာ လက်ဝါးနှစ်ဖက်ကို ဖြန့်ချထားခိုင်းပါတယ်။ ပြီးတော့မှ–

*"အဒေါ်ကြီးက လက်ချောင်းလေးတွေကို ပုံမှန်စိတ်ရှိပဲစိထားပါ။ ကျွန်တော်က အမိန့်ပေးပြီး လက်ချောင်းတွေကို ခွဲခိုင်းတဲ့အခါမှာ အဒေါ်ကြီး က လိုက်ခွဲစရာ မလိုပါဘူး။ ရောဂါရှိရင် လက်ချောင်းတွေက သူ့အလိုလို ခွဲပြပါလိမ့်မယ်"* လို့ပြောပြီး အမိန့်ပြန်ကာ လက်ချောင်းတွေကို ခွဲပြခိုင်း ပါတော့တယ်။ အံ့သြစရာပါပဲ။ အမေ့ရဲ့လက်ချောင်းတွေဟာ ဆရာအမိန့် ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ဆယ်ချောင်းစလုံးဘေးဘက်ကို အကုန်ခွဲ ထွက်ကုန်ပါတယ်။ လက်ဟာ တော်တော်လည်း တုန်လာပါတယ်။ အမေ့ မျက်နှာကတော့ ပုံမှန်အတိုင်းပဲ။ ဆရာက အမေ့မျက်နှာကိုကြည့်ပြီး –

*"အဒေါ်ကြီး သတိလစ်မသွားပါဘူးနော်"*

*"ဟုတ်ကဲ့ဆရာ ကျွန်မသတိမလစ်ပါဘူး"*

*"ဒါဆိုရင် လူတစ်ကိုယ်လုံးတော့ မိစ္ဆာကဝင်စီးလို့ရပုံမတူဘူး။ ဒါဆိုလည်း လက်ချောင်းတွေကိုပဲ အမိန့်ပေးပြီး မေးကြတာပေါ့"*

*"ကဲ ငါ့ဆရာရဲ့အမိန့်နဲ့ အခုဝင်ရောက်လာတဲ့မိစ္ဆာ သင်ရောဂါ ထည့်ထားတဲ့နေရာကို သင်ကိုယ်တိုင် လက်ညှိုးထိုးပြရမယ်။ အခုချက်ချင်း ထင်ရှားအောင်ပြ"*

အဲဒီလို ဆရာကအမိန့်ပေးလိုက်တာနဲ့ အမေ့ရဲ့ လက်ဆယ်ချောင်း ထဲက လက်ညှိုးနှစ်ချောင်းကထောင်ထွက်လာပြီး ဝမ်းဗိုက်ရှိရာကို ထိုးပြ လိုက်တယ်။ ရှင်းသွားပါပြီ။ မိစ္ဆာက သူ့ရဲ့ပယောဂစက်တွေကို ကျွန်တော့် အစ်မရဲ့ ဗိုက်ထဲကို ရအောင်ထည့်ပြီးသွားပြီပေါ့။ ဝမ်းနည်းစရာက

www.burmeseclassic.com



စစ်ဆေးကြည့်လို့ ပယောဂရောဂါမှန်းသိရသော်လည်း ကုလို့မရတော့ဘူးတဲ့။

ဘာကြောင့်လဲဆိုတော့ နှစ်ကကြာသွားတော့ မိစ္ဆာထည့်လိုက်တဲ့ အစာဟာ အသွေးအသားနဲ့ တစ်သားတည်းဖြစ်ပြီးရောသွားပြီ။ ဒါကြောင့် ကုလို့ မရတော့ပါဘူး။ ဒါနဲ့ပဲ ကျွန်တော့်အစ်မဟာ ငယ်ငယ်ရွယ်ရွယ် အသက် (၂၈)နှစ်မှာပဲ ပယောဂဝေဒနာနဲ့ ဆုံးပါးသွားခဲ့ရတယ်။

ဒုတိယအလှည့်ကျလာတာက ကျွန်တော့်အမေ၊ အမေက ဘာနတ်မှ မကိုးကွယ်ဘူး။ ထေရဝါဒဗုဒ္ဓဘာသာဝင်စစ်စစ်ပေါ့။ တစ်နေ့တော့ နေထိုင်မကောင်းဖြစ်လို့ အိပ်ရာထဲခွေနေတဲ့အချိန်မှာ မျက်စောင်းထိုးအိမ်က နတ်ကတော်တစ်ယောက်က ဖြူစင်တဲ့စေတနာလိုလို ဘာလိုလိုနဲ့ အဖျား ပျောက်ဆေးလို့ပြောပြီး ဆေးတစ်ခွက်လာတိုက်သွားတယ်။

အဲဒီဆေးသောက်ပြီးတဲ့နောက် အမေကြီးဟာ နာလန်မထူတော့ဘူး။ ဆီးချုပ်၊ ဝမ်းချုပ်နဲ့ မစားနိုင်၊ မသောက်နိုင်ဖြစ်လာတယ်။ ဆရာဝန်တွေ၊ ဆေးခန်းတွေ၊ ဗိန္ဒောဆေးတွေ စုံပါပြီ။ လုံးဝမသက်သာဘူး။ အမေ့ရောဂါ ဖြစ်တာ လေးငါးလလောက်ရှိမှ ပယောဂဆရာကို သွားသတိရမိတယ်။

ဆေးလာတိုက်တဲ့ နတ်ကတော်ဟာ သူကိုးကွယ်စေချင်တဲ့နတ်တွေကို အမေက မကိုးကွယ်လို့ မကျေမနပ်ဖြစ်နေတာကြာပြီလို့ နောက်မှ အမေက ပြောပြတယ်။ ဒါဆိုရင်တော့ နောက်ဆို အဲဒီနတ်ကတော်တိုက်တဲ့ ဆေး ဘာမှမသောက်နဲ့လို့သတိပေးပြီး ပယောဂဆရာထံ ပြေးရပြန်တယ်။ စစ်ကြည့်တော့ တွေ့တာပါပဲ။ အဲဒါနဲ့ ဆရာက စက်ဖြတ်ဆေးတိုက်လိုက်တော့ ဝမ်းသွားတဲ့အထဲပါသွားပြီး ဆီးချုပ်၊ ဝမ်းချုပ်ရောဂါကြီးဟာ လက်နဲ့ယူပစ်သလို ပျောက်သွားပါတယ်။

အမေဖြစ်ပြီးတဲ့နောက်မှာတော့ ဒီပညာကို ငါရအောင်ယူထားသင့်တယ်။ ဇီဝိတဒါန သူများအသက်ကို ကယ်တင်တဲ့ကုသိုလ်ပဲ။ ဒါလောက် မွန်မြတ်တာမရှိဘူးလို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ ဒါနဲ့



www.burmeseclassic.com

ပြောတိုင်းလည်း မယုံတဲ့၊ လက်တွေ့ မျက်တွေ့မှလည်းလက်ခံတဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့လည်း ဆန်းစစ်တတ်တဲ့ ကျွန်တော်ဟာ အဲဒီနေ့ကစပြီး ပယောဂကုတဲ့ဂိုဏ်း အမျိုးမျိုးကို လေ့လာစုံစမ်းတော့တယ်။

အဲဒီလို စုံစမ်းနေတဲ့အချိန်မှာပဲ အလာကောင်းပေမယ့် အခါနှောင်းပြီလို့ ဆိုရမလားမသိဘူး။ မထင်မှတ်ဘဲ ကျွန်တော့်ဗိုက်ထဲကို ပယောဂအစာက သွင်းပြီးသားဖြစ်နေပြီ။ ဒါပေမဲ့ ကျွန်တော့်မှာ နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်တဲ့ စရဏကရှိနေတော့ သိသိသာသာကြီးတော့ မခံစားရဘူး။ နှစ်ပတ်မှာ တစ်ကြိမ် (သို့မဟုတ်) တစ်လမှ တစ်ကြိမ်လောက် ပြင်းပြင်းထန်ထန် ဗိုက်အောင့်တယ်။

ကျွန်တော်ရဲ့နေ့စဉ်စရဏဆိုတာ ဆရာတော်တွေ သင်ပေးထားတဲ့ ပရိတ်ကြီး (၁၁)သုတ်ရယ်၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသရယ်ကို နေ့စဉ်မနက်စောစော ရွတ်ဖတ်သရဇ္ဈာယ်တာပါပဲ။ ဒီအားလေးက ခံနေလို့ထင်ပါရဲ့။ နေ့စဉ်မအောင့်ဘဲ နှေးခြားလခြားပြီး အောင့်အောင့်နေတယ်။ ဒါကြောင့်လည်း ကျွန်တော်က ရိုးရိုးလေကြောင့်ပဲထင်ပြီး ဘာဆေးမှ မကုခဲ့ဘူး။

ဗိုက်အောင့်လာရင် ပက်လက်လှန် ဗိုက်ပေါ်လက်တင်ပြီး သမ္ဗုဒ္ဓေ ရွတ်တော့တာပဲ။ မိနစ်(၂၀)လောက်ကြာရင် သူ့အလိုလိုပျောက်သွားပြန်တာပဲ။ ဒါကြောင့် ပယောဂလို့လည်း မထင်မိဘူး။ ဂိုဏ်းတက်ဖို့ စစ်ဆေးကြည့်တဲ့အခါကျမှ ပယောဂရှိမှန်းသိရတယ်။ နောက်ဆုံး ကျွန်တော်ရွေးချယ်လိုက်တဲ့ဂိုဏ်းက မနောစိတ္တုပ္ပါဒ်ဂိုဏ်း။ အဓိပ္ပာယ်ကတော့ စိတ်တစ်လုံးနဲ့ပြီးစီးတဲ့ဂိုဏ်းလို့ အဓိပ္ပာယ်ရမယ်ထင်ပါတယ်။ ဂိုဏ်းတက်တော့မယ်ဆိုကတည်းက ကျွန်တော်က အားမနာဘူး။ ဂိုဏ်းတက်ပေးမယ့်ဆရာကို ပွင့်ပွင့်လင်းလင်းပဲ မေးတယ်။

*"ဆရာကြီးတို့ဂိုဏ်းရဲ့ အန္တိမရည်မှန်းချက်က ဘယ်လိုရှိပါသလဲ"*

*"အေး မောင်စိုးတင့်က သိချင်တယ်ဆိုတော့လဲ ပြောပြရတာပေါ့။ ဆရာကြီးတို့ဂိုဏ်းက သတ္တဝါတွေကို မိစ္ဆာပယောဂဘေးက ကယ်တင်ရင်း*



www.burmeseclassic.com

www.burmeseclassic.com



*ထွက်ရပ်လမ်းကိုရောက်အောင် သွားရမယ်။ ထွက်ရပ်လမ်းအောင်မြင်ပြီး အသက်ရှည်ပြီး အနာမဲ့ပြီဆိုတာနဲ့ မဂ်ဖိုလ်ရအောင် ကြိုးစားပြီး နောက်ဆုံးမှာ နိဗ္ဗာန်ကိုဝင်မယ်ပေါ့။ အဲဒါတို့ဂိုဏ်းရဲ့လမ်းစဉ်ကြီးပဲ"*

*"သတ္တဝါတွေကို မိစ္ဆာပယောဂဘေးက ကယ်တင်တာကတော့ ကျွန်တော် သဘောကျတယ်ဗျာ။ ကျွန်တော်လည်း အဲဒီလို ကယ်တင်ချင်လို့ ဒီဂိုဏ်းမှာဝင်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒါပေမဲ့ ထွက်ရပ်လမ်းလိုက်ပြီး သံသရာ ရှည်နေတာကိုတော့ မကြိုက်ဘူးဗျာ။ ဘုရားကလည်း သံသရာတိုဖို့သာ ဟောခဲ့တာပါ။ ရှည်ဖို့မဟောခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်က ဂိုဏ်းဝင်မယ်။ သတ္တဝါတွေကို ကိုယ်နိုင်သလောက် မိစ္ဆာဘေးက ကယ်တင်မယ်။ နောက် ဝိပဿနာတရားကျင့်ပြီး တစ်မဂ်တစ်ဖိုလ်ကို အမြန်ဆုံးနည်းနဲ့ ရအောင် ကြိုးစားချင်တယ်။ ဒီလိုဆိုရင်ရော ဆရာကြီးတို့ဂိုဏ်းက ကျွန်တော့်ကို အဝင်ခံနိုင်ပါ့မလား။ ဒါ ကျွန်တော်မဝင်ခင် ပွင့်ပွင့်လင်းလင်း မေးထားတာပါ"*

*"သံသရာကကျွတ်လွတ်ရေးဆိုတာကတော့ ကိုယ့်ဆန္ဒရှိသလို ကျင့်သုံးနိုင်ပါတယ်။ အဓိကသစ္စာပြုပြီး စောင့်ထိန်းရမယ့်အချက် (၃)ချက်ကိုစောင့်စည်းနိုင်ရင် ဒီဂိုဏ်းကိုဝင်လို့ရပါပြီ။ အဲဒီအချက်သုံးချက်ကတော့ သေရှည်သေရက်မသောက်ဖို့ရယ်၊ သူတစ်ပါးသားမယား မစော်ကားဖို့ရယ်၊ ကိုယ်ကုသပေးလို့ ရောဂါပျောက်သွားပြီး ကိုယ့်တပည့်ဖြစ်သွားတဲ့ မိန်းကလေးကို ပြန်ပြီးမယူဖို့ရယ်ပါပဲ"*

အဲဒါလောက်ကတော့ ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး။ ငါးပါးသီလတောင် လုံအောင်စောင့်နိုင်သေးတာမဟုတ်လား။ ဒါနဲ့ပဲ ဂိုဏ်းဆေး ပေါက်တော့မယ်ဆိုတော့ မပေါက်ခင်မှာ ကျွန်တော့်မှာ အလုပ်ခံထားရတဲ့ ပယောဂဝေဒနာ ရှိမရှိသိအောင် လက်ခွဲပြီးစစ်ရတယ်။ သေချာမစစ်ဆေးဘဲနဲ့ ဂိုဏ်းဆေးထိုးပေးပြီးမှ ပယောဂဝေဒနာရှိမှန်းသိတယ်ဆိုရင် ပြန်ကုဖို့ တော်တော်ခက်တယ်။ ဒါကြောင့် ဂိုဏ်းဆေးမပေါက်ခင် ပယော



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာအခံ ရှိမရှိ စစ်ဆေးကြည့်ရတာပါ။

လား–လား– အံ့ဩစရာပါပဲဗျာ။ ကျွန်တော်ရဲ့လက်သန်းနဲ့ လက်သူကြွယ်ဟာ ဘယ်လိုမှ စိထားလို့မရအောင် ကားကားကြီးကွဲသွားပါတော့တယ်။ ဒါကြောင့် နှစ်ပတ်တစ်ခါ တစ်လတစ်ခါ ဗိုက်နာနေတာကိုး။ ကျွန်တော်လည်း ခုမှကိုယ့်ကိုကိုယ် ပယောဂရှိမှန်း သိရပါတော့တယ်။ ဘယ်လို အချိန်လောက်ကများ လုပ်လိုက်သလဲလို့ မှတ်မိသမျှ ပြန်တွေးကြည့်လိုက်တော့ လအတန်ကြာက အမရပူရကို မိတ်ဆွေတစ်ယောက်နဲ့ အလည်လိုက်သွားပါတယ်။

တောင်သမန်အင်းဘေးက ပုထိုးတော်ကြီးဘုရားဘက်ကို မနက်စောစော လမ်းလျှောက်ရင်း တစ်ယောက်တည်းထွက်လာမိတယ်။ ခရေပန်းလေးတွေရဲ့မွှေးပျံ့တဲ့ရနံ့က ကျွန်တော့်ကို ခရေပင်အောက်ရောက်တဲ့အထိ ဆွဲဆောင်ခေါ်သွားတယ်။ ပန်းပင်အောက်ရောက်တော့ မြေမှာပြန့်ကြဲနေတဲ့ ခရေပန်းတွေကို ကလေးငယ်တစ်ယောက်လို မြတ်မြတ်နိုးနိုး ကောက်နေမိပြန်တယ်။

ဘယ်လောက်ထိခရေပန်းတွေကို စိတ်ဝင်စားသွားသလဲဆိုရင် အပင်ကို တစ်ပတ်ပြည့်ခါနီးမှာ ခရေပန်းတွေကြားက ဖြူဖြူနုနု လက်ချောင်းလေးတစ်စုံကိုတွေ့လိုက်မှ မော့ကြည့်မိတော့တဲ့အထိပါပဲ။ အံ့ဩစရာပါပဲ။ ကော့ပျံ့နေတဲ့ပိတုန်းရောင် ဆံပင်တွေက ခါးအောက်ထိဖားယားချလို့။ လက်မောင်းရင်းကနေ လက်ကောက်ဝတ်ရောက်တဲ့အထိ မသိမသာလေး ကျယ်ကျယ်သွားတဲ့ အဖြူရောင်လက်ရှည်အင်္ကျီ။ ထမီကလည်းအင်္ကျီနဲ့ တစ်ရောင်တည်းပဲ။ ဘဲဥပုံမျက်နှာလေးကလည်း ဖြူနုဝင်းဝါပြီး ဘာမှ ခြယ်သမထားဘဲ လှပနေလိုက်တာ။ သူ့အလှကို ငေးကြည့်နေရာကနေ လူသူတစ်ယောက်မှမရှိတဲ့ ဘုရားပရိဝုဏ်ကြီးထဲ သူတစ်ယောက်တည်း ဘယ်လိုများရောက်လာပါလိမ့်လို့ တွေးလိုက်မိတော့ အမှန်အတိုင်းဝန်ခံရရင် ကြက်သီးတောင်နည်းနည်း ထသွားမိသေးတယ်။ ယောကျ်ားလေးဆိုတော့ စိတ်ကိုတင်းရင်း



www.burmeseclassic.com

ကိုယ်ကပဲ စကားစလိုက်ရတယ်။

*"ပန်းကောက်တာ ရောင်းဖို့လား။ ပန်ဖို့လားဟင်"*

*"ရောင်းဖို့ရော၊ ပန်ဖို့ရော"*

*"ဒါဆိုရင် တို့ဆီကပန်းတွေပါယူလေ။ တို့က ပန်းတွေမွှေးတာနဲ့ ဘာရည်ရွယ်ချက်မှမရှိဘဲ လိုက်ကောက်နေတာ။ ဒါနဲ့ ဘယ်နားမှာနေလဲ ဟင်။"* လို့ မေးလည်းမေး ကောက်ထားတဲ့ခရေပန်းတွေကိုလည်း သူ့ဇကာခုံးလေးထဲ ထည့်ပေးလိုက်မိတယ်။ သူမက ကျေးဇူးတင်တဲ့အကြည့်နဲ့ ကြည့်ရင်း ဘုရားရဲ့ညာဘက်ဘေးကျကျ တောင်သမန်အင်းဘေးနားက ဘုရားပျက်တစ်ခုကို လက်ညှိုးထိုးပြတယ်။ ပြီးတော့မေးတယ်။

*"အလယ်လိုက်ခဲ့မလား။ ခဏပေါ့။"* တဲ့။ ကျွန်တော့်ခေါင်းက အလိုလို ညိတ်ပြီးသားဖြစ်သွားတယ်။ သူမကရှေ့ကဦးဆောင်ပြီးလျှောက် ကျွန်တော်က နောက်ကလိုက်ပေါ့။ ခဏနေတော့ သူရှေ့ကလျှောက်ရတာကို မလုံမလဲ ဖြစ်ပုံရတယ်။ ရပ်စောင့်ပြီး ရင်ပေါင်တန်းလျှောက်ကြပြန်တယ်။ ပြီးတော့ သူကမေးတယ်။

*"ညီသည်မဟုတ်လား။ ဘယ်ကလဲ"* တဲ့။

*"ရန်ကုန်က"* လို့ဖြေလိုက်တော့

*"ထင်တော့ထင်သားပဲ"* တဲ့။ လျှောက်လာရင်း မြင်နေရတဲ့ စေတီပျက်ဘေးနားခပ်ကျကျမှာ တဲပုပုလေးတစ်လုံး တွေ့လိုက်ရတယ်။ အထဲဝင်သွားလိုက်တော့ မိန်းမခပ်ကြီးကြီးတစ်ယောက်ရယ်၊ ကလေးမလေး နှစ်ယောက်ရယ်ကို ထပ်တွေ့ရတယ်။ ကျွန်တော့်ကိုတွေ့တော့ ဆွေဟောင်း မျိုးဟောင်းတစ်ယောက်ကို တွေ့ရသလို အားလုံးပျာပျာသလဲ ကြိုဆိုကြ တယ်။

အားလုံးနဲ့ခင်သွားပြီးတော့မှ သေချာမေးကြည့်တော့ ကျွန်တော် တွေ့ရတဲ့အဖြူဝမ်းဆက်မလေးနာမည်က နန်းမြသူဇာတဲ့။ ဒီဇာတိလား ဆိုတော့ မဟုတ်ဘူး။ သူလည်းခေတ္တအလည်လာတာတဲ့။ ဘယ်ကလဲဆို

www.burmeseclassic.com



တာကိုတော့ သူပြောပြချင်ဟန်မတူလို့ ကျွန်တော်မမေးလိုက်တော့ဘူး။

ဒါနဲ့ပဲ နန်းမြသူဇာတို့ကျွေးလိုက်တဲ့ ထမင်းတစ်နပ်ကို ကျွန်တော်စား ဖြစ်ခဲ့တယ်။ စေတနာနဲ့ကျွေးတာကို တောင်ထင်မြောက်ထင်တော့ မထင်ကောင်းပါဘူးလေ။ ဒါပေမဲ့ ကျွန်တော့်မှာ သံသယဖြစ်စရာဆိုလို့ စဉ်းစား လို့ရတာ သည်တစ်ခုပဲရှိတယ်။ ဘာပဲပြောပြော ကျွန်တော့်ဝမ်းထဲမှာ ပယောဂစက်တွေ ရှိနေတာကတော့ အသေအချာပါပဲ။

စက်ဖြတ်ဆေးသောက်ပြီးတာနဲ့ ခဏအကြာမှာ သွေးရောင် ဖြစ်နေတဲ့ သလိပ်တစ်ခဲကျွန်တော့်ပါးစပ်က အန်ထွက်လာတယ်။ ညကျတော့လည်း ဝမ်းထဲမှာရှိတဲ့ စက်တွေကုန်တဲ့အထိ ဆယ်ကြိမ်လောက် ဝမ်းသွားပစ်တယ်။ ပယောဂစက်တွေစင်ပြီး နောက်တစ်နေ့မနက်မှ ဂိုဏ်းဆေးပေါက် ပေးတယ်။ အဆင့်က ခြောက်ဆင့်ရှိတယ်။

ကိုယ်လုံလေး၊ ကိုယ်လုံကြီးတဲ့ ဒီနှစ်မျိုးက သူများကို ကုသမပေးနိုင်ဘူး။ ကိုယ့်ကိုသူများမလုပ်နိုင်ရုံ ကာကွယ်ထားတဲ့ဂိုဏ်းဆေးပေါ့။ နောက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ အန္တိမအဆင့်လို့ အဆင့်ဆင့် သတ်မှတ်ထားတယ်။ ပထမဆင့်ထိုးပြီး အတွေ့အကြုံရအောင် (၁)နှစ် လောက် လိုက်ကု။ နောက်နှစ်မှ ဒုတိယဆင့်ထိုး။

အဲဒီလိုအဆင့်ဆင့်ထိုးသွားရတယ်။ သီလ၊ သမာဓိအားကောင်းတဲ့ ရဟန်းတော်တွေကိုတော့ တတိယဆင့်နှင့် အန္တိမဆင့်ကို တစ်ရက်တည်းနဲ့ အပြီး ထိုးပေးလိုက်တယ်။ ဂိုဏ်းတွေကတော့ အများကြီးရှိတယ်။ သိသ လောက်ဆိုရင် မနောစိတ္တုပ္ပါဒ်ဂိုဏ်း၊ ရွှေရင်ကျော်ဂိုဏ်း၊ နတ်မင်းကြီးလေးပါး ဂိုဏ်း၊ ပဋ္ဌာန်းဂိုဏ်း၊ ဝိဇ္ဇာမဟာသိဒ္ဓိဂိုဏ်း ပြီးတော့ အများကြီးကျန်ပါသေးတယ်။ ဒါ ကျွန်တော်သိသလောက်။ မနောစိတ္တုပ္ပါဒ်နဲ့ ရွှေရင်ကျော်ဂိုဏ်းကတော့ ဂိုဏ်းဝင်ဦးရေအများဆုံးဖြစ်မယ် ထင်ပါတယ်။ ပယောဂရှိမရှိစစ်ပုံခြင်းလည်း တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း မတူကြဘူး။ မနောစိတ္တုပ္ပါဒ်ကတော့ လက်ချောင်း တွေ ခွဲနိုင်းပြီး စစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းတွေ အလိုလိုခွဲလာရင် ရှိတယ်။ မခွဲရင် မရှိဘူးပေါ့။ ရွှေရင်ကျော်ဂိုဏ်းကတော့ ခြေထောက်ကိုဆင်းခိုင်းထားပြီး ပယောဂ လုပ်ထားတာရှိရင် ကွေလို့မရစေနဲ့ လုပ်ထားတာမရှိရင် ကွေလို့ရစေလို့ ပြောပြီး စစ်ဆေးတယ်။ ကွေလို့ရရင် ပယောဂမရှိဘူး။ ကွေလို့မရရင် ပယောဂရှိတယ်ပေါ့။

ပဌမံဂိုဏ်းကတော့ မွေးသက္ကရာဇ်ကိုမေးကြည့်ပြီး သူတို့နည်းနဲ့ တွက်ကြည့်၊ ဘာဂဏန်းကြွင်းရင် ပယောဂရှိတယ်။ ဘာဂဏန်းကြွင်းရင် မရှိဘူး။ စသည်ဖြင့်ပေါ့။ အစစ်ခံနေတဲ့လူတစ်ယောက်ကို ကျွန်တော် မေးကြည့်တော့ ပဌမံဂိုဏ်းလို့ ပြောလို့သိရတာပါ။ စစ်ပေးနေတဲ့ ဆရာကြီး ကိုတော့ မေးမကြည့်ခဲ့ရပါဘူး။ ဒါကြောင့် ပဌမံဂိုဏ်းလို့ သေချာပေါက် ပြောရမှာ မဝံ့မရဲတော့ ဖြစ်နေတယ်။

တချို့ဂိုဏ်းတွေကျတော့ လူနာရဲ့မျက်စိထဲကို အဓိဋ္ဌာန်ထားတဲ့ ရေခပ်ပြီးစစ်ကြည့်ကြတယ်။ ပူရင် ဘာကလုပ်ထားတယ်။ စပ်ရင် ဘာက လုပ်ထားတယ် စသည်အားဖြင့်ပေါ့။ ပယောဂကျသွားအောင် အစွဲချွတ် ပုံခြင်းလည်း မတူကြဘူး။ မနောစိတ္တုပ္ပါဒ်က များသောအားဖြင့် စက်ဖြတ် ဆေးလုံးလေး နှစ်လုံးသုံးလုံးကို ရေနဲ့ဖျော်ပြီး လက်ပြန်တိုက်ချတာများ တယ်။

တစ်ခါတစ်ရံ စက်ဖြတ်ဆေးမရှိတဲ့အခါကျတော့ ရေကိုပဲ ဆေး အဖြစ် အဓိဋ္ဌာန်ပြီး တိုက်တာလည်းရှိတယ်။ ရွှေရင်ကျော်ဂိုဏ်းကတော့ ရေမန်း တစ်မျိုးပဲ တိုက်တယ်။ ပဌမံဂိုဏ်းကတော့ မှိုင်းခံစက္ကူပေါ် အင်းချပြီး အဲဒီ အင်းကွက်ကိုပဲ လိပ်ပြီးရေနဲ့သောက်ချခိုင်းတာတွေ့ရတယ်။ ဒါတွေ ဒီလောက်ထိ ရေးပြနေရတာက အကြောင်းရှိတယ်။ မအူပင်က ရွာတစ်ရွာ မှာ ကျွန်တော်ကြုံခဲ့ရတဲ့ အစွဲချွတ်ပွဲကို ပြောပြတဲ့အခါမှာ အခုပြောတဲ့ အကြောင်းတွေ ကြိုသိထားမှ ရေလည်ပတ်လည် ရှိမှာမို့ပါ။ အခုပြောပါ တော့မယ်။ မအူပင်က မိတ်ဆွေတစ်ယောက်ရဲ့ရွာကို ကျွန်တော်အလည်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားတယ်။ ရောက်တဲ့နေ့ ညနေပိုင်းမှာပဲ မိတ်ဆွေက–

*"စိုးတင့်ရေ ဒီနေ့ညနေ ဟိုဘက်ကအိမ်မှာ အစွဲချွတ်ပွဲတစ်ခုရှိတယ်။ မင်းကြည့်ချင်ရင် ငါလိုက်ပြမယ်"*

*"ကောင်းသားပဲကွ၊ သွားကြည့်မယ်လေ။ ဗဟုသုတရတာပေါ့။ ဒါနဲ့ အစွဲချွတ်ပေးမယ့်ဆရာတွေက ဘယ်ဂိုဏ်းကလဲကွ"*

*"ဒါတော့ ငါလည်းမသိဘူး။ တော်တော်ထူးထူးဆန်းဆန်းတွေ မြင်ရတယ်လို့ ပြောတယ်ကွ။ ဒါကြောင့် အဲဒီဆရာနှစ်ယောက် ဟောဒီရွာမှာ လက်မလည်အောင် ကုနေရသတဲ့"*

မိတ်ဆွေမှာ ကျွန်တော် ဂိုဏ်းပညာကို လေ့လာသင်ယူထားမှန်း သေချာမသိ။ ကျွန်တော်ကလည်း ကိုယ့်ရှေ့မှာ မလွဲမရှောင်သာမှသာ ကုပေးပြီး တကူးတကလိုက်ကုခြင်းမရှိသောကြောင့် သေချာမသိခြင်းသာပါ။ သို့နှင့် ညနေခင်းရောက်လာသဖြင့် အစွဲချွတ်မည့်အိမ်သို့ ကျွန်တော်တို့နှစ်ယောက်သား ထွက်ခဲ့ကြတယ်။

ကျွန်တော်တို့အိမ်ပေါ်ရောက်တော့ ဖျော့တော့ပိန်လှီနေတဲ့ လူနာမိန်းကလေးကို ဆရာဆိုသူရဲ့ရှေ့မှာ ကြုံ့ကြုံ့ကလေး ထိုင်နေတာကို တွေ့လိုက်ရတော့ ကျွန်တော်စိတ်မကောင်း။ အသက်တော့ သိပ်မကြီးရှာသေး။ (၁၈)(၁၉) လောက်ပင် ရှိပါဦးမည်။ သည်နေရာမှာ အဓိကအကျဆုံးဖြစ်တဲ့ဆရာကို သေချာလေ့လာကြည့်လိုက်တော့။

အသက်(၅၀)ခန့်၊ ဥပမိရုပ်သန့်သန့် ရှမ်းဘောင်းဘီနှင့် ရှမ်းတိုက်ပုံအနက်ရောင်တို့ကို ဝတ်ဆင်ထားတယ်။ မျက်လုံးကို သေချာကြည့်လိုက်တော့ ကောက်ကျစ်မည့်အရိပ်အယောင်တစ်ချက်ကို ကျွန်တော်လုစ်ခနဲမြင်လိုက်ရ ပြန်တယ်။ သူ့တပည့်ဝတ်ထားတာလည်း သူ့ဆရာအတိုင်းပါပဲ။ အသက် ကတော့ ကျွန်တော့်တို့အရွယ် (၃၀)ကျော်လောက်ပဲထင်မိတယ်။

အိမ်ပေါ်မှာလည်း လာကြည့်တဲ့လူတွေ တော်တော်ပြည့်ကျပ်နေပါပြီ။ အဓိကထားပြီးပြင်ထားတာကတော့ ကန်တော့ပွဲတစ်ပွဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ဆတ်ဆတ် ခုတ်လာပြီး ပွဲထိုးထားဟန်တူပါတယ်။ ငှက်ပျောသီးတွေက အစိမ်းရောင်ချည်းပဲ။ ခဏကြာတော့ ဆရာကတပည့်ဖြစ်သူ ကမ်းပေးလိုက်တဲ့ ကြိမ်လုံးကိုယူပြီး ဘာမပြော ညာမပြောနဲ့ ကြမ်းပြင်ကို ခပ်ပြင်းပြင်းသုံးချက်လောက် ရိုက်လိုက်တာ လူနာမပြောနဲ့ ဘေးကကြည့်နေတဲ့ ကျွန်တော်တို့ ယောက်ျားတွေတောင် လန့်သွားတယ်။ အဲဒီမှာတင် လူနာမိန်းကလေးက–

*"အမယ်လေး အမေရေ ကြောက်ပါပြီတော့"*လို့ ကြုံးအော်ပြီး အနားမှာကပ်ထိုင်ထားတဲ့ မိခင်ရဲ့ရင်ခွင်ထဲ ခေါင်းထိုးထည့်လိုက်တာ တွေ့လိုက်ရတယ်။ ဆရာဆိုသူက–

*"တွေ့တယ် မဟုတ်လား။ မိစ္ဆာမက မူယာမာယာတွေများနေတာ။ ဟင်း ယောပြန်ဆရာလှကို ဒီလိုအကြောမျိုးနဲ့ ဘယ်ရမလဲ။ ဟော့မိန်းကလေး ဒီမှာ ဆရာ့မျက်နှာကို ကြည့်စမ်း။ သေသေချာချာကြည့်စမ်း"* လို့ပြောပြီး မိန်းကလေးမျက်နှာကို သူ့ဘက်ဖွတ်လှည့်ယူနေတယ်။ ထိတ်သွားရှာတဲ့ မိန်းကလေးခင်ဗျာ ဘယ်မှာ မျက်စိဖွင့်ကြည့်ရဲတော့မှာလဲ။ မျက်စိနှစ်ဖက်လုံး မှိတ်ထားရှာတော့တာပေါ့။ ဒါကိုပဲ ဆရာဆိုသူက–

*"တွေ့လား။ တွေ့လား။ ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့ ဆိုသလို မိစ္ဆာဝင်နှောက်နေတဲ့ မိန်းကလေးက ဆရာ့မျက်နှာမကြည့်ရဲတာ တွေ့တယ် မဟုတ်လား"* လို့ ပြောပြီး သူ့တပည့်ကို–

*"ဟော့ တပည့် ဒီကလေးမကို လုပ်ထားတဲ့စုန်းမဟာ ဘယ်နှစ်ကြိုး ရှိတယ်ဆိုတာ သိရအောင် အရင်လုပ်ရမယ်"* လို့ ပြောလိုက်တော့ အိမ်ပေါ်က ပရိသတ်တော်တော်များများ လှုပ်လှုပ်ရွရွ ဖြစ်သွားတာပေါ့။ ဆရာဆိုသူက ပရိသတ်ကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး သူ့ကြိမ်လုံးနဲ့ ကြမ်းပြင်ကို သုံးချက် ရိုက်လိုက်ပြန်တယ်။ ပြီးတာနဲ့–

*"ကဲဟော့ ဟောဒီကလေးမကို လုပ်ထားတဲ့စုန်းမ နင့်ရဲ့ စုန်းပညာကြိုးဘယ်နှစ်ကြိုးရှိသလဲဆိုတာကို ဟောဒီကနှစ်တော့ပွဲက ငှက်ပျောသီးတွေ*



www.burmeseclassic.com

www.burmeseclassic.com



*မှာ ထင်ထင်ရှားရှားလာပြစမ်း။ ဒါ ငါ့ဆရာရဲ့အမိန့်။ လုံးဝမတော်လှန်နိုင်စေရ"* လို့ အမိန့်ပေးပြီးတာနဲ့ ကန်တော့ပွဲထဲက ငှက်ပျောဖီးတစ်ဖီးကို ရှေ့ဆုံးက ပရိသတ်ရှေ့ကို ချပေးလိုက်တယ်။ ပရိသတ်တွေက ဘာလုပ်ရမှန်းမသိဘဲ ကြောင်ကြည့်နေတဲ့အခါမှာ ဆရာဆိုသူက–

*"ကဲ အနီးဆုံးလူတစ်ယောက်က ငှက်ပျောသီးတစ်လုံးလုံးကို အခွံခွာ ကြည့်လိုက်စမ်းပါ"* လို့ ပြောလိုက်တော့ အနားကတစ်ယောက်က ငှက်ပျောသီး တစ်လုံးကို ချက်ချင်းအခွံခွာကြည့်လိုက်တော့ အားလုံးအတွက် အံ့ဩစရာကြီး ဖြစ်နေတော့တာပေါ့။ ဘာကြောင့်လဲဆိုတော့ ဖြူနေရမယ့် အထဲက ငှက်ပျောသီးအသားဟာ ပြာနှမ်းနေလို့ပါပဲ။

*"ဟာ အံ့ဩစရာပဲဟေ့။ ငှက်ပျောသီးအသားက အပြာရောင်ကြီး ဖြစ်နေတယ်"*

*"အာဂဆရာပဲဟေ့။ ငါတို့ဒါမျိုးတစ်ခါမှမတွေ့ဖူးဘူး"*

*"ဒါကြောင့်လည်း ဒီရွာမှာ နာမည်ကြီးပေတာပဲ"*

တစ်ယောက်တစ်ပေါက် ချီးမွမ်းပြောဆိုသံတွေက ဆူညံသွားတယ်။ အသံစဲသွားတော့မှ ဆရာဆိုသူက–

*"အပြာရောင်ကိုမြင်သောအားဖြင့် ဒီမိန်းကလေးကို နှောင့်ယှက်ထားတဲ့ စုန်းမဟာ အဆင့်အမြင့်ဆုံး (၁၂)ကြိုးတတ်တဲ့စုန်းမဆိုတာ သိရတယ်။*

*"အဲဒီတော့ စုန်းမကိုခဏအသာထားဦး။ လောလောဆယ် ဒီစုန်းမ သွင်းထားတဲ့ မိန်းကလေးဝမ်းထဲက အပင်းတွေကိုထုတ်ပေးရဦးမယ်။ ထုတ်မ ပေးခင်မှာ လူနာရှင်များကိုမှာထားချင်တာက ဆရာ့ပညာကို တကယ်လေးစား ယုံကြည်တယ်ဆိုရင် ဆရာတို့ကို ကန်တော့တဲ့အခါမှာ ထိုက်ထိုက်တန်တန် ကန်တော့စေချင်တာပါပဲ။ ဘာကြောင့်လဲဆိုတော့ ဒီခက်ခဲနက်နဲ တဲ့ပညာကို ဆရာတို့အနေနဲ့လည်း အချိန်တွေ၊ ငွေတွေ များစွာရင်းနှီးပြီးမှ သင်ယူခဲ့ရတာပါ။ ဒါကြောင့်လည်း အခုရှုပ်မှ နောင်ရှင်း*

www.burmeseclassic.com



*ဆိုသလိုဖြစ်အောင် အခုကတည်းက ကြိုတင်ပြောထားရတာ"*

*"ရောဂါသာပျောက်ပါစေဆရာ။ ဆရာတောင်းသလောက် ကျွန်မတို့ ကန်တော့ပါ့မယ်"*

*"အနည်းဆုံး ငါးထောင်တော့ ကန်တော့ရမယ်။ ကန်တော့နိုင်ပါ့မလား"*

*"ကန်တော့နိုင်ပါတယ်ဆရာ။ ကျွန်မတို့မဖြစ်ဖြစ်အောင် ကန်တော့ပါ့မယ်"*

*"ကဲ ဒါဆိုရင် အပင်းထုတ်ကြစို့။ ထွေးခံကြီးကြီးတစ်လုံး ဒီနားမှာ လာချပေးပါ။ ဒီကဆေးတိုက်ပြီးရင် လူနာကချက်ချင်းအန်ချလိမ့်မယ်"*

ငွေစကားပြောလိုက်တာနဲ့ ကျွန်တော့်အတွေး မှန်သွားပြီဆိုတာ ကျွန်တော့်ဖာသာ ဆုံးဖြတ်နိုင်သွားပါပြီ။ ဒါကြောင့် ကျွန်တော့်မိတ်ဆွေကို တိုးတိုးကပ်ပြီး ပြောလိုက်ရတယ်။

*"ဟော့ကောင် မင်းရပ်ကွက်လူကြီးလေးငါးယောက် သွားခေါ်ချေ။ မြို့ပေါ်ကိုလည်း ဈည်လည်ဝယ်ဝယ်လူကြီးတစ်ယောက်လွှတ်ပြီး ရဲသား သုံးယောက်လောက်ပါ ခေါ်ခိုင်းခဲ့"*

မိတ်ဆွေက နားမလည်တဲ့မျက်လုံးနဲ့-

*"ဟော့ကောင် စိုးတင့် ဘာလုပ်ဖို့ခေါ်ခိုင်းတာလဲ။ ဒီမှာကြည့်ကောင်းတုန်း ရှိသေးတယ်"*

*"ကြည့်ကောင်းမနေနဲ့။ တော်ကြာဒီလူလိမ်နှစ်ယောက် ထွက်ပြေးသွားမှာစိုးလို့ မြန်မြန်သာသွားခေါ်ချေပါ"*

*"ဟိုမှာ အပင်းချတော့မှာကွ။ အဲဒါကိုလည်း ငါကြည့်ချင်တယ်"*

*"သူငယ်ချင်းရာ အဲဒါကိုနောက်မှ ငါအေးအေးဆေးဆေး လုပ်ပြစမ်းပါ့မယ်ကွ။ ငါသိပြီးသားတွေပါ။ သွားသွား မြန်မြန်သာ လူကြီးတွေ သွားခေါ်ချေ"*

မိတ်ဆွေထွက်သွားတော့ ကျွန်တော်က မှုမပျက်ဆက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်တယ်။ ခဏနေတော့ ဆရာဆိုသူက ရှည်ရှည်အတောင့် လေးငါး ခြောက်တောင့်ကို ရေခွက်ထဲထည့်ပြီး နှုတ်ကပွစိပွစိရွတ်ပြီးတာနဲ့ မိန်းကလေးပါးစပ်ထဲကို လောင်းချပေးပြီး ခပ်မြန်မြန်သောက်ခိုင်းလိုက်တယ်။ (၅)မိနစ်လောက်ပဲ ကြာမယ်ထင်တယ်။ မိန်းကလေးက သွေးခဲတွေကို ဝေါခနဲထိုးအံ့တော့တာပဲ။ သူ့ထက်ငါကြည့်ချင်တဲ့သူတွေက မိန်းကလေး အံ့ပြီးတာနဲ့ ထွေးခံခွက်ကြီးထဲကို အတင်းထိုးကြည့်လိုက်ကြတာ။ သူတို့ မြင်ရတာက တစ်လက်မသာသာခန့်ရှိတဲ့ အဆုတ်လိုလို အသဲလိုလို အတုံးကြီးလေးငါးတုံးကို အကျိအချွဲတွေနဲ့အတူ တွေ့လိုက် ကြရတယ်။ အံ့သြကြလွန်းလို့ ကြွက်စီ ကြွက်စီ ဖြစ်ကုန်ကြပြန်တာပေါ့။ သည်အခါ အိမ်ရှင်များက ငွေသွားယူရအောင်အထမှာ ကျွန်တော်က လှမ်းတားပြီး–

*“အဒေါ်ကြီး ဘာငွေမှ ပေးစရာမလိုပါဘူး။ အစစ်အမှန် ဂိုဏ်းဆရာများဟာ ငွေကြေးကိုအဓိကထားပြီး ဘယ်တော့မှဆေးကုမပေးပါဘူး။ ကဲ ဆရာအမည်ခံ ဦးကြီးတို့ကိုလည်း ကျွန်တော် တစ်ဆက်တည်းပြောပါရစေ။ ဦးကြီးတို့ကျူးလွန်တဲ့အပြစ် သိပ်ကြီးမသွားအောင်လို့ ငွေမယူရသေးခင် ကျွန်တော်ဝင်တားတာပါ။ ငှက်ပျောသီး အသားပြောလို့ (၁၂)ကြိမ်းစုန်းလို့ ဦးကြီးပြောနိုင်သလို ကျွန်တော်လည်း ပြောနိုင်ပါတယ်။ ကဲ လက်တွေ့ပြ ရအောင် နောက်မှာရောက်နေတဲ့ ရပ်ကွက်လူကြီးများလည်း ကျွန်တော့်ကို ဝိုင်းကူကြပါဦး။ တစ်ယောက်က အိမ်အပေါက်ဝမှာ တွေ့ခဲ့တဲ့ငှက်ပျောခိုင် ကို သွားခုတ်ပါ။ နောက်တစ်ယောက်က မင်အပြာရောင်ကိုယူပြီး ငှက်ပျော ပင်မှာကျန်ခဲ့တဲ့ ငှက်ပျောခိုင်ပြတ်ထားတဲ့ နေရာလေးကို မင်သုတ်ပေးပါ။ ပြတ်ပါလာတဲ့ ငှက်ပျောခိုင်ရဲ့ ပြတ်ထားတဲ့ နေရာလေးကိုလည်း မင်သုတ် ပေးပါ။ ပြီးရင် နှာကြည့်နိုင်ကြပါတယ်။ ဒါဆိုရင် ဒီကလူနှစ်ယောက်ရဲ့ အကြံအစည်ကို အကုန်သိရပါလိမ့်မယ်”*

ဆရာအမည်ခံ လူလိမ်နှစ်ယောက်ရဲ့မျက်နှာကတော့ ဖီးရွက်လောက်ပဲ ရှိပါတော့တယ်။ ကျွန်တော့်မိတ်ဆွေနဲ့ ရပ်ရွာလူကြီးများကလည်း စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားနေကြတော့ ပြောတဲ့အတိုင်း ချက်ချင်းလုပ်ကြည့်ကြတော့ ပြာနှမ်းနေတဲ့ ငှက်ပျောသီးအသားများကို အားလုံးတွေ့သွားကြပါတယ်။ လူလိမ်နှစ်ယောက်ကတော့ ဘာမှမပြောနိုင်တော့ပါဘူး။

ရုတ်ရုတ်သဲသဲဖြစ်မလာခင် ရပ်ရွာလူကြီးများက လူလိမ်များကို ခေါ်ထုတ်သွားပါပြီ။ အိမ်ရှင်များကလည်း ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောရင်း အသားစတွေအံ့ထွက်လာပုံကိုလည်း လက်တွေ့ပြခိုင်းကြပါတယ်။ နောင်အခါ အလိမ်မခံကြရအောင်ပေါ့။ ဒါပေမဲ့ မြင်းအဆုတ်က အလွယ်တကူမရနိုင်တော့ နည်းပဲပြောပြလိုက်ရတယ်။ ဒါကလည်းမခက်ပါဘူး။

*"မြင်းရဲ့အဆုတ်ကို ရအောင်ရှာပြီး တစ်လက်မလောက် အတုံးလေးတွေတုံးပြီး လက်မောင်းပေါ်တင်။ ပြီးတော့ ချေး(ကျိုး)တွန်းသလို အကြိမ်များစွာဖိပြီး အရက်ပြန်နဲ့ပွတ်ပေးရင် ရေချိုးတဲ့အခါပွတ်လို့ ထွက်လာတဲ့ ချေး(ကျိုး) လိပ်သာသာလောက် အလိပ်ကလေးတွေဖြစ်လာပါတယ်။ အဲဒါကို အန်ဆေးနဲ့ ရောတိုက်ချလိုက်ရုံပါပဲ။ ဗိုက်ထဲရောက်တဲ့အခါ အစိုဓာတ်ပြန်လာပြီး မူရင်းလိုးကာစ အတုံးကြီးတွေလောက် ပြန်ဖြစ်လာပြီး ပြန်အန်ချလာတာပါပဲ"*

*"ဩော် ဒီလိုကိုး။ သိတော့လည်း ဘာမှမထူးဆန်းပါလား"*

*"ဟုတ်ကဲ့ မျက်လှည့်သမားတွေပြောသလို မသိရင်ရွှေတစ်ဆုပ်၊ သိရင်ဖွဲတစ်ဆုပ် ဆိုတာလိုပေါ့ခင်ဗျာ။ ကျွန်တော်မပြန်ခင် အရေးတကြီးမှာချင်တာက ပယောဂဆရာအစစ်ဆိုတာ နံပါတ်တစ်အနေနဲ့ ငွေရေးကြေးရေး လုံးဝစကားမပြောပါဘူး။ နံပါတ်နှစ်အနေနဲ့ ပယောဂ ဟုတ်မဟုတ်ကို အများမြင်သာအောင် စစ်ဆေးပြပါတယ်။ အခုလို လူနာတွေ့လိုက်တာနဲ့ ရမ်းပြီး ဆေးတိုက်မကုပါဘူး။ နံပါတ်သုံး ဟိတ်ဟန်သုံးပြီး မကြွားတတ်ပါဘူး"*

ဒါကြောင့် ပယောဂနဲ့ပတ်သက်လို့ လူလိမ်မထိအောင် လက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



မှိုသမျှ စာအုပ်စာတမ်းတွေကိုဖတ်ပါ။ ပယောဂကုတဲ့ပညာကိုလည်း မသင်တောင် တီးမိခေါက်မိအောင် လေ့လာထားပါလို့ ပြောကြားပြီး လူစုခွဲလိုက်ကြပါတယ်။ မိန်းကလေးကို ကျွန်တော်စစ်ကြည့်တော့ ရိုးရိုးမီးယပ်ရောဂါပဲဖြစ်နေလို့ ဗိန္ဒောဆေးနဲ့ ကုသရအောင် ညွှန်ကြားခဲ့ပါကြောင်း။

~ ~ ~ ~ ~

အရာရာမှာ -

ပထမ – ဇတုသုတရှိဖို့၊

ဒုတိယ – သတိထားဖို့၊

တတိယ – မှန်မမှန်ဆုံးဖြတ်ဖို့၊

စတုတ္ထ – ဝီရိယနဲ့ အလုပ်လုပ်ဖို့ပဲ။

(အရှင်ဇနကာဘိဝံသ)



www.burmeseclassic.com

www.burmeseclassic.com



တချို့ဘုရားတွေမှာ

'အမျိုးသမီးမတက်ရ'လို့

ရေးထားတာ တွေ့တယ်မဟုတ်လား။

အဲဒါလည်း ဘုရားဟောမရှိဘူး။

မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်တည်းက

အမျိုးသားရော၊ အမျိုးသမီးရော

ဒီလိုပဲ တန်းတူရည်တူ ပူဇော်ကြတာပဲ။

အခုမှ

အဆင့်အတန်း ခွဲခြားစရာမလိုပါဘူး။

အမြဲရောင့်လေဏ္ဍာဝေစည်

www.burmeseclassic.com

www.burmeseclassic.com



# တရားဥပဒေနှင့် ဘူရားဥပဒေ

ဒုလ္လဘရဟန်းဝတ်ခြင်းအလေ့အထသည် ရန်ကုန်မှာပေါ်များသလောက် အညာဘက်မှာတော့ မရှိသလောက်ရှားသည်။ ထို့ကြောင့် ရန်ကုန်သို့ ပြောင်းစနှစ်မှာပင် ဦးစိန်မြင့်တစ်ယောက် ဒုလ္လဘရဟန်းဝတ်ဖြစ်ခဲ့သည်။ ရဟန်းဘဝအကြောင်းကို သူပြောငါပြောမဟုတ်ဘဲ ကျကျနနသိချင်သောကြောင့်ပင်။ ရွှေပြည်သာမြို့ရှိ လက်ဖက်ရည်ဆိုင်ဆယ်ဆိုင်တွင် ဦးစိန်မြင့်တို့ အညာသားများ၏ဆိုင်က ရှစ်ဆိုင်လောက်ပါနေသည်။

ဦးစိန်မြင့်လည်း လက်ဖက်ရည်ဆိုင်တည်ရင်းပင် ရွှေပြည်သာမြို့သူနေဖြစ်သွားခြင်းဖြစ်သည်။ ဦးစိန်မြင့်ကို ဘယ်ဇာတိလဲဟု မေးလိုက်လျှင် ဦးစိန်မြင့်က အသောအထေ့စာရေးဆရာကြီး ကံချွန်၏ရေးသားချက်အတိုင်း "စပြောင်"ကဟု ရယ်ရွှန်းဖတ်ရွှန်းဖြေတတ်သည်။ ထိုအခါ မေးမိသူက–

*"ဘာလဲဗျ ခင်ဗျားဟာ စပြောင်ကရယ်လို့ ကျုပ်တစ်သက် ဒီမြို့နာမည်တစ်ခါမှ မကြားဖူးပါဘူး"* ဟု ပြောသောအခါမှ–

*"ဟဲ ဟဲ ဒါက ကာလ၊ ဒေသ၊ အဋ္ဌ၊ ခန့်ဆိုတဲ့ အတိုင်း ကာလဒေသလိုက်ပြီး နာမည်လည်းပြောင်းလာရတာပေါ့ဗျ။ နဂါးနဲ့ရတဲ့ မျက်မမြင်မင်းသားနှစ်ပါးကို မသိုးထမင်း။ မသိုးဟင်းတွေနဲ့အတူ ဖောင်နဲ့*



www.burmeseclassic.com

www.burmeseclassic.com



မျှောလိုက်တယ်လေ။ မြစ်လယ်မှာဘီလူးမတစ်ကောင်က လာနှိုက်စားတော့ မင်းသားနှစ်ပါးက ဖမ်းမိသွားတယ်မဟုတ်လား။။

သတ်မယ်လုပ်တော့ ဘီလူးမက မျက်စိမြင်အောင် ကုပေးပါ့မယ်။ ဒါပေမဲ့ မကုခင်စရိုင်းသောင်းပေးရမယ်ဆိုလို့ ပါလာတဲ့ရတနာတွေ၊ မသိုးထမင်း၊ မသိုးဟင်းတွေအကုန်ပေးလိုက်ရသတဲ့။ အဲဒီလို မကုခင် စရိုပေးရလို့ အဲဒီနေရာကို စရိုလို့နာမည်ပေးခဲ့သတဲ့"

"စကုပဲ ကြားဖူးပါတယ်ဗျာ။ ခင်ဗျားကျမှ စရိုရယ်လို့"

"အခုခေတ်အရ ဒီလိုပဲ နာမည်ပေးသင့်တယ်လေဗျာ။ နောက်မျက်စိပြန်မြင်သွားတော့ ကုသခအဖြစ် တစ်သိန်းတောင်းလို့ တခြားပေးစရာလည်းမရှိတော့ ရွှေချည်ငွေချည်ထိုးထားတဲ့ပုဆိုးအင်္ကျီတွေပဲ ချွတ်ပေးကြရလို့ ညီအစ်ကိုနှစ်ယောက်လုံး ပင်လယ်ကမ်းခြေသဲသောင်ပေါ်မှာ နေပူခံကြတဲ့ နိုင်ငံခြားသားတွေလို တစ်ကိုယ်လုံး ပြောင်သွားတဲ့အတွက် အဲဒီနေရာကို စပြောင်လို့ နာမည်ပေးခဲ့သတဲ့။ အဲ- ကျွန်တော့်ဇာတိက အဲဒါပဲ" ဟု အဆုံးသတ်လေ့ရှိသည်။

⊛ ⊛ ⊛

ဒုလ္လဘရဟန်းခံထုံးစံအတိုင်း ညနေပိုင်းတွင် ဦးစိန်မြင့်ကို ပုဆိုးအကောင်းစား၊ တိုက်ပုံအင်္ကျီ၊ မောင့်ကျက်သရေခေါင်းပေါင်းတို့ဖြင့် တန်ဆာဆင်ကာ ရွှေထီးတစ်လက်မိုး၍ ဘုန်းကြီးကျောင်းသို့ လာပို့ကြရသည်။ ကျောင်းရောက်သည်နှင့် ဆံချ၊ သရဏဂုံဆောက်တည်ပြီး ကိုရင်ကြီးဝတ်ထား ရသည်။ နောက်တစ်နေ့မနက်မှာပင် သိမ်ဝင်ကြရသည်။ တစ်ခါမှမကြုံဖူးသေးသည့် အတွေ့အကြုံမို့လည်း ဦးစိန်မြင့်တစ်ယောက် ပျော်လည်းပျော် စိတ်လည်းဝင်စားမိသည်။

သိမ်ထဲဝင်သည်နှင့် ဦးစိန်မြင့်တို့မိသားစုများ တအံ့တသြဖြစ်စေမည့် စကားတစ်ခွန်းကို ဆရာတော်အမိန့်ရှိလိုက်သည်က -

"သိမ်ဆင်းသံဃာလောင်းလျှုမယ့်ဒါယကာ၊ ဒါယိကာမတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဥပသမ္ပဒကံဆောင်ပုံကို ဗုဒ္ဓဘာသာပီပီ ကျကျနန သေသေချာချာ သိထား ချင်ရင် အားလုံးသိမ်ထဲကို လိုက်ခဲ့ကြ။ သိမ်ထဲကျတော့ သတ်မှတ်ပေးထား တဲ့နေရာမှာထိုင်ပြီး ရဟန်းခံပေးပုံကို အစအဆုံးနားထောင်ကြည့်ညို နိုင်တာပေါ့'' တဲ့။

သိမ်ထဲ အမျိုးသမီးတွေမဝင်ကောင်းဟု ငယ်ငယ်ကတည်းက မှတ်လာခဲ့သော ဦးစိန်မြင့်ဇနီး ဒေါ်ငွေက ဆရာတော်အား -

''ဆရာတော် တပည့်တော်တို့အမျိုးသမီးတွေ သိမ်ထဲဝင်ကောင်း သလားဘုရား။ တပည့်တော့်တို့ဘက်မှာတော့ အမျိုးသမီးတွေ သိမ်ထဲမဝင် ကောင်းဘူး။ ဝင်လိုက်ရင် တစ်သက်လုံး လုပ်ထားတဲ့ကုသိုလ်တွေ အကုန် ပျောက်ကုန်တယ်လို့ ပြောကြတာနဲ့ ဘယ်အမျိုးသမီးမှ သိမ်ထဲ မဝင်ရဲကြ ဘူး ဘုရား'' ဟု လျှောက်ရာ ဆရာတော်က -

''ဒါယိကာမကြီးတို့ ကိုးကွယ်တဲ့ဘုန်းကြီးတွေက ဒီလိုပြောဖူး သလား''

''ဘုန်းကြီးတွေကတော့ ဒီလိုမပြောဖူးပါဘူးဘုရား။ တပည့်တော်တို့ ဆီက လူကြီးသူမတွေအားလုံးက ဒီလိုပဲ ပြောဆိုကြလို့ပါဘုရား''

''ဘာသာရေးနဲ့ပတ်သက်ရင် ဘုန်းကြီးတွေကိုလျှောက်ကြည့်တာ အသေချာဆုံးပေါ့။ ဒါယကာ၊ ဒါယိကာမအားလုံး သိမ်ထဲဝင်ကောင်းရုံတင် မကဘူး နေတောင်နေကောင်းပါတယ်။ အပြစ်မရှိပါဘူး။ ဘုရားလက်ထက် ကဆိုရင် တချို့မြို့ကြီးတွေကို တစ်မြို့လုံးခြုံပြီး သိမ်သမုတ်ထားတာတောင် ရှိတယ်။

''အဲလိုသမုတ်လိုက်ရင် တစ်မြို့လုံးဟာ သိမ်ဖြစ်သွားတာပဲ။ ဒါပေမဲ့ ဒါယကာ၊ ဒါယိကာမတွေအားလုံးဟာ ဒီလိုနေမြဲတိုင်းနေကြတာပဲ။ ဘာမှ အပြစ်မရှိလို့နေကြတာပေါ့။ တစ်ခုပဲရှိတယ်။ ကမ္မဝါဖတ်နေတဲ့အချိန်မှာ ဒါယကာ၊ ဒါယိကာမတွေက သံဃာတွေနဲ့ နှစ်တောင့်ထွာအဝေးကနေရင် ပြီးတာပဲ။

အပြုံးရောင်မေတ္တာဝေဝေ

www.burmeseclassic.com



*"ဒါယိကာမကြီးတို့အမျိုးသမီးတွေကို မြှောက်ပေးလိုက်ရဦးမယ်။ တချို့ဘုရားတွေမှာ 'အမျိုးသမီးမတက်ရ' လို့ ရေးထားတာတွေ့တယ် မဟုတ်လား။ အဲဒါလည်း ဘုရားဟောမရှိဘူး။*

*"မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်တည်းက အမျိုးသားရော၊ အမျိုးသမီးရော ဒီလိုပဲ တန်းတူရည်တူပူဇော်ကြတာပဲ။ အခုမှအဆင့်အတန်း ခွဲခြားစရာမလိုပါဘူး။ ဒါကြောင့် သဒ္ဓါရှိတဲ့ဒါယိကာမကြီးတွေစုပြီး အဲဒီဘုရားတွေကိုတက်ပြီး ရဲရဲဝံ့ဝံ့သာရွှေချကြ။ ဘုရားတက်ရွှေချလို့ ထောင်ချနိုင်တဲ့ ဥပဒေမရှိပါဘူး။*

*"အဲဒီလိုသွားတော့မယ်ဆိုရင်တော့ ကိုယ့်ဘက်က အထောက်အထား ခိုင်လုံအောင် သုတေသနသရုပ်ပြအဘိဓာန်ကျမ်းပြု သရက်တော ကျောင်းတိုက်၊ ဖျာပုံတိုက်သစ်ဆရာတော်ရေးသားပြုစုတဲ့ သုတေသန သမ္မာမဂ္ဂပဉ္စာကျမ်း ကိုလည်း အထောက်အထားပြနိုင်အောင် ယူသွားကြပေါ့။ အဲဒီထဲမှာအခုပြောတဲ့အကြောင်းတွေ အပြည့်အစုံပါတယ်"*

သို့နှင့်ပင် ဦးစိန်မြင့်၏ဖနီးအပါအဝင် အညာသူမအများစုမှာ အံ့ဩ ဝမ်းမြောက်ရင်းဖြင့် သိမ်ကြီးထဲသို့ ဝင်ရောက်လာကြပါတော့သည်။ သံဃာ တော်များက ဘုရားခန်းရှေ့တွင်နေရာယူပြီး ဒါယကာ၊ ဒါယိကာမများက ဝင်ပေါက် နှင့်အနီးဆုံးနေရာတွင် ထိုင်ကြရသည်။ ရဟန်းလောင်း ဦးစိန်မြင့် ခေါ် ဦးဖနကကို ကာရကသံဃာ(ရဟန်းခံပေးမည့်သံဃာ)များက ဝိုင်းပတ် ထိုင်ထားကြသည်။

စတော့မည်ဆိုသည်နှင့် ကျောင်းထိုင်ဆရာတော်ကြီးက ဦးစိန်မြင့် ရှေ့တည့်တည့်တွင် နေရာယူလိုက်သည်။ ဦးစိန်မြင့်က ဆရာတော်ကြီးဘက် သို့ သက်အုပ်ချီပြီး ဆောင့်ကြောင့်ထိုင်လိုက်ရသည်။ ထိုအခါကျမှ အနုသာ သန=ရဟန်းလောင်းဆုံးမမည့် တခြားကျောင်းမှ ဆရာတော်တစ်ပါးက ကမ္ဗဝါတစ်ရွက်ကိုကိုင်ပြီး နမောတဿသုံးခေါက်ကို သူတစ်ပါးတည်းဆိုပြီး ဘုရားကို ရှိခိုးလိုက်သည်။ ပြီးသည်နှင့် -

*အဟံ ဘန္တေ ပဗ္ဗဇ္ဇံ ယာစာမိ*

www.burmeseclassic.com

www.burmeseclassic.com



*"ကဲ-ရဟန်းလောင်းက ဥပဇ္ဈာယ်ယူရမယ်။ ဥပဇ္ဈာယ် ဆိုတာ မိမိသာသနာ့ဘောင်မှာနေမယ့် အချိန်အတွင်း အပြစ်ကြီး၊ အပြစ်ငယ်ရှိရင် ဆုံးမသွန်သင်ပေးဖို့ ဆရာအဖြစ်တည်ပါလို့ တောင်းပန်လျှောက်ထား ခြင်းပဲ"* ဟုဆိုကာ ဥပဇ္ဈာယ်ယူခိုင်းပါသည်။ ဥပဇ္ဈာယ်ယူပြီးသည်နှင့် သိမ်ထဲပါလာသည့် သပိတ်တစ်လုံးနှင့် သင်္ကန်းသုံးထည်သည် ရဟန်း လောင်း၏ ကိုယ်ပိုင်ဖြစ်ကြောင်း ပြောကြားပါသည်။

ထိုသို့ ပြောကြားသည်နှင့် သံဃာတော်များနှင့် နှစ်တောင့်ထွာ ဝေးသောအရပ်တွင် ခဏသွားနေရန် အနုသာသနဆရာက အမိန့်ပေး လိုက်သည်။ ရဟန်းတော်တစ်ပါးအကူအညီဖြင့် လက်အုပ်ချီကာ နောက်သို့ တစ်လှမ်းခြင်း ဆုတ်သွားရသည်။ ခပ်လှမ်းလှမ်းရောက်သည်နှင့် မတ်တတ် ရပ်ခိုင်းကာ ထိုကိုယ်တော်လေးပြန်လှည့်ထွက်သွားသည်။ ဦးစိန်မြင့် တစ်ဖြစ်လဲ ဦးဇနကကတော့ လက်အုပ်ချီလျက် မတ်တတ်ရပ်ပြီး စောင့်နေရ သည်။ အနုသာသနဆရာက ပုစ္ဆကဥတ်ရွတ်ပြီးသည်နှင့် ဦးစိန်မြင့်ရှိရာ ရောက်လာပြီး သံဃာတော်များရှေ့တွင် မေးစိစစ်မည့်အချက်များကို ကြိုတင်ပြီးတော့ ဆုံးမသွန်သင်ပါသည်။

*"ပဉ္စင်းလောင်း နားစေ့စေ့ထောင်။ ယခုအချိန်ဟာဟုတ်တာကို ပြောရမယ့်အချိန်အခါ ဖြစ်တယ်။ ယခုမေးခွန်းများကို သံဃာ့ဘောင်မှာ ရောက်တဲ့အခါ ငါကိုယ်တိုင် မေးမြန်းရမှာဖြစ်တယ်။ အဲဒီလို မေးမြန်းတဲ့ အခါမှ မဟုတ်တာတွေ လျှောက်မေးတယ်ဆိုပြီး ရှုံတီးရှုံ့တွ့လည်း မဖြစ်ပါနဲ့။ မျက်နှာမသာမယာလည်း မဖြစ်ပါနဲ့။*

*"ဘုရားရှင်ရဲ့အာဏာဒေသနာဥပဒေတော်အတိုင်း မေးမြန်းရခြင်း ဖြစ်တယ်။ ပထမဆုံးမေးမြန်းမှာက နူနာ၊ ပြည်တစိုစို၊ သွေးတရွဲရွဲဖြစ်နေတဲ့ အိုင်းအမာနာ၊ ယားယံပေါက်ပြဲပွေးဝဲအနာ၊ ချောင်းဆိုးသွေးပါ၊ ပန်းနာ ရင်ကြပ်နာ၊ ခွေးရူးဝက်ရူးဆိုတဲ့ အနာကြီးငါးမျိုးမှ ကင်းရဲ့လားလို့ မေးလိမ့် မယ်။*



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခါမှာ သင့်မှာ ဒီရောဂါတွေကင်းနေတဲ့အတွက် ကင်းတယ်လို့ ဖြေပါ။ ဒါတွေဘာကြောင့်မေးရသလဲဆိုတာကို နားလည်အောင်ပြောပြရရင် ဘုရားလက်ထက်က သမားတော်ကြီးဇီဝကဟာ ဘုရားနဲ့တကွ သံဃာ အားလုံးကို အမြဲတမ်းဆေးကုပေးတဲ့ ဒါနကိုပြုတယ်။ ဘုရင်နှင့်တကွ နန်းတွင်းသူ၊ နန်းတွင်းသားတွေကိုလည်း ကုပေးနေရတော့ ပြည်သူပြည် သားတွေအတွက် အလှည့်ပေးပြီး ကုမပေးနိုင်ဘူးဖြစ်နေတယ်။

"ဒီအခါမှာ စောစောက အနာကြီးရောဂါငါးမျိုးရှိတဲ့ မြို့သားအချို့ ဟာ ရဟန်းဖြစ်မှ ဆေးကုပေးမှာဆိုတာသိတဲ့အတွက် ဘုရားကျောင်းမှာ ရဟန်းဝတ်ကြတယ်။ ရဟန်းဖြစ်တော့မှ ဆရာဇီဝကဆီသွားပြီး ဆေးကု သကြတယ်။ ဒီအကြောင်းကိုသိသွားတဲ့ ဆရာဇီဝကက ဘုရားထံမှာ– သဗ္ဗညုတဘုရား ရှိလို့ ရဟန်းပြုတာမဟုတ်ဘဲ အနာကြီးငါးမျိုး ဆေးကုချင်လို့ ရဟန်းပြုချင်တဲ့ သူများကို ခွင့်မပြုပါနဲ့ဘုရားလို့ လျှောက်ထားတဲ့အတွက် မြတ်စွာဘုရား ကလည်း အဲဒီစကားကို လက်ခံတော်မူပြီး အနာကြီးငါးမျိုး ရှိသူများကို ရဟန်းပြုမပေးရ။ ပြုပေးသောရဟန်းများ ဒုက္ကဋ်အာပတ် သင့်စေလို့ ပညတ်တော်မူခဲ့တယ်။ ဒါကြောင့် စိစစ်မေးမြန်းရခြင်းဖြစ်တယ်။

"နောက်မေးမယ့်မေးခွန်းက လူသားစင်စစ်ဖြစ်ရဲ့လားလို့ မေးလိမ့် မယ်။ သင်ကလည်း လူသားစစ်စစ်ဖြစ်တဲ့အတွက် ဖြစ်ပါတယ်လို့ဖြေ။ ဒါကိုလည်း ဘာကြောင့် မေးမြန်းရသလဲဆိုတော့ ဘုရားလက်ထက်က နဂါး တစ်ကောင်ဟာ လူယောင်ဖန်ဆင်းပြီး ဘုရားကျောင်းတော်မှာ ရဟန်း လာဝတ်တယ်။ ရဟန်းတော်များကလည်း တကယ့်လူပဲထင်ပြီး ဝတ်ပေး လိုက်တာပေ့ါ။ တစ်ညတော့ အခန်းထဲမှာ အိပ်ပျော်သွားသခိုက် သူ့ရဲ့နဂါး ခန္ဓာကိုယ်ဟာ ပြန်ပေါ်သွားခဲ့တယ်။ ဒါကိုမြင်သွားတဲ့ ရဟန်းတော်တစ်ပါးက တခြား ရဟန်းတွေကို သွားပြောရာကနေ ဘုရားရှင်သိတော်မူသွားတဲ့ အတွက် နဂါးကို ရဟန်းဘဝကထွက်စေပြီး ဒီဘဝကုသိုလ်ကောင်းမှုပြု၊ နောက်ဘဝ လူဖြစ်အောင်ဆုတောင်း၊ လူဖြစ်လာမှ ရဟန်းပြုပါလို့ တရား



www.burmeseclassic.com

www.burmeseclassic.com



*ဟောလွှတ်လိုက်ပါတယ်။ နဂါးများ လူယောင်ဖန်ဆင်းတဲ့အခါ အိပ်ပျော်နေချိန် ၊ သူတို့ဘာသာဘာဝ ကာမဂုဏ်ခံစားချိန်မှာ ပကတိခန္ဓာကိုယ်အတိုင်း ပြန်ဖြစ်တတ်ပါတယ်။ ဒီအကြောင်းအဌ္ဌုပ္ပတ်ကို ကြည့်ပြီး ဘုရားရှင်က လူသားစင်စစ်ဖြစ်မှ ရဟန်းခံပေး၊ နတ်တို့၊ နဂါးတို့၊ ဂဠုန်တို့က လူယောင်ဖန်ဆင်းထားတာဆိုရင် ရဟန်းခံမပေးရ။ ရဟန်းခံပေးခဲ့ရင် ဒုက္ကဋ် အာပတ်သင့်စေလို့ ပညတ်တော်မူခဲ့တဲ့အတွက် အခုလို စိစစ်ရခြင်းဖြစ်တယ်''*

ယခုလိုအကြောင်းအဌ္ဌုပ္ပတ်စုံစုံလင်လင်ကို မကြားဖူးကြသော ဦးစိန်မြင့်နှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟာအားလုံးတို့မှာ ရဟန်းလောင်းဆုံးမနေသည်ကို စိတ်ဝင်စားမဆုံးဖြစ်နေကြသည်။

*''နောက်ဆက်မေးမှာက ယောကျာ်းစင်စစ်ဖြစ်ရဲ့လား။ လို့မေးမှာဖြစ်တယ်။ ဒီလိုဘာကြောင့် မေးမြန်းစိစစ်ရသလဲဆိုရင် ဘုရားလက်ထက်တော်အခါက ယောကျာ်းစိတ်၊ မိန်းမစိတ်တစ်လှည့်စီ ဖြစ်နေတဲ့သူတွေ ရဟန်းလာဝတ်ကြတယ်။ ရဟန်းဝတ်ပြီးတဲ့အချိန်မှာ မိန်းမစိတ်ပေါက်တဲ့ အလှည့်ရောက်တာနဲ့ ရပ်ရွာထဲကအမျိုးသားတွေနဲ့ ရှုပ်ရှုပ်ထွေးထွေးဖြစ်တဲ့ အတွက်ကြောင့် လူချွတ်ပြီး သာသနာ့ဘောင်က နှင်ထုတ်ကြရတယ်။ အဲဒီ အကြောင်းကြောင့် ယောကျာ်းစင်စစ်ဖြစ်ရဲ့လားလို့မေးရခြင်းဖြစ်တယ်။*

*''နောက်မေးမှာက သူ့ကျွန်အဖြစ်က လွတ်မြောက်ရဲ့လားလို့ မေးမှာဖြစ်တယ်။ မေးရခြင်းအကြောင်းက ဘုရားလက်ထက်တော်အခါက ကျွန်တချို့ဟာ သခင်အိမ်ကထွက်ပြေးလာပြီး သာသနာ့ဘောင်ဝင်ကြတယ်။ ကြည်ညိုလို့ မဟုတ်ဘူး။ ကျွန်ဘဝပြန်မရောက်ချင်လို့ပါ။ အဲဒါ ပိုင်ရှင်သခင်များ သိသွားတဲ့အခါမှာ ဘုရားသားတော်ရဟန်းတော်လုပ်နေပြီး သေချာမမေးမမြန်းဘဲ ရဟန်းပြုပေးရသလား စသည်အားဖြင့် ကဲ့ရဲ့ကြတဲ့အတွက် ဘုရားရှင်သိတော်မူပြီး ကျွန်တွေကို သခင်မသိဘဲ ရဟန်းပြုမပေးဖို့ ပညတ်တော်မူခဲ့ခြင်း ဖြစ်တယ်။*

အမြူရောင်မေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



*"နောက်မေးမှာက သင့်မှာ သူတစ်ပါးရဲ့ကြွေးမြီတွေ ကင်းရဲ့လားလို့ မေးမှာဖြစ်တယ်။ ဒီလိုမေးရခြင်းအကြောင်းက တစ်ခါတော့ လူအမျိုးသား တစ်ယောက်ဟာ သူတစ်ပါးကြွေးမြီတွေမဆပ်နိုင်တော့တာနဲ့ ရဟန်းတော် များထံလာပြီး သက်န်းဝတ်တယ်။ ရဟန်းဖြစ်သွားတဲ့အချိန်ကျမှ အကြွေးရှင် တွေနဲ့တွေ့ပြီး ပြဿနာဖြစ်ရတဲ့အတွက် နောင်ဒီလိုမဖြစ်အောင် မြတ်စွာ ဘုရားက မေးမြန်းစစ်ဆေးခြင်းဖြစ်တယ်"*

ထိုစကားအရောက်မှာတော့ အတွေ့အကြုံမရှိသေးသော ဦးစိန်မြင့် ခမျာ မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် အနုသာသနဆရာတော်ကို ကြည့်ကာ

*"တပည့်တော်မှာ အကြွေးမကင်းဘူးဘုရား"* ဟု လျှောက်လိုက် သဖြင့် ကမ္ဗဝါကိုလက်နှစ်ဖက်ဖြင့်ကိုင်၍ အကျအန ဆုံးမနေသော ဆရာတော်မှာ ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားရှာပါတော့သည်။ နောက်ခဏကြာမှ-

*"နေပါဦး ရဟန်းလောင်းရဲ့။ အကြွေးက တော်တော်များသလား။ ဘယ်တုန်းက ချေးထားတာလဲ"*

*"မများပါဘူးဘုရား။ တပည့်တော်သက်န်းစည်းမယ့်နေ့၊ နေ့ခင်း ပိုင်းက ကွမ်းယာဝယ်စားရင်း ပိုက်ဆံအသင့်ပါမလာတာနဲ့ ငွေ(၁၅)ကျပ် အကြွေးတင်နေတာပါဘုရား"*

ဦးစိန်မြင့်အဖြေကို ကြားသောအခါ အနုသာသနဆရာတော်နှင့် တကွ သံဃာတော်အားလုံးမှာ ထူးလည်းထူးတဲ့ ပဉ္စင်းလောင်းဟူသော အတွေးဖြင့် ပြုံးရယ်တော်မူကြသဖြင့် သိမ်တွင်းမှပရိသတ်များမှာလည်း ထိုအခါကျမှ ရောယောင်ရယ်မိကြပါတော့သည်။ ထို့နောက် အနုသာသန ဆရာတော်က အရယ်ရပ်၍ -

*"ကဲ- ကဲ- အဲဒီလောက်အကြွေးကတော့ အိမ်မှာကျန်ခဲ့တဲ့ ဒါယိကာမကြီးဆပ်မှာပေါ့။ ဒါယိကာမကြီးကလည်း ဆပ်မှာမဟုတ်လား"*

ထိုအခါ ဒေါ်ဌေးကလည်း မဆုတ်မဆိုင်း-

*အမြဲ့ရောင်မေတ္တာစောင်*

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ။ ဆပ်မှာပါဘုရား။ ဒီလောက်ငွေလေးနဲ့ကျောင်းမှာတော့ ပြဿနာအဖြစ်မခံပါဘူးဘုရား" ဟုလျှောက်လိုက်ပြန်သဖြင့် သံဃာတော်များရော ပရိသတ်များပါ ထပ်၍ရယ်ကြရပြန်သည်။

"ကဲ ကဲ ဆက်မေးမယ်။ နောက်မေးမှာက မင်းခစားတပ်မတော်သားအဖြစ်က လွတ်ရဲ့လားဆိုတာပဲ။ ဒါလည်း ဘာကြောင့်မေးရသလဲဆိုတော့ ဘုရားလက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်၊ ဗိမ္ဗိသာရမင်းရဲ့စစ်တပ်က တပ်မတော်သားတချို့ဟာ မင်းထံကခွင့်ပြုချက်မယူဘဲ ကျောင်းတော်သွားပြီး ရဟန်းပြုကြတယ်။ မင်းကြီးသိသွားတဲ့အခါ ညီလာခံခေါ်ပြီး ရှင်ဘုရင်ခွင့်မပြုတဲ့ စစ်သားတွေကို ရဟန်းပြုပေးခဲ့ရင် ပြုပေးတဲ့ရဟန်းတော်တွေကို ဘယ်လိုအပြစ်ပေးသင့်သလဲလို့ မေးကြည့်တော့ သာသနာမကြည်ညိုတဲ့ မှူးကြီး မတ်ကြီးတွေလျှောက်ထားတာက ဥပဇ္ဈာယ် ဆရာတော်ကို ခေါင်းဖြတ်ရပါမယ်။ ကမ္မဝါဖတ်တဲ့ဆရာတော်များကို လျှာဖြတ်ရပါမယ်။ ပါဝင်တဲ့ ကာရကသံဃာတော်များကိုတော့ နံရိုးရိုက်ချိုးရပါမယ်ဘုရားလို့ လျှောက်ထားတော့ ဗိမ္ဗိသာရဘုရင်ကြီးဟာ ဘုရားတတော်မူပြီး ငါလို အရိယာဖြစ်ပြီးတဲ့ ရှင်ဘုရင်တစ်ပါး အုပ်ချုပ်နေစဉ်မှာ ဘာမှမဖြစ်နိုင်သော်လည်း သာသနာမကြည်ညိုတဲ့ ရှင်ဘုရင်နန်းတက်ခဲ့ရင်တော့ ရဟန်းတော်တွေ ဒုက္ခရောက်ရချည်ရဲ့လို့ တွေးမိပြီး ဘုရားရှင်ကို သွားလျှောက်တဲ့အတွက် ဒီပညတ်ချက် ပေါ်လာရခြင်းဖြစ်တယ်။

"နောက်ဆက်မေးမှာက ရဟန်းပြုဖို့ မိဘတွေက ခွင့်ပေးရဲ့လားဆိုတာပါပဲ။ ဒါကလည်း ဘာကြောင့်မေးမြန်းရသလဲဆိုတော့ မြတ်စွာဘုရားတောထွက်သွားတော့ ဖခင်သုဒ္ဓေါဒနမင်းကြီးဟာ သူ့ရဲ့အရိုက်အရာကို ဘုရားရှင်နဲ့ ဖအေတူ၊ မအေကွဲနန္ဒမင်းသားကို အပ်နှင်းဖို့ ကြံရွယ်ထားတယ်။ ဒီနန္ဒမင်းသားကို မြတ်စွာဘုရားက ရဟန်းပြုပေးတော်မူလိုက်ပြန်တော့ မြေးတော်ရာဟုလာလေးကို ရည်ရွယ်ချက်ထားတော်မူပြန်တယ်။ တစ်ခါ ဒီမြေးတော်လေးကိုပါ ဘုရားရှင်က သာသနာ့ဘောင် သွတ်သွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်တော့ သုဒ္ဓေါဓနမင်းကြီးဟာ ကျောင်းတော်ကိုလိုက်ပြီး မြတ်စွာဘုရားကို လျှောက်ထားတယ်။ မြတ်စွာဘုရား မိဘတို့ရဲ့ချစ်ခြင်းမေတ္တာဟာ သားသမီးတို့ အပေါ်မှာ အရေပါးကိုဖောက်၊ အရေထူကိုဖောက်၊ အသားကိုဖောက်၊ အရိုးကိုဖောက်ပြီး ရိုးတွင်းခြင်ဆီထိရောက်အောင် တည်ပါတယ် ဘုရား။ ဒါကြောင့် နောက်နောင်မှာ မိဘခွင့်မပြုတဲ့သားသမီးများကို ရဟန်းမပြုခွင့်မပေးပါနဲ့ ဘုရားလို့ လျှောက်ထားခဲ့တဲ့အတွက် ဒီလိုပညတ်ခဲ့ရခြင်းဖြစ်တယ်။

"နောက်ဆက်မေးမှာက ငါ့ရှင်ဟာ အသက်(၂၀)ပြည့်ရဲ့လားလို့ မေးမှာဖြစ်တယ်။ မေးရခြင်းအကြောင်းက ဘုရားရှင်လက်ထက်တော်အခါက ဒီပညတ်ချက်မရှိသေးတော့ (၇)နှစ်၊ (၈)နှစ်သာရှိသေးတဲ့ ကလေးသူငယ်တွေကို ရဟန်းပြုပေးကြတော့ ညအခါ ကလေးသူငယ်တွေဟာ ထမင်းဆာလို့ ငိုလိုငို၊ ကျင်ကြီးကျင်ငယ်စွန့်ချင်လို့ ငိုလိုငိုနဲ့ ဆူညံနေတာကို တွေ့ရတာကြောင့် အသက်(၂၀)ပြည့်မှ ရဟန်းခံယူရမယ်လို့ ပညတ်တော်မူခဲ့တာဖြစ်တယ်"

"နောက်ဆက်မေးမှာက သင့်မှာ ကိုယ်ပိုင် သပိတ်(၁)လုံး၊ သင်္ကန်းသုံးထည် ပြည့်စုံရဲ့လားလို့ မေးလိမ့်မယ်။ မေးရခြင်းအကြောင်းက တချို့လူများဟာ ရဟန်းတော့ဝတ်ချင်တယ်။ ပရိက္ခရာဖိုးက မတတ်နိုင်ကြဘူး။ ဒါကြောင့် တခြားရဟန်းတွေဆီက သပိတ်သင်္ကန်းတွေငှားပြီး ရဟန်းပြုကြတယ်။ ရဟန်းဖြစ်ပြီးတဲ့အခါကျတော့ ပိုင်ရှင်ရဟန်းတွေက သူတို့သပိတ်သင်္ကန်းတွေ ပြန်တောင်းသွားကြတော့ အဲဒီရဟန်းတွေမှာ ဝတ်စရာသင်္ကန်း ကလည်းမရှိ၊ ဆွမ်းခံစားစရာ သပိတ်ကလည်းမရှိလေတော့ အဲဒီအတိုင်းကြီး ပဲ မြို့ထဲကို ဆွမ်းခံထွက်ကြတော့ ဒီရဟန်းတွေကလည်း တိတ္ထိ၊ တက္ကတွန်း တွေလို အဝတ်သင်္ကန်းမဝတ်ကြပါလားလို့ ဒါယကာ၊ ဒါယိကာမတွေက ကဲ့ရဲ့တာကြောင့် ဒီပညတ်ချက်ကို ပညတ်ခဲ့ရတာဖြစ်တယ်။

အမြုတေမေတ္တာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



*နောက်ဆုံးမေးမယ့် မေးခွန်းနှစ်ခုက သင့်ရဲ့နာမည် ဘယ်လိုခေါ်သလဲဆိုရင် ကမ္ဗဝါရွတ်လို့လွယ်ကူအောင် ခေတ္တပြောင်းထားတဲ့အတိုင်း နာဂ လို့ပဲဖြေပါ။ သင့်ဥပဇ္ဈာယ်ဆရာ အမည်ဘယ်လိုခေါ်သလဲလို့မေးရင် အရှင်တိဿလို့ခေါ်ပါတယ်လို့ ဖြေရမယ်။ ကဲ- သင်သင့်တာတွေသင်ပြီးပြီ။ သင်ပဋ္ဌင်းလောင်း ဒီမှာခေတ္တရပ်ပြီးစောင့်နေခဲ့။ သံဃာ့ဘောင်ကနေ ငါ ကမ္ဗဝါဉတ်ရွတ်ဖတ်ပြီး ခေါ်တဲ့အခါကျမှ သင်လာခဲ့ပေတော့''*

သံဃာ့ဘောင်မှ အနုသာသနဆရာ၏ ဉတ်ကမ္ဗဝါရွတ်အပြီးတွင် ရဟန်းငယ်တစ်ပါးက ဦးစိန်မြင့်ကို လာခေါ်ပါသည်။ ထို့နောက် သံဃာများထံ ရဟန်းပြုဖို့ခွင့်တောင်းပြီး စောစောကမေးခွန်းများကို တစ်ချက်ချင်း အသေးစိတ် ပြန်မေးပါသည်။ အားလုံးမေးပြီးမှ သံဃာသုံးပါးစီ၊ သုံးကြိမ်တိတိ ရွတ်အပြီးတွင် ဦးစိန်မြင့်တစ်ယောက် ရဟန်းဘဝရောက်၍ ဦးဇနက ဖြစ်သွားပေပြီ။ ထို့ကြောင့် ဤနေရာမှစ၍ ဦးဇနကဟု ရေးရပါတော့သည်။

ရဟန်းဖြစ်ပြီးသည်နှင့် ကျုံ့ကျုံ့ပြင်ထိုင်ပြီး လက်အုပ်ချီစေကာ ဥပဇ္ဈာယ်ဆရာတော်က ဩဝါဒပေးပါသည်။ အကျဉ်းချုပ်မှာ-

*''ရဟန်းဖြစ်သွားပြီဆိုတာနဲ့ လောလောဆယ်အရေးတကြီး သိထားသင့်တဲ့ အချက်(၃)ချက်ကို ပြောပြမယ်။ တစ်အချက်က မိမိရဟန်းဖြစ်တဲ့ အချိန်အတိအကျကို ရေးမှတ်ထားတဲ့ ဟောဒီရဟန်းရက်ချုပ်ကို သေချာကြည့်ထားပြီး မိမိထက်အသက်သိက္ခာဝါကြီးတဲ့ရဟန်းတော်တွေကို တွေ့ရင် မိမိကရှိခိုးရမယ်။ မိမိထက်အသက်သိက္ခာဝါငယ်တဲ့ရဟန်းနဲ့တွေ့ရင် မိမိက အရှိခိုးခံရမယ်။*

*''အဲဒါပြီးရင် ဆက်သိရမှာက ဆောင်ရမယ့်အချက်လေးချက်ပဲ။ ရဟန်း ဖြစ်လာတာနဲ့ အစာ၊ ရေဆိုရင် ငတ်မသေရင် လုံလောက်ပြီ။ ဝတ်ရေးဆိုရင် အရှက်လုံရုံဝတ်ရရင် လုံလောက်ပြီ။ နေရေးဆိုရင် မိုးလုံရုံနေရရင် တော်ပြီ။ ဒီလိုသဘောထားနိုင်ရမယ်။ စာလိုဆိုရင် သလ္လဟုကဝုမိပေါ့-ပေါ့ပါးသော အသက်မွေးမှုရှိတယ်။ သုဘရော-*



www.burmeseclassic.com

www.burmeseclassic.com



မွေးမြူလွယ်တယ်ပေါ့။

ဒါကြောင့် ရှေးဘုန်းရှေးကံရှိလို့ ပင့်တဲ့ဆွမ်း၊ ပို့တဲ့ဆွမ်းရှိရင်လည်း ဘုန်းပေးနိုင်တယ်။ မရှိဘူးဆိုရင် ရှေ့မှာချထားတဲ့သပိတ်နဲ့ ဆွမ်းခံစားပါ။ သင်္ကန်းမှာလည်း လှူသူရှိရင် လှူတာဝတ်နိုင်တယ်။ လှူသူမရှိရင် လမ်းဆုံလမ်းခွ အမှိုက်ပုံကြီး အမှိုက်ပုံကြားသွားပြီး တွေ့သမျှအဝတ်စတွေ ကောက်ယူ ပြီး ကိုယ်တိုင်ချုပ် ကိုယ်တိုင်ဆိုးပြီးဝတ်ပါ။ အဲဒါကို ပံ့သကူသင်္ကန်းလို့ခေါ်တယ်။

"ကျောင်းရှိရင်လည်း ရှိတဲ့ကျောင်းမှာ နေ။ မရှိရင် သစ်တစ်ပင်၊ ဝါးတစ်ပင်အောက်သွားနေရမယ်။ ဆေးမှာတော့ လှူသူရှိရင် လှူတာဘုဉ်းပေးနိုင်တယ်။ မရှိဘူးဆိုရင် နွားကျင်ငယ်ရေကိုရအောင်ရှာပြီး အဲဒီကျင်ငယ်ရေထဲကို ဖီးဖြူ၊ သျှစ်ရွာ၊ သဖန်းခါးသီးများကိုထည့်ပါ။ သုံးလေးရက်ကြာရင် အဲဒါဆေးဖြစ်သွားတာပဲ။ ဒီအရည်ကိုလည်းသောက်ပါ။ အဖတ်ကို လည်းစားပါ။ (၉၆)ဖြာ အကုန်ပျောက်တဲ့ ဘုရားပေးတဲ့ဆေးပါပဲ။ မန်လည်ဆရာတော်တို့၊ အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးတို့ အမြဲတမ်း ဘုဉ်းပေးကြပါတယ်။ နောက်ဆုံးပြောမယ့် အချက်လေးချက်ကတော့ ရဟန်းတစ်ပါးအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတာမို့ သေချာမှတ်မိအောင် နားထောင်ပါ။

"ရဟန်းဖြစ်တာနဲ့တစ်ပြိုင်နက် ရဟန်းသစ်ရဲ့ကိုယ်ပေါ်မှာ အကျယ်ကုဋေ ကိုးထောင့်တစ်ရာရှစ်ဆယ့်ငါးသန်းသုံးသောင်းခြောက်ထောင်၊ အကျဉ်း နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ်သောသိက္ခာပုဒ်တွေဟာ တစ်ခါတည်း တည်သွား ပါတယ်။ အကျဉ်းကိုပဲ အဓိကထားပြီး ပြောကြရအောင်။ အကျဉ်း(၂၂၇)သွယ် ထဲမှာ ကျူးလွန်မိရင် အာပတ်ဖြေလို့ရတဲ့သိက္ခာပုဒ်က (၂၂၃)ခုရှိတယ်။ ကျူးလွန် မိရင် အာပတ်ဖြေလို့မရတော့ဘဲ တစ်ခါတည်း လူထွက်ရပြီး တစ်သက်ပတ်လုံး ရဟန်းပြန်ခံလို့ မရတော့တဲ့သိက္ခာပုဒ်က လေးခုရှိတယ်။

အပြုရောင်လေတ္တာဝေခေ၌

www.burmeseclassic.com



"အခု အဲဒီသိက္ခာပုဒ်လေးခုကိုပဲ ပြောပြမယ်။

"ပထမသိက္ခာပုဒ်က မေထုနသံဝါသ တဲ့။ ဘာလဲဆိုတော့ အထီးရော၊ အမရော ဘာနဲ့မှ သံဝါသ မပြုရပါဘူး။

"ဒုတိယသိက္ခာပုဒ်က တစ်မတ်တန်တဲ့ ပစ္စည်းကစပြီး လုံးဝခိုးယူခြင်း မပြုရပါဘူး။

"တတိယသိက္ခာပုဒ်က လူမသတ်ရပါဘူး။

"စတုတ္ထက ဈာန်မဂ်ဖိုလ်တွေမရဘဲနဲ့ ရပါတယ်ရယ်လို့ ဒါယကာ၊ ဒါယိကာမတွေကို လိမ်မပြောရပါဘူး။ ဒီလေးခုကိုတော့ ရဟန်းဘဝ တည်သမျှ ကာလပတ်လုံး အသက်နဲ့လဲပြီး ထိန်းသိမ်းစောင့်ရှောက်ပါ"

ဦးဇနကစိတ်ထဲက ပြောလိုက်မိသေးသည်။ "လူ့ဘဝဖြစ်တောင် လူ့အသက်ကို မသတ်ရဲပါဘူးဘုရား"ဟူ၍။ ဆရာတော်ကြီးက ဦးဇနက၏ အတွေးကို သိနေသကဲ့သို့ ဆက်လက်ပြောလိုက်သော စကားကြောင့် ဦးဇနကမှာ ရင်ထဲသိမ့်ခနဲပင်ဖြစ်သွားရသည်။ ဆရာတော်ကြီး ဆက်ပြော လိုက်သည်က–

"ရဟန်းသစ်စိတ်ထဲမှာတော့ ထင်နေမှာပေါ့။ လူ့ဘဝဖြစ်တောင် လူ့အသက်ကိုတော့ မသတ်ရဲပါဘူးဘုရားလို့ ဒီနေရာမှာ တရားဥပဒေနဲ့ ဘုရားဥပဒေဟာ သိပ်ကွာသွားတယ်။ တရားဥပဒေက လူ့လောကကို ရောက်လာတဲ့ လူတစ်ယောက်ကို သတ်မှသာ အရေးယူနိုင်တယ်။ တည်ကာစကိုယ်ဝန်ကို ကိုယ့်သဘောနဲ့ကို သူများမသိအောင် ဖျက်ချလိုက် တာကိုတော့ အရေးမယူနိုင်ဘူး။

"ဘုရားဥပဒေကတော့ အဲဒီလိုမဟုတ်ဘူး။ တည်ကာစ ကိုယ်ဝန် လေး ပျက်ကျသွားအောင် ကိုယ်ဝန်ကျဆေးပေးမိတယ်ဆိုရင်ပဲ အဲဒီရဟန်း ဟာ ပါရာဇိကကျတော့တာပဲ။ ဒါကအရေးအကြီးဆုံး အာပတ်လေးခုကို အရင်ပြောပြထားတာ။ နောက်ရက်တွေကျမှ အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးရေးသားထားတဲ့ ဘုရားဥပဒေတော်ကြီးစာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



*ဖတ်ဖို့ပေးမယ်။ အဲဒီတော့မှ (၂၂၇)သွယ် သိက္ခာပုဒ်တွေရဲ့ မြန်မာပြန် အဓိပ္ပာယ်တွေကို အကုန်သိသွားမယ်"*

ဆရာတော်ကြီးဩဝါဒပေးပြီး ဆရာတပည့်ဝတ္တရားများ လစ်ဟင်းခဲ့လျှင် ခွင့်လွှတ်ပါရန် ကြိုတင်တောင်းပန်ပြီးသည်နှင့် ရဟန်းခံ အစီအစဉ်ပြီးခဲ့လေပြီ။ သိမ်ဆင်းတွင် ဒါယကာ၊ ဒါယိကာမများက ဆပ်ပြာ၊ သွားတိုက်ဆေးစသော လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူကြသည်။ ကြွသည့်အခါတွင် ရဟန်းသစ်ကို ဦးစားပေးသည့်အနေဖြင့် ရှေ့ဆုံးမှကြွစေပါသည်။

ထိုညက ဦးဇနကတော်တော်နှင့် အိပ်မပျော်။ ဆရာတော်ကြီး ဩဝါဒထဲမှ တရားဥပဒေနှင့် ဘုရားဥပဒေဟူသောစကားလုံးက သူ့နားထဲမှ မထွက်နိုင်အောင် ဖြစ်နေသည်။ တစ်ဖန် တလောကမှ နိုင်ငံတကာသတင်းဂျာနယ်တွင် ဖတ်လိုက်ရသော ဒရက်ကူလာရုပ်ရှင်ဇာတ်ကားမှ သွေးစုပ်ဖုတ်ကောင်နှင့် မျက်နှာဆင်တူလှသည့် ဒေါက်တာမရဏ(Dr. Death)ခေါ် ဆရာဝန်ဂျက်စ်ကီဗာကီယန်၏ လူနာ(၁၃၀)ခန့်ကို အဆိပ်ဆေးထိုးသတ်ပေးခဲ့သည့် သတင်းကြီးကိုလည်း ပြန်လည်အမှတ်ရလာမိပြန်သည်။

ဆရာဝန် ဂျက်စ်ကီဗာကီယန်သည် အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်၊ ဒက်ထရွိုက်မြို့မှဖြစ်သည်။ ရောဂါကျွမ်းကာ သေလုမြောပါးဖြစ်နေသော လူနာများကို ဆရာဝန်များက ဆေးထိုး၍ သတ်ဖြတ်နိုင်ခွင့်ရှိရမည်ဟူသော အယူအဆလက်ခံအောင်မြင်စေရန် တရားရုံးတွင် အကြိတ်အနယ် ရင်ဆိုင်လျက်ရှိသည်။

မကြာသေးမီကပင် (Lou Gehrig's Disease)ခေါ် နာတာရှည်ဆီးချို ရောဂါပြင်းကြောင့်ဖြစ်ရသော ကြွက်သားယိုယွင်းခြင်းနှင့် ကျောရိုးနစ်ကြော ယိုယွင်းသည့် ဝေဒနာခံစားနေရသူ သောမတ်ယွတ်ဆိုသူ လူနာတစ်ဦးကို လူနာ၏ ဆန္ဒနှင့်အညီ ဆရာဝန်ဂျက်စ်ကီဗာကီယန်က ဆေးထိုးသတ်ဖြတ်ပေးပုံကို တီဗွီမှ ထုတ်လွှင့်ပေးခဲ့သေးသည်။ ယင်းကဲ့သို့ သတ်ဖြတ်ခြင်းကို ကရုဏာဖြင့် သတ်ဖြတ်ခြင်းဟု ဆိုပါသတဲ့။

*အမြုတေစာင်လေတ္တာစာစဉ်*

www.burmeseclassic.com

www.burmeseclassic.com



လူနာအယောက်(၁၃၀)ခန့်သတ်ဖြတ်ပြီးခဲ့သည်ကိုထောက်လျှင် လူနာရှင်များကလည်း သဘောတူညီခဲ့၍သာဖြစ်ကြောင်း ထင်ရှားလှပါသည်။ သူတို့အယူအဆအရ လူနာကို ရောဂါကြာရှည်မခံစားရအောင် သနား၍ သတ်ပါသည်ဆိုသော်လည်း ဘုရားဥပဒေအရ အပြစ်လွတ်ပါမည်လော။ ၎င်းဆိုးညစ်လှသော အနောက်တိုင်း အယူအဆကြီးသည် ဗုဒ္ဓ၏ အဟိံသတရားအပေါ်တွင် အခြေခံကာ တည်ဆောက်ထားသော မြန်မာနိုင်ငံ၏ယဉ်ကျေးမှုနှင့် ဘယ်လိုမှ ကိုက်ညီဖွယ်ရာမရှိနိုင်။

ပြီးခဲ့သောလက ထောက်ကြန့်မှ မိတ်ဆွေသူငယ်ချင်းမ၏ မောင်ဝမ်းကွဲတစ်ယောက်က သူ့အတွေ့အကြုံတစ်ခုကို ပြောပြခဲ့သည်မှာ ဘုရားဥပဒေနှင့်စစ်ကြည့်လျှင် အင်မတန်မှ အပြစ်ကြီးလိမ့်မည်ထင်သည်။ သူက ဆေးဝါးလေး အနည်းငယ်နားလည်သဖြင့် အမျိုးထဲမှ ရောဂါတစ်ခုခုဖြစ်လျှင် သူ့ကို အရင်ခေါ်ပြီး အကူအညီတောင်းကြရသည်။ ဆရာဝန်နှင့်တန်လျှင် သူက ဆရာဝန်ခေါ်ပေးသည်။

ဆေးနဲ့ပဲ ပြီးလောက်လျှင်လည်း ဆေးပဲဝယ်တိုက်ခဲ့သည်။ တစ်ခါတော့ သူတို့အမျိုးထဲမှ အဒေါ်ကြီးတစ်ယောက် ရောဂါဖောက်လာပြီး တော်တော်နှင့် မသေနိုင်သေးဘဲ ချွဲတွေတဂျူးဂျူးတဂဲဂဲနှင့် ရောဂါကို သေလုမြောပါး ခံစားနေရသည်မှာ သုံးရက်တိတိကြာသည်။ ဆရာဝန်ခေါ်ပြီး စမ်းသပ်ကြည့်တော့ ဘယ်လိုမှ ရနိုင်စရာမရှိတော့။

လူနာရှင်သားသမီးများကိုပါ အသိပေးတိုင်ပင်ပြီး ချွဲပျော်ဆေး၊ တစ်နည်း အသက်ညင်သာစွာထွက်သောဆေးဟု အမည်ပေးထားသော အဆိပ်ဆေးကို ဆရာဝန်အားထိုးခိုင်းလိုက်ရာ (၅)မိနစ်အတွင်း အသက်ထွက်သွားသည်တဲ့။ ကုသ၍မရတော့သဖြင့် ဘဝနိဂုံးချုပ်အောင် ပြုလုပ်လိုက်သည်ကို သူတို့ ဆရာဝန်တွေအခေါ်(Euthanasia)ယူသာနေစီးယား။

နောက်တစ်မျိုးရှိသေးသည်။ မိဘတွေ အသက်တအားကြီးလာတော့ သတိတွေကလွတ်၊ ရောဂါကလည်းသည်းနှင့် ခုပဲထမင်းစားပြီး မစားရသေး



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ နောက်ထပ်တောင်းလိုတောင်း။ သည်ကြားထဲ သေးမနိုင်၊ ချေးမနိုင်နှင့် ရွံစရာကလည်းကောင်းလာပြန်ရာ နဂိုကမှ ပြုစုနေရတာ စိတ်ခုနေရသည့်ကြားထဲ *"ငါတို့တော့ နင့်အမေ မဟုတ်တော့ဘူးထင်တယ်"* ဟူသော ပတ်ဝန်းကျင်၏ ဝေဖန်သံများကြောင့် ဖုတ်ဝင်နေသည်ဟုဆုံးဖြတ်ကာ အင်းချထားသော သိမ်ဝင်သပိတ်ကွဲ ရအောင်ရှာပြီး ခေါင်းရင်းမှာ ထားတော့သည်။ ဒါလည်း လူနာကမသေ။ နောက် ဘေးလူများအကြံပေးသည့်အတိုင်း ဩဇာရွက်ကိုလည်း အိပ်ရာအောက်မှာ ထားပေးသည်။ မရသောအခါ စီးနေသော ခုံဖိနပ်ပြတ်ကို လူနာခေါင်းအုံးအောက် ထားသိပ်ပြန်သည်။

ထိုနည်းနှင့်မရပြန်သောအခါ ဆရာတု၊ ဆရာယောင်များကို ပင့်ပြီး ဖုတ်ထုတ်ခိုင်းပြန်သည်။ နဂိုကတည်းက မရှိသောဖုတ်က ဘယ်လိုမှမထွက်။ ထိုအခါ လူနာကမသေ။ မသေသောအခါ *"ဒီဖုတ်မျိုးကအသက်ပြင်းတယ်။ အစာရေစာပြတ်မှ ထွက်မှာ"* ဟူသော လူပြောသူပြောစကားလေးဖြင့် အဖေရင်းအမေရင်းကို အစာရေစာအငတ်ထားပြီး သတ်မိပြန်ပါတော့သည်၊

မိဘဖြစ်သောလူနာများအား သေချိန်မကျမီ မြန်မြန်သေအောင် ဆေးထိုးသတ်ခိုင်းသော သားသမီးများရော၊ အစာရေစာဖြတ်သတ်သော သားသမီးများရော တရားဥပဒေအရ ဘယ်လိုမှ အရေးယူလို့မရသော်လည်း ဘုရားဥပဒေအရ အပြစ်ရှိမရှိ ဗုဒ္ဓဘာသာဝင်တိုင်း သေချာသိသင့်သည်။ အချိန်မဆိုင်းနိုင်တော့ နံနက်မိုးလင်းသည်နှင့် ဦးဇနကတစ်ယောက် ဆရာတော်ကြီးရှေ့တွင် ရောက်နေလေပြီ။

နည်းနည်းနောနော ကြောက်စရာမဟုတ်။ ဘုရားဥပဒေအရ အပြစ်ရှိသည် ဆိုသည်နှင့် သားသမီးများသည် မိမိတို့ကိုယ်တိုင်ပင်မသိလိုက်ဘဲ ပဉ္စာနန္တရိယကံကို ကျူးလွန်ပြီးသား ဖြစ်သွားလေပြီ။ ပဉ္စာနန္တရိကံ ကျူးလွန်ထားမိသူများသည် ယခုဘဝ ဘုရားရှင်နှင့် တွေ့သည့်တိုင်အောင် တစ်မဂ်၊ တစ်ဖိုလ် ဘယ်လိုမှ မရနိုင်တော့ဘဲ သေပြီးနောက် ကေန်မုချ အဝီစိရဲသို့

အမြူရောင်မေတ္တာဝေဝေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျရောက်ကြရတော့သည်။

ဘယ်လိုကုသိုလ်လုပ်လုပ် အစီစိမှ လွတ်လမ်းလုံးဝမရှိတော့ပါပေ။ မည်မျှ ကြောက်စရာကောင်းလိုက်ပါသနည်း။ ဆရာတော်ကြီးက ဦးဖေနကကို သေချာကြည့်၍-

*"ဦးဖေနကမေးတဲ့မေးခွန်းက ဗုဒ္ဓဘာသာတိုင်းအတွက်သာ မက ပါဘူး။ လူတိုင်းအတွက်ပါ အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်မိဘကို ပြန်သတ်မိရှိမှန်ရင် ဘယ်ဘာသာဝင်မဆို မကောင်းကျိုး ကတော့ ခံစားရမှာချည်းပဲ။ ဒါကြောင့် လူသားအားလုံးအတွက် ဘုန်းကြီးက သေသေ ချာချာ ဖြေပေးပါ့မယ်"*

*"ပထမဆုံး ပါဏာတိပါတကံမြောက်ဖို့အတွက် အင်္ဂါ(၅)ချက်ကို သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၊ စာမျက်နှာ(၆၉)မှာ ပြထားတဲ့အတိုင်း မှတ်သားကြ ရအောင်ပါ။ အဲဒီမှာပြထားတာက-*

၁။ ပါဏ = သတ္တဝါဖြစ်ခြင်း

၂။ ပါဏသညီတာ = သတ္တဝါဟု အမှတ်ရှိခြင်း

၃။ ဝဓကစိတ္တံ = သတ်လိုသောစိတ်၊ သေစေလိုသောစိတ်ရှိခြင်း

၄။ ဥပက္ကမော = သေစေရန်ပြုလုပ်ပြောဆိုခြင်း

၅။ တေနမရဏံ = ထိုပြုလုပ်ပြောဆိုမှုကြောင့် သေခြင်း

*လို့ ငါးချက်ပေါ့။ ဒီငါးချက်မှာ အဓိကအကျဆုံးကတော့ နံပါတ်သုံးအင်္ဂါ ဖြစ်တဲ့ သေစေလိုသောစိတ်ရှိခြင်းဆိုတာပဲ။ သေဆေးထိုးပေးတာကိုပဲ အရင်ဆုံးစစ်ကြည့်ကြရအောင်။ လူနာက ရောဂါကို မချိမဆန့်ခံစားနေရတာ မြင်တော့ ဆရာဝန်ရော၊ လူနာရှင်ဖြစ်တဲ့သားသမီးရော သနားမိကြတာ ကတော့ အမှန်ပါပဲ။ အဲဒီသနားတဲ့ကရုဏာစိတ်ကတော့ ကုသိုလ်စိတ်ပါပဲ။ ဒါပေမဲ့ သေဆေးထိုးပေးလိုက်သခိုက်မှာတော့ သနားတယ်ဆိုတဲ့စိတ်ထက် ဒီဆေးဝင်သွားတာနဲ့ မြန်မြန်သေသွားပါစေဆိုတဲ့ ကြမ်းတမ်းတဲ့ဒေါသစိတ် ကလေးဟာ မသိမသာ ကပ်ပါသွားပါတယ်။ အဲဒီ မြန်မြန်သေသွားပါစေ*

www.burmeseclassic.com



ဆိုတဲ့စိတ်လေး ဖြစ်လိုက်တာနဲ့တစ်ပြိုင်နက် ပြခဲ့တဲ့အင်္ဂါ(၅)ချက်ဟာ ပြည့်စုံသွားပါပြီ။ ဒါကြောင့် လူနာကို သေချိန်မကျခင်သေအောင် အဆိပ်ဆေးထိုးပေးတာဟာ ပါဏာတိပါတကံထိုက်တယ်လို့ပဲ မှတ်ပါ။

"ဆရာဝန်ကတော့ ရိုးရိုးပါဏာတိပါတကံပဲပေါ့။ သေသွားသူက မိဘဖြစ်နေရင်တော့ ဆေးထိုးခိုင်းတဲ့သားသမီးတွေဟာ ပဉ္စာနန္တရိယကံကြီး ထိုက်ပါတယ်။ ဒီအချက်ကို သားသမီးတိုင်း သတိထားသင့်ကြပါတယ်။ ဒီဖြစ်ရပ်နဲ့အလားတူဖြစ်ရပ်မျိုး ဘုရားလက်ထက်တော်ကလည်း ဖြစ်ခဲ့ဖူးပါတယ်။ ပါရာဇိကဏ်ပါဠိတော်၊ စာမျက်နှာ(၁၀၀)မှာ ပြထားတာက တစ်ခါတော့ ရဟန်းတစ်ပါး အသည်းအသန်နာမကျန်းဖြစ်နေတဲ့အခါ အခြားရဟန်းများက ရောဂါဝေဒနာခံစားနေရတာကို သနားတာနဲ့ မြန်မြန်သေရင် ဒီရောဂါ ဝေဒနာကလွတ်မှာပဲဆိုတဲ့စိတ်နဲ့ သေခြင်းရဲ့ကောင်းကျိုးတွေကို ချီးမွမ်း ပြောဆိုကြတယ်။

"ရောဂါသည်ရဟန်းကလည်း အားကျသွားပြီး မြန်မြန်သေအောင် အစာရေစာ ဖြတ်လိုက်တဲ့အတွက် ခဏနဲ့သေသွားပါတယ်။ သေသွားတဲ့အခါကျမှ သေခြင်းအကျိုးကို ချီးမွမ်းပြမိတဲ့ရဟန်းတွေဟာ ငါတို့မှာ ပါရာဇိက အာပတ်များ သင့်လေမလားလို့ ဘုရားရှင်ထံ သွားမေးတဲ့အခါ ဘုရားရှင်က ပါရာဇိကအာပတ်သင့်တဲ့အကြောင်း ဆုံးဖြတ်ပေးခဲ့ပါတယ်။

"ပါဠိတော်ဖွင့်ဆိုချက်ကို ပိုမိုရှင်းလင်းအောင် အဋ္ဌကထာဋီကာမှာပြထားတာက ဒီဝတ္ထုမှာ အသက်ရှင်နေသည်ထက် သေခြင်းကကောင်းကြောင်း ချီးမွမ်းတဲ့ရဟန်းတွေမှာ ရှေ့အဖို့မှာတော့ သနားတဲ့စိတ်ဖြစ်ခဲ့တာ အမှန်ပါ။ နောက်အဖို့ကျတော့ သေစေလိုတဲ့စိတ်ဖြစ်ခဲ့တာပဲ။ ဒါပေမဲ့ သနားတဲ့ စိတ်က ပိုထင်ရှားနေလို့ လောကဝေါဟာရအားဖြင့် ကာရုဉ္ဉေန- သနားသဖြင့် ချီးမွမ်းပြောဆိုအပ်သည်လို့ ဆိုထားတာပါ။ အဘိဓမ္မာသဘောအရ သေစေလိုတဲ့စိတ်ဖြစ်ခိုက်မှာတော့ သနားကရုဏာစိတ် လုံးဝမရှိနိုင်တော့ပါဘူးတဲ့။

အပြုရောင်လေတ္တာဝေစည်

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဘုရားရှင်က ပါရာဇိကကျတယ်လို့ သတ်မှတ်ပေးခဲ့တာပေါ့။ ဖုတ်ဝင်တယ်ဆိုပြီး မိဘကိုအစာရေစာဖြတ်သတ်ကြတဲ့ သားသမီးတွေအတွက် အဆုံးအဖြတ်ကတော့ လူနာရှင်မိဘပေါ်မှာပဲတည်တယ်။ ဖုတ်အစစ် ဝင်နေတာမှန်ရင်တော့ အပြစ်မရှိဘူးပေါ့။ ဒါပေမဲ့ ဖုတ်အစစ်မဟုတ်ဘဲ မိဘဖြစ်နေမယ်ဆိုရင်တော့ သားသမီးတွေမှာ ပဥ္စာနန္တရိယကံထိုက်မှာပဲ။ စောစောကအင်္ဂါ(၅)ချက်နဲ့ ကိုက်ကြည့်လိုက်ပေါ့။

"အပြစ်ရှိမရှိ မသေချာတဲ့အလုပ်ကတော့မလုပ်တာကောင်းတယ်။ ဘာကြောင့်လဲ။ အပြစ်မရှိရင် ကိစ္စမရှိပေမယ့် အပြစ်ရှိရင် ကိုယ်ပဲခံရမှာမဟုတ်လား။ ဒါနဲ့ပတ်သက်ပြီး မန္တလေးမြို့က ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒလေးတစ်ခုကို ပြောပြချင်တယ်။

အဲဒီအချိန်တုန်းက ဘုန်းကြီးကျောင်းဝင်းအတွင်းမှာ ဒါယကာ၊ ဒါယိကာမတွေ ဖိနပ်စီးသင့်၊ မစီးသင့်အငြင်းပွားနေကြတဲ့အချိန်ပေါ့။ တချို့ဆရာတော်များက မစီးသင့်ဘူး။ တချို့ဆရာတော်များကတော့ ကားစတဲ့ယာဉ်ကိုစီးပြီးတောင် ကျောင်းထဲဝင်ခွင့်ပြုသင့်သေးရင် ဖိနပ်ဟာလည်း ယာဉ် တစ်မျိုးပဲ။ ဒါကြောင့် ဖိနပ်စီးပြီး ကျောင်းဝိုင်းထဲ ဝင်ခွင့်ပြုသင့်တယ်။ ဒါမှ ကျောင်းကန်လည်း အညစ်အပတ်သက်သာတယ်ဆိုပြီး ဖိနပ်စီးသင့်တယ်လို့ ဆုံးဖြတ်ကြတယ်။

"မစိုးရိမ်ဆရာတော်ကြီးကို ဒီကိစ္စလာမေးကြတဲ့အခါ ဆရာတော်ကြီး ဖြေလိုက်တဲ့အဖြေက အရာရာမှာ သုံးလို့ရအောင် နှစ်သက်ဖွယ်ကောင်းလှပါတယ်။ ဆရာတော်ကြီး ဖြေလိုက်တာက ကျောင်းဝိုင်းထဲမှာ ဖိနပ်စီးကောင်းတယ်။ မစီးကောင်းဘူးလို့ ဆုံးဖြတ်ထားတဲ့ ဘုရားဟောကို ငါတို့တော့ ဘယ်နေရာမှာမှ မတွေ့ဖူးသေးဘူး။ ဒါပေမဲ့ သံသရာမှာအပြစ်ရမယ်၊ မရဘူးလို့ သေချာမသိတဲ့ အလုပ်မျိုးကိုတော့ မလုပ်တာဘဲကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းဝိုင်းထဲ ဖိနပ်စီးလို့ အပြစ်မရှိဘူးဆိုရင်တော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ အပြစ်ရှိလို့ ခံရမယ်



www.burmeseclassic.com

www.burmeseclassic.com



*ဆိုရင်တော့ ဖိနပ်စီးမိတဲ့သူတွေပဲ ခံရမယ်ဆိုတာကိုတော့ သတိကြပ်ကြပ် ထားသင့်တယ်တဲ့။ အခု ဖုတ်ပူတ်မဟုတ် ကိစ္စမှာလည်း ဒီလိုပဲ ဆုံးဖြတ်လိုက်ကြပါစို့"*

*"မှန်ပါ့။ တပည့်တော်တော့ သေချာသိသွားပါပြီဘုရား။ တခြားလူတွေ အားလုံးသိအောင်လည်း တပည့်တော်စာရေးပြီး ကြိုးစားပါဦးမယ်ဘုရား"*

~ ~ ~ ~ ~

BURMESE CLASSIC

**မှတ်ချက်**

ငှင်းသေဆေးထိုးမှုနှင့်ပတ်သက်၍ ယခုထက် ကျယ်ကျယ်ပြန့်ပြန့် သိလိုပါလျှင် ဝဏ္ဏကျော်ထင် ဒေါက်တာဦးမြင့်ဆွေ မေးလျှောက်ပြီး မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော ဘဝပြဿနာ စာအုပ်၊ စာမျက်နှာ (၇၄)မှ (၈၃)အထိကို လေ့လာကြည့်ရှုနိုင်ပါသည်။

(စာရေးသူ)

~ ~ ~ ~ ~

သာသနာတော်အရေး ကိုယ့်အရေးတု
ထင်မြင်နေသူများသည်
အင်အားရှိသဖြင့် ဝိုင်းဝန်း၍ပြုပြင်တာ
အဖိုးတန်ဝါရမီကို ယူကြပါလော့။

(အရှင်ဇနကာဘိဝံသ)

*အမြဲရောင်လင်္ကာစာစဉ်*

www.burmeseclassic.com